၇ ရက် သတင်းဂျာနယ်

# 7DAY NEWS JOURNAL

http://www.7daynewsjournal.com

အတွဲ(၁၀)၊ အမှတ်(၈) ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် ၁၃၇၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂ ရက် ၊ ကြာသပတေး၊ (မေ ၁၉ ၊ ၂၀၁၁)



TRI

MEN'S AND LADIES' WEARS


# သစ်ကုန်ကြမ်းပေး ကုန်ချောယူစနစ် ရပ်ဆိုင်း

**ပြည့်သိမ်း၊ သန်းဌေး**

ရန်ကုန်၊ မေ - ၁၂

မြန်မာ့သစ်လုပ်ငန်းနှင့် ပုဂ္ဂလိက သစ်အချောထည် စက်ရုံတို့ ပူးပေါင်းလုပ်ဆောင်သော ကုန်ကြမ်းပေး ကုန်ချောယူစနစ်ကို ၂၀၁၀-၁၁ ဘဏ္ဍာနှစ်ကုန်တွင် ရပ်ဆိုင်းလိုက်ပြီဖြစ်ကြောင်း မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းမှ သတင်းရရှိသည်။

ယင်းစနစ်ကို ရပ်ဆိုင်းရခြင်းမှာ ပုဂ္ဂလိကစက်ရုံများသည် နိုင်ငံတော်မှ သစ်ကို အကြွေးစနစ်ဖြင့်ဝယ်ယူပြီး ယင်းငွေကို သတ်မှတ်ချိန်အတွင်းအကျေပြန်မဆပ်နိုင်ခြင်း၊ မြန်မာ့သစ်လုပ်ငန်းမှပုဂ္ဂလိကလုပ်ငန်းရှင်များကို အခြားနည်းလမ်းဖြင့်လည်း ရောင်းချပေးနေခြင်းတို့ကြောင့် ယခုကဲ့သို့ ရပ်ဆိုင်းရခြင်းဖြစ်ကြောင်း အဆိုပါအသင်းမှ ဒုတိယဥက္ကဋ္ဌ ဦးနေထွန်းမင်းကဆိုသည်။ စာ(၁၂)သို့



**ရန်ကုန်ဆိပ်ကမ်းသို့သယ်လာသော သစ်လုံးတင်ယာဉ်တစ်စီးအား တွေ့ရစဉ်**

ဓာတ်ပုံ - အောင်အောင်

ကြေညာချက်

## နိုင်ငံတော်သမ္မတက အကျဉ်းကျခံနေရသူများအား ပြစ်ဒဏ်လျှော့ပေါ့

**ရန်ကုန်၊ မေ - ၁၆**

နိုင်ငံတော်သမ္မတက အကျဉ်းကျခံနေရသူများအား လွတ်ငြိမ်းချမ်းသာခွင့်ပြုခြင်းနှင့် သက်ဆိုင်သည့် အမိန့်ကြေညာချက်တစ်ရပ်ကို မေလ ၁၆ရက်တွင် နိုင်ငံပိုင်သတင်းမီဒီယာများမှတစ်ဆင့် ထုတ်ပြန်ကြေညာခဲ့သည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ- ၂၀၄(ခ)အရ နိုင်ငံတော်သမ္မတသည် ၁၃၇၃ခုနှစ် ကဆုန်လပြည့်နေ့ (၂၀၁၁ ခုနှစ် မေလ ၁၇ရက်)မတိုင်မီ ကျူးလွန်ခဲ့သောပြစ်မှုတစ်ခုခုနှင့်စပ်လျဉ်း၍ ပြစ်ဒဏ်ချမှတ်ခြင်းခံပြီးပါက ယင်းကဲ့သို့ကျခံနေရသောပြစ်ဒဏ်အသီးသီးကို လျှော့ပေါ့ပေးလိုက်သည်ဟုပါရှိသည်။ စာ(၁၂)သို့

စွမ်းအင်

## ရခိုင်ကမ်းရိုးတန်း ဆိပ်ကမ်းများမှ စက်သုံးဆီ တရားဝင်တင်သွင်းခွင့်ပြု

**နန်းနွေ**

**စစ်တွေ၊ မေ - ၁၀**

ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ စက်သုံးဆီ(ဓာတ်ဆီမှအပ)များကို တရားဝင်ရောင်းချခွင့်ပြုခဲ့ပြီးဖြစ်ရာ ရခိုင်ကမ်းရိုးတန်းရှိစစ်တွေ၊ ကျောက်ဖြူ၊ သံတွဲဆိပ်ကမ်းများမှတစ်ဆင့် ဆီများတင်သွင်းနိုင်ကြောင်း ဧပြီလကုန်ပိုင်းက ပြုလုပ်ခဲ့သည့် နယ်စပ်ကုန်သွယ်မှုမြှင့်တင်ရေး ညှိနှိုင်းအစည်းအဝေးတွင် ပြည်နယ် အကောက်ခွန် ဦးစီးမှူးက ပြောကြားသည်။

စာ(၁၂)သို့

## ငွေရှိတိုင်း ပြစ်မှုမလွတ်နိုင်တော့ဟုဆို

**သီဟ**

ရန်ကုန်၊မေ - ၁၀

ငွေကြေးတတ်နိုင်သူများက အမှုအခင်း တစ်စုံတစ်ရာဖြစ်ခဲ့သော် ပိုက်ဆံဖြင့် လိုက်လံဖြေရှင်းမှုမျိုးနှင့် ပိုက်ဆံပေးလျှင်အမှုလွတ်သည်ဆိုသည့် အခြေအနေမျိုးအား ယခုအစိုးရလက်ထက်တွင် မကျင့်သုံးတော့ဘဲ မည်သူဖြစ်စေ၊ ပြစ်မှုကျူးလွန်ပါက ဥပဒေနှင့်အညီအရေးယူမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးကပြောသည်။ စာ(၆)သို့

# လာဘ်ပေးလာဘ်ယူပြုလုပ်သော အစိုးရဝန်ထမ်းများကို စတင်သတိပေး


## လူထုအား နိုင်ထက်စီးနင်းပြုလုပ်သော ဝန်ထမ်းများအား တိုင်ကြားရန်လိပ်စာများကို ထုတ်ပြန်

**အားမာန်**

ရန်ကုန်၊ မေ - ၁၀

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က အစိုးရရုံးများတွင်ဖြစ်ပေါ်နေသော လာဘ်ပေးလာဘ်ယူကိစ္စများကို တိုက်ဖျက်ရန်စီစဉ်နေပြီး လာဘ်ပေးလာဘ်ယူပြုလုပ်သော ဝန်ထမ်းများအား သတိပေးနေပြီဖြစ်ကြောင်း အဆိုပါအစိုးရအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ဦးဉာဏ်ထွန်းဦးကပြောကြားသည်။**

"လာဘ်ပေးလာဘ်ယူကိစ္စက ခင်ဗျားခုနကပြောသွားတယ်။ သိပ်မထူးဘူးလို့(7Day News မှ မေးမြန်းသူက လာဘ်ပေးလာဘ်ယူကိစ္စများမှာ ယခင်အတိုင်း ရှိနေကြောင်းပြောသွားသည်ကို ဆိုလိုခြင်းဖြစ်သည်)။ ချက်ချင်းကြီးမထူးနိုင်တဲ့ကိစ္စဖြစ်ပါတယ်။ အခု ကျွန်တော်တို့ Warning (သတိ)တွေပေးနေပါပြီ။ Warning ပေးလို့မရတဲ့ လူတွေနေရာကို အစားထိုးနိုင်အောင် အစီအမံတွေ လုပ်နေပါပြီ"ဟု ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူလည်းဖြစ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ နိုင်ငံခြားရေး၊ ပညာရေး၊ ကျန်းမာရေး၊ သိပ္ပံနှင့်နည်းပညာ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား၊ အားကစားဝန်ကြီးဌာနတို့၏ ဝန်ကြီးလည်းဖြစ်သူ ဦးဉာဏ်ထွန်းဦးကပြောကြားသည်။ စာ(၁၂)သို့



**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ဦးဉာဏ်ထွန်းဦး**




## လေးနိုင်ငံခရီးစဉ်တစ်ခု အစီအစဉ်စတင်တော့မည်

**အောင်သူရ**

**ရန်ကုန်၊ မေ – ၁၄**

မြန်မာအပါအဝင် ကမ္ဘောဒီးယား၊ လာအို၊ ဗီယက်နမ် အာဆီယံအဖွဲ့ဝင်လေးနိုင်ငံ ပူးပေါင်း၍ လေးနိုင်ငံခရီးစဉ်တစ်ခု(Four Countries-One Destination) အစီအစဉ်စတင်ထူထောင်ရန် သက်ဆိုင်ရာဝန်ကြီးများက သဘောတူလိုက်ကြောင်းသတင်းရရှိသည်။

ဒေသတွင်း လေးနိုင်ငံအား ခရီးစဉ်ဒေသတစ်ခုအဖြစ် ဈေးကွက်မြှင့်တင်ရန် ရည်ရွယ်ပြီး ပြီးခဲ့သည့် အာဆီယံအစည်းအဝေးတွင် သဘောတူညီခဲ့ကြောင်း ဗီယက်နမ်နိုင်ငံထုတ် itechmc သတင်းဝက်ဘ်ဆိုက်တွင် ဖော်ပြထားပြီး၊ မြန်မာဈေးကွက်မြှင့်တင်ရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးကလည်းပြောသည်။

အဓိကအားဖြင့် နိုင်ငံတိုင်းတွင် ခရီးသွားဈေးကွက်မြှင့်တင်ခြင်း၊ အရည်အချင်းပြည့်ဝသော ဝန်ဆောင်မှုနှင့် ထုတ်ကုန်များ ဖွံ့ဖြိုးရေးနှင့် ခရီးသွားလုပ်ငန်းတွင် လိုအပ်သော အခြေခံအဆောက်အအုံများ ရင်းနှီးမြှုပ်နှံခြင်းများရရှိရန် ဆောင်ရွက်သွားမည်ဖြစ်သည်။

“နိုင်ငံလေးနိုင်ငံပေါင်းပြီး တစ်ခုတည်းကြော်ငြာတာက ကောင်းတယ်။ တိုက်ရိုက်လေကြောင်းလိုင်းအဆက်အသွယ်တွေရှိမယ်။ လေးနိုင်ငံကိုဗီဇာတစ်ခုတည်း သွားလို့ရမယ့်အစီအစဉ်တွေရှိရင်တော့ လေးနိုင်ငံလုံးအတွက် အရမ်းကောင်းလိမ့်မယ်”ဟုအထက်ပါကော်မတီမှ အရာရှိကြီး တစ်ဦးကသုံးသပ်သည်။ ဥရောပနှင့်အမေရိက ကမ္ဘာလှည့်ခရီးသွားများသည် အာဆီယံနိုင်ငံများအား ခရီးစဉ်တစ်ခုပုံစံဖြင့် လာရောက်လည်ပတ်လေ့ရှိကြသည်။

လေးနိုင်ငံခရီးစဉ်တစ်ခုအဖြစ် ပြုလုပ်မည့်နိုင်ငံများတွင်မြန်မာနိုင်ငံသည် ကမ္ဘာလှည့်ခရီးသည်ဝင်ရောက်မှုတွင် အနည်းဆုံးဖြစ်နေသည်။

## ကွင်းလယ်ဒိုင်ကို ဆဲသော နည်းပြအား အရေးယူ

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ မေ – ၁၂**

ကွင်းလယ်ဒိုင်အား ဆဲဆိုခဲ့သော အပျော်တမ်းလိဂ်ပြိုင်ပွဲဝင် MOD အသင်းမှ နည်းပြ ဦးထွန်းတင့်အောင်အား ကွင်းအတွင်း ခြောက်လဝင်ရောက်ကြီးကြပ်ခွင့်မပြုရန် စည်းကမ်းထိန်းသိမ်းရေးကော်မတီက ပြစ်ဒဏ်ချမှတ်လိုက်ကြောင်း သတင်းရရှိသည်။

ပြီးခဲ့သည့် မေလ၃ရက်က စလင်းကွင်းတွင် ယှဉ်ပြိုင်ကစားခဲ့သည့် အပျော်တမ်းလိဂ်မှ MOD အသင်းနှင့် VIVA အသင်းတို့ပွဲစဉ်တွင် ပွဲချိန် ၆၄မိနစ်၌ MOD အသင်းမှ ဂိုးသမားသည် သေချာပေါက်ဂိုးဝင်နိုင်သည့် ဘောလုံးကို ဂိုးစည်းအပြင်ဘက်သို့ထွက်ကာ လက်နှင့် ပုတ်လိုက်သဖြင့် ကွင်းလယ်ဒိုင်က အနီကတ်ပြထုတ်ပယ်ခဲ့သည်။

ထိုပြစ်ဒဏ်ကို မကျေနပ်သဖြင့် MOD နည်းပြသည် ဒိုင်အား ဆဲဆိုခဲ့ပြီး အဖွဲ့ချုပ်ကိုပါ စော်ကားသည့်စကားများ ပြောဆိုခဲ့သဖြင့် ယခုကဲ့သို့ ပြစ်ဒဏ်ချမှတ်ခြင်းဖြစ်ကြောင်း အပျော်တမ်း လိဂ်စည်းကမ်းထိန်းသိမ်းရေး ကော်မတီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

MOD အသင်းမှနည်းပြဦး ထွန်းတင့်အောင်သည်ဘောလုံးပြိုင်ပွဲကစားနေချိန်တွင် ၎င်း၏ ကစားသမားများအား လူချကစားရန် အော်ဟစ်ပြောဆိုခြင်း၊ ဘောလုံးပြိုင်ပွဲအပြီး ဒိုင်လူကြီးများကို ရန်ပြုရန် ကြိုးစားခြင်း၊ ဆဲဆိုကြိမ်းမောင်းခြင်းနှင့် အဖွဲ့ချုပ်ကိုပါ စော်ကားပြောဆိုမှု ပြုလုပ်ခဲ့သဖြင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF)မှ ကြီးမှူးကျင်းပသည့် ဘောလုံးပြိုင်ပွဲများတွင် ခြောက်လ ကွင်းအတွင်းဝင်ရောက် ကြီးကြပ်ခွင့်မပြုရန် ပြစ်ဒဏ်ချမှတ်လိုက်ကြောင်း စည်းကမ်းထိန်းသိမ်းရေးကော်မတီ၏ ထုတ်ပြန်ချက်တွင် ပါရှိသည်။

“ဒီပွဲမှာ တာဝန်ယူကြတဲ့ ဒိုင်၊ ဒိုင်ကြီးကြပ်၊ ပြိုင်ပွဲကြီးကြပ်သူတွေရဲ့အစီရင်ခံစာ၊ဗီဒီယိုအထောက်အထားတွေ ကြည့်ရှုပါတယ်။ အစည်းအဝေးထိုင်ပြီး အခုလို ပြစ်ဒဏ်ချမှတ်တာပါ”ဟု အဆိုပါ တာဝန်ရှိသူကပြောသည်။

## စက်ရုံ စွန့်ပစ်ပစ္စည်း စနစ်တကျစွန့်ပစ်ခြင်း ရှိမရှိ စစ်ဆေးသွားမည်



ဓာတ်ပုံ – ဂျေမောင်မောင်(အမရပူရ)

**ကြာဆန်စက်ရုံတစ်ရုံမှ စွန့်ပစ်ရေးများတွေ့ရစဉ်။**

**ပြည့်သိမ်း**

**ရန်ကုန်၊ မေ – ၁၁**

စက်ရုံ၊ အလုပ်ရုံများမှ ထွက်ရှိသည့်စွန့်ပစ်အရည်နှင့် ပစ္စည်းများ စနစ်တကျ စွန့်ပစ်မှု မရှိခြင်းကို အမှတ်(၁)စက်မှုဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် စက်မှုဇုန်များသို့ ကွင်းဆင်းစစ်ဆေးသွားမည်ဖြစ်ကြောင်း စက်မှုဇုန်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌတစ်ဦးက ပြောသည်။

စက်မှုဇုန်များမှ စည်းကမ်းမဲ့ စွန့်ပစ်သည့် အရည်နှင့်ပစ္စည်းများသည် ရေမြောင်းများတွင်ပိတ်ဆို့နေပြီး အနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်တွင် နေထိုင်သူများ ကျန်းမာရေးကို ထိခိုက်စေသည်။ ယင်းအရေများကို စွန့်ပစ်သည့် စက်ရုံများကလည်း ကုန်ကျစရိတ်သက်သာစေရန် သက်ဆိုင်ရာအဖွဲ့အစည်းများ စစ်ဆေးသည့်ကာလမှလွဲ၍ စနစ်တကျသန့်စင်ခြင်းမရှိဘဲ စွန့်ပစ်နေကြခြင်းဖြစ်သည်။

“အနံ့ဆိုးမထွက်အောင်ကယ်မီကယ်(ဓာတုပစ္စည်း)နဲ့ ထိန်းလို့ရတယ်။ ဒါပေမဲ့စက်ရုံတွေကကုန်ကျစရိတ်ရှိတော့ အမြဲမလုပ်ကြဘူး” ဟု အထက်ပါပုဂ္ဂိုလ်ကဆိုသည်။

အနံ့ဆိုးထွက်သည့် စွန့်ပစ်အရည်နှင့် ပစ္စည်းများ ထုတ်လုပ်သည့် စက်ရုံအများစုမှာ အရက်ချက်စက်ရုံများ၊ ငါး၊ ပုစွန်အအေးခန်းစက်ရုံများ၊ ကြာဆံစက်ရုံများ၊ ဆေးဆိုးပန်းရိုက်စက်ရုံများဖြစ်ကြသည်။

“ကျွန်တော်တို့နားမှာဆို ချဉ်စုတ်စုတ် အနံ့ကြီးက အရမ်းနံနေတာ။ ကြာတော့လည်း နှာခေါင်းယဉ်နေပါပြီ” ဟု ရွှေပြည်သာစက်မှုဇုန်ပုလဲလမ်းတွင် နေထိုင်သူတစ်ဦးကဆိုသည်။

ယင်းစက်မှုဇုန်များကို စက်ရုံများအနေဖြင့် အရှုံးအစားမရှေး Clean, Green Tech Factories များ၊ Energy Saving လုပ်ငန်းများကိုလည်းကောင်း၊ သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှု ထိန်းသိမ်းရမည်ဆိုသော အမြင်ဖြင့် တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်ဆောင်ရွက်ပြီး စစ်ဆေးကြပ်မတ်ပေးရန် လိုကြောင်း မေလ ၂ ရက် နေပြည်တော်၌ကျင်းပသော စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် စက်မှုဇုန်ကြီးကြပ်ရေးကော်မတီတို့၏ တွေ့ဆုံပွဲတွင် အမှတ်(၂)စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ပြောကြားခဲ့သည်။

ယင်းစက်ရုံများကို အရေးယူသည့်အနေဖြင့် ပိတ်သိမ်းမည်ဆိုပါကလည်း အလုပ်သမားများ၊ ဝန်ထမ်းများအတွက် အခက်အခဲဖြစ်လာနိုင်ကြောင်း စက်ရုံများမှ အနံ့ဆိုးရေများ ပစ္စည်းများကို စနစ်တကျ သန့်စင်မည်ဆိုပါက ကျပ်သိန်း ၅၀၀မှ ကျပ်သိန်း ၁,၀၀၀ ကြား ကုန်ကျမှုရှိနိုင်ကြောင်းကိုလည်းသိရသည်။

ပြည်တွင်းစက်မှုကုန်ထုတ်လုပ်ငန်းများသည် ဈေးကွက်၌ ပြည်ပမှ သွင်းကုန်များနှင့် ယှဉ်ပြိုင်နေရခြင်း၊ ငွေကြေးအရင်းအနှီး၊ နည်းပညာ စသဖြင့် အားနည်းမှုများရှိနေခြင်း၊ ဝင်ငွေခွန်၊ လိုင်စင်ကြေး စသဖြင့် နိုင်ငံတော်သို့ ပေးဆောင်နေရသည့် အခွန် အခများ ပြားနေခြင်းကြောင့် ယခုကဲ့သို့ ငွေကြေးထပ်မံကုန်ကျသည့် လုပ်ငန်းများကို လုပ်ကိုင်ရန် ခက်ခဲနေကြောင်း လှိုင်သာယာစက်မှုဇုန်မှ သွင်းကုန်အစားထိုးလုပ်ငန်းရှင်တစ်ဦးကဆိုသည်။

ယခုကဲ့သို့ စက်မှုဇုန်များမှ စွန့်ပစ်ပစ္စည်းများ စနစ်တကျ မစွန့်ပစ်ခြင်းကို ထိန်းသိမ်းရန်မှာ စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီသာမက အခြား သက်ဆိုင်ရာဌာနဆိုင်ရာ အဖွဲ့အစည်းများလည်း ပါဝင်သင့်ကြောင်း ကျန်းမာရေးစစ်ဆေးသည့် လိုင်စင်အဖွဲ့နှင့် စည်ပင်လိုင်စင်အဖွဲ့တို့ကလည်း မကြာခဏ ရှောင်တခင်ဝင်ရောက်စစ်ဆေးသင့်ကြောင်း စက်မှုဇုန်ဥက္ကဋ္ဌတစ်ဦးက အကြံပြုပြောကြားသည်။

## ငါးသယံဇာတ လျော့နည်းလာခြင်းကြောင့် ပိတ်လိုက်ရသော အအေးခန်းစက်ရုံ တိုးလာ

**သန်းဌေး**

**ရန်ကုန်၊ မေ – ၁၀**



ဓာတ်ပုံ – အားမာန်

**လုပ်ငန်းလည်ပတ်နေသော မြိတ်မြို့ရှိအဆင့်မြင့်အအေးခန်းစက်ရုံမြင်ကွင်း။**

ရေထွက်ပစ္စည်းကုန်ကြမ်းရရှိမှု ရှားပါးလာသောကြောင့် ရေထွက်ပစ္စည်း ပြုပြင်ထုတ်လုပ်သော အအေးခန်းစက်ရုံအချို့ ပိတ်ရမှုမှာမြင့်တက်လာနေကြောင်း မြန်မာနိုင်ငံ ရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း(MPEA)မှ တာဝန်ရှိသူ တစ်ဦးကပြောသည်။

အအေးခန်းစက်ရုံများ၏ အဓိကကုန်ကြမ်းရရှိရာ မြန်မာ့ပင်လယ်ပြင်မှ ငါးနှင့်ပုစွန် သယံဇာတများထွက်ရှိမှု လျော့ကျလာသောကြောင့်ဖြစ်ကြောင်း ၎င်းက ပြောသည်။

“ရန်ကုန်က စက်ရုံ ၃၅ ရုံမှာ လေး၊ငါးရုံက လုံးဝရပ်သွားပြီ။ စက်ရုံ ၃၀ ကတော့ ကိုယ်တိုင်ကုန်ကြမ်းရှာပြီး ရုန်းကန်နေရတယ်”ဟု အထက်ပါအသင်း ဥက္ကဋ္ဌ ဦးမိုးမြင့်ကျော်က ၎င်းတို့၏ လေ့လာတွေ့ရှိမှုကိုပြောသည်။

တနင်္သာရီတိုင်းဒေသကြီး မြိတ်ဒေသတွင် ၁၈ ရုံမှ ၈ ရုံ ပိတ်သွားသည့်နည်းတူ ရခိုင်ပြည်နယ် စစ်တွေမြို့ရှိစက်ရုံများလည်း ပိတ်ထားရမှုရှိလာသည်။ ဧရာဝတီတိုင်းဒေသကြီး လပွတ္တာတွင် အအေးခန်းစက်ရုံလေးရုံ တည်ထောင်ထားသော လုပ်ငန်းရှင်တစ်ဦးကလည်း ကုန်ကြမ်းရရှိမှု ခက်ခဲလာကြောင်း ပြောကြားသည်။

ပြည်ပဈေးကွက်ဝင် ငါးမျိုးစိတ်နှင့် အရွယ်အစားမီ ငါးနှင့် ပုစွန်များ မရရှိသောအခါ ပြည်ပဝယ်လက်ရှိ မွေးမြူရေး ရေချိုငါးမျိုးစိတ်များကိုသာ ကုန်ကြမ်းအဖြစ် အားထားကာ စက်ရုံများက ဈေးကွက်တင်ပို့နေရသည်။

“ဝယ်တဲ့သူကြိုက်တဲ့ပစ္စည်းကို ထုတ်ရမှာ။ ဈေးကွက်ဝင်တဲ့ပစ္စည်းနဲ့ထိုးဖောက်ရမှာ”ဟု ဦးမိုးမြင့်ကျော်ကပြောသည်။

ထို့ကြောင့် ဈေးနှုန်းမြင့်မားစွာရရှိနိုင်သည့် မြန်မာ့ပင်လယ်ပြင်ထွက်ငါး၊ပုစွန်သယံဇာတကုန်ကြမ်းရရှိမှု ဆက်လက်ကျဆင်းလာပါက အအေးခန်းစက်ရုံများ လုပ်ငန်းလည်ပတ်ရေး၊ ရပ်တည်ရေး ခက်ခဲလာနိုင်ကြောင်း ရေလုပ်ငန်းပညာရှင်တစ်ဦးကပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း အအေးခန်းစက်ရုံပေါင်း ၁၀၀ ကျော်ရှိရာ ပိတ်ထားရသော စက်ရုံနှင့် စက်စွမ်းအားပြည့် မလည်ပတ်နိုင်တော့သောစက်ရုံများ တစ်နေ့တခြား တိုးပွားလာသည်။ ဥရောပကော်မရှင်အဖွဲ့ဝင်နိုင်ငံများ(EU) အဖွဲ့ဝင် ၂၇ နိုင်ငံသို့ တင်ပို့ခွင့်အရည်အသွေးမီ စက်ရုံ ၁၃ ရုံ အသိအမှတ်ပြုခံထားရကြောင်း သတင်းရရှိသည်။

7 DAY NEWS JOURNAL
Vol.10, No.9 • MAY 19, 2011

**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**

- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး၊
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး၊
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး၊

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

**လူမှုရေး ဦးတည်ချက်(၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး၊
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# တရုတ်လုပ်ငန်းရှင်အချို့ ရန်ကုန်စက်မှုဇုန်မြေများကို စတင်ဝယ်ယူ

**ပြည်သိမ်း၊ အောင်သူရ**

**ရန်ကုန်၊ မေ - ၁၄**

တရုတ်စီးပွားရေးလုပ်ငန်းရှင်များသည် မြန်မာလူမျိုးအချို့နှင့် ပူးပေါင်း၍ ရန်ကုန်မြို့ရှိ စက်မှုဇုန်မြေကွက်များအား ကျပ်သိန်းထောင်ချီပေး၍ ဝယ်ယူနေကြကြောင်း အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းရှင်များထံမှ သတင်းရရှိသည်။

ယင်းကဲ့သို့ ဝယ်ယူခြင်းကြောင့် မင်္ဂလာဒုံစက်မှုဇုန်၊ ပုလဲစက်မှုဇုန်များရှိမြေကွက်များမှာ လအနည်းငယ်အတွင်း ဆယ်ဆနီးပါး ဈေးတက်လာခဲ့ပြီး တစ်ကေလျှင် ကျပ်သိန်းနှစ်ထောင်နီးပါးအထိ အရောင်းအဝယ် ဖြစ်နေကြောင်း အိမ်ခြံမြေအကျိုးဆောင်များကပြောသည်။

ထိုမြေကွက်များအားတရုတ်လုပ်ငန်းရှင်တစ်ဦးလျှင် အနည်းဆုံး ကေ ၂၀ အထိဝယ်ယူနေကြပြီး အဆိုပါမြေကွက်များသည် ၂၀၀၀ ပြည့်နှစ်ဝန်းကျင်က သိန်းရာဂဏန်းပင် ဝယ်ချင်သူမရှိသည့် မြေကွက်များဖြစ်ကြောင်း ကျောက်တံတားမြို့နယ်မှ အိမ်ခြံမြေလုပ်ငန်းရှင်တစ်ဦးကပြောသည်။



**ရန်ကုန်မြို့ ပုလဲမြို့သစ်အတွင်းရှိ မြေကွက်အချို့အားတွေ့ရစဉ်**

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

"လုပ်ခွင့်ရတဲ့အချိန်မှ ဝယ်ရင် ဈေးတက်မှာစိုးလို့ အခုကတည်းက ကြိုပြီးဝယ်ထားကြတာပါ"ဟု ယူနတီအိမ်ခြံမြေအကျိုးဆောင်ကုမ္ပဏီမှ ဦးဇော်ဇော်က ရှင်းပြသည်။

ယခုနှစ် အိမ်ခြံမြေဈေးကွက်၌ လုံးချင်းအိမ်မြေများ၊ မြေကွက်များ၊ စက်မှုဇုန်မြေကွက်များ အရောင်းအဝယ်ကောင်းခဲ့ပြီး၊ မြေကွက်များတွင် ရင်းနှီးမြှုပ်နှံမှုကလည်း ကျပ်သိန်းသောင်းဂဏန်းမှ ကျပ် သိန်းရာဂဏန်းအထိ အရောင်းအဝယ်ဖြစ်နေကြောင်းမဏ္ဍိုင်အိမ်ခြံမြေအကျိုးဆောင် ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာဦးသန်းဦးကဆိုသည်။

ယခုအရောင်းအဝယ်ကောင်းနေသည့် စက်မှုဇုန်မြေကွက်များသည် ကားလမ်းမကြီး ဘေးတွင် ကျပ်သိန်း ၂,၀၀၀ အထိရှိပြီး အတွင်းလမ်းများတွင်ကျပ်သိန်း ၇၀၀ မှသိန်း ၁,၀၀၀ ကြားရှိသည်။ ယင်းမြေကွက်များကို စက်မှုဇုန်အဖြစ် အကောင်အထည်ဖော်စဉ်ကလယ်သမားများထံမှတစ်ကေလျှင်ကျပ်သောင်းဂဏန်းဖြင့် ဝယ်ယူထားခြင်းဖြစ်သည်။

## ဗီဇာသက်တမ်းလွန်နေထိုင်သော နိုင်ငံခြားသားများအား အရေးယူတော့မည်ဟုဆို

**ကျော်သီဟ**

**ရန်ကုန်၊ မေ - ၁၂**

ရန်ကုန်တိုင်းဒေသကြီးအတွင်း Over Stay (ပြည်ဝင်ခွင့်သက်တမ်းလွန်)နေထိုင်သော နိုင်ငံခြားသားများအား ဥပဒေနှင့်အညီ အရေးယူသွားရန် ဟိုတယ်နှင့်ခရီးတိုင်းဒေသကြီးဦးစီးဌာနသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ညွှန်ကြားထားကြောင်း သတင်းရရှိသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် ဗီဇာသက်တမ်းလွန်နေထိုင်သော နိုင်ငံခြားသားများစာရင်းကို တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးဌာနနှင့် ဟိုတယ်နှင့်ခရီး တိုင်းဒေသကြီးဦးစီးဌာနသို့သတင်းပို့စေပြီး ဟိုတယ်ခရီးဝန်ကြီးနှင့် တိုင်းဒေသကြီး ဟိုတယ်ခရီးတို့ ပူးပေါင်းကာ ဟိုတယ်၊ မိုတယ်ပိုင်ရှင်များကိုလည်း အသိပညာပေးရန် စီစဉ်ထားသည်။ ဗီဇာသက်တမ်းလွန်နေထိုင်သော နိုင်ငံခြားသားများ တွေ့ရှိပါက လူဝင်မှုကြီးကြပ်ရေးဥပဒေနှင့်အညီ အရေးယူမည်ဖြစ်ကြောင်း သက်ဆိုင်ရာမြို့နယ်များအလိုက်၊ သက်တမ်းလွန်နေထိုင်သည့် နိုင်ငံခြားသားများစာရင်းအား သက်ဆိုင်ရာ လ. ဝ. က ဦးစီးမှူးများက ကောက်ခံစာရင်းပြုစုရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ညွှန်ကြားထားကြောင်းသတင်းရရှိသည်။

"ကျွန်တော်တို့ဟိုတယ်မှာတော့ နိုင်ငံခြားသားဧည့်စာရင်းကို ရပ်ကွက်၊ မြို့နယ်အဆင့် ဧည့်စာရင်းတိုင်ကြားထားပါတယ်။ ဟိုတယ်မှာတည်းတဲ့ ဧည့်သည် နိုင်ငံခြားသားတွေ အိုဗာစတေးဖြစ်နေရင်လည်း ဟိုတယ်မှာ တည်းခိုဖို့ လက်မခံပါဘူး"ဟု ဟိုတယ်တစ်ခုမှမန်နေဂျာတစ်ဦးကပြောသည်။

"ဗီဇာသက်တမ်းကျော်လွန်ခဲ့သူတွေထဲမှာ ခရီးသွားဧည့်သည် နိုင်ငံခြားသားတွေမပါဘူး"ဟု ရန်ကုန်မြို့ရှိ ဟိုတယ်လုပ်ငန်းရှင်တစ်ဦးကလည်းပြောသည်။ ခရီးသွားများထက် ရန်ကုန်မြို့တွင်ကာလရှည်နေထိုင်သူများတွင်သာ ဗီဇာသက်တမ်းကျော်နေထိုင်ခြင်း ကြုံတွေ့ရတတ်ကြောင်း ၎င်းကဆက်လက်ပြောသည်။

"ဟိုတယ်မှာ နိုင်ငံခြားသား ဝန်ထမ်းတွေကိုတော့ K.R ဌာနက နေပြီး ပုံမှန်ဗီဇာသတ်တမ်းတိုးပေးနေပါတယ်။ ပုံမှန်ဗီဇာအခွန်ဆောင်ပေးပါတယ်" ရန်ကုန်မြို့လယ်ရှိ အဆင့်မြင့်ဟိုတယ်တစ်ခုမှ တာဝန်ရှိသူတစ်ဦးကပြောသည်။



7 DAY NEWS JOURNAL
Vol.10, No.9 • MAY 19, 2011

CRIME CORNER

## ဘုရားဖူးယာဉ်နှင့် ခရီးသည်တင်ယာဉ် တိုက်မိ ၇ ဦးသေ ၁၈ ဦးဒဏ်ရာရ

သန်းဌေး

ရန်ကုန်၊ မေ- ၁၀

ယခုလ ၄ ရက် ည ၁၂ နာရီက မွန်ပြည်နယ် ကျိုက်ထိုမြို့အနီးတွင် ရာဇာမင်း အမြန်ယာဉ်လိုင်းမှ ယာဉ်တစ်စီးနှင့် ဘုရားဖူးယာဉ်တစ်စီးတို့ တိုက်မိရာဘုရားဖူးယာဉ်ပေါ်မှ အမျိုးသမီးတစ်ဦးနှင့် အမျိုးသားခြောက်ဦးသေဆုံးပြီး ၁၈ ဦးဒဏ်ရာ ရရှိသွားကြောင်း ဒေသခံတစ်ဦးကပြောသည်။

ဒဏ်ရာရသူများမှာ မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ်၊ သန့်စင်ကုန်းကျေးရွာမှအများစုဖြစ်သောကြောင့် မန္တလေးဆေးရုံကြီးတွင် ဆေးဝါးဆက်လက်ကုသရန် ခေါ်ဆောင်လာခဲ့ကြောင်း ဆရာတော် ဦးသုဇာတကပြောသည်။

"ဒဏ်ရာရတဲ့သူတွေကို မန္တလေးဆေးရုံကြီး ပို့လိုက်ရတယ်။ တစ်ဦးကတော့ အခြေအနေဆိုးတယ်"ဟု ဆရာတော်က မိန့်ကြားသည်။

အလားတူဖြစ်ရပ်မျိုးဧပြီလ ၂၀ ရက် နံနက် ၈ နာရီကလည်း မုဒုံမြို့နယ်တွင် ဖြစ်ပွားခဲ့သည်။ အဆိုပါဖြစ်ရပ်တွင် ရာဇာမင်းယာဉ်ပေါ်၌ လိုက်ပါလာသူများ ထိခိုက်ဒဏ်ရာရမှုမရှိသော်လည်း ဘုရားဖူးလိုက်အော့စ်ယာဉ်ပေါ်မှ သံဃာတော်တစ်ပါးနှင့် အမျိုးသမီးနှစ်ဦးမှာ ဒဏ်ရာများရရှိခဲ့သည်။

အဆိုပါဖြစ်ရပ်များတွင် သက်ဆိုင်ရာက အောက်ပါအတိုင်း မှတ်ချက်အသီးသီး ပေးထားကြသည်။ "ရာဇာမင်းမှန်လုံယာဉ်လိုင်းမှ တာဝန်ရှိသူများဖြစ်သော ယာဉ်ပိုင်ရှင်ဦးညီထွေးနှင့် ယာဉ်မောင်းရန်လင်း(တရားခံ)တို့သည် ဒဏ်ရာရသူများမှ နစ်နာကြေးတောင်းမည်ကို မခံလို၍ ဆေးရုံတွင် သွားရောက်ကြည့်ရှုခြင်းမရှိဘဲ တရားရုံးအဆုံးအဖြတ်ခံယူမည်ဟု ဆုံးဖြတ်ထားခြင်းများ၊ လူမှုရေးအရရိုင်းပြရာ ကျရောက်ပါသည်။ အမှုအားတရားစွဲတင်ပို့သည့်အခါ စီရင်ချက်အာဏာဖြစ်သည့် မြို့နယ် တရားသူကြီးရုံးသို့ တရားစွဲတင်ပို့ရန် ၁၉၆၄ ခုနှစ် မော်တော်ယာဉ် ဥပဒေပုဒ်မ- ၂၃ အရ သီးခြားထည့်သွင်းတရားစွဲဆိုရန် သက်ဆိုင်ရာ ရဲစခန်းသို့ညွှန်ကြားပြီး အလုပ်သမား၏ ပေါ့လျော့မှုတွင် အလုပ်သမားအပြင် အလုပ်ရှင်တွင်လည်း တာဝန်ရှိသဖြင့် တရားမနစ်နာမှုဥပဒေအရ တရားရုံးတွင် တရားစွဲဆိုရန် နစ်နာသူများအား အသိပေးသင့်ပါကြောင်းတင်ပြအပ်ပါသည်"ဟုပါရှိသည်။

အဆိုပါအမှုကို မုဒုံမြို့နယ် ကမာဝက်ရဲစခန်းမှ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၃၇/ ၃၃၈ နှင့် အစီရင်ခံချက်အမှတ် (ပ)၄၆/ ၁၁ ဖြင့် ဆက်လက်အရေးယူဆောင်ရွက်နေကြောင်း သတင်းရရှိသည်။

## သုံးခွမြို့နယ်တွင် မုဒိမ်းမှုဖြစ်ပွား

ကျော်သီဟ

ရန်ကုန်၊ မေ – ၁၁

အသက်ခုနစ်နှစ်အရွယ် မိန်းကလေးအား အသက် ၁၄နှစ်အရွယ် ယောကျ်ားလေးက အဓမ္မပြုကျင့်မှု ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်တွင်ဖြစ်ပွားခဲ့ကြောင်းသတင်း ရရှိသည်။

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်၌ နေထိုင်သော မိန်းကလေးငယ်က မေလ ၈ရက် နံနက် ၇နာရီတွင် မိခင်အား မိန်းမအင်္ဂါနာကျင်နေကြောင်းပြောသဖြင့်သမီးဖြစ်သူအား မေးမြန်းရာမေလ၅ရက်ညနေ၄နာရီအချိန်တွင်သူမသည်နေအိမ်တောင်ဘက်၌ဆော့ကစားနေစဉ် အမှတ်-၁ ရပ်ကွက်၊ သစ္စာလမ်းသွယ် (၃)နေ ဆယ်ကျော်သက်အရွယ် ယောကျ်ားလေးက အနောက်ဘက်ချုံထဲသို့ခေါ်၍ အလိုမတူဘဲ သားမယားအဖြစ် ပြုကျင့်ခဲ့ကြောင်းသိရသည်။ ထို့ကြောင့် ယခုဖြစ်စဉ်နှင့်ပတ်သက်၍ မိခင်ဖြစ်သူက သက်ဆိုင်ရာ ရဲစခန်းသို့ အမှုဖွင့်ခဲ့သည်။

ယင်းအမှုကိုသက်ဆိုင်ရာရဲစခန်းကပ/၁၅၂/ ၂၀၁၁ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၆ ဖြင့် အမှုဖွင့်အရေးယူလျက်ရှိကြောင်း သတင်းရရှိသည်။

# ပဲခူးဒေသခံလယ်ယာလုပ်သားများ ထိုင်းသို့သွားရောက် အလုပ်လုပ်ကိုင်သူများလာ

အောင်သူရ

ရန်ကုန်၊ မေ – ၁၂

**ပဲခူးတိုင်းဒေသကြီးအတွင်း လယ်ယာလုပ်ငန်းအဓိကလုပ်ကိုင်သော ကျေးရွာများမှ လယ်ယာလုပ်သားများသည် ယခုလပိုင်းမှစ၍ ထိုင်းနိုင်ငံသို့ သွားရောက်အလုပ်လုပ်သူ အထူးများပြားလာကြောင်း သတင်းရရှိသည်။**

ကဝမြို့နယ်အတွင်းရှိ ဝဲပဒါန်၊ အောင်မင်္ဂလာကျေးရွာနှင့် သနပ်ပင်မြို့နယ်မှ ကုက္ကို၊ ကွမ်းလျားရှည်နှင့် ကျွဲတဲကျေးရွာများမှ တစ်ရွာလျှင် လူ ၁၀၀ ခန့် ထိုင်းနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်ရန် ယခုရက်ပိုင်းတွင် ထွက်ခွာသွားကြောင်း ဒေသခံများက ပြောသည်။

"လွန်ခဲ့တဲ့ဆယ်နှစ်လောက်က စဖြစ်နေတာ။ ကျန်ခဲ့တဲ့သုံးနှစ်လောက်က ပိုဆိုးလာတယ်။ ဒီနှစ်ကတော့ အဆိုးဆုံးပဲ" ဟု လယ်ယာလုပ်သားများ ထိုင်းနိုင်ငံသို့သွားရောက်အလုပ်လုပ်ခြင်းနှင့်ပတ်သက်၍ ဝေါမြို့နယ်ဒေသခံ တောင်သူတစ်ဦးကဆိုသည်။

"ရာသီဥတုကြောင့် စပါးရောပဲရောပျက်တယ်။ ဒီကြားထဲ ဈေးက မကောင်းဘူး။ စပါးဈေးလေးသိန်းလောက်နဲ့ ပဲတစ်တင်းသုံးသောင်းကျော်လောက် ဆိုဘယ်သူမှသွားမှာမဟုတ်ဘူး"ဟု ကဝမြို့နယ်မှ တောင်သူကြီးတစ်ဦးကပြောသည်။

ပဲခူးတိုင်းဒေသကြီးမှ ထိုင်းနိုင်ငံသို့ သွားရောက်သူများသည် မြဝတီလမ်းကြောင်းမှတစ်ဆင့်သွားရောက်ကြပြီး ထိုင်းနိုင်ငံအတွင်းစက်ရုံ၊စိုက်ပျိုးရေးနှင့်ဆောက်လုပ်ရေးလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်ကြရာ လုပ်သားတစ်ဦးလျှင် ပျမ်းမျှ တစ်လ ကျပ်တစ်သိန်းခွဲခန့်ရရှိကြသည်။

ထိုင်းနိုင်ငံနှင့် နီးစပ်သော မွန်ပြည်နယ်မှ လယ်ယာလုပ်သားများသည် ထိုင်းနိုင်ငံသို့ သွားရောက်လုပ်ကိုင်ကြသဖြင့် လယ်ယာလုပ်သားရှားပါးခြင်းပြဿနာကို လွန်ခဲ့သောလေး၊ငါးနှစ်ကပင် ကြုံတွေ့ခဲ့ရသည်။


# မန္တလေးတွင် ပြိုင်ကားကွင်းတစ်ခု ထိုင်းနှင့် ဖက်စပ်တည်ဆောက်မည်

စိုင်းသာအောင်

မန္တလေး၊ မေ – ၁၂

ထိုင်းနိုင်ငံက မြန်မာနိုင်ငံနှင့်ပူးပေါင်း၍ မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်တွင် နိုင်ငံတကာအဆင့်မီ ကားပြိုင်ကွင်းတစ်ခု တည်ဆောက်ရန်ပြင်ဆင်လျက်ရှိကြောင်းသိရသည်။

ပြိုင်ကားကွင်းကို မီတာ ၈၀၀ နှင့် မီတာ ၁၆၀၀ အကြား တည်ဆောက်သွားမည်ဖြစ်သည်။ အဆိုပါပြိုင်ကားကွင်းကိုထိုင်းနိုင်ငံ Racing Circuit ကုမ္ပဏီနှင့်မြန်မာနိုင်ငံမှ Top Ruby Land ကုမ္ပဏီတို့ပူးပေါင်းတည်ဆောက်သွားမည်ဖြစ်ပြီး ပြိုင်ကားမောင်းပြိုင်ပွဲများကျင်းပကာ နိုင်ငံတကာ အဆင့်မီ ပြိုင်ကားသမားများ မွေးထုတ်ရန်ရည်ရွယ်ကြောင်းလည်း သိရသည်။



ထိုင်းနိုင်ငံမှ ပြိုင်ကားကွင်းတွင် လေ့ကျင့်မောင်းနှင်နေသော ပြိုင်ကားနှစ်စီး။

မန္တလေးမြို့မှ လူငယ်များက အဆိုပါပြိုင်ကားကွင်းကို စိတ်ဝင်စားလျက်ရှိပြီး ပြိုင်ကားများကိုယ်ပိုင်ဝယ်ယူရန် စီစဉ်လျက်ရှိကြောင်းလည်း လူငယ်ကားသမားများထံမှ သိရသည်။

အစိုးရသစ်ဖွဲ့စည်းပြီးနောက် မန္တလေးမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် ထိုင်းနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ၏ အလားတူ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများမှာ ၂၀၁၂ ခုနှစ်တွင် ပိုမိုများပြားလာနိုင်ကြောင်း မန္တလေးမြို့စီးပွားရေးလုပ်ငန်းရှင်များက ခန့်မှန်းပြောကြားသည်။

# ပြည်ပသို့ သစ်တင်ပို့ရာတွင် သက်သေခံလက်မှတ်လို

ဇာဇာနီ

ရန်ကုန်၊ မေ – ၁၀

ပြည်ပသို့ သစ်များ တင်ပို့ရောင်းချရာတွင် ယခုနောက်ပိုင်း၌ အစိုးရ၏ တရားဝင်ခွင့်ပြုသော သစ်ဖြစ်ကြောင်း သက်သေခံလက်မှတ်ပါမှသာ နိုင်ငံကြီးများက လက်ခံလာကြကြောင်း မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းမှ တွဲဖက်အတွင်းရေးမှူး ဦးဘာဘာချိုကပြောသည်။

"အီးယူတို့ အမေရိကန်တို့လို value added ဝယ်တဲ့ market ဆိုရင် certificate (သက်သေခံလက်မှတ်)လိုလာပြီ။ အရင်ကတော့ ဘယ်နိုင်ငံရဲ့ ပစ္စည်းဖြစ်တယ်ဆိုတဲ့သဘောနဲ့ပဲ Country of Origin (CO)ပြရင်ရပေမယ့် အခုက အစိုးရက တရားဝင်ခွင့်ပြုထားတဲ့ သစ်ဖြစ်တဲ့အကြောင်းပြမှရတယ်" ဟုအထက်ပါပုဂ္ဂိုလ်ကပြောသည်။

အစိုးရ၏ တရားဝင်ခွင့်ပြုထားသော သစ်ဖြစ်ကြောင်း တောင်းဆိုရသည့်အကြောင်းမှာ ယခုအခါ သစ်တောပြုန်းတီးမှုများနှင့် ကမ္ဘာ့ရာသီဥတု ဖောက်ပြန်မှုများကြောင့် သစ်ထုတ်လုပ်တင်ပို့ရောင်းချသူများအနေဖြင့် တရားမဝင်ထုတ်လုပ်ရောင်းချမှုများကို တားမြစ်ရန် နိုင်ငံများက တောင်းဆိုလာခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

စာ(၁၂)သို့




TRI
LIVES BRILLIANTLY
B-741
B-819
B-816


i-MAX
COLLECTION
MY STYLE // MY DREAM
Rain Coat &
BAG COLLECTION

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.10, No.9 • MAY 19, 2011

# ဓာတ်မြေသြဇာစစ်ဆေးရေးကော်မတီ ဖွဲ့စည်းမည်

**ပြည်သိမ်း၊ အောင်သူရ**

**ရန်ကုန်၊ မေ – ၁၆**

**ဈေးကွက်အတွင်း ရောင်းချနေသော ဓာတ်မြေသြဇာများ၏ အရည်အသွေးနှင့် မှတ်ပုံတင်ခြင်း ရှိ၊မရှိ စစ်ဆေးရန် ဓာတ်မြေသြဇာ စစ်ဆေးရေးကော်မတီတစ်ရပ်ဖွဲ့စည်းပြီး စစ်ဆေးသွားတော့မည်ဖြစ်ကြောင်း ပဲခူးတိုင်းဒေသကြီး တိုင်းစိုက်ပျိုးရေးမန်နေဂျာ ဦးအေးကိုကိုကပြောကြားသည်။**

ဈေးကွက်အတွင်း၌ ရောင်းချနေသော ဓာတ်မြေသြဇာအချို့သည် အိတ်၌ ရိုက်နှိပ်ထားသော အာဟာရပမာဏအတိအကျပါဝင်မှုမရှိခြင်းကြောင့် သုံးစွဲသူ တောင်သူလယ်သမားများ အကျိုးမရှိဖြစ်နေရသည်ဟု ဆိုသည်။ ထိုမြေသြဇာများမှာ ဈေးနှုန်းသက်သာသည့်အတွက် လယ်သမားများကလည်း ဝယ်ယူသုံးစွဲနေကြသည်။ နိုင်ငံတော်က အထွက်တိုးရန်ကြိုးစားနေချိန်တွင် ယင်းကဲ့သို့ အရည်အသွေးမမီ ဓာတ်မြေသြဇာများကြောင့် တောင်သူများသာမက၊ တိုင်းပြည်အတွက်လည်း နစ်နာရကြောင်း အထက်ပါပုဂ္ဂိုလ်က ဆိုသည်။ ထို့ကြောင့် အထက်ပါ ကော်မတီဖွဲ့ပြီးပါက တိုင်းဒေသကြီးနှင့် ပြည်နယ်တစ်ခုချင်းစီအလိုက် သွားရောက်စစ်ဆေးမည်ဟု ဆိုသည်။

"သုံးစွဲသူပေါ်မှာလည်းမူတည်တယ်။ သုံးစွဲသူက ဈေးသက်သာတာကို အဓိကမကြည့်ဘဲ အရည်အသွေးပြည့်၊ မှတ်ပုံတင်ထားတာတွေကိုပဲ သုံးသင့်တယ်ဟု အဆိုပါ တိုင်းမန်နေဂျာကဆိုသည်။

တရားဝင် တင်သွင်းလာသော ဓာတ်မြေသြဇာများကို ပုဂ္ဂလိကသို့ ၂၀၁၀ မှစတင်၍ တရားဝင်တင်သွင်းရောင်းချခွင့်ပြုခဲ့သည်။ လိုင်စင်တစ်စောင်လျှင် သက်တမ်း ၂နှစ်သတ်မှတ်ပြီး လိုင်စင်ကြေးမှာ ကျပ်ငါးသောင်းဖြစ်ကြောင်းကိုလည်း သတင်းရရှိသည်။

ဓာတ်မြေသြဇာထုတ်လုပ်ခွင့် မှတ်ပုံတင် ရရှိထားသော လုပ်ငန်း ၂၁၆ ခုရှိပြီး တင်သွင်းခွင့်ရသူ ၄၂၆ဦးရှိသည်။ ထိုအတူဓာတ်မြေသြဇာတင်ပို့ခွင့်ရထားသူ ၂ ဦးရှိသည်။ ထို့ကြောင့် ဓာတ်မြေသြဇာအတွက် မှတ်ပုံတင်ထုတ်ပေးထားမှုမှာ ၆၄၄ ခုရှိသည်ဟု ဆိုသည်။ ဓာတ်မြေသြဇာအတုများ၊ အရည်အသွေးမမီဓာတ်မြေသြဇာများမှာ မှောင်ခိုတင်သွင်းသူများနှင့် တောင်သာ၊မြင်းခြံဘက်မှ မြေကြီးလုံး၍ ရောင်းချသူများကြောင့် ဈေးကွက်ကြီးလာသည်ဟု ဆိုသည်။ ဓာတ်မြေသြဇာအတုများကြောင့် ဈေးကွက်တွင် မှတ်ပုံတင်ထားသည့် အရည်အသွေးမီ ဓာတ်မြေသြဇာများမှာလည်း ရောင်းချရာတွင် အခက်အခဲရှိလာသည်။ တောင်သူများမှာလည်း ငွေကြေးအခက်အခဲ၊ ရာသီဥတုကြောင့် သီးနှံပျက်စီးမှု များလာခြင်းတို့ကြောင့် ဈေးသက်သာသော မြေသြဇာများကို အသုံးပြုရန် တွန်းအားဖြစ်စေကြောင်း သိရသည်။

## မျက်နှာဖုံး-ငွေရှိတိုင်း ပြစ်မှုမလွတ်နိုင်တော့ မှ

ယခုအခြေအနေတွင် အမှုအခင်း သို့မဟုတ် ယာဉ်တိုက်မှု တစ်စုံတစ်ရာဖြစ်ပွားပါက မည်သည့် သူဌေး၏ကားဖြစ်စေ အမှုအခင်းဖြစ်ပွားမည်ဆိုပါကလက်ရှိ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လက်ခံမည်မဟုတ်ဟု သိရသည်။

"လူကြီးရဲ့ကားဖြစ်လို့ စည်းမရှိ၊ ကမ်းမရှိကျူးလွန်သွားခဲ့ရင်လည်း စည်းမရှိကမ်းမရှိ ကျူးလွန်သွားသူသည် တရားဥပဒေအရ တာဝန်ယူရမှာဖြစ်ပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဝန်ကြီး ဦးဉာဏ်ထွန်းဦးကပြောသည်။ ထိုနည်းတူစွာပင် ငွေကြေးတတ်နိုင်သူများမှလည်း သေသွားသည့်သူနှင့်ပတ်သက်၍ ပိုက်ဆံနှင့် ကျေအေးစေသည့် အမှုများလည်း အစိုးရအဖွဲ့သို့ ရောက်ရှိလာလေ့ရှိရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်မှ မဖြစ်သင့်သည့်ကိစ္စဟု လမ်းညွှန်ထားကြောင်း ဦးဉာဏ်ထွန်းဦးကပြောကြားသည်။

အထက်ပါအကြောင်းအရာများအား ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့်သတင်းမီဒီယာများ ပထမအကြိမ်တွေ့ဆုံပွဲတွင် စာနယ်ဇင်းဆရာတစ်ဦးက သင်္ကြန်မတိုင်မီ ဧပြီ ၂ ရက်နေ့ညကိုးနာရီခန့်က အာဇာနည်လမ်း အမ်သရီးစားသောက်ဆိုင်အနီးတွင် ယာဉ်တိုက်မှုတစ်ခုဖြစ်ပွားကာ အတိုက်ခံရသူမှာ သေဆုံးသွားပြီး ယာဉ်မောင်းထွက်ပြေးသွားသည့် အမှုအပေါ် မေးမြန်းသည့်မေးခွန်းအား ပြန်လည်ဖြေကြားရာတွင် ပြောကြားသွားခြင်းဖြစ်သည်။

"ပိုက်ဆံရှိတဲ့သူဟာ ပိုက်ဆံရှိလို့ ငါလုပ်ချင်တိုင်းလုပ်တယ် ခပ်ကြမ်းကြမ်းလုပ်တယ်။သေသွား၊ တိုက်သွားပြီးရင် ပိုက်ဆံပေးရင် အမှုလွတ်တယ်ဆိုတာကို လက်မခံပါဘူး။ ဒါဟာအခုကျွန်တော်တို့ အစိုးရလက်ထက်မှာ ကျင့်သုံးနေပြီဖြစ်ပါတယ်။ အရင်ဖြစ်ခဲ့တာတွေကတော့ ကျွန်တော်တို့ လက်လှမ်း မမီဘူးပေါ့ဗျာ"ဟု ဦးဉာဏ်ထွန်းဦးက အထက်ပါမေးခွန်းနှင့် ပတ်သက်၍ ဆက်လက်ဖြေကြားသွားသည်။



**PHOTO NEWS**

**ယခုနောက်ပိုင်း ရန်ကုန်မြို့အပါအဝင် နယ်မြို့များရှိ ရပ်ကွက်များအတွင်း ခေတ်စားလာသော ကစားနည်းတစ်ခုဖြစ်သည့် ဘင်ဂိုကစားနည်းကို ကစားနေကြသူများအား တွေ့ရစဉ်**

# ကန်ဒေါ်လာတစ်သိန်းခွဲကျော်တန် တီဘီရောဂါတိုက်ဖျက်ရေး စီမံကိန်းစတင်မည်




**မြတ်စုမွန်**

**ရန်ကုန်၊ မေ – ၇**

တီဘီရောဂါရှာဖွေကုသခြင်းနှင့် ကာကွယ်နိုင်ခြင်းလွှမ်းခြုံမှုအားနည်းသည့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသရှိ မြို့ ၃မြို့တွင် တီဘီရောဂါတိုက်ဖျက်ရေးနှင့် သက်ဆိုင်သော နှစ်နှစ်စီမံကိန်းတစ်ခုကို Global Fand (ဂလိုဘယ်ဖန်း) ၏ ပံ့ပိုးကူညီမှုဖြင့် အမေရိကန်ဒေါ်လာ တစ်သိန်းခွဲကျော် ကုန်ကျခံပြုလုပ်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းမှ သတင်းရရှိသည်။

ကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်းလုပ်ဆောင်သွားမည့် အဆိုပါစီမံကိန်းကို မိတ္ထီလာမြို့၊ မလှိုင်မြို့နှင့်သာစည်မြို့တို့တွင် အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း အသင်း၏ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦး ကပြောသည်။

"ကျွန်တော်တို့က ကျန်းမာရေးဦးစီးဌာနရဲ့ တီဘီရောဂါတိုက်ဖျက်ရေးအစီအစဉ်ကိုပါဝင်ကူညီပေးတဲ့အနေနဲ့ လုပ်သွားမယ်။ တီဘီသံသယရှိတဲ့ လူနာတွေရှာဖွေပေးတာ၊ သလိပ်စစ်ပေးတာ၊ အဲဒီသလိပ်ကို မြို့နယ်အလိုက် ကျန်းမာရေးဌာနတွေကို ပို့ပေးတာ၊ ဆေးကုသဖို့ လိုအပ်တဲ့လူနာအတွက် လမ်းစရိတ်ထောက်ပံ့ပေးတာတွေကိုလုပ်သွားမယ်။ ကုသခံနေတဲ့လူနာတွေကိုကုသမှုကို ပျက်ကွက်မှုမရှိအောင် လုပ်ပေးသွားမယ်"ဟု မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းမှဥက္ကဋ္ဌ ဦးအောင်ခင်ကပြောသည်။

စီမံကိန်းကာလအတွင်း ဒေသခံစေတနာ့ဝန်ထမ်းများလည်း ခန့်ထားသွားမည်ဖြစ်ပြီး၊ ပထမနှစ်အတွက် အမေရိကန်ဒေါ်လာ ၈၆၄၀၆ဒသမ၄၉ နှင့် ဒုတိယနှစ်အတွက် ၈၂၈၁၉ဒသမ၉၉ ဒေါ်လာတို့ကို အသီးသီးသုံးစွဲသွားမည်ဖြစ်ကြောင်းသိရသည်။

ထို့အပြင် အဆိုပါစီမံချက် မြို့များတွင် တီဘီရောဂါဆိုင်ရာ ကျန်းမာရေးအသိပညာပေးလက်ကမ်းစာစောင် ၂၅,၀၀၀၊ ပိုစတာ ၈,၀၀၀နှင့် ကြော်ငြာဆိုင်းဘုတ် ၅၀ခုကိုလည်း ဖြန့်ချိစိုက်ထူသွားမည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောသည်။

တီဘီရောဂါသံသယရှိသူများ ရှာဖွေစစ်ဆေးပေးခြင်းအပြင် တီဘီလူနာများထဲမှ အိတ်ချ်အိုင်ဗီ ပိုးရပ်စ်ရှိမရှိ စစ်ဆေးရန် လိုအပ်သူများအား ရှာဖွေခြင်းနှင့် တွေ့ရှိပါက ထိရောက်မှုရှိရန် ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောသည်။

# ခရီးသွားဆိုင်ရာအသင်းအဖွဲ့များ ဆက်တိုက်ဖွဲ့စည်း

**အေးမြကျော်**

**ရန်ကုန်၊ မေ ၁၆**

**ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့် ခရီးသွားလုပ်ငန်းဆိုင်ရာအသင်းအဖွဲ့များ ဆက်တိုက်ဖွဲ့စည်းလျက်ရှိကြောင်းအသင်း အဖွဲ့များမှသတင်းရရှိသည်။**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ဦးဆောင်မှုဖြင့်မြန်မာ့ခရီးသွားဘုတ်အဖွဲ့(Myanmar Tourism Board)၏လက်အောက်တွင် မူလရှိပြီးသောခရီးသွားဆိုင်ရာအသင်းအဖွဲ့များအပြင် ခရီးသွားဝန်ဆောင်မှုနှင့်ဆက်စပ်လုပ်ငန်းများပါဝင်သောခရီးသွားလုပ်ငန်း အသင်းပေါင်း၁၀ဖွဲ့ကိုဖွဲ့စည်းသွားမည်ဖြစ်ရာယခုရက်ပိုင်းများတွင်အသင်းများဖွဲ့စည်းနိုင်ရန် သက်ဆိုင်ရာအလိုက် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်လျက်ရှိသည်။

ဖွဲ့စည်းသွားမည့်အသင်းအဖွဲ့များ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း၊ အမှတ်တရလက်ဆောင်ပစ္စည်းရောင်းချရေးအသင်း၊ ညွှန်လမ်းညွှန်များဖြင့် ဖွဲ့စည်းမည့်အသင်းတစ်သင်း၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဖျော်ဖြေရေးလုပ်ငန်းဆိုင်ရာများအတွက် အသင်းတစ်သင်း၊ ဟိုတယ်လုပ်ငန်းကျွမ်းကျင်သူများအသင်း စသည်ဖြင့် အသီးသီးဖွဲ့စည်းနိုင်ရန် သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးမှုများပြုလုပ်နေပြီဖြစ်ကြောင်း ခရီးသွားလုပ်ငန်းရှင်များထံမှသိရသည်။

ခရီးသွားလုပ်ငန်းဆိုင်ရာအသင်းများတွင် အစောဆုံးအဖြစ်စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းကို မေလပထမပတ်က ဖွဲ့စည်းနိုင်ခဲ့ပြီး မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ပို့ဆောင်ရေးလုပ်ငန်းရှင်များအသင်းကိုလည်းပို့ဆောင်ရေးလုပ်ငန်းရှင်များ၊ ခရီးသွားကုမ္ပဏီများ၊ အငှားယာဉ်လုပ်ငန်း လုပ်ကိုင်သူများဖြင့် ပါဝင်ဖွဲ့စည်းနိုင်ရန် အသင်းဖွဲ့စည်းရေး ညှိနှိုင်းဆွေးနွေးပွဲတစ်ရပ်ကို မေလ၁၅ ရက်က သမ္မတဟိုတယ်ပထမထပ်တွင်ပြုလုပ်ခဲ့သည်။

အလားတူပင်ဟိုတယ်လုပ်ငန်း ကျွမ်းကျင်သူများအသင်းအဖွဲ့တစ်ခုကိုလည်း ဖွဲ့စည်းသွားနိုင်ရန် ထိုနေ့ကပင် ရန်ကုန်မြို့ရှိ စင်ထရယ်ဟိုတယ်တွင်ဆွေးနွေးပွဲပြုလုပ်ကာအသင်းကို အကြမ်းဖျင်းဖွဲ့စည်းနိုင်ခဲ့ကြောင်း ဆွေးနွေးပွဲတက်ရောက်ခဲ့သူတစ်ဦးက ပြောသည်။

ခရီးသွားလုပ်ငန်းတွင် အရေးပါသော လုပ်ငန်းတစ်ခုဖြစ်သော နိုင်ငံခြားသားဧည့်သည်များကို အမှတ်တရလက်ဆောင်ပစ္စည်း ရောင်းချသည့်စုပေါင်းအသင်းတစ်သင်းဖွဲ့စည်းသွားရန် ဆောင်ရွက်လျက်ရှိကြောင်း အသင်းဖွဲ့စည်းရေး ဆောင်ရွက်နေသောလုပ်ငန်းရှင် ဦးသီဟအောင်က ပြောသည်။

မြန်မာနိုင်ငံသို့ လာရောက်သောခရီးသွားများ၏ကျန်းမာရေးစောင့်ရှောက်ပေးရန်နှင့်ဖျော်ဖြေရေး လုပ်ငန်းများဖြင့်ဝန်ဆောင်မှုပေးနိုင်ရန်အသင်းတစ်သင်းဖြစ်မြောက်အောင် ဖွဲ့စည်းသွားရန်လည်းရှိကြောင်း သိရသည်။ ထိုအသင်းဖြစ်မြောက်ရေး ဆွေးနွေးပွဲတစ်ရပ်ကိုလည်းမေလ ၁၅ရက်ကကျင်းပခဲ့သည်။

ခရီးသွားလုပ်ငန်းနှင့်ပတ်သက်သောဖွဲ့စည်းပြီးအသင်း၃သင်းရှိပြီး ယင်းတို့မှာ မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းနှင့် မြန်မာ့ဈေးကွက်ကော်မတီတို့ဖြစ်ပြီး ထပ်မံဖွဲ့စည်းသွားမည့် ခရီးသွားလုပ်ငန်းဝန်ဆောင်မှုအသင်းများသည်မြန်မာ့ခရီးသွားဘုတ်အဖွဲ့လက်အောက်တွင် လုပ်ငန်းများဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

7 DAY NEWS JOURNAL
Vol.10, No.9 ▪ MAY 19, 2011

## ရန်ကုန်သို့ ဝက်နားရွက်ပြာရောဂါမကူးစက်ရန် ပြည်ပပညာရှင်၏ အကြံဉာဏ်ကိုရယူ

**သန်းဒွေး**

**ရန်ကုန်၊ မေ - ၁၅**

ဝက်နားရွက်ပြာရောဂါသည် ပဲခူးတိုင်းဒေသကြီးအတွင်း ဖြစ်ပေါ်နေသောကြောင့် ရန်ကုန်သို့ ပျံ့နှံ့မှုရှိမလာစေရေး ထိုင်းနိုင်ငံ ချူလာလောင်ကွန်းတက္ကသိုလ်မှ ပရော်ဖက်ဆာနှင့်ပါတိုင်ပင်၍ အကြံဉာဏ်ရယူနေကြောင်း သတင်းရရှိသည်။

"ချူလာလောင်ကွန်း ပရော်ဖက်ဆာနဲ့မနေ့ကတွေ့တယ်။လက်ရှိဘယ်လိုလုပ်ရမလဲဆိုတာ ပညာရှင်နဲ့တိုင်ပင်ရတယ်"ဟု မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်အေးကပြောကြားသည်။

ပဲခူးတိုင်းဒေသကြီးတွင် တောင်ငူသို့ စတင်ကူးစက်လာသောအခါ ရောဂါဖြစ်သောနေရာမှ မွေးမြူသူများက ဈေးနှုန်းတစ်ဝက်လျှော့ချပြီး ရောင်းထုတ်နေကြ၍ တားဆီးထိန်းချုပ်နေရကြောင်း ပဲခူးတိုင်းဒေသကြီး အုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးကပြောသည်။ ဒိုက်ဦးမြို့နယ်တွင် နိုင်ငံပိုင် ဝက်ကောင်ရေ ၂၅,၀၀၀ ကျော်မွေးမြူထားသည်။

"ရောဂါနဲ့ သေတော့မယ်ဆို သက်ဆိုင်ရာကိုအကြောင်းမကြားဘဲ ရောင်းပစ်နေကြတယ်။ ဒီအချိန်မှာ ဝက်အူချောင်းလုပ်တဲ့ လူတော့ ကိုက်တယ်။ စားသုံးသူတွေ ဈေးသက်သာတယ်။မွေးတဲ့သူတွေ အတွက်တော့ နစ်နာတာပေါ့ဗျာ"ဟု တောင်ငူဒေသမှ မွေးမြူရေးလုပ်ငန်းရှင် ဦးမောင်မောင်လေးကပြောသည်။

ရန်ကုန်တိုင်းဒေသကြီးလှည်းကူးမြို့နယ်၊ ငါးဆူတောင်ရှိ ဝက်မွေးမြူရေးလုပ်ငန်းရှင် ဦးသန်းထိုက်က ပြောကြားရာတွင် ၎င်းမွေးမြူထားသော အသားတိုးဝက်အကောင်ရေ ၂,၀၀၀ အား ရောဂါမကူးစက်လာစေရေးအတွက် ဇီဝလုံခြုံရေးကို အထူးအလေးထားဆောင်ရွက်နေရကြောင်း ပြောကြားသည်။

ထို့အပြင်ရန်ကုန်တိုင်းဒေသကြီးအစိုးရက ပဲခူးမှ ဝက်များအား ရန်ကုန်သို့ တင်ပို့မှုကို တားမြစ်ထားသည်။ ထို့ကြောင့် ပဲခူးမှ ရန်ကုန်သို့ဝင်သည့် ကုန်ကားဂိတ်များတွင် ဝက်တင်လာသောကားများအား သက်ဆိုင်ရာက ပဲခူးသို့ ပြန်လည်လွှဲပြောင်း ပေးလျက်ရှိသည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဝက်နားရွက်ပြာရောဂါသည် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် နေပြည်တော်ခရိုင်တို့ရှိ မြို့နယ်အချို့တို့တွင် ဖြစ်ပေါ်ကာ ဝက်သေဆုံးမှုများရှိခဲ့ကြောင်း ထုတ်ပြန်ကြေညာထားသည်။ ဝက်နားရွက်ပြာရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ လိုက်နာရန် အချက်ခုနစ်ချက်ကို သက်ဆိုင်ရာက ထုတ်ပြန်ပေးထားသည်။

## ဆီစာအုပ် အပိုပြုလုပ်သူများအား အရေးယူတော့မည်



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**ကျော်သီဟ**

**ရန်ကုန်၊ မေ - ၁၂**

စက်သုံးဆီဝယ်ယူခွင့်စာအုပ်အားယာဉ်တစ်စီးလျှင် စာအုပ်နှစ်အုပ်ထားသည်ကိုတွေ့ရှိပါက ဥပဒေနှင့်အညီ အရေးယူတော့မည်ဖြစ်ကြောင်းသတင်းရရှိသည်။

ထို့အပြင် စက်သုံးဆီဆိုင်များအား ဆီဆိုင်တွင် ယာဉ်တန်းများ ရှည်လျားစွာ တန်းစီစောင့်ဆိုင်းနေရမှုမရှိစေရန်၊ စက်သုံးဆီဆိုင်များ ၂၄ နာရီ ဖွင့်လှစ်ပြီး ရောင်းချရန်၊ ရရှိထားသည့် စက်သုံးဆီခွဲတမ်း ကုန်စင်အောင်ရောင်းချရန်နှင့်ဂါလန်ပြည့်ရောင်းချရန်ကိုပါ သက်ဆိုင်ရာက ညွှန်ကြားခဲ့သည်။

စက်သုံးဆီဝယ်ယူခွင့်စာအုပ်အား ယာဉ်တစ်စီးလျှင် နှစ်အုပ်ပြုလုပ်ထားသူများရှိလာပါက ဥပဒေနှင့်အညီအရေးယူဆောင်ရွက်ရန် သက်ဆိုင်ရာက သတ်မှတ်လိုက်ကြောင်း သတင်းရရှိသည်။ စက်သုံးဆီဆိုင်များတွင် ယာဉ်အမှတ်နှင့် ဆီစာအုပ်များစာရင်းကို ကွန်ပျူတာဖြင့် စာရင်းပြုစုထားရန် စက်သုံးဆီဆိုင်များသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က အသိပေးထားကြောင်း အဆိုပါအစိုးရအဖွဲ့မှ တာဝန်ရှိသူကပြောသည်။

ရန်ကုန်မြို့ရှိ စက်သုံးဆီအရောင်းဆိုင် ၃၁ ဆိုင်တွင် ဓာတ်ဆီရောင်းချချိန်၌ ကားတန်းများရှည်လျားစွာ တန်းစီစောင့်ဆိုင်းမှုများ ပပျောက်ရန် ၂၄နာရီ အချိန်ပြည့် ရောင်းချပေးရန် အတွက်လည်း ညွှန်ကြားထားကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှသိရသည်။

## အင်ဒိုနီးရှားက မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်မည်

**ပြည်သိမ်း**

**ရန်ကုန်၊ မေ - ၁၂**

မြန်မာနိုင်ငံတွင် အင်ဒိုနီးရှားနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုကို ၂၀၁၅ ခုနှစ်၌ အမေရိကန်ဒေါ်လာသန်းငါးရာအထိ တိုးမြှင့်ရန်ရည်မှန်းထားကြောင်းသတင်းရရှိသည်။

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ရှိIstana Mercleka နန်းတော် Reception Hall တွင် အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတဒေါက်တာ ဆူစီလိုဘမ်ဘန်းယူဒိုယိုနိုက ၂၀၁၅ တွင် မြန်မာနိုင်ငံ၌ ဒေါ်လာသန်းငါးရာတန်ဖိုးရှိသည်အထိ ရင်းနှီးမြှုပ်နှံရန် ရည်ရွယ်ထားကြောင်း ပြောကြားခဲ့ခြင်းကို မေလ ၁၀ ရက်ထုတ် နိုင်ငံပိုင်သတင်းစာတွင် ဖော်ပြထားသည်။

ယခုနှစ် ဇန်နဝါရီလအထိ အင်ဒိုနီးရှားနိုင်ငံသည် မြန်မာနိုင်ငံ၌ ကုမ္ပဏီ ၁၂ ခုနှင့် ရင်းနှီးမြှုပ်နှံမှုပမာဏကန်ဒေါ်လာ ၂၄၁ ဒသမ ၄၉၇ သန်းရှိပြီး မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံထားသည့်နိုင်ငံများအနက် အဆင့် ၁၀ တွင်ရှိသည်။

နှစ်နိုင်ငံကြား ရင်းနှီးမြှုပ်နှံမှုများ တိုးတက်စေရန် အစိုးရပိုင်းသာမက ပုဂ္ဂလိကကဏ္ဍမှ ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ရန်ကြိုးပမ်းနေကြောင်း၊ နှစ်နိုင်ငံ ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုနှင့် ပတ်သက်၍လည်း သမိုင်းဝင်ယဉ်ကျေးမှု အဆောက်အအုံများ၊ သဘာဝရှုခင်းများ၊ ပင်လယ်ကမ်းခြေများရှိသည့်နိုင်ငံဖြစ်သည့်အတွက် ယခုထက် တိုးမြှင့်ဆောင်ရွက်ရန် စီစဉ်ထားကြောင်းသမ္မတကပြောကြားသည်။

မြန်မာ-အင်ဒိုနီးရှားနှစ်နိုင်ငံ ကုန်သွယ်မှုပမာဏသည် အာဆီယံ ၁၀ နိုင်ငံတွင် အနည်းဆုံးဖြစ်နေသည်။ ၂၀၀၉-၁၀ ဘဏ္ဍာနှစ် ဒီဇင်ဘာလအထိ စာရင်းဇယားများအရ အင်ဒိုနီးရှားနိုင်ငံသို့မြန်မာပို့ကုန်တန်ဖိုးမှာ ကန်ဒေါ်လာသန်းပေါင်း ၂၅သန်းကျော်ရှိပြီး၊ သွင်းကုန်မှာ ကန်ဒေါ်လာသန်းပေါင်း ၁၂၅ ဒသမ ၅၇ သန်းရှိသည်။ မြန်မာနိုင်ငံနှင့် အာဆီယံနိုင်ငံများ၏ ကုန်သွယ်မှုပမာဏသည် ကန်ဒေါ်လာ ၃,၈၄၉ ဒသမ ၃၁ သန်းရှိပြီး၊ ပို့ကုန်မှ ၂,၄၅၄ ဒသမ ၈၁ သန်းနှင့် သွင်းကုန်မှာ ၁,၃၉၄ ဒသမ ၅၁ သန်းရှိကြောင်း သိရသည်။



7DAY NEWS JOURNAL
Vol.10, No.9 • MAY 19, 2011

# ၂၀၁၁ ခုနှစ် မေ ၁၉မှ ၂၅ရက်ထိ

## မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်



**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

အနောက်တောင်မုတ်သုံလေသည် မေလ ဒုတိယ ၁၀ ရက်ပတ်အတွင်း မြန်မာနိုင်ငံတောင်ပိုင်းဒေသများနှင့် မေလ တတိယ ၁၀ ရက်ပတ်အတွင်းမြစ်ဝကျွန်းပေါ်ဒေသများသို့ဝင်ရောက်နိုင်ဖွယ်ရှိပါသည်။ ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း (၁)ကြိမ်ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ရောက်ရှိနိုင်ပါသည်။

**မိုးအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (၄)ရက်မှ(၅)ရက်ခန့်နှင့်ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် (၃)ရက်ခန့် နေရာကွက် ကျား မိုးထစ်ချုန်းရွာနိုင်ပါသည်။

**နေ့အပူချိန်**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ကယား ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက်ပိုပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် မေလ၏ ပျမ်းမျှ အပူချိန်ခန့်သာရှိမည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ကသာမြို့တို့တွင် (၆၀) စင်တီမီတာ (၂ ပေခန့်)၊ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင် (၃၀)စင်တီမီတာ (၁ ပေခန့်)၊ လက်ရှိရေမှတ်များ၏ အထက်မြင့်တက်လာနိုင်ပြီး၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် (၆၀) စင်တီမီ တာ (၂ ပေခန့်) လက်ရှိရေမှတ်များအောက် ကျဆင်းနိုင်ပါသည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့နှင့် ဟုမ္မလင်းမြို့တို့တွင် (၆၀)စင် တီမီတာ (၂ ပေခန့်)၊ မော်လိုက်မြို့၊ ကလေးဝမြို့နှင့် မုံရွာမြို့တို့တွင်(၁၅)စင်တီမီတာ(ပေဝက်ခန့်)လက်ရှိရေမှတ်များ၏အထက် မြင့်တက်နိုင်ပါသည်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

# သစ်အခြေခံစက်မှုလုပ်ငန်းဖွံ့ဖြိုးရန် အထူးကော်မတီတစ်ရပ်စတင်ဖွဲ့စည်း

**ဇာဇာနီ၊ ပြည်သိမ်း**

**ရန်ကုန်၊ မေ - ၁၀**

**မြန်မာ့သစ်အခြေခံစက်မှုလုပ်ငန်းများ၏ စီးပွားရေးအခြေအနေမှာ တိုးတက်ပြောင်းလဲမှုမရှိသည့်အတွက် ယခုအခါ အဆိုပါလုပ်ငန်းနှင့် သက်ဆိုင်သူများပါဝင်သည့် အထူးကော်မတီတစ်ရပ်ဖွဲ့စည်းပြီးသစ်တောကဏ္ဍကုန်သွယ်မှုနှင့်ပတ်သက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးထံသို့ တင်ပြတော့မည်ဖြစ်ကြောင်း သတင်းရရှိသည်။**

မေလ ၁၀ ရက်တွင် မြန်မာ့သစ်လုပ်ငန်းမှ ဦးစီး၍ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဌာနတွင် ကျင်းပပြုလုပ်ခဲ့သော သစ်အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ပတ်သက်သော နှီးနှောဖလှယ်ပွဲ၌မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးစိန်လွင်က အထက်ပါအတိုင်း ပြောကြားသည်။

ဖွဲ့စည်းထားသည့် အထူးကော်မတီတွင် သစ်တောဦးစီးဌာန၊ မြန်မာ့သစ်လုပ်ငန်းနှင့် မြန်မာ့သစ်လုပ်ငန်းရှင်များအသင်းတို့ အပြင်အခြားသင့်တော်သောပညာရှင်များပါဝင်သည်။

"အခုဆိုရင် ဒီမိုကရေစီအစိုးရဖြစ်လာတဲ့အတွက် အားလုံးကို ပွင့်လင်းစွာနဲ့ တင်ပြဖို့လိုလာပြီဆိုတော့ သစ်လုပ်ငန်းရဲ့ အခြေအနေကလည်း အရေးပေါ်အခြေအနေကို ရောက်နေတဲ့အတွက် အရင်လုပ်ထုံးလုပ်နည်းတွေထဲက ပြုပြင်သင့်တာတွေကို ပြုပြင်ပြောင်းလဲဖို့လိုနေတဲ့အကြောင်း ကုန်သွယ်ရေးဝန်ကြီးထံတင်ပြဖို့ လုပ်နေပါတယ်"ဟု ဦးစိန်လွင်က ပြောသည်။

လက်ရှိမြန်မာ့သစ်အခြေခံစက်မှုလုပ်ငန်းမှာ လွန်ခဲ့သော သုံးနှစ်က Sunset Industry ဟု ခန့်မှန်းခဲ့ကြသည့်အတိုင်း အရေးပေါ်အခြေအနေဖြစ်လာပြီး ကုန်ကြမ်းမပြည့်စုံသော မလေးရှား၊ ဗီယက်နမ်စသော နိုင်ငံများက သစ်တောထွက်ကုန်ပစ္စည်းများဖြင့် ထိုက်သင့်သော ဝင်ငွေများရရှိနေချိန်တွင်ကုန်ကြမ်းအထိုက်အလျောက်ပြည့်စုံသော နိုင်ငံတစ်နိုင်ငံ၏ သစ်အခြေခံစက်မှုလုပ်ငန်းမှာ ဆုတ်ယုတ်နေခဲ့သည်။ ထို့အပြင် မြန်မာသစ်ကို ဈေးကြီးပေးဝယ်သောနိုင်ငံများ မရှိသလောက်ဖြစ်နေပြီဖြစ်သည်။ အမှန်တကယ်တွင်မူ မြန်မာ့သစ်လုပ်ငန်းအနေဖြင့် နိုင်ငံတကာဈေးကွက်တွင်း တန်းဝင်ပြီး အရည်အသွေးရှိသည့် သစ်အမျိုးအစားများ ပိုင်ဆိုင်လျက်ရှိသည်။

လုပ်ငန်းရှင်များဘက်မှ တိုးတက်ထုတ်လုပ်ရန် ဆန္ဒပြင်းပြနေသော်လည်း တိုးတက်သင့်သလောက်မတိုးတက်သည်ကို မှန်ကန်သော အဖြေတစ်ခုရရှိရန် ဆွေးနွေးဝေဖန်နိုင်သည့်မူဝါဒတစ်ခု ဖော်ဆောင်၍ သစ်တောရေးရာဝန်ကြီးဌာနသို့ ထောက်ခံတင်ပြမည့် သစ်တောကုန်သွယ်မှုနှင့် ပတ်သက်သည့် National Policy ကို ရေးဆွဲသင့်ပြီဟုလည်း မြန်မာသစ်လုပ်ငန်းရှင်အသင်းမှ တွဲဖက်အတွင်းရေးမှူးဦးဘာဘာချိုက အကြံပြုတင်ပြသည်။

မြန်မာ့သစ်ပြည်ပသို့တင်ပို့ရာတွင် သစ်လုံးတင်ပို့မှုကိုသာ အဓိကထားသော်လည်း ယနေ့နိုင်ငံတကာ ဈေးကွက်၌ ပရိဘောဂများကို အဓိက ဝယ်သောကြောင့် သစ်လုံးတင်ပို့မှုအစား သစ်အချောထည် တင်ပို့မှုကို ပြောင်းလဲရန်နှင့် သစ်အခြေခံစက်မှုလုပ်ငန်းများအား ကုန်ကြမ်းများ မျှဝေပေးသင့်ကြောင်း ဆွေးနွေးပွဲတက်ရောက်လာသော လုပ်ငန်းရှင်တစ်ဦးကပြောသည်။

# ရေလုပ်သားများ ပင်လယ်ပြင်လုံခြုံရေးအတွက် ကြိုတင်သတိပေးစနစ် ထူထောင်မည်

**သန်းငွေး**

**ရန်ကုန်၊ မေ - ၁၀**

မြန်မာ့ပင်လယ်ပြင်ရှိရေလုပ်သား များ ပင်လယ်ပြင် ဘေးအန္တရာယ် ကြုံတွေ့မှုမရှိစေရန် ကြိုတင်သတိပေးနိုင်သောဌာနတစ်ခု ရန်ကုန် မြို့တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဝန်ကြီး ဦးခင်မောင်အေးကပြောကြားသည်။

"ဒီမှာ စတေရှင်တစ်ခုအနေနဲ့ကြိုတင်သတိပေးချက်တွေထုတ်သွားမယ်"ဟု ၎င်းက မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါ ခန်းမတွင် မေလ ၁၀ ရက် နေ့လယ်ကပြောကြားသည်။ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တည်ရှိရာ ရန်ကုန်မြို့၊ ကြို့ကုန်းအနောက်ရပ်ကွက် ဘုရင့်နောင်လမ်းမပေါ် တွင် ဖွင့်လှစ်ထားမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

ထို့ကြောင့် ပင်လယ်ပြင်တွင် ဖြစ်ပေါ်နိုင်သည့် ရာသီဥတုအခြေအနေများကိုကြိုတင်သိရှိကာ ဖြစ်ပေါ်လာပါကလည်း အချိန်မီ ကယ်တင်နိုင်ရေးကိုပါ စီမံမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။ အိန္ဒိယနိုင်ငံတွင် ဆူနာမီနှင့် ပတ်သက်သော အလုပ်ရုံဆွေးနွေးပွဲသို့ ဦးထွန်းလွင်အပါအဝင် မြန်မာနိုင်ငံ ပုစွန်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးစိုးထွန်းနှင့် အဖွဲ့ချုပ်အကြံပေး ဦးလှဝင်းတို့က မေလဆန်းက တက်ရောက်ဆွေးနွေးခဲ့ကြသည်။


ထို့အပြင် ဖျာပုံခရိုင် အမာမြို့နယ်ခွဲ နောက်မြီးကျေးရွာတွင် စက်လှေများဆီဖြည့်ပြီး အရန်သင့်ထားကာ အလှည့်ကျတာဝန်ယူစေမည်ဖြစ်သည်။ အန္တရာယ်တစ်ခုခုကြုံလာပါက ပင်လယ်ပြင်သို့ ချက်ချင်းထွက်ကာ ကယ်တင်ခေါ် ဆောင်စေမည့်အစီအစဉ်ကိုလည်း လုပ်ဆောင်ပေးမည်ဖြစ်ကြောင်း ပြည်ထောင်စုဒုတိယဝန်ကြီးက ပြောကြားသည်။

စာ(၁၂)သို့






Life
7 DAY NEWS JOURNAL
Vol.10, No.9 • MAY 19, 2011



# တစ်မျိုးပြီးတစ်မျိုး မရိုးနိုင်တဲ့ ကစားနည်းတွေ

■ သန်းဌေး

**မြင်ကွင်း(၁)**

မေလယ်မိုးက သဲကြီးမဲကြီး ရွာသွန်းနေသည်။ သို့ရာတွင် ရန်ကုန်မြို့ ကျက်သရေဆောင် ရွှေတိဂုံစေတီတော်ကြီး အနီးအနားရှိ ရပ်ကွက်တွင်မူ လူတစ်စုမှာ မိုးရွာသည်ကို မမှုနိုင်။ သူတို့တွေမှာ အရွယ်စုံ၊ ကျားမစုံ၊ပုံစံစုံ ပါသည်။ လူစုထဲတွင် ခုံပေါ်၌ထိုင်နေသူ တစ်ဦး၏ နှုတ်မှ ထွက်ပေါ်လာသောအသံကို ကျန်လူများက တူညီစွာ အာရုံစိုက်နေကြသည်။

"လေး၊ ငါး၊ ဆယ့်တစ်"ဟူသောအသံထွက်လာသောအခါ ကျန်လူများက သူတို့လက်တွင်းရှိ စက္ကူကတ်ပြားလေးများကို အပေါက်ဖောက်ကာ အလုပ်ရှုပ်နေကြသည်။

သူတို့ကစားနေကြသော လောင်းကစားနည်းတစ်မျိုးမှာ ဘင်ဂိုဟုခေါ်သော ဂဏန်း အကွရာများတစ်တန်းတည်းညီအောင် လုပ်ရသောနည်းဖြစ်သည်။ အရင်ဦးဆုံးဂဏန်းအကွရာလေးလုံး တစ်တန်းတည်း ညီသွားသူက အနိုင်ရသည့် လောင်းကစားနည်း တစ်မျိုးဖြစ်သည်။

မိုးရေများ ကားလမ်းတစ်လျှောက် လျှံတက်လာသော်လည်း အင်္ကျီချွတ်နှင့်လူ၊ ပုဆိုးတိုတိုဝတ်ထားသော ဆံပင်ရှုပ်ပွနေသူ၊ ထဘီစွန်တောင်ဆွဲနေသူ အသက်အရွယ်ကျားမစုံသည် မတ်တတ်ရပ်မပျက်ပေ။ သို့သော် သူတို့အိပ်ကပ်များအတွင်းမှ အသပြာငွေများမှာမူ ထွက်ကျကုန်သည်။

**မြင်ကွင်း(၂)**

"လေး၊ ရှစ်၊ ငါး၊ ဆယ့်တစ်"

"နည်းနည်းလေး လွဲသွားတယ်ကွာ"

ဗဟန်းမြို့နယ်အတွင်းရှိ တက္ကစီဂိတ်တွင် ယာဉ်မောင်းများ ခရီးသည်စောင့်ဆိုင်းရင်း ဘင်ဂိုကစားနေကြသည်။ ခရီးသည်ပါးသောကြောင့် ယခင်ကဈေးဆိုင်ခုံဟောင်း ဖြစ်ဟန်တူသော အမိုးပါသည့်ခုံပေါ်တွင် ထိုင်သူကထိုင်၊ မြေကြီးပေါ် ရပ်သူက ရပ်နှင့် သူတို့လက်ထဲမှာတော့ စက္ကူကတ်ပြားများ ကိုယ်စီရှိနေသည်။

ဒိုင်လုပ်သူမှ နံပါတ်ပြား တစ်ခုနှိုက်ပြီးတိုင်း အော်ပြောကာ နံပါတ်ပြားများကို စီချထားသည်။ ထိုးသားများက ဒိုင်က အော်သည့် နံပါတ်ကို လက်ထဲမှစက္ကူကတ်ပြားကိုအပေါက်ဖောက်ကာခေါက်ထားရင်း ထပ်မံနားစွင့်နေသည်။

"အပျော်ဆိုပေမယ့် ရှုံးလာတဲ့အခါ ဟိုဟာပေါင်၊ဒီဟာရောင်း လုပ်ကြတော့တာပဲ"ဟု လူငယ်တစ်ဦးကပြောသည်။

**မြင်ကွင်း(၃)**

လက်ဖက်ရည်ဆိုင်တစ်ဆိုင်ထဲတွင် စားပွဲဝိုင်းအားလုံးနီးပါး လူရှိနေသည်။ ဆိုင်တစ်ဖက်ထောင့်ရှိ ရုပ်မြင်သံကြားမှ ပြသနေသော နိုင်ငံခြားကားကိုလည်း စိတ်မဝင်စားကြ။ ဆိုင်ထောင့်တစ်နေရာမှ အော်နေသောအသံကိုသာ စိတ်ဝင်တစား နားစွင့်နေကြသည်။

"ရာမ လေးပါလေး"

"ရေထဲက

ကောင်ကလေး ငါး"

"သံလမ်း ဆယ့်တစ်"

အင်္ဂလိပ်ဂဏန်းကို အများစိတ်ဝင်စားအောင် သင်္ကေတပေါ်အောင်အော်ပြောသံကအဆိုပါ လက်ဖက်ရည်ဆိုင်တစ်ဆိုင်လုံး လွှမ်းသွားသည်။ ဦးစွာအပေါက်တန်းသွားသူကလက်ထောင်ပြီး ဒိုင်လုပ်သူထံမှ ဘုံအဖြစ်ပုံထားသော ငွေကို သွားသိမ်းသည်။ သူနိုင်ပြီပေါ့။

"တစ်ပွဲကို သုံးလေးမိနစ်ပဲကြာတတ်တယ်။ အလွန်ဆုံး ဆယ်မိနစ်လောက်ပေါ့။ဒါကြောင့် လက်ထဲမှာ ငွေလေးငါးသောင်းပါရင်လည်း တစ်ပွဲကတ်တစ်ကတ် ငါးရာဆိုရင် ဆက်တိုက်ရှုံးတော့ နာရီပိုင်းအတွင်းမှာ ပါလာတဲ့ငွေကုန်တော့တာပဲ"ဟု ကိုယ်တွေ့ကြုံသူတစ်ဦးကပြောသည်။

စာ(၁၁)သို့

# ဘင်ဂိုဖြင့် လောင်းကစားမှုများ အရေးယူတော့မည်ဟုဆို

**ကျော်သီဟ**

**ရန်ကုန်၊ မေ - ၁၂**

ရန်ကုန်တိုင်းဒေသကြီးရှိ ရပ်ကွက်အချို့တွင် ယခုနောက်ပိုင်း ခေတ်စားလာသော လောင်းကစားတစ်မျိုးဖြစ်သည့် ဘင်ဂိုဂိမ်းကစားခြင်းများကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့က အရေးယူတော့မည်ဖြစ်ကြောင်းသတင်းရရှိသည်။

"ရပ်ကွက်ထဲမှာ ကလေး၊ လူကြီးမကျန် အဲဒီဘင်ဂိုကစားနည်းကို လောင်းကစားတစ်မျိုးလို အသုံးချလာတယ်။ အဲဒီကစားနည်းက ဆိုက်ကာပြားလေးတွေ အရောင်လေးပြားတန်းသွားရင် ပိုက်ဆံရတယ်။ အတော်ဆိုးတဲ့ လောင်းကစားတစ်ခုပဲ။ ရပ်ကွက်ထဲမှာ ပျံ့နှံ့နေတယ်"ဟု တောင်ဥက္ကလာပမြို့နယ်တွင် နေထိုင်သော ကိုကျော်မင်းကပြောသည်။

ဘင်ဂိုကစားခြင်းများ ငွေကြေးဖြင့်ပြုလုပ်ပါက ပထမအကြိမ် သတိပေးပြီး ဒုတိယအကြိမ်တွင်မူ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ညွှန်ကြားချက်ထုတ်ပြန်ထားပြီဖြစ်ကြောင်း ယင်းအစိုးရအဖွဲ့မှ သတင်းရရှိသည်။


ဘင်ဂိုကစားခြင်းမှာ ကလေးငယ်များ ကစားနည်းတစ်မျိုးဖြစ်ပြီး နောက်ပိုင်းတွင် ရပ်ကွက်အတွင်း ငွေကြေးဖြင့် လောင်းကစားဆန်ဆန် တွင်ကျယ်စွာ ကစားလာကြကြောင်း၊ တစ်လုံး၊ နှစ်လုံး၊ သုံးလုံးကဲ့သို့ ငွေကြေးကုန်ကျသော လောင်းကစားတစ်ခုအသွင်ဆောင်လာလျက်ရှိကြောင်း ကိုကျော်မင်းကပြောသည်။



# ဒီလိုလေး ချက်ကြရအောင်

ဝိုက်ဖီ

## ပုန်းရည်ကြီးထမင်းသုပ်



ဟင်းတွေပဲချက်ရတာ ငြီးငွေ့လာတာကြောင့် ဒီတစ်ပတ်တော့ ထမင်းလေးသုပ်စားဖို့စဉ်းစားထားပါတယ်။ ဒီတစ်ခါထမင်းသုပ်ကိုတော့ အရသာထူးထူးကဲကဲနဲ့ ထူးထူးဆန်းဆန်းလေးဖြစ်အောင် စီစဉ်ထားတာပါ။ ဒီတစ်ပတ် ဝိုက်ဖီ့လက်ရာထမင်းသုပ်လေးကတော့ ပုန်းရည်ကြီးထမင်းသုပ်ပဲဖြစ်ပါတယ်။

ပုန်းရည်ကြီးထမင်းသုပ် သုပ်ဖို့ကတော့ ပုန်းရည်ကြီးတစ်ထုပ်၊ ပဲပင်ပေါက် အနည်းငယ်၊ မုန်လာဥနီအနည်းငယ်၊ ငရုတ်သီးအလျော်မှုန့်အနည်းငယ်၊ အာလူးအနည်းငယ်နဲ့ကြက်သွန်နီတို့ပဲလိုအပ်ပါတယ်။ ပထမဆုံးတော့ ပုံးရည်ကြီးထမင်းသုပ်နဲ့ အလိုက်ဖက်ဆုံးဖြစ်မယ့် အာလူးကြော်ကို အရင်ကြော်ပါမယ်။ ကိုယ်ကြိုက်သလိုအဝိုင်းလေးတွေပဲဖြစ်ဖြစ်၊ အချောင်းလေးတွေပဲဖြစ်ဖြစ်လှီးပြီး ကျော်လို့ရပါတယ်။ ရဲပြီးရွှနေအောင် ကြော်ပြီးဆယ်ထားပါ။ အဲဒီဆီနဲ့ပဲ ကြက်သွန်နီပါးပါးလှီးထားတာကိုကြော်ပါမယ်။ ကြက်သွန်နီလေးတွေကိုလည်း ရဲပြီးရွှနေအောင် ကြော်ရပါမယ်။ ကြက်သွန်နီလေးတွေ ကျက်ပြီဆိုရင် ဆီစစ်ပြီး ဆယ်ထားရပါမယ်။ အဲဒီ အချိန်မှာပဲ ရေနွေးကြိုပြီး ပဲပင်ပေါက်ကို ရေနွေးဖျောထားပါ။

စာ(၁၁)သို့

# ဈေးဝယ်ထွက်မယ် — ဒီဇိုင်းစုံတဲ့ထီးတွေ ဝယ်နိုင်မယ့်နေရာ

**အိဖြူလွင်**


မိုးရာသီမှာ အပြင်ထွက်မယ်ဆိုရင် လူတိုင်း မရှိမဖြစ် လိုအပ်တာက မိုးဒဏ်ကို ကာကွယ်ပေးနိုင်တဲ့ ထီးတွေပါပဲ။

ထီးဆိုတာကလည်းပြောရင်တာ စကားလုံးတစ်လုံးတည်းနဲ့ ပြီးပေမယ့် သူ့မှာလည်း ပုံစံတွေ အမျိုးအစားတွေ အရွယ်အစားတွေကအများကြီးနဲ့ ရွေးချယ်ရခက်တာမို့ ထီးအမှတ်တံဆိပ် တစ်မျိုးနဲ့ မိတ်ဆက်ပေးချင်ပါတယ်။

ဒီထီးရဲ့ တံဆိပ်က Nakasa လို့အမည်ရပြီး ကလေးငယ် လေး၊ ငါးနှစ်အရွယ်လေးတွေအတွက် ကနေ အမျိုးသမီးကြီးငယ်တွေ အကြိုက်နဲ့ ထီးဆိုရင် ဆောင်လေ့မရှိတဲ့ အမျိုးသားတွေကိုပါ ဆွဲဆောင်နိုင်တဲ့ ဒီဇိုင်းစုံရှိတာကြောင့် ဈေးဝယ်ထွက်မယ့် ပရိသတ်ကြီးကို Nakasa နဲ့မိတ်ဆက်ပေးပါရစေ။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)



ကလေးတွေအတွက် ထီးတွေထဲမှာ ထီးလက်ကိုင်ကိုပဲ အရုပ်လေးတွေထည့်ထားတဲ့ထီးတွေ၊ ကလေးကြိုက် ကာတွန်းဇာတ်ကား BEN 10 အရုပ်တွေနဲ့ ထီးတွေ၊ တခြားကာတွန်းရုပ်နဲ့ ထီး လေးတွေနဲ့ ကလေးကြိုက် အရောင်စုံစုံ ထီးလေးတွေ ရှိနေပြီး မိန်းကလေးငယ်တွေ အကြိုက် ခေါက်ထီးတွေကလည်း ဒီဇိုင်းစုံရှိပါတယ်။

ခေါက်ထီးမကိုင်ချင်ဘဲလက်ကိုင်ရိုးရှည်တပ်ထီးကိုသာ ကိုင်ဆောင်ချင်သူတွေအတွက်လည်း မိန်းကလေးကြိုက် ပုံစံလှလှ အရောင်လွင်လွင်ထီးလေးတွေရှိ နေပြီး ဒီဇိုင်းအသစ်ထွက်တဲ့ အရောင်ကြည်လေးတွေနဲ့ စပ်ထားတဲ့ပုံစံလေးတွေလည်းရှိပါတယ်။ အမျိုးသားတွေအတွက်ဆိုလည်း အကွက်ဒီဇိုင်းပုံစံမျိုးစုံနဲ့ အရောင်ရင့်ရင့် ထီးတွေလည်း ရှိပါသေးတယ်။

ထီးတွေက ပုံစံတွေလှသလို ဈေးနှုန်းအနေနဲ့လည်း ကလေးဆောင်းထီးဆို အနည်းဆုံး ၁,၈၀၀ ကျပ်ဝန်းကျင်ကနေ စပြီး လူကြီးထီးတွေကလည်း ၃,၀၀၀ ဝန်းကျင်တွေပဲ ဈေးရှိတဲ့အတွက် ဈေးနှုန်းလည်းသက်သာတယ်လို့ ဆိုနိုင်ပါတယ်။

ဒီထီးတွေက မြန်မာနိုင်ငံအနှံ့အပြားကို လက်လီလက်ကားဖြန့်ဖြူးရောင်းချတာဖြစ်တဲ့ အတွက်ပင်ရင်းဆိုင်မှာဝယ်ရင်တော့ ဈေးနှုန်းက စိတ်အချရဆုံးဖြစ်မှာပါ။ Nakasa ထီးတွေကို ရနိုင်တဲ့ Nakasa ဆိုင်ရဲ့ လိပ်စာကတော့ ယုဇနပလာဇာအနီးအောင်သပြေလမ်းနဲ့ စံပယ်လမ်းထောင့်က အမှတ် ၀၀၅ မှာ ပါလို့ လမ်းညွှန်ပေးလိုက်ပါတယ်။

7 DAY NEWS JOURNAL
Vol.10, No.9 • MAY 19, 2011

# ဆရာကြီး ပါရဂူ ကွယ်လွန်ခြင်း တစ်လပြည့်ဆွမ်းကပ်နှင့် အမှတ်တရပွဲပြုလုပ်

စိုင်းသာအောင်

မန္တလေး၊ မေ – ၁၂

စာရေးဆရာကြီး ပါရဂူ (ဦးလှကြိုင်)ကွယ်လွန်ခြင်း တစ်လပြည့် ဆွမ်းကပ်နှင့် အမှတ်တရပွဲကို မေ ၉ ရက် နံနက်ပိုင်းက မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ထန်းရိပ်ညိုခြံ၊ သရက်ကုန်းရပ်ကွက်တွင် ကျင်းပပြုလုပ်ခဲ့ကြောင်း မန္တလေး စာပေလောကမှ သိရသည်။

အမရပူရမြို့တောင်လေးလုံး ကျောင်းတိုက်ဆရာတော် ဦးပညာ (စာရေးဆရာ ကိုပညာ-အမရပူရ) နှင့် မန္တလေးမြို့ရွှေဒါးပရိယတ္တိစာသင်တိုက်၊တိုက်အုပ်ဆရာတော်မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပညာသာမိတို့အား ဦးမျိုးခင်(ထန်းရိပ်ညို)နှင့် မန္တလေးစာပေမိသားစုများက နေ့ဆွမ်းဆက်ကပ်ခဲ့သည်။ ရွှေဒါးဆရာတော်က ဆရာကြီးပါရဂူအတွက် ရည်စူး၍ ရေစက်ချအနုမောဒနာတရားချီးမြှင့်ခဲ့ကြောင်းသိရသည်။









7 DAY NEWS JOURNAL
Vol.10, No.9 ▪ MAY 19, 2011

## စာ – ၉၊ ပုန်းရည်ကြီးထမင်းသုပ် မှ

မုန်လာဥနီကိုလည်း ပါးပါးလေးတွေဝိုင်းပြီးလေးစိပ်စိပ်ထားရပါမယ်။ ထမင်းသုပ်တော့မယ်ဆိုရင် ဇလုံထဲကို ကိုယ်လိုသလောက် ထမင်းထည့်ပြီး ပုန်းရည်ကြီးကိုလည်း အထုပ်တစ်ဝက်ကနေ တစ်ထုပ်အထိ ထည့်လို့ရပါတယ်။ ပြီးရင် ဆားနဲနဲနဲ့ ခုနကြက်သွန်ကြော်ထားတဲ့ဆီလေးထည့်ပြီး ပုန်းရည်ကြီးအရောင်ညီသွားအောင် နယ်ပေးရပါမယ်။ ထမင်းတွေ အမဲရောင်ညီသွားပြီဆိုရင်တော့ ခုနကရေနွေးဖျောထားတဲ့ပဲပင်ပေါက်နဲ့ လှီးထားတဲ့ မုန်လာဥနီလေးရယ် ငရုတ်သီးအလှော်မှုန့်လေးရယ် ထည့်ပြီး နောက်တစ်ကြိမ်ဖွဖွလေး နယ်ပါမယ်။ အရသာ အဆင်ပြေပြီဆိုရင်တော့ ခုနကြော်ထားတဲ့ ကြက်သွန်နီတွေကို အပေါ်လေးကဖြူးလိုက်ရုံပါပဲ။ နံနံပင်ကြိုက်တယ်ဆိုရင်တော့ နံနံပင်လေးတွေပါဖြူးလိုက်လို့ရပါတယ်။ ထမင်းသုပ်လို့ပြီးသွားတဲ့အခါ သူနဲ့အလိုက်ဖက်ဆုံးဖြစ်တဲ့ အာလူးကြော်လေးနဲ့ သခွားသီးစိမ်းတွေကိုတစ်ပါတည်းပြင်ဆင်လိုက်ပြီးရင်တော့ ခပ်စိမ့်စိမ့်ပုန်းရည်ကြီး အရသာနဲ့ အတူ အစပ်အရသာကိုပါတွဲပြီး ရစေတဲ့ ခံတွင်းမြိန်မယ့် ထမင်းသုပ်လေးကို သုံးဆောင်လို့ရပြီဖြစ်ပါတယ်။



ဓမ္မ

အသိတစ်လုံး အမြတ်ဆုံး တစ်လုံးသိ အကျိုးရှိ၏

## သဘာဝတရားမှာ ဘက်လိုက်တတ်တဲ့ သဘောမရှိဘူး ....

လူသားဟာ မိမိလိုအပ်သမျှအတွက် အသနားခံပြီး မျှော်လင့်စောင့်စားတောင်းခံရမည့် သတ္တဝါမဟုတ်ဘူး။ ဗုဒ္ဓဘာသာ သဘောက လူသားသည် သူ့ဘဝကိုသူ ဖန်တီးနိုင်စွမ်းရှိသူဟု နားလည်၍ ထိုအယူကို လက်ခံထားတယ်။ သူ့မှာအဝိဇ္ဇာ အမှောင်ဖုံးလွှမ်းခံနေရ၍သာ လူသားသည် သူ့ရဲ့ကိုယ်စွမ်းဉာဏ်စွမ်းရှိသလောက်ကို မသိဘဲ၊ မသုံးနိုင်ဘဲဖြစ်နေရတယ်။ မြတ်ဗုဒ္ဓက လူသား၏ ဖုံးကွယ်သိုဝှက်ထားသော စွမ်းအားကို ဖော်ထုတ်ပြသခဲ့ပြီဖြစ်ရကား လူသားအနေဖြင့် မိမိ၏ မွေးရာပါ ကိုယ်ရည် ကိုယ်သွေးကို ထူးချွန်ထက်မြက်လာအောင် ပြုစုပျိုးထောင်ယူကြရမှာဖြစ်ပါတယ်။

ဗုဒ္ဓဘာသာက လူသားရဲ့ ဘဝကြမ္မာကို ဆုံးဖြတ်ပြဋ္ဌာန်းနိုင်တဲ့၊ လူသားရဲ့ခေါင်းပေါ်မှာ ထိုင်ပြီး ခြယ်လှယ်နေတဲ့ ဘယ်တန်ခိုးရှင်ကိုမှ ရှိတယ်လို့ မယူဆဘူး။ လက်မခံဘူး။ ဆိုလိုတာက ကျွန်ုပ်တို့ဘဝ၊ ကျွန်ုပ်တို့ လူ့အဖွဲ့အစည်း၊ ကျွန်ုပ်တို့ရဲ့ ကမ္ဘာလောကကြီးကို စိတ်တိုင်းကျ လိုအပ်သလို ပြုပြင်ဖန်တီးနေတာဟာ သင်တို့ငါတို့ လူသားတွေပဲဖြစ်တယ်။ ဘယ်သူကမှ လောကအပြင်ဘက်ကနေပြီး ပြုပြင်ဖန်တီးနေတာ မဟုတ်ဘူးလို့ သဘောထားတယ်။ သဘာဝတရားမှာ ဘက်လိုက်တတ်တဲ့သဘောမရှိဘူးဆိုတာ သတိထားသင့်တယ်။ သဘာဝတရားကို ဆုတောင်းပြီး မြှောက်ပင့်ပြောဆိုလို့လည်း မရဘူး။ တောင်းပန်လို့လည်း သဘာဝတရားက အထူးမျက်နှာသာပေးမှာ မဟုတ်ဘူး။ ဒီလိုသဘောရှိတာကြောင့် ဗုဒ္ဓဘာသာမှာ ဝတ်ပြုဆုတောင်းတယ်ဆိုတာဟာ တရားအားထုတ်ခြင်းပဲဖြစ်တယ်။ တရားအားထုတ်ခြင်းဖြင့် မိမိကိုယ်ကိုယ် တိုးတက်အောင် ပြောင်းလဲသွားစေနိုင်တယ်။

ရည်ညွှန်း – ဗုဒ္ဓဘာသာဝင်တွေ ယုံကြည်ကြတာက ဆန်းလွင် (ရှင်အာဒိစ္စရံသီ) (၁၉၃၈ – ၂၀၀၂)



# ဈေးနှုန်းခုန်တက် အိပ်မက်ဝင်ငွေ

ရွှေဖြိုးမောင်

**မေလ** ၅ ရက် မနက်စောစောမှာစာတိုက်ကြီးကိုရောက်ပါသည်။ သတင်းနဲ့ဆောင်းပါးတွေ ရေးတာဝါသနာပါသူမို့ ရန်ကုန်နဲ့ မန္တလေးမှာရှိတဲ့ ဂျာနယ်တိုက်တွေဆီ စာမူစာအိတ်ငါးအိတ်လောက်ကို အပတ်စဉ် ပို့နေကျပါ။ ဒီနေ့တော့ စာအိတ်သုံးအိတ်ပို့မှာမို့ ငါးရာတန်တစ်ရွက်ထုတ်ပေးလိုက်ပါသည်။

"သုံးအိတ်တစ်ထောင့်ငါးရာကျပ် ကျပါတယ်"လို့ စာတိုက်ဝန်ထမ်းကောင်လေးကပြုံးပြီးပြောပါတယ်။ ကျွန်တော် တော်တော်လေးအံ့ဩမှင်တက်ဖြစ်ပြီး လန့်သွားပါတယ်။ ပုံမှန်စာအိတ်တစ်အိတ်ကို အရင်ကျပ်တစ်ရာမှ ကျပ်ငါးရာအထိ ခုန်တက်သွားတာ သိလိုက်ရတော့ ကျွန်တော့်ခေါင်းထဲမှာ Calculator တစ်လုံးလို အလုပ်ရှုပ်သွားပါတယ်။ ဝါသနာပိုးကို မစွန့်လွှတ်နိုင်တော့ အဲဒီနေ့က စာအိတ်သုံးအိတ်အတွက် ငွေကျပ်တစ်ထောင့်ငါးရာပေးလိုက်ရတာဟာ ရင်ဘတ်ထဲမှာ တစ်နေကုန် အောင့်သက်သက်နဲ့ ခံစားရပါတယ်။

တိုက်ပိုင် သတင်းထောက်လည်းမဟုတ်၊ ပင်တိုင်ဆောင်းပါးရှင်လည်း မဟုတ်တော့ ရေးသမျှကလည်း အရာမထင်ပါဘူး။ အရာထင်ပြီး ဂျာနယ်ထဲမှာ ဖော်ပြခံရတဲ့ စာမူအတွက် စာမူခကိုလည်း ပုံသေရလိမ့်မယ်လို့ တွက်မရပါဘူး။ နယ်က စာပေဝါသနာရှင်တွေရဲ့ သတင်းနဲ့ စာမူတွေကို သုံးပြီး စာမူခကို ပို့မပေးတဲ့ ဂျာနယ်တိုက်တွေကလည်း ရှိနေဆဲပါ။ အချို့ဂျာနယ်တိုက်ကလည်း မေ့လောက်တော့မှ ဘယ်လိုနှုန်းနဲ့ပေးမှန်းမသိ ပေါင်းပြီး ပို့ပေးတာတွေလည်း ရှိပါသည်။ ပို့သည့် စာမူခ ကျပ်တစ်ထောင်ပင် ဖြစ်စေ၊ ဂျာနယ်ထွက်ပြီး တစ်ပတ်အတွင်း၊ စာမူခနှင့်တကွ ဂျာနယ်လက်ဆောင်ပါ အရောက်ပို့ပေးတဲ့ ချီးကျူးလေးစားဖွယ် ဂျာနယ်တိုက်တွေလည်း ရှိပါတယ်။ ကျွန်တော်ပြောချင်တာက နယ်က သတင်းသမား၊ စာပေသမားတွေမှာလည်း စာမူအတွက် ကုန်ကျစရိတ်တွေရှိပါတယ်။ ခရီးထွက်ပြီး ကုန်ကြမ်းရှာရတဲ့ စရိတ်စက၊ စာစီ မိတ္တူဖိုး၊ ဓာတ်ပုံဖိုး၊ စာရွက်၊ စာအိတ်ဖိုး၊ ဖက်စ်၊ အင်တာနက်နဲ့ အမြန်ချောပို့ခတွေ စသည်ဖြင့် . . .။ ဒီကြားထဲ ဂျာနယ်လက်ဆောင်မပေးရင် ကိုယ့်အတွက် တစ်စောင်ဝယ်ထားရပါတယ်။ ကိုယ့်စာမူရဲ့ကုန်ကြမ်းရင်းမြစ်တွေကိုလက်ဆောင်ပေးဖို့လိုအပ်ရင် အပိုထပ်ပြီး ဝယ်ရပါသေးတယ်။

စာရေးတဲ့သူတိုင်း စီးပွားဖြစ်ဖို့ စာရေးကြတာ မဟုတ်ပေမယ့် အရင်းတော့ မရှုံးချင်ကြပါဘူး။ ရတဲ့စာမူခနဲ့ကုန်ကျစရိတ်ကို ဈေးတွက်တွက်ကြည့်မယ်ဆိုရင် ကိုယ့်ရဲ့ စာမူတွေ ပုံနှိပ်စာလုံးအဖြစ် မြင်တွေ့ရတာပဲ အမြတ်ကျန်ပါတယ်။ အခုတော့ စာမူတစ်ပုဒ်ပို့မယ်၊ သတင်းတစ်ခါပို့မယ်ဆိုရင် အမြန်ချောပို့ခချည်းသက်သက် စာတစ်အိတ်ကျပ်ငါးရာဆိုတော့ မမြတ်ရတဲ့အထဲ ရှုံးတော့မယ်ထင်ပါရဲ့။ ကိုယ်ရေးတဲ့စာမူတွေရဲ့ သုံးပုံနှစ်ပုံလောက်ပဲ အဖတ်တင်ပုံနှိပ်ဖော်ပြခံရတာမို့ စာမူတွေကို တောက်လျှောက် ရေးပို့ပါတယ်။ ဆောင်းပါးစာမူတစ်ပုဒ်ကိုစာတစ်အိတ်ခွဲပို့ပါတယ်။ ပို့တဲ့ဂျာနယ်တိုက်တူရင်တောင်မှ သတင်းနဲ့ဆောင်းပါးပို့မယ်ဆိုရင် စာအိတ်တစ်အိတ်ထဲမှာ ပေါင်းထည့်ပြီး ဘယ်တော့မှမပို့ပါဘူး။ အယ်ဒီတာအဖွဲ့ကို လေးစားတဲ့သဘောနဲ့ပါ။ အရင်တုန်းက စာတစ်အိတ်ပို့ခ ကျပ်တစ်ရာဆိုတော့စာမူအတွက် ကုန်ကျစရိတ်စာရင်းထဲတောင် ထည့်မတွက်ခဲ့ပါဘူး။

ပြောရမယ်ဆိုရင် ကျွန်တော်တို့ဆီမှာ ကုန်ဈေးနှုန်းတွေကအစ အခုလို ဝန်ဆောင်မှုနှုန်းထားတွေပါမကျန် တက်ပြီဆိုရင် နှစ်ဆသုံးဆမက ဝှန်းဒိုင်းဆို ဆောင့်တက်ပါတယ်။ နိုင်ငံရဲ့ ပြည်သူအများစုဖြစ်တဲ့ အခြေခံနဲ့ အလတ်တန်းလူတန်းစားများမှာ ခါးစည်းခံကြရပါတယ်။ လက်လုပ်၊ လက်စားကအစ တောင်သူလယ်သမားတွေ၊ ကာယဉာဏ လခစားဝန်ထမ်းတွေမှာ ရတဲ့ဝင်ငွေ တိုးမြှင့်ဖို့သာ နှောင့်နှေးကြန့်ကြာမြဲဖြစ်ပေမယ့် သူတို့အားလုံး မဖြစ်မနေ သုံးစွဲရတဲ့ နှုန်းထားတွေကတော့ အချိန်နဲ့အမျှမြင့်တက်ပြောင်းနေတယ်လို့ ပြောရင် ရမှာပါ။ ကုန်ဈေးနှုန်းတွေကလည်း တက်ပြီးပြီဆိုရင် ပြန်ကျတဲ့ထုံးစံ မရှိသလောက်ပါပဲ။

အခြေခံစားဝတ်နေရေးကိစ္စအတွက် မဖြစ်မနေ ဝယ်ယူရတဲ့ ပစ္စည်းအသုံးစရိတ်တွေ၊ လူ့အဖွဲ့အစည်းမှာ ရပ်တည်ဖို့အတွက် ဆက်သွယ်ရေး၊ ပို့ဆောင်ရေး၊ ကျန်းမာရေးစတဲ့ ဝန်ဆောင်မှုအသုံးစရိတ်တွေဟာ ကျွန်တော်တို့ ပြည်သူအများစုနဲ့ တိုက်ရိုက်ပတ်သက်နေပါတယ်။ အခုပဲကြည့်လေ။ မုံရွာကနေ ရန်ကုန်ကို အနည်းဆုံး လေးရက်ကြာမှ ရောက်တဲ့ အမြန်ချောစာပို့စနစ်ဟာ စာတစ်အိတ်ပို့ခ ကျပ်တစ်ရာတုန်းက မပြောသာပေမယ့် အခုကျပ်ငါးရာသတ်မှတ်လိုက်ပြီဆိုရင်တော့ အရင်တုန်းက ဝန်ဆောင်မှုစံနှုန်းအတိုင်းသာဆိုရင် မတန်တော့ပါဘူး။ မုံရွာမှာ ပုဂ္ဂလိကအမြန်ချောပို့လုပ်ငန်းတစ်ခုရှိပါတယ်။ ပို့ချင်ရင် ဖုန်းဆက်ခေါ်လိုက်ရုံပဲ။ အိမ်တိုင်ရာရောက်လာယူတယ်။ ရန်ကုန်-မန္တလေးနဲ့ နေပြည်တော်က လိပ်စာရှင်တွေဆီကို အိမ်တိုင်ရာရောက် ပို့ပေးတယ်။ ဒီနေ့ပို့ မနက်ဖြန်ရောက်တယ်။ ဝန်ဆောင်ခကစာတစ်အိတ်ကျပ်ငါးထောင်။ တတ်နိုင်ရင်တော့ အဲဒီလိုပို့ရတာ စိတ်ချမ်းသာတယ်။

ကျွန်တော်တို့ စာသမားတွေမှာ စာမူတွေကို တစ်ခါတစ်ရံ အချိန်စောစောရောက်နိုင်သမျှရောက်အောင် ကြိုးစားပို့ရပါတယ်။ ဖက်စ်က ခေါ်လို့မလွယ်၊ အင်တာနက်က အတက်နှေး၊ အချိန်ပေးနိုင်ဖို့လည်း ခဲယဉ်းမယ်ဆိုရင်လေးရက်ကြာတဲ့အမြန်ချောပို့စနစ်ကိုပဲ အဓိက အားကိုးနေရတာပါ။ ကုန်ကျစရိတ်လည်း အသက်သာဆုံးဖြစ်နေတာလည်း ပါပါတယ်။

သူများတွေဆီမှာလို လက်ပ်တော့လေးတစ်လုံးဝယ်ပြီး ကြိုက်တဲ့နေရာမှာထိုင် 'ဖတ်ဖတ်ဖတ်' ဆို ပို့ချင်တဲ့နေရာကိုပို့၊ ရောက်လိုတဲ့နေရာကို ရောက်တဲ့စနစ်ကလည်း မရှိသေးဘူးလေ။ ဒီတော့ ပြည်တွင်းဖြစ် အမြန်ချောပို့စနစ်ကိုပဲ လက်တွဲနေရပါတယ်။ အခု စာတစ်အိတ်ပို့တိုင်း၊ ကျပ်ငါးရာဆိုတော့ပြန်ရလာမယ့် စာမူခနဲ့ ချိန်ဆနေရပါပြီ။ ကျွန်တော်ဆိုရင် အမြန်ချောပို့ကိုသုံးပြီး တစ်လကို ပျမ်းမျှစာအစောင်ရေ သုံးဆယ်နီးပါးပို့ဖြစ်ပါတယ်။ **စာ(၁၀)သို့**

## စာ – ၉၊ တစ်မျိုးပြီးတစ်မျိုး မရိုးနိုင်တဲ့ ကစားနည်းတွေ မှ

အဆိုပါလောင်းကစားနည်းများသည် နိုင်ငံတကာတွင်မူပျော်ပွဲစားထွက်သောအခါ အပျော်တမ်းကစားလေ့ရှိသည်။ ပါဆယ်ဂိမ်းကဲ့သို့ နောက်ဆုံးတွင် ရှုံးသူက ကပြခြင်း၊ သီချင်းဆိုခြင်းတို့လုပ်ရကာ ရယ်မောပျော်ရွှင်ရလေ့ရှိကြောင်း နိုင်ငံတကာအတွေ့အကြုံရှိသူ အမျိုးသားကြီးတစ်ဦးကပြောသည်။

ယခုကဲ့သို့သော ငွေကြေးဖြင့် အရှုံးအနိုင်လောင်းကစားမှုကြောင့်မိမိတို့အချိန်များကို အလဟဿကုန်ဆုံးသကဲ့သို့ ဖြစ်ရပြီး ပြည်ပဘောလုံးပွဲ၊ နှစ်လုံး၊ သုံးလုံးချဲ၊ ခုနှစ်လုံးထီကစားသကဲ့သို့ပင် ရှုံးသူမှိုင်ပြီး နိုင်သူစားကာ ကစားပွဲကြာလာပါက ပြန်ကုန်လေ့ရှိကြောင်း ၎င်းကပြောသည်။

"အချိန်ကြာလေ ထိုးသားရှုံးလေ၊ အကောက်ထဲပါလေ၊ ဒိုင်စားလေပါပဲ"ဟု ကိုယ်တိုင်ကစားဖူးသူလူငယ်တစ်ဦးကပြောသည်။

ယခုကဲ့သို့ လောင်းကစားသမားစိတ်ရှိပြီး ငွေကြေးအခက်အခဲကိုပြေလည်နိုးဖြင့် မျှော်လင့်နေကြသည်။ အထက်ပါနည်းလမ်းများဖြင့် ထွက်ပေါက်ရှာသူများမှာ ရန်ကုန်မြို့တွင်သာမက နာဂစ်ဒဏ်သင့်ခဲ့သော ဧရာဝတီတိုင်းဒေသကြီးအတွင်းနှင့် နိုင်ငံအနှံ့အပြားတွင် များပြားစွာရှိနေကြသည်။ တချို့က ဘင်ဂိုကြောင့် အိမ်ပြုတ်သွားသူများပင်ရှိသည်။ အချို့ရပ်ကွက် နာရေးအိမ်များတွင် ဖဲဝိုင်းနေရာတွင် ဘင်ဂိုကအစားဝင်နိုင်အောင် လွှမ်းမိုးလာသည်။

လောင်းကစားနည်း တစ်နည်းရိုးရင် နောက်တစ်နည်းပြီး တစ်နည်းရိုးရင် နောက်တစ်နည်းဖြင့် တစ်မျိုးပြီးတစ်မျိုး မရိုးနိုင်သော လောင်းကစားနည်းများမှာ ဆက်လက်ပေါ်ပေါက်နေဦးပေမည်။

"ရာမ၊ သံလမ်း"စသည်ဖြင့် အော်နေသော အသံများကမူ ဆိုက်ကားဂိတ်၊ တက္ကစီဂိတ်၊ လက်ဖက်ရည်ဆိုင်အချို့တွင် ဆက်လက်ပေါ်ထွက်နေကြခြင်းမှာမည်သူတို့တွင် တာဝန်ရှိမှန်းသိရခက်နေပါတော့သည်။

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.10, No.9 • MAY 19, 2011

## မျက်နှာဖုံး-နိုင်ငံတော်သမ္မတက အကျဉ်းကျခံနေရသူများအား ပြစ်ဒဏ်လျှော့ပေါ့ မှ

သေဒဏ်ချမှတ်ခံရသူများများအား ထောင်ဒဏ်တစ်သက်သို့လည်းကောင်း၊ ထောင်ဒဏ်ကျခံနေရသူများသည် ယင်းတို့အပေါ် သတ်မှတ်ထားသော ထောင်ဒဏ်ကို သာမန်ရရှိပြီးသော လျှော့ပေါ့ရက်များအပြင် တစ်နှစ်ထပ်မံလျှော့ပေါ့ရရှိစေရန်ဟုလည်းကောင်း ထုတ်ပြန်ကြေညာလိုက်သည်။ ထို့ကြောင့် ထောင်ဒဏ်တစ်နှစ်နှင့်အောက်သာ ပြစ်ဒဏ်ကျခံရန် ကျန်ရှိသူများမှာ လွတ်ငြိမ်းချမ်းသာခွင့်ရမည်ဖြစ်သည်။

ထိုသို့ အကျဉ်းသားများ ပြစ်ဒဏ်လျှော့ပေါ့ပေးခြင်းနှင့်ဆက်စပ်၍ ထုတ်ပြန်ချက်တွင် "ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံသစ်အဖြစ်သို့ ပြည်သူလူထုတစ်ရပ်လုံး၏ တစ်ခဲနက် ထောက်ခံခဲ့သည့်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပေါ်ထွန်းလာခဲ့ပြီဖြစ်သည်။ ဤသို့ နိုင်ငံတော်သစ်တည်ဆောက်ရာတွင် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေ စိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရသည် တည်ဆဲဥပဒေများကို ကျူးလွန်ဖောက်ဖျက်သူများအား တရားဥပဒေနှင့်အညီ ပြစ်ဒဏ်များချမှတ်ခဲ့ရပါသည်။ သို့ရာတွင် ပြစ်ဒဏ်ကျအကျဉ်းသားများအား နိုင်ငံတော်သစ်တည်ဆောက်ရာတွင် တစ်ဖက်တစ်လမ်းမှ အကျိုးပြုစေမည့် နိုင်ငံသားများအဖြစ်သို့ ပြောင်းလဲပေးရန်လည်း စီမံဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်၍ အကျဉ်းသားများအား လူသားချင်းစာနာထောက်ထားသောအားဖြင့်လည်းကောင်း၊ ယင်းတို့၏မိသားစုများအား ငဲ့ညှာသောအားဖြင့် လည်းကောင်း"ဟုဖော်ပြထားသည်။

## မျက်နှာဖုံး-ရခိုင်ကမ်းရိုးတန်း ဆိပ်ကမ်းများမှ စက်သုံးဆီ တရားဝင်တင်သွင်းခွင့်ပြု မှ

တရားဝင် အခွန်အခများကို ပေးသွင်းပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ခွင့်ပြုပေးလျက်ရှိကြောင်းလည်းသိရသည်။

တရားမဝင်တင်သွင်းမှုများရှိသော ဆေးနှင့်ဆေးဝါးပစ္စည်းများကိုလည်း နယ်စပ်ကုန်သွယ်ရေးဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ တရားဝင်တင်သွင်းနိုင်ကြောင်းသိရသည်။

## စာ-၇၊ ရေလုပ်သားများ ပင်လယ်ပြင်လုံခြုံရေးအတွက် ကြိုတင်သတိပေးစနစ် ထူထောင်မည် မှ

ယခုနှစ်မတ်လလယ်ကမြန်မာ့ပင်လယ်ပြင်တွင် ရုတ်တရက်မုန်တိုင်းတိုက်ခတ်ခဲ့သောကြောင့်တစ်သောင်းကျော် ပင်လယ်တွင်း မျောပါသွားခဲ့ပြီး ရေလုပ်သား ၁၃၀ကျော် အိန္ဒိယနိုင်ငံ အက်ဒမန်ကျွန်းသို့ လွင့်ပါခဲ့ရသည်။ အဆိုပါရေလုပ်သားများမှာ အိန္ဒိယနိုင်ငံဥပဒေအရ ဖမ်းဆီးခံခဲ့ရသည်။ ထို့အတူ ၂၀၀၀ ပြည့်နှစ်လောက်ကတည်းက ရေလုပ်သားသုံးဦးမှာ အလားတူဖြစ်ရပ်မျိုး ကြုံခဲ့ရပြီး အိန္ဒိယဖမ်းဆီးခံခဲ့ရကာ ယခုအခါ ၁၁ နှစ်ကျော်လွန်လာခဲ့ပြီဖြစ်၍ ၎င်းတို့အားလုံး ပြန်ရောက်လာရေးကိုလည်း ဆွေးနွေးခဲ့ကြရသည်။

"နောင်အခါ ကျွန်တော်တို့ နိုင်ငံက ရေလုပ်သားကတ်ပြားပါရင် ဘယ်နိုင်ငံကမဆို လက်ခံဖို့နဲ့ ပြန်ပို့ပေးဖို့ တိုင်ပင်သွားပါမယ်" ဟု ဦးခင်မောင်အေးကပြောသည်။

## စာ-၄၊ ပြည်ပသို့ သစ်တင်ပို့ရာတွင် သက်သေခံလက်မှတ်လို မှ

"ဒီသစ်ဟာ မြန်မာနိုင်ငံက ထွက်တဲ့သစ်တောထွက်ပစ္စည်းဖြစ်ပေမယ့် certificate အနေနဲ့ ပြဖို့လိုလာပြီ။ ခုလိုလုပ်တာဟာ တစ်နည်းအားဖြင့် တရားမဝင်လုပ်တဲ့သူတွေကို ဟန့်တားလို့ရတယ်" ဟု ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ အထွေထွေအတွင်းရေးမှူး ဒေါက်တာမျိုးသက်ကလည်း သူ၏အမြင်ကိုပြောသည်။

## မျက်နှာဖုံး – သစ်ကုန်ကြမ်းပေး ကုန်ချောယူစနစ် ရပ်ဆိုင်း မှ



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ယင်းကုန်ကြမ်းပေး ကုန်ချောယူစနစ်ကို ၂၀၀၄ ခုနှစ် ဇန်နဝါရီလမှစတင်ခဲ့ပြီး ယင်းကာလအရှေ့ပိုင်းက စက်ရုံခြောက်ခုနှင့် စတင်စမ်းသပ်ခဲ့သည်။ ယင်းစနစ်ကို စတင်ချိန်တွင် မြန်မာနိုင်ငံ၌ စက်ရုံ ၁၀၀ ကျော်ထိလုပ်ကိုင်ခဲ့ပြီး၊ ရပ်ဆိုင်းချိန်တွင် ရန်ကုန်၌ စက်ရုံ ၅၀၊ မန္တလေး၌ စက်ရုံ ၁၀ ရုံ၊ ပဲခူး၌ စက်ရုံ ၁၀ ရုံ ရှိခဲ့ကြောင်း သိရသည်။

ကုန်ကြမ်းပေး ကုန်ချောယူစနစ်ဆိုသည်မှာ သစ်လုံးကုန်ကြမ်းများအား ပုဂ္ဂလိကသစ်အချောထည်စက်ရုံသို့ အကြွေးစနစ်ဖြင့် ရောင်းပေးပြီး ထွက်လာသည့် ကုန်ချော(ခွဲသား)များကို မြန်မာ့သစ်လုပ်ငန်းကအမည်ခံ၍ ပြည်ပကိုတင်ပို့ခြင်းဖြစ်သည်။

"မြန်မာ့သစ်လုပ်ငန်းက အကြွေးကို သုံးလသတ်မှတ်ပေးပေမယ့် စက်ရုံတွေက သုံး၊လေးနှစ်ထိ မဆပ်နိုင်လို့ ရပ်ပစ်လိုက်တာပါ"ဟု အထက်ပါပုဂ္ဂိုလ်က ရှင်းပြသည်။

ယင်းကုန်ကြမ်းဖိုးအကြွေးငွေသည် သုံးလကျော်လွန်ပါက ဘဏ္ဍာနှစ်တစ်နှစ်လျှင် ကန်ဒေါ်လာ တစ်သောင်းဒဏ်ကြေးအဖြစ် ကုမ္ပဏီများကမြန်မာ့သစ်လုပ်ငန်းသို့ ပေးအပ်ရကြောင်း သိရသည်။

ပုဂ္ဂလိက သစ်အချောထည်စက်ရုံများ အကြွေးမဆပ်နိုင်ခြင်းသည် ၂၀၀၇ ခုနှစ်တွင် စတင်ခဲ့သည့် မြန်မာနိုင်ငံအား စီးပွားရေးအရပိတ်ဆို့မှုများကြောင့် သစ်ကုန်ချောများအား မတင်ပို့နိုင်ခြင်း၊ ၂၀၀၈ နှစ်ကုန်ပိုင်းက ဖြစ်ခဲ့သော ကမ္ဘာ့စီးပွားရေး အကျပ်အတည်းကြောင့် တန်ဖိုးကြီးသည့် ကျွန်းကဲ့သို့ ပရိဘောဂပစ္စည်းများကို အသုံးမပြုနိုင်ခြင်းတို့ကြောင့် ဖြစ်ကြောင်းသိရသည်။

"ကျွန်တော်တို့ကုမ္ပဏီဆို လွန်ခဲ့တဲ့သုံး၊လေးနှစ်က ကွန်တိန်နာအလုံးနှစ်ဆယ်လောက်ရောင်းရတယ်။ အခုဆိုရင် တစ်လုံး၊ နှစ်လုံးပဲရောင်းရတယ်"ဟု သစ်အချောထည်စက်ရုံပိုင်ရှင်တစ်ဦးက ဆိုသည်။

ထို့အပြင် ကုန်ကြမ်းပေး ကုန်ချောယူစနစ်သည် ပုဂ္ဂလိကကုမ္ပဏီများကကျွန်းကုန်ကြမ်းရရန် စပေါ်ငွေ ကန်ဒေါ်လာ ၁၅,၀၀၀ တင်ထားရသည်။ ပြည်ပကဝယ်သူ ကုန်ချောတန်ရေကို အချိန်မီရရန် ပြင်ပမှ သစ်ကိုဝယ်ယူတင်ပို့ရသည်။ ယင်းကြောင့် ကုမ္ပဏီများသည် ငွေကြေးအရင်းအနှီးများပြီး လုပ်ငန်းလည်ပတ်မှုကျဆင်းလာသည့်အခါ အကြွေးများ အချိန်မီ မဆပ်နိုင်ခြင်းဖြစ်ရကြောင်း ပြည်တွင်း သစ်အချောထည်စက်ရုံတွင် လုပ်ကိုင်ခဲ့သော အငြိမ်းစား မန်နေဂျာတစ်ဦးက ပြောသည်။

"ရှုံးတော့ အကြွေးမကျေ၊ အကြွေးမကျေတော့ ကုန်ကြမ်းမရနဲ့ သံသရာလည်ပြီး နောက်ဆုံး ဒီစနစ်ကိုရပ်လိုက်ရတာ"ဟု အဆိုပါမန်နေဂျာကပြောသည်။

ယင်းကဲ့သို့ ရပ်ဆိုင်းလိုက်ခြင်းကြောင့် အဆိုပါစနစ်ကို အဓိကလုပ်ကိုင်သည့်စက်ရုံ၊ အလုပ်ရုံများမှ အလုပ်သမားများသည် အလုပ်အကိုင်အခွင့်အလမ်းများ ဆုံးရှုံးခဲ့ရသည်။

ကြမ်း၊ချောစနစ်လုပ်စဉ်က စက်ရုံ တစ်ရုံသည် တစ်နှစ်လျှင် ကွန်တိန်နာ ခုနစ်လုံးမှ အလုံး၁၀၀ ထိ တင်ပို့ခဲ့ရကြောင်း ကွန်တိန်နာ တစ်လုံးလျှင် ၁၂တန်မှ ၁၅တန်ကြား သစ်များပါဝင်ကြောင်း သိရသည်။

ယခုကဲ့သို့ ကုန်ကြမ်းပေး ကုန်ချောယူစနစ် ရပ်ဆိုင်းခဲ့သော်လည်း ပုဂ္ဂလိကသစ်အချောထည်စက်ရုံများသည် မြန်မာ့သစ်လုပ်ငန်းမှ ကျင်းပသည့် လစဉ် တင်ဒါစနစ်ကိုဝင်ဆွဲနိုင်ခြင်း၊ စက်မှုကုန်ကြမ်းအနေဖြင့် လျှောက်ထားပြီး သတ်မှတ်ဈေးနှုန်းဖြင့် ဝယ်ယူနိုင်ခြင်း၊ ပုဂ္ဂလိကစက်ရုံများသို့ တိုက်ရိုက်ရောင်းသည့်နည်းဖြင့် ဝယ်ယူနိုင်ခြင်းစသဖြင့်နည်းလမ်းလေး၊ငါးမျိုးဖြင့် ဝယ်ယူနိုင်ကြောင်း သိရသည်။

## မျက်နှာဖုံး-လာဘ်ပေးလာဘ်ယူပြုလုပ်သော အစိုးရဝန်ထမ်းများကို စတင်သတိပေး မှ

အဆိုပါအစိုးရ၏ ပထမဆုံးသတင်းစာရှင်းလင်းပွဲတွင် 7Day News ဂျာနယ်က ရန်ကုန်တိုင်းဒေသကြီးရှိအစိုးရရုံးများတွင်ဖြစ်ပေါ်နေသော လာဘ်ပေးလာဘ်ယူကိစ္စများကို မည်သို့ဆောင်ရွက်ရန်ရှိပါသလဲ ဟူသောမေးခွန်းကို အထက်ပါအတိုင်း ဖြေကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါအစိုးရလက်ထက်တွင် လာဘ်ပေးလာဘ်ယူပြုလုပ်သူများအား စတင်သတိပေးသည်ကို ဝန်ကြီးက ငွေအကြွေကိစ္စကို နမူနာပေး၍ပြောသွားသည်။ ငွေအကြွေရှားပါးခြင်းနှင့်ဆက်စပ်၍ ဈေးကွက်တစ်ခုဖြစ်လာပြီး သက်ဆိုင်ရာက ငွေစက္ကူအဟောင်းနှင့်အသစ်များ လဲလှယ်ပေးခြင်း၊ ဘုရားများတွင် ရရှိသောအကြွေများကို လဲလှယ်ပေးခြင်းများ ပြုလုပ်သော်လည်း မတော်လောဘသမားများက အကြွေများအားလုံးကိုဝယ်ယူ၍ အမြတ်တင်ရောင်းစားနေသူအချို့ကို အရေးယူခဲ့ကြောင်းရှင်းပြသည်။ ထို့အပြင် ဘဏ်များ၌ ငွေစက္ကူအဟောင်းနှင့် အသစ်လဲလှယ်ပေးရာတွင် မသမာမှုပြုလုပ်ခဲ့သူများကို သတိပေးခဲ့ကြောင်းလည်း ဆက်လက်ရှင်းပြသည်။

"အဲဒီလိုငွေအကြွေအဟောင်းတွေနဲ့ လဲလှယ်တဲ့အထဲမှာပဲ ဆက်စပ်ပတ်သက်နေပါတယ်။ ဆက်စပ်ပတ်သက်နေတဲ့အတွက် လာဘ်ပေးလာဘ်ယူ ရှိတဲ့လူအားလုံးကို Warning ပေးလို့မရရင် နောက်တစ်ယောက်လဲမယ်။ အဲဒါဆိုရင် လာဘ်ပေးလာဘ်ယူ တဖြည်းဖြည်းလျော့သွားမှာပေါ့။ Clean Government (သန့်ရှင်းသောအစိုးရ)၊ Good Governance (ကောင်းမွန်သောအုပ်ချုပ်မှု)။ ဒါကိုတကယ် ထိထိမိမိအကောင်အထည်ဖော်မှာပါ"ဟု ဦးညာဏ်ထွန်းဦးက အကျယ်တဝင့်ရှင်းပြသည်။

"စနစ်တကျစီမံအုပ်ချုပ်မှသာလျှင် လာဘ်ပေးလာဘ်ယူကင်းမယ်။ လာဘ်ပေးလာဘ်ယူဘာလို့ဖြစ်လဲ။ နံပါတ်တစ်အချက်က လောဘကြီးလို့ဖြစ်တယ်။ နံပါတ်နှစ်အချက်က အကြောင်းကြောင်းကြောင့် သူ့မှာ သက်သာချောင်ချိမှုမရှိလို့ အခက်အခဲရှိလို့ဖြစ်တယ်။ ဒါတွေကို ကျွန်တော်တို့က လေ့လာပြီးတော့ သက်သာချောင်ချိမှုမရှိတဲ့သူတွေကို သက်သာချောင်ချိမှုရှိအောင် သက်ဆိုင်ရာက တာဝန်ရှိပုဂ္ဂိုလ်တွေက အစီအမံဘယ်လိုလုပ်မလဲ။ လောဘတကြီး မတရားလုပ်နေတဲ့သူတွေတော့ အရေးယူမှာပဲ။ နည်းနည်းစောင့်ကြည့်ပါဦး။ အခု ခင်ဗျားတို့မသိသေးတောင် တစ်နေ့နေ့ တစ်ချိန်ချိန်မှာ သိလာပါလိမ့်မယ်"ဟု အထက်ပါပုဂ္ဂိုလ်က ဆက်လက်ပြောသည်။ ထို့ကြောင့် လာဘ်ပေးလာဘ်ယူကိစ္စများ လျော့ပါးရန် ကြိုးပမ်းသွားမည်ဟု ၎င်းက အထက်ပါအတိုင်း ကတိပြုပြောကြားသည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်ကလည်း ၎င်း၏ ပထမဆုံး ပြောကြားသည့်မိန့်ခွန်းတွင် လာဘ်ပေးလာဘ်ယူမှုများမှာ တစ်ဦးချင်း ထိခိုက်စေသည်သာမက နိုင်ငံနှင့်လူမျိုးသိက္ခာကိုပါ ထိခိုက်စေသည့်အတွက် ပြည်သူများ၏အကူအညီကိုရယူပြီး ထိရောက်စွာတားဆီးသွားမည်ဟု ထည့်သွင်းပြောကြားခဲ့သည်။

ထို့အပြင် ရန်ကုန်တိုင်းဒေသကြီးတွင် နေထိုင်သောပြည်သူများအနေဖြင့် အုပ်ချုပ်သူများက နိုင်ထက်စီးနင်း ပြုလုပ်ခြင်း၊ မတရားပြုလုပ်ခြင်း၊ အစိုးရဝန်ထမ်းများက နိုင်ထက်စီးနင်းပြုလုပ်ပါက တိုင်ကြားရန် ဌာနများကိုလည်း တရားဝင်ပြောကြားထုတ်ပြန်ခဲ့သည်။ အုပ်ချုပ်ရေးပိုင်းမှ အတိုင်းထက်အလွန် ပြုကျင့်ခြင်းများပြုလုပ်ပါက ရန်ကုန်တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူးလည်းဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အတွင်းရေးမှူးဦးခင်မောင်ထွန်းထံသို့ လိပ်မူတိုင်ကြားရမည်ဖြစ်သည်။ ပြည်သူများကတိုင်ကြားသည်များကိုအစိုးရအဖွဲ့ကစိစစ်ပြီးပြည်သူများနစ်နာမှုမရှိရန်စောင့်ရှောက်ပေးသွားမည်ဟု၎င်းကပြောသည်။

အစိုးရဝန်ထမ်းများနှင့်ပတ်သက်၍တိုင်ကြားလိုပါက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ပြောရေးဆိုခွင့်ရှိသူဖြစ်သော ဦးညာဏ်ထွန်းဦးထံသို့တိုင်ကြားနိုင်ကြောင်း ၎င်းကပြောကြား သည်။

ဦးညာဏ်ထွန်းဦးနှင့် ဦးခင်မောင်ထွန်းတို့၏ရုံးလိပ်စာမှာ ဒဂုံမြို့နယ်၊ ပြည်လမ်းနှင့် အလုံလမ်းထောင့်၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးဖြစ်သည်။

-ပြင်ဆင်ဖတ်ရှုပါရန်

7Day News ဂျာနယ် အတွဲ(၁၀) အမှတ်(၈)'မုံရွာစီးပွားရေးတက္ကသိုလ်တွင် ဘာသာရပ်သုံးမျိုး ပါရဂူဘွဲ့သင်တန်း ဖွင့်လှစ်မည်'သတင်းတွင် ကဝင်ခွင့်လျှောက်လွှာများကို မေလ၉ရက်မှ ၁၉ရက်အစား **'မေလ၁၃(သောကြာနေ့)နောက်ဆုံးထားရောင်းချသွားမည်'**ဟုလည်းကောင်း၊ သက်ဆိုင်ရာ ဘာသာရပ်ကို မေလ ၂၃ရက်နှင့်အင်္ဂလိပ်စာစာမေးပွဲကို မေ ၂၄ရက်တွင် ဖြေဆိုရမည်အစား **'သက်ဆိုင်ရာဘာသာရပ်ကို မေ ၁၄ ရက်နှင့် အင်္ဂလိပ်စာကို မေ၁၅ရက်၌ ဖြေဆိုရမည်'**ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်နှင့် 'ရန်ကုန်တွင် လူမှုကူညီမှုကော်မတီတစ်ရပ် ဖွဲ့စည်းပြီးနာရေးကိစ္စများအဓိကထားကူမည်ဟုဆို'သတင်းတွင် ဖော်ပြခဲ့သော သတင်းနှင့်ပုံမှာ မည်သို့မျှ သက်ဆိုင်မှုမရှိပါကြောင်း သိစေအပ်ပါသည်။ ယခုတစ်ပတ်ထုတ်ဂျာနယ်မှ ပဲခူးမြို့တွင် ထားရှိမည့်ကြေးပိသာချိန် ၁၁၁၁၁ရှိ ခေါင်းလောင်းတော်ကြီးအစား **'ပဲခူးမြို့တွင် ထားရှိမည့် ကြေးပိသာချိန် ၁၅၀၀၀ရှိ ခေါင်းလောင်းတော်ကြီး'**ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။ အယ်ဒီတာ

# Health

7 DAY NEWS JOURNAL


Vol.10, No.9 • MAY 19, 2011

## ကိုယ်ဝန်ဆောင်စဉ် သန္ဓေသား လှုပ်ရှားမှုနှင့် ပုံစံကိုကြည့်နိုင်ပြီ

**ဝတ်ရည်**

**ရန်ကုန်၊ မေ - ၁၃**

ကိုယ်ဝန်ဆောင်နေစဉ်အတွင်း သန္ဓေသား၏ ပုံသဏ္ဌာန်နှင့် လှုပ်ရှားမှုများအား ဖိုးဒီ 4D fetal Ultrasound ဖြင့် ဖမ်းယူကြည့်ရှုခြင်းကို ပြည်တွင်း၌ ကြည့်ရှုနိုင်ပြီဖြစ်ကြောင်း သတင်းရရှိသည်။



ကလေး၏ ပုံသဏ္ဌာန်နှင့် လှုပ်ရှားမှုများတွေ့မြင်ရသဖြင့် မွေးဖွားလာမည့် ကလေးများတွင် မွေးရာပါချို့ယွင်းချက်များ ပါမပါကို စောစီးစွာသိရှိနိုင်ခြင်း၊ ဝမ်းဗိုက်အတွင်းရှိ ကလေးငယ်၏ အန္တရာယ်ရှိစေသည့်အခြေအနေများအား စောစီးစွာ သိရှိနိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိနိုင်ကြောင်း ဓာတ်မှန်ဆရာဝန်ကြီး ပါမောက္ခဒေါ်ခင်မြဝင်းကပြောသည်။

“4D နဲ့က ကလေးရဲ့ပုံရိပ်တင်မကဘူး။ ကလေးရဲ့ လှုပ်ရှားမှုတွေကိုပါ မြင်ရတယ်။ ကလေးပုံစံကို ရှင်းရှင်းလင်းလင်း မြင်ရတော့ အဝေးရောက်နေတဲ့သူတွေကို လှမ်းပို့ချင်တဲ့သူတွေ၊ ကလေးပုံစံကို စောစောမြင်ချင်တဲ့သူတွေ စိတ်ဝင်စားပြီး လာကြတာများတယ်။ အရင်တုန်းကတော့ အဲလိုမျိုးကြည့်ချင်ရင် ဘန်ကောက်လောက်သွားပြီးမှကြည့်နိုင်တယ်” ဟု နေဇာအထူးကုဆေးခန်းမှ သိရသည်။

2D ဖြင့် ကြည့်ရှုရသည့် ပုံရိပ်သည် အဖြူ၊ အမည်းပုံစံဖြစ်ပြီး ကလေးအနေအထားအား ပညာရှင်များသာ သိမြင်နိုင်ကာ 3D နည်းပညာဖြင့် ကြည့်ရှုသည့်အခါ ကလေးပုံသဏ္ဌာန်အား ကွဲပြားစွာမြင်တွေ့ရပြီး 4D နည်းပညာဖြင့် ကလေးလှုပ်ရှားမှုများပါ မြင်တွေ့ရနိုင်ကြောင်း သိရသည်။

ထိုနည်းပညာများဖြင့် ဝမ်းဗိုက်အတွင်းမှ ကလေးများအား ကြည့်ရှုခြင်းခေတ်စားနေသည်မှာ နှစ်အနည်းငယ်ခန့်သာရှိသေးပြီး 4D နည်းပညာဖြင့်ကြည့်ရှုနိုင်ခြင်းမှာ ယခုမှ စတင်ကြောင်းသိရသည်။

ကလေးငယ် ၂၆ ပတ်မှ ၃၂ ပတ်အတွင်းကြည့်ရှုလျှင်ကလေးပုံသဏ္ဌာန်အပြည့်အဝမြင်ရနိုင်ပြီး ကိုယ်ဝန်လနုပါက ကလေးငယ်၏ ပုံစံအား ရှင်းလင်းစွာ မမြင်ရသေးကြောင်းသိရသည်။

ထိုနည်းဖြင့် သန္ဓေသား ကြည့်ရှုပါက ဝန်ဆောင်ခငွေကျပ် သုံးသောင်းခန့်ကျသင့်ကြောင်း သိရသည်။



## လူတိုင်းကျန်းမာရေးနှင့် စရိတ်မျှပေးစနစ်

■သီဟ

အာရောဂျံ ပရမံလာဘံတဲ့ မြန်မာဆိုရိုးစကားလေး တစ်ခုရှိသည်။ အဓိပ္ပာယ်ကိုတော့ အားလုံးသိကြပါသည် ကျန်းမာခြင်းသည် လာဘ်တစ်ပါးဟု ဆိုလိုခြင်းပင်ဖြစ်ပါသည်။

လူတိုင်းလူတိုင်း ကျန်းမာနေစေရန် အထူးလိုအပ်ပါသည်။ ကျန်းမာမှ အမှုကိစ္စအဝဝအား လွယ်ကူအောင်မြင်စွာ လုပ်ဆောင်နိုင်မည်ဖြစ်သည်။ လူတိုင်းကျန်းမာနေစေရန်မှာ တစ်ဦးတစ်ယောက်ချင်းစီက မိမိတို့၏ ကျန်းမာရေးအား အထူးဂရုပြုဆောင်ရွက်နေရန်လည်း လိုအပ်သည်။

ကျန်းမာခြင်းအား ယခင်က အဓိပ္ပာယ်ဖွင့်ဆိုရာတွင် ရောဂါမဖြစ်လျှင်ကျန်းမာသည်ဟု ဆိုကြသော်လည်းနောက်ပိုင်းတွင် ကာယ၊ စိတ္တ၊ လူမှုရေးစသည့်နယ်ပယ်များတွင် ကျန်းမာနေမှသာလျှင် ကျန်းမာခြင်းနှင့်ပြီးပြည့်စုံသည်ဟု အဓိပ္ပာယ်ပြောင်းလဲဖွင့်ဆိုလာသည်ဟု ပညာရှင်များ၏ အဆိုအရသိရသည်။

“ကျန်းမာခြင်းကို ခေတ်အလိုက် အဓိပ္ပာယ်ဖွင့်ဆိုလာကြတာ ကျန်းမာတယ်ဆိုတာ ရောဂါမဖြစ်တာ၊ ရောဂါဖြစ်ရင် ကုသမယ့် ဆေးရုံ၊ဆေးခန်း၊ဆရာဝန်၊ ပါရဂူတွေရှိရုံနဲ့ ကျန်းမာရေး စိတ်ချရပြီဆိုတဲ့ အတွေးအခေါ်က ခေတ်နောက်ကျသွားပြီ”ဟု ကျန်းမာရေးဝန်ကြီးဌာန ဗဟိုကျန်းမာရေးပညာဌာနမှ ညွှန်ကြားရေးမှူး အငြိမ်းစား ဒေါက်တာခင်မောင်လွင်ကပြောသည်။

“ကျန်းမာတယ်ဆိုတာ ရောဂါကင်းရုံ၊ဒုက္ခိတမဖြစ်ရုံနဲ့ ကျန်းမာတယ်လို့မပြောနိုင်ဘူး။ ကျန်းမာဖို့ဆိုရင် ဆေးရုံ၊ဆေးခန်း၊ဆရာဝန်ရှိရုံနဲ့ မပြီးပါဘူး လိုအပ်ချက်တွေရှိနေပါသေးတယ်”ဟု ဒေါက်တာခင်မောင်လွင်က ဆက်လက်ပြောကြားသည်။

**စာ(၁၄)သို့**

## ဆန္ဒလေးဖြေမယ်ဆိုရင် သတိလေးတော့ထားစေချင်

WY

လူ့ခန္ဓာကိုယ်ဖွဲ့စည်းတည်ဆောက်မှုတွင် များပြားရှုပ်ထွေးလှသော အင်္ဂါအစိတ်အပိုင်းများပါဝင်ပြီး ထိုအထဲတွင် လူ၏ စိတ်ခံစားမှုများအား လှုံ့ဆော်ပေးနိုင်သည့် ဟော်မုန်းဓာတ်များလည်း ပါဝင်သည်။

အမျိုးသား၊ အမျိုးသမီးတိုင်းအရွယ်ရောက်ပြီးလူပျို၊ အပျိုဖော်ဝင်သည့်အချိန်မှစတင်၍စိတ်နှင့်ရုပ်တို့ပြောင်းလဲလာပြီး လိင်ပိုင်းဆိုင်ရာ ခံစားမှုများနှင့်၊ ဆန့်ကျင်ဘက်လိင်အား စိတ်ဝင်စားလာခြင်းမှာ သဘာဝပင်ဖြစ်သည်။

လိင်ပိုင်းဆိုင်ရာနှင့်ပတ်သက်၍ ရှေးယခင်ကတည်းက ဆေးဝါးများ၊ ပစ္စည်းကိရိယာများ တွင်ကျယ်စွာအသုံးပြုလာကြပြီး ယခုတိုးတက် ပြောင်းလဲလာသည့် ခေတ်ရေစီးကြောင်းတွင်ထိုအရာများမှာလည်း တွင်ကျယ်စွာ အသုံးပြုနေဆဲပင်ဖြစ်ကြောင်းသိရသည်။

ထိုလိင်ပိုင်းဆိုင်ရာအတွက် အသုံးပြုသည့်ဆေးဝါးများ၊ ပစ္စည်းကိရိယာများသည်အသုံးပြုသူအချို့တွင် ရောဂါတစ်စုံတစ်ရာအခံရှိပါက ဆေးဝါးများကြောင့် ရောဂါပိုမိုခံစားရနိုင်သည်များရှိပြီး ပစ္စည်းကိရိယာများမသန့်ရှင်းပါက နောက်ဆက်တွဲရောဂါများ ရရှိစေနိုင်ကြောင်း မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ဆရာဝန်ဒေါက်တာထွန်းသိန်းကပြောသည်။

အမျိုးသား၊ အမျိုးသမီးသုံး တစ်ကိုယ်ရေလိင်စိတ်ပြေပျောက်စေရန် အသုံးပြုသည့်ပစ္စည်းကိရိယာများလည်း ယခုနောက်ပိုင်းလမ်းကြောင်းအသီးသီးမှ ဝင်ရောက်လာပြီး လူစည်ကားရာ နေရာများတွင်ရောင်းချမှုများ ရှိလာကြောင်း သိရသည်။

“အဲလိုပစ္စည်းတွေက ရန်ကုန်မှာဆိုလည်း ဆိုင်တွေမှာဝယ်လို့ရတယ်။ မန္တလေးမှာဆိုလည်း ညဘက်ဆိုအဲဒါတွေ သီးသန့်ချရောင်းတဲ့နေရာတွေ အများကြီး ပဲ”ဟု အမျိုးသားတစ်ဦးကပြောသည်။

ထိုကဲ့သို့ ပစ္စည်းများသည် အသုံးပြုပြီး စင်ကြယ်စွာပြန်လည် မဆေးကြောပါကနောက်ဆက်တွဲရောဂါများ ဖြစ်ပွားနိုင်ခြင်း၊ပိုးမသေနိုင်သေးသည့်အချိန်အတွင်း ပစ္စည်းတစ်ခုအားမျှဝေသုံးစွဲလျှင် ရောဂါပိုးများ ကူးစက်နိုင်ခြေရှိကြောင်း ဒေါက်တာထွန်းသိန်းက ပြောသည်။

“အမျိုးသမီးတွေ အသုံးပြုတဲ့ပစ္စည်းဆို တစ်ခါသုံးပြီးတာနဲ့ အရက်ပျံ၊ဆပ်ပြာတွေနဲ့စင်အောင် ပြန်ဆေးသင့်တယ်။ မဟုတ်ရင် ပိုးဝင်ပြီး အဖြူဆင်းတာတွေ၊ သားအိမ်ရောင်လာတာတွေ ဖြစ်လာနိုင်တယ်။ အမျိုးသားသုံးပစ္စည်းတွေဆိုရင်တော့ပိုးမသေတဲ့အချိန် အတွင်းမျှဝေသုံးမိရင် HIVတို့လိုရောဂါတွေကစပြီး Sex နဲ့ပတ်သက်တဲ့တခြားကူးစက်နိုင်တဲ့ရောဂါတွေလည်းကူးစက်နိုင်တယ်”ဟု အဆိုပါဆရာဝန်ကပြောသည်။

**စာ(၁၄)သို့**




7 DAY NEWS JOURNAL
Vol.10, No.9 • MAY 19, 2011

# ဇန်နဝါရီမှဧပြီလအတွင်းသွေးလွန်တုပ်ကွေးဖြစ်ပွားသူ၅၄ဦးရှိပြီး သေဆုံးသူမရှိသေး

ကျော်သီဟ

ရန်ကုန်၊

မေ - ၄



ကလေးသူငယ်သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုမှာယခုနှစ်စမှ ဧပြီလအထိ ၅၄ ဦးရှိခဲ့ပြီး သေဆုံးသူမရှိသေးကြောင်း ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန၏ စာရင်းဇယားအရသိရှိရသည်။

သွေးလွန်တုပ်ကွေးရောဂါမှာ နွေအလွန် မိုးအကူးနှင့် မိုးရာသီကာလများတွင် ဖြစ်ပွားလေ့ရှိပြီး သက်ဆိုင်ရာကျန်းမာရေးဌာနကလည်းနှစ်အလိုက် စာရင်းဇယားများထုတ်ပြန်ခဲ့သည်။ မိုးရာသီအကုန် ခြင်ကျားအကိုက်ခံရခြင်းမှဖြစ်ပွားတတ်သောသွေးလွန်တုပ်ကွေးရောဂါမှာ ကလေးများ အသက်ဆုံးရှုံးသည်အထိဖြစ်ပွားခဲ့သည်။ ယခင်နှစ် ၂၀၁၀ ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၃,၁၆၂ ဦးရှိခဲ့ပြီး သေဆုံးသူ၂၂ဦးရှိကြောင်းတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှ သိရှိရသည်။

ရောဂါဖြစ်ပွားမှု အများဆုံးလများမှာ မေ၊ ဇွန်၊ ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာလများဖြစ်ကြောင်းသိရသည်။ ၂၀၁၀ ခုနှစ်ကမေလအတွင်း သွေးလွန်တုပ်ကွေးရောဂါ ၃၀၀ ဦးဖြစ်ပွား၍ သေဆုံးသူ ၃ဦး၊ ဇွန်လတွင် ၃၉၅ ဦးဖြစ်ပွား၍ သေဆုံးသူ ၂ဦး၊ဇူလိုင်လတွင် ရောဂါဖြစ်ပွားသူ ၈၄၆ ဦး၊ သေဆုံးသူ ၉ ဦး၊ ဩဂုတ်လတွင် ၄၀၄ ဦး၊ သေဆုံးသူ၃ဦး၊ စက်တင်ဘာတွင် ၂၀၄ဦးဖြစ်ပွား၍ သေဆုံးသူမရှိကြောင်း ကျန်းမာရေးဦးစီးဌာနမှ ထုတ်ပြန်သည့်စာရင်းဇယားများတွင်ဖော်ပြထားသည်။

နှစ်အလိုက် ပြန်ကြည့်မည်ဆိုပါက ၂၀၀၆ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ ၁၅၃၀ ဦး သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွား၍ ၁၈ဦးသေဆုံးခဲ့သည်။ ၂၀၀၇ ခုနှစ်တွင် ၄၉၄၈ ဦးဖြစ်ပွား၍ ၅၄ ဦး သေဆုံးခဲ့သည်။ ၂၀၀၈ ခုနှစ်တွင် ရောဂါဖြစ်ပွားသူ ၃၆၀၃ ဦးနှင့် သေဆုံးသူ ၃၁ ဦး၊ ၂၀၀၉ ခုနှစ်တွင်ရောဂါဖြစ်ပွားသူ၃,၃၃၃ ဦးနှင့် ၃၈ ဦးသေဆုံးခဲ့သည်။

၂၀၁၀တွင်ရောဂါဖြစ်ပွားသူ ၃,၁၆၂ ဦးနှင့် ၂၂ ဦးသေဆုံးခဲ့သည်။ ယခုနှစ် ဇန်နဝါရီလမှစ၍ ဧပြီ ၁၇ရက်အထိ ၅၄ ဦးဖြစ်ပွား၍ သေဆုံးသူမရှိသေးကြောင်း သိရှိရသည်။

## စာ-၁၃၊ ဆနလေးဖြေမယ်ဆိုရင် သတိလေးတော့ ထားစေချင် မှ

ထိုကဲ့သို့ပစ္စည်းများ အသုံးပြုခြင်းသည် လက်တလောစိတ်ဖြေချင်သည့်အတွက် အသုံးပြုကြခြင်းဖြစ်ပြီး တစ်ကိုယ်တည်း အသုံးပြုခြင်း၊ သန့်ရှင်းစွာထားရှိပါက နောက်ဆက်တွဲကျန်းမာရေးပြဿနာခံစားကြရမှု မရှိကြောင်း အထွေထွေရောဂါဆိုင်ရာ အထူးကုဆရာဝန်ကြီးတစ်ဦးက ပြောပြသည်။ အမျိုးသားနှင့် အမျိုးသမီးသုံးပစ္စည်းများရှိပြီး အမျိုးသမီးသုံးပစ္စည်းများမှာ အိမ်ထောင်ရှင် အမျိုးသမီးများ အသုံးပြုမှုများပြားပြီး အမျိုးသားသုံးပစ္စည်းများမှာ လူလတ်ပိုင်းများ အသုံးပြုမှုများပြားကြောင်း ရောင်းချသည့်ဆိုင်များ၊ လူငယ်အမျိုးသားများနှင့် ဆေးဆိုင်များမှသိရသည်။

"အဲဒါတွေ အသုံးပြုကြတာ ၁၀နှစ်လောက်တောင်ရှိပြီ။ ပစ္စည်းတွေကတော့ အဲလိုပုံစံတွေပေ့ါ၊ ဆေးတွေ အမျိုးမျိုးပဲ။ အသစ်တွေလည်းပေါ်တယ်။ ဒီမှာကတော့ ပစ္စည်းတွေထဲမှာ အမျိုးသမီးသုံးပစ္စည်းတွေက ပိုရောင်းရတယ်။ အမျိုးသားတွေကအပြင်မှာစိတ်ဖြေလို့ရတဲ့နေရာတွေရှိပေမယ့် အမျိုးသမီးတွေအတွက်ကတော့ အဲလိုနေရာတွေနည်းတယ်လေ။ ဒါကြောင့်ပစ္စည်းတွေပဲ ပိုအသုံးပြုကြတယ်လို့ထင်တယ်"ဟု ဆင်ခြေဖုံးမြို့နယ်တစ်ခုမှ ဆေးခန်းတစ်ခန်းထံမှ သိရသည်။

အမျိုးသမီးသုံးကိရိယာများအား အိမ်ထောင်ရှင်အမျိုးသမီးများ အသုံးပြုမှုများပြားပြီး၊ အမျိုးသားများမှာ အသက်ကြီးပြီး စိတ်တိုင်းမကျတော့သည့်အရွယ်များအသုံးပြုလေ့ရှိပြီး ကိရိယာပစ္စည်းများအသုံးပြု၍ စိတ်ဖြေခြင်းသည် တခြားနည်းများထက်ကြုံတွေ့မည့် နောက်ဆက်တွဲ လူမှုရေးပြဿနာများနည်းပါးခြင်း စသည့် ကောင်းကျိုးရှိကြောင်း အထွေထွေရောဂါ အထူးကုဆရာဝန်ကြီးက မှတ်ချက်ပေးသည်။

"အပြင်မှာတစ်ယောက်ယောက်နဲ့ဆိုရင် မလိုလားအပ်တဲ့ ကူးစက်ရောဂါတွေကူးလာနိုင်သလို လူမှုရေးဆိုင်ရာပြဿနာ တွေလည်းဖြစ်လာနိုင်တော့ အ ကောင်းဖက်ကတွေးရင် ဒီပစ္စည်း တွေသုံးတာကျန်းမာရေး၊ လူမှုရေးပြဿနာတွေနည်းသွားမယ်လို့ထင်တယ်"ဟုအဆိုပါဆရာဝန်ကသူ၏အမြင်ကို ပြောသည်။

တစ်ကိုယ်ရေလိင်စိတ်ဖြေရန် အသုံးပြုသည့်ပစ္စည်းများတွင် အမျိုးသမီးသုံးကိရိယာများ၏ဈေးမှာကျပ်ငါးထောင်ခန့်ရှိပြီး အမျိုးသားသုံးပစ္စည်းများမှာ ကျပ်ထောင်ဂဏန်းမှသောင်းဂဏန်းအထိဈေးရှိကြောင်းသိရသည်။

## စာ – ၁၃၊ လူတိုင်းကျန်းမာရေးနှင့် စရိတ်မျှပေးစနစ် မှ

ထို့ကြောင့် မည်သည့်နိုင်ငံတွင်မဆို နိုင်ငံသားတိုင်းကျန်းမာရေးအတွက် လူထုကျန်းမာရေးနှင့် ပတ်သက်၍ ဆေးကုသခွင့်ကျန်းမာရေးနှင့် ပတ်သက်၍ ပြုစုစောင့်ရှောက်မှု ခံယူခွင့်များအား သက်ဆိုင်ရာ အစိုးရများကသူ့အတိုင်းအတာနှင့်သူ တာဝန်ယူမှုများရှိကြသည်။

ဆိုင်ရာ အစိုးရများသည် လူထု၏ ကျန်းမာရေးအား တစ်စိတ်တစ်ပိုင်းသော်လည်းကောင်း၊ လုံးဝသော်လည်းကောင်း တာဝန်ယူတတ်ကြသည်ဟု သိရသည်။

မြန်မာနိုင်ငံတွင်လည်း မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီအစိုးရလက်ထက်က နိုင်ငံသားများ၏ ကျန်းမာရေးအား အလုံးစုံတာဝန်ယူခဲ့ပြီး နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အစိုးရလက်ထက်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီလက်ထက်များတွင် စရိတ်မျှပေးကျန်းမာရေး စနစ်ကိုပြောင်းလဲကျင့်သုံးလာခဲ့ရာ ယခုပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအစိုးရလက်ထက်သို့ရောက်သည်အထိ အဆိုပါ စရိတ်မျှပေးကျန်းမာရေး စနစ်အား ဆက်လက်ကျင့်သုံးနေဆဲဖြစ်သည်။

အဆိုပါစနစ်၏ မူလရည်ရွယ်ချက်သည် အစိုးရပိုင်ဆေးရုံများတွင် စာတန်းများရေးထိုးထားသကဲ့သို့ချို့တဲ့သူများအတွက် အခမဲ့ကုသပေးသောဆေးရုံဖြစ်သည်။ တတ်နိုင်သူများအတွက် စရိတ်မျှပေးကျန်းမာရေးစနစ်ကို ကျင့်သုံးသည်ဟူသည့် ရည်ရွယ်ချက်ပင်ဖြစ်သည်။

အဆိုပါ မူဝါဒကို အကောင်အထည်ဖော်သူများအနေဖြင့်လည်းယခုထက်ပိုမိုသည့်ရည်ရွယ်ချက်များပင် ရှိချင်ရှိနိုင်ပေသေးသည်။ သို့သော် စရိတ်မျှပေးကျန်းမာရေးစနစ်ကို ကျင့်သုံးခဲ့သည့်ကာလတစ်လျှောက်တွင် အစိုးရဆေးရုံတွင် ဆေးကုသမှု ခံယူသူများသည် လိုအပ်သည့် ဆေးဝါးများအား တတ်နိုင်သည်ဖြစ်စေ မတတ်နိုင်သည်ဖြစ်စေ ကိုယ်တိုင်ပင် ဝယ်ယူသုံးစွဲခဲ့ကြရသည်ဟု ဆိုကြသည်။

"ဒီစနစ်ကို စတင်ကျင့်သုံးတုန်းကတော့ တတ်နိုင်သူများအတွက်စရိတ်မျှပေး၊ မတတ်နိုင်သူများကိုတော့အခမဲ့ဆိုပြီး လုပ်ခဲ့ပေမယ့် ဘယ်သူက တတ်နိုင်တယ် ဘယ်သူက မတတ်နိုင်ဘူးဆိုတာကို ဘယ်လိုခွဲခြားမလဲဆိုတာကိုတော့ကြိုတင်စဉ်းစားထားမှုမရှိခဲ့ဘူး"ဟု မြို့နယ်ဆရာဝန်အဖြစ်တာဝန်ထမ်းဆောင်ခဲ့ဖူးသူစာရေးဆရာ ဆရာဝန်တစ်ဦးကပြောသည်။

ထို့ကြောင့် တာဝန်ထမ်းဆောင်သည့် ဆရာဝန် ဆရာမများအနေဖြင့် မည်သူက တတ်နိုင်သည်။ မည်သူက မတတ်နိုင်ဆိုသည်ကို အမြင်နှင့်ဆုံးဖြတ်ကာ ကုသပေးခဲ့ရခြင်းများလည်း ရှိခဲ့ကြောင်း သိရသည်။

တစ်ခါတစ်ရံတွင်လည်း ရပ်ကွက်အတွင်းရှိ သက်ဆိုင်ရာ တာဝန်ရှိသူများက အမှန်တကယ် ဆင်းရဲကြောင်းထောက်ခံချက်ဖြင့်လည်း ကုသပေးလိုက်ရသည်များလည်းရှိကြောင်း သိရသည်။ သို့သော်နိုင်ငံတော်ကထုတ်ပေးသော ဆေးများသည် အကန့်အသတ်ရှိသဖြင့် လူနာ၏ ရောဂါနှင့် သက်ဆိုင်သည့် ဆေးမရှိလျှင်သော်လည်းကောင်း၊ တာဝန်ယူကုသသည့်ဆရာဝန်က ပိုမိုအစွမ်းထက်ထိရောက်သည့် ဆေးတစ်မျိုးမျိုးအား ပြောင်းလဲသုံးစွဲလိုသည့် အခါတွင်လည်းကောင်း လူနာဖက်မှ ဆေးဝယ်ယူသုံးစွဲရသည်များလည်းရှိသည်ဟု သိရသည်။

စရိတ်မျှပေးကျန်းမာရေးစနစ်သည် အစိုးရက လူထု၏ကျန်းမာရေးစောင့်ရှောက်မှု ကဏ္ဍအား တစ်စိတ်တစ်ပိုင်းတာဝန်ယူထားသဖြင့် ရောဂါရှာဖွေသည့် စက်ကိရိယာများကို အသုံးပြုရသည့်အခါတွင် ပြင်ပ၌ ရှာဖွေရသည်ထက်စရိတ်များစွာသက်သာမှုရှိသည်။

သို့သော် အခြေခံဝန်ထမ်းအချို့၏ အလွဲသုံးစားပြုမှုများကိုမူ လူနာရှင်များနှင့် လူနာများ ခံစားနေရကြောင်း သိရသည်။

"ကျွန်တော့်အဖေဆေးရုံတက်ရတုန်းက ဓာတ်မှန်ရိုက်တာ အီးစီဂျီရိုက်တာတွေက အပြင်မှာထက် တော်တော်သက်သာတယ် ဒါပေမဲ့ လှည်းတွန်းခဆိုပြီး ဝန်ထမ်းတွေကို ငါးရာ အနည်းဆုံးပေးရတယ်၊ နောက်ပြီး ဓာတ်လှေကားမောင်းတဲ့သူ၊ ဓာတ်မှန်ရိုက်ပေးတဲ့သူတွေကိုလည်းတစ်ခါပေးငါးရာစီနဲ့ပေးလိုက်ရတာတွေကတော်တော်များတယ်။ အဲဒီတော့ ဆေးရုံမှာကဝန်ထမ်းတွေဘာလုပ်ပေးပေးငါးရာစီပေးနေရတယ်"ဟု မကြာသေးမီက ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ဆေးကုသမှုခံယူခဲ့ရသူတစ်ဦး၏ သားဖြစ်သူက ပြောသည်။

မြို့ပေါ်ရှိဆေးရုံများတွင် ယခုကဲ့သို့ အခြေခံဝန်ထမ်းများ၏ အကျင့်ပျက်မှုများ ရှိနေသော်လည်းနယ်ဆေးရုံအချို့တွင်မူ အမှန်တကယ် စေတနာအရင်းခံဖြင့်လုပ်ဆောင်ပေးနေသည့်ဝန်ထမ်းများရှိနေသေးသည်ဟုလည်း သိရသည်။

"အောက်ခြေဝန်ထမ်းတွေ အကျင့်ပျက်တယ်ဆိုတာတော့ ဆရာသိပ်လက်မခံချင်ဘူး။ ဆေးရုံဝန်ထမ်းတွေကို ကိုယ်ကျင့်တရားမခိုင်လုံဘူးလို့ မြင်မယ့်အစား ဆေးရုံဝန်ထမ်းတွေရဲ့ကောင်းတဲ့အရည်အသွေးတွေကို ဖော်ထုတ်ပြီး ပူးပေါင်းဆောင်ရွက်ရမယ်"ဟု ဒေါက်တာခင်မောင်လွင်က ဆေးရုံဝန်ထမ်းများအပေါ် သူ၏ အမြင်ကိုပြောပြသည်။

စရိတ်မျှပေးကျန်းမာရေးစနစ်တွင် ရောဂါရှာဖွေသည့် စက်ကိရိယာများသာမက ကုသပေးသည့်ဆရာဝန်များ၏ စရိတ်သည်လည်း အခမဲ့ပင်ဖြစ်သည်။ သို့သော် တစ်ခါတစ်ရံတွင် အခြေခံဝန်ထမ်းများ၏ အပြုအမူအချို့ကြောင့် ကုသပေးသည့် ဆရာဝန်အားအခကြေးငွေပေးရသကဲ့သို့ ထင်ယောင်ထင်မှား ဖြစ်မှုများလည်း ရှိတတ်ကြကြောင်း သိရသည်။

"တာဝန်ကျတဲ့ ဆရာဝန်ကတော့ ကုပေးရမယ်ဆိုလည်း ကုပေးလိုက်တာပဲ။ ခွဲပေးရမယ်ဆိုလည်းခွဲပေးလိုက်တာပဲ၊ ဒါပေမဲ့ တစ်ခါတလေ အောက်ကဝန်ထမ်းတွေက ဒါခွဲဖို့ ပိုက်ဆံဘယ်လောက်ပေးရမယ်ဆိုပြီးတော့ တောင်းသွားတာတွေတော့ ရှိတယ်။ ဆရာဝန်လည်း မသိလိုက်ဘူး။ သူတို့ဘာသာသူတို့ပဲခွဲယူလိုက်တာတွေလည်းရှိတယ်"ဟု လက်ရှိတာဝန်ထမ်းဆောင်နေသူ အထူးကုဆရာတစ်ဦးက ပြောသည်။

သို့သော်တစ်ခါတစ်ရံတွင်မူ ဆရာဝန်ကြီးကိုယ်တိုင်က ခွဲစိတ်ရန်အတွက် တောင်းဆိုမှုများလည်းရှိတတ်ကြသည်ဟုလူနာရှင်များ၏ပြောပြချက်အရသိရသည်။

"ကြာတော့ကြာပါပြီ၊လူနာလည်းဆုံးသွားပါပြီ။ ဒါပေမဲ့ စိတ်ထဲမှာ အကျိတ်အခဲလေးဖြစ်နေတာလေးတော့ရှိတယ် လွန်ခဲ့တဲ့ခြောက်နှစ်လောက်ကပေ့ါ။ အစိုးရဝန်ထမ်းတွေတက်ရတဲ့ လူမှုဖူလုံရေး ဆေးရုံကြီးတစ်ရုံမှာ ကျွန်တော့်အဒေါ်က အူမကြီးကင်ဆာနဲ့ဆေးရုံတက်ရတယ်။အဲဒီမှာ ခွဲရမယ်ဆိုတော့ ခွဲမယ့်ဆရာဝန်ကြီးက ခွဲစိတ်ခဆိုပြီး ငွေသိန်းဂဏန်းတောင်းတယ်။ အဲဒီတုန်းက ကျွန်တော်တို့လည်း သိပ်မတတ်နိုင်တော့ သောင်းကဏန်းလောက်နဲ့ ကျေနပ်ပါဆိုပြီး ဆရာဝန်ကြီးကို အောက်ကျခံပြောရတယ်။ သူကလည်း ခွဲပေးလိုက်ပါတယ်။ ဒါပေမဲ့ ခွဲလည်းပြီးရော ကင်ဆာဆဲလ်တွေက နေရာအနှံ့ပြန့်နေပြီဆိုပြီး ဗိုက်ကိုပြန်ပိတ်လိုက်တယ်။ဘာမှလည်း လုပ်မပေးလိုက်ဘူး။ ဒါတောင်မှ ဟိုနေ့ခွဲမယ်၊ ဒီနေ့ခွဲမယ်နဲ့ လူနာက အစာဖြတ်နေရတာသုံးရက်လောက်ကြာသွားတယ်။ လူနာလည်း ရောဂါက တစ်မျိုးအစာဖြတ်ရလို့ အားနည်းတာကတစ်မျိုး၊ခွဲပြီးတဲ့နေရာက ချုပ်ရိုးပြန်ဖြေတာကတစ်မျိုးနဲ့ ခွဲပြီးသိပ်မကြာဘူး ဆုံးသွားတယ်"ဟု အသက်သုံးဆယ်ဝန်းကျင် အမျိုးသားတစ်ဦးက သူ၏အတွေ့အကြုံကို ပြန်လည်ပြောပြသည်။

စရိတ်မျှပေး ကျန်းမာရေးစနစ်သည် အမှန်တကယ်တွင်ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှု အခန်းကဏ္ဍတွင် လုံခြုံသက်သာမှုရှိစေရန် ကြံစည်တွေးတောထားသည့် အစီအစဉ်တစ်ခုဖြစ်သော်လည်း တကယ်တမ်းလက်တွေ့အကောင်အထည်ဖော်ရာတွင် လစ်ဟင်းမှုများ၊ ဝန်ထမ်းများ၏ အလွဲသုံးစားပြုလုပ်မှုများကြောင့် အောင်မြင်သင့်သလောက်အောင်မြင်မှုရရှိခဲ့ခြင်းမရှိဟု ကုသမှုပိုင်းတွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသူများက သုံးသပ်ကြသည်။

ထို့ကြောင့် ယခုအချိန်တွင် နိုင်ငံတော်၏ ပြောင်းလဲလာသည့် မူဝါဒနှင့် ကျင့်သုံးလာသည့် စနစ်အသစ်အရ ယခုထက်ပိုမိုကောင်းမွန်သည့်ပြည်သူ့ကျန်းမာရေးစနစ်တစ်ခု ပေါ်ပေါက်လာရန် ပြည်သူပြည်သားများနှင့်နိုင်ငံရေးလေ့လာသုံးသပ်သူများက မျှော်လင့်လျက်ရှိကြသည်။

Regional
7DAY NEWS JOURNAL
Vol.10, No.9 · MAY 19, 2011

# ပဲခူးမြို့တွင် ထားရှိမည့်ကြေးပိဿာချိန် ၁၁၁၁၁ ရှိ ခေါင်းလောင်းတော်ကြီးကို မန္တလေးတွင် နေ့ချင်းပြီးသွန်းလောင်းမည်

**စိုင်းသာအောင်**

**မန္တလေး၊ မေ- ၁၂**

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့တွင်တည်ထားပူဇော်မည့် ကြေးချိန်ပိဿာ ၁၁၁၁၁ ရှိ သံသာမည်ဟိန်းခေါင်းလောင်းတော်ကြီးကိုမန္တလေးချမ်းမြသာစည်မြို့နယ်ဗန္ဓုလကြေးသွန်းလုပ်ငန်းမှ ပန်းတဉ်းပညာရှင်က မေ ၂၀ ရက်နံနက်ပိုင်းမှစတင်၍ သွန်းလောင်းသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းခေါင်းလောင်းတော်ကြီးအား ပဲခူးဒီဂရီကောလိပ်ရှေ့ကမ္ဘာလောက မဟာမုနိ ကြေးသွန်းရုပ်ပွားတော်မြတ်ကြီး၏ ဝင်းအတွင်း လှူဒါန်းထားရှိမည်ဖြစ်ပြီး တစ်ရက်တည်းနှင့်အပြီး သွန်းလောင်းသွားမည်ဖြစ်ကြောင်းပန်းတဉ်း ပညာရှင်က 7Day News သို့ပြောသည်။

အဆိုပါ ခေါင်းလောင်းကြီးမှာ အောက်ခြေမှ ဆွဲကွင်းအထိ ၁၃ ပေ၊ လုံးပတ်နှုတ်ခမ်း ပတ်လည် ၂၈ ပေ၊ ၉ လက်မ၊ နှုတ်ခမ်းသားအထူ ၁၀ လက်မခွဲရှိသည်။ အဆိုပါခေါင်းလောင်းကြီးကို သွန်းလောင်းပြီးသည့်အခါခေါင်းလောင်းကြီးပေါ်တွင် မြတ်စွာဘုရားဖွားမြင်တော်မူပုံ၊ ဗောဓိပင်နှင့်ရွှေပလ္လင်ပေါ်မှမာန်နတ်ကိုအောင်မြင်နေပုံ၊ ပဉ္စဝဂ္ဂီငါးဦးအားတရားဟောတော်မူပုံ၊ ပရိနိဗ္ဗာန်ပြုပုံ၊ ခေါင်းလောင်းတီးထိုးမည့် နေရာတွင်ပဲခူးမြို့သင်္ကေတဖြစ်သော ဟင်္သာနှစ်ကောင်ထပ်(၂၇)ကွက်ပါရှိမည်ဖြစ်ပြီး ဆုံကလပ်ပေါ်ရှိ ချိတ်ဆက်ကိုင်းတွင် ဆင်ရတာနှစ်ကောင်ထည့်သွင်းပါရှိမည်ဖြစ်ကြောင်း ပန်းတဉ်းပညာရှင်က ထပ်မံရှင်းပြသည်။

# ကျောင်းဖွင့်ချိန်နီး၍ မန္တလေးတွင် စက်ဘီးရောင်းကောင်း



**ညီညီဇော်**

**မန္တလေး၊ မေ- ၁၂**

မန္တလေးမြို့တွင် အခြေခံပညာကျောင်းများ ဖွင့်ချိန်နီးကပ်လာချိန်တွင် ယမန်နှစ်ကျောင်းဖွင့်ချိန်ကထက် စက်ဘီးများ ပိုမိုအရောင်းအဝယ်သွက်လျက်ရှိကြောင်း သတင်းရရှိသည်။

စက်ဘီးရောင်းဝယ်ရေးလုပ်ငန်းကို ၂၅ ကျော်လုပ်ကိုင်လာသော မန္တလေးမြို့ရှိစက်ဘီးရောင်းဝယ်ရေး လုပ်ငန်းရှင်အမျိုးသားတစ်ဦးက "စက်ဘီးရောင်း အကောင်းဆုံးအချိန်ကတော့ သင်္ကြန်အပြီးကနေစပြီး ခုလို ကလေးတွေ ကျောင်းဖွင့်ချိန်နီးလာလေ ပိုရောင်းကောင်းလေပါ။ တစ်နှစ်လုံးမှာ ဒီလိုအချိန်ကရောင်းအကောင်းဆုံးပဲ။ ပြီးတော့ ဒီနှစ်က မနှစ်ကထက်ကို ပိုရောင်းကောင်းတယ်" ဟု ပြောပြသည်။

စက်ဘီးပြုပြင်ရေးဆိုင်ဖွင့်ထားသော အမျိုးသားတစ်ဦးကလည်း "ကျောင်းဖွင့်ခါနီးရင် စက်ဘီးအသစ်တွေ တော်တော်ဆင်ပေးရတယ်။ ဆိုင်ကဝယ်လာလာချင်းက ဆင်ပြီးသားပေမယ့် သေချာမဆင်ရသေးတော့ ကျွန်တော်တို့လို စက်ဘီးပြုပြင်ရေးဆိုင်တွေမှာ သေချာပြန်လုပ်ကြတယ်။ တတ်နိုင်တဲ့ကျောင်းသားမိဘတွေကတော့ ကလေးတွေကို စက်ဘီးအသစ်လေးတွေ ဝယ်ပေးကြပေမယ့် မတတ်နိုင်တဲ့မိဘတွေကတော့ တစ်ပတ်ရစ်လို့ခေါ်တဲ့အဟောင်းကိုပြန်ဝယ်ပြီးတော့ နည်းနည်းပါးပါးပြုပြင်ပြီး ကလေးကျေနပ်အောင်လုပ်ပေးကြတယ်"ဟုပြောသည်။

မန္တလေးမြို့လမ်း ၄၀ ရှိစက်ဘီးအရောင်းဆိုင်တစ်ဆိုင်တွင် လာရောက်ဝယ်ယူနေသော အမျိုးသမီးတစ်ဦးက"ကလေးက ဒီနှစ်မှ သူငယ်တန်းတက်ရမှာပါ။ ကျောင်းပို့ရတော့မှာဆိုတော့ သူစိတ်ကျေနပ်အောင် လာဝယ်ပေးတာပါ" ဟု ပြောသည်။

တရုတ်ဆိုင်ကယ်များကို လိုင်စင်များချပေးခဲ့သော ၂၀၀၄ ခုနှစ်ဝန်းကျင်က စက်ဘီးမှာ လုံးဝမရောင်းရသလောက်ဖြစ်သွားခဲ့ပြီး ၂၀၀၆ ခုနှစ်တွင်လည်း ထူးခြားမလာဘဲ ၂၀၀၇ ခုနှစ်မှ အရောင်းအဝယ်ပြန်ဖြစ်လာခဲ့သည်။ စက်ဘီးကို ကျန်းမာရေးအတွက် အသုံးပြုစီးနင်းရန်ဝယ်ယူသူများရှိပြီး ယခုကာလကဲ့သို့ ဓာတ်ဆီဝယ်ယူရခက်ခဲ၍ ပြင်ပပေါက်ဈေးလည်း မြင့်တက်နေသော အချိန်တွင် ဆိုင်ကယ်စီးသူအချို့သည်ဆိုင်ကယ်ပြန်ရောင်းပြီး ပြုပြင်ထိန်းသိမ်းစရိတ်နည်းပါးသော စက်ဘီးကို ပြောင်းလဲသုံးစွဲလာကြသည်ဟု စက်ဘီးအရောင်းဆိုင်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

စက်ဘီးဈေးနှုန်းများမှာ ကလေးစီး ကျပ်နှစ်သောင်းဝန်းကျင်မှ လူကြီးစီး ကျပ်တစ်သိန်းခြောက်သောင်းတန်အထိ ရှိသည်။

# နာဂတောင်တန်းဒေသတွင် ကမ်းရိုးတန်းသုံး စီဒီအမ်အေဖုန်း စတင်အသုံးပြု

**ရန်နိုင်ကျော်**

**ရန်ကုန်၊ မေ- ၁၀**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း နာဂတောင်တန်းဒေသတွင် ယခုနှစ်မေလဆန်းမှစ၍ကျပ်ငါးသိန်းတန် ကမ်းရိုးတန်းသုံး စီဒီအမ်အေမိုဘိုင်းဖုန်း 450 MHz များစတင်အသုံးပြုနိုင်ပြီဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှသိရသည်။

"နာဂ တောင်တန်းဒေသတွေမှာ အရင်တုန်းကဖုန်းမရှိခဲ့ဘူး။ ပြီးခဲ့တဲ့နှစ်တွေတုန်းက အိုင်ပီစတားဂြိုဟ်တုဖုန်းတွေကို အမိက အသုံးပြုခဲ့ရတယ်။ ဆက်သွယ်ရေးခက်ခဲတဲ့ နာဂတောင်တန်းဒေသမှာ အခုမြို့ကြီးတွေမှာလို ကမ်းရိုးတန်းသုံး စီဒီအမ်အေမိုဘိုင်းဖုန်းတွေကို မေလဆန်းပိုင်းမှာ စသုံးလို့ရပြီ။ တယ်လီဖုန်းတွေ နာဂ ကျေးရွာတွေတိုင်းမှာ ရှိလာတဲ့ အတွက် ဆက်သွယ်ရေးစနစ်ပိုကောင်းလာသလိုကျေးရွာလူနေမှုပုံစံတွေလည်းတိုးတက်ပြောင်းလဲလာတယ်" ဟု နာဂတောင်တန်းဒေသလဟယ်မြို့ဒေသခံ ဦးဘွေလျှန်းကျင်က ပြောကြားသည်။



**နာဂတောင်တန်းဒေသတစ်နေရာ။**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၁၀ပြည့်နှစ်အတွင်း ချင်းတွင်းမြစ်ရိုးတစ်လျှောက် မြို့နယ်အလိုက် ကမ်းရိုးတန်းသုံး စီဒီအမ်အေတယ်လီဖုန်းများ တပ်ဆင်ပေးခဲ့သည့်နောက်ပိုင်း ချင်းတွင်းမြစ်ကမ်းမြို့ရွာများတွင် ဆက်သွယ်ရေးစနစ် ပိုမိုကောင်းမွန်လာခဲ့ကြောင်းသိရသည်။

ယခုနှစ်မေလကုန်ရက်ပိုင်းအတွင်း ကျပ်ငါးသိန်းတန် စီဒီအမ်အေ ၈၀၀ မဂ္ဂါဟဇ်များ ထပ်မံအသုံးပြုခွင့် ချထားပေးရန် စီစဉ်ထားကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဆက်သွယ်ရေးလုပ်ငန်းမှသိရသည်။

# မုံရွာမြို့တွင် SKYNET မှ ဝိုင်ဖိုင်စနစ်ဖြင့် အင်တာနက်အသုံးပြုသူ ပိုများလာ

**မျိုးမင်းဦး**

**မုံရွာ၊ မေ- ၁၀**

မုံရွာမြို့တွင် Sky Net ရုပ်သံလိုင်းများအပြင် ဘက်စုံသုံး ဆက်သွယ်ရေးစနစ်များပါ သုံးစွဲသူများပြားလာချိန် Sky Net အွန်လိုင်းမှ ဝိုင်ဖိုင်စနစ်ဖြင့် အင်တာနက် ချိတ်ဆက် သုံးစွဲသူဦးရေ ပိုမိုများပြားလာကြောင်း မုံရွာဒေသခံ အင်တာနက်ကဖေးလုပ်ငန်းရှင်များက ပြောသည်။

"မေလဆန်းမှာ အရင်မြန်နှုန်းမြင့်စနစ်လို့ခေါ်တဲ့ ADSL လိုင်းတွေမှာ အင်တာနက်အသုံးပြုရခက်ခဲချိန်မှာ Sky Net ကတစ်ဆင့် အွန်လိုင်းစနစ်ကို အသုံးပြုသူတွေ ပိုများလာတယ်။ ဧပြီလကစပြီး မုံရွာမြို့ပေါ်မှာ Sky Net အင်တာနက်လိုင်းတွေကို ဝိုင်ဖိုင်စနစ်နဲ့ အခမဲ့ဖြန့်ထားတော့ အင်တာနက်သုံးသူတွေတစ်နေ့ ထက်တစ်နေ့ ပိုများလာတယ်။ Sky Net အင်တာနက်လိုင်းတွေကို

စာ(၁၈) သို့



7 DAY NEWS JOURNAL
Vol.10, No.9 • MAY 19, 2011

# နာရေးစရိတ် မြင့်တက်လာသောကြောင့် ကူငွေ ပြောင်းလဲကောက်ခံ

**ညီညီဇော်**

**မန္တလေး၊ မေ- ၁၄**

မန္တလေး စည်ပင်သာယာရေးကော်မတီလက်အောက်သို့ရောက်ရှိသွားသော အမရပူရမြို့နယ်တွင် နာရေးကုန်ကျမှုစရိတ်များ မြင့်တက်လာမှုကြောင့် ရပ်ကွက်အချို့တွင် နာရေးကူငွေကို ယခင်ကောက်ခံမှုထက် နှစ်ဆကျော် ကောက်ခံနေရကြောင်း သတင်းရရှိသည်။

ယခင်က နာရေးကိစ္စဖြစ်ပေါ်ပါကတစ်အိမ်ထောင်လျှင်နှစ်ရာကျပ်နှုန်းထည့်ဝင်ရပြီးယခုတွင် ငါးရာကျပ်သို့ ပြောင်းလဲကောက်ခံနေရကြောင်း ၎င်းရပ်ကွက်တွင်နေထိုင်သူများက ပြောသည်။

"ကုန်ကျစရိတ်က ဘာတွေတက်လာလည်းဆိုတော့ အရင်ကဆို သုသာန်က အမရပူရမြို့ထဲမှာပဲရှိတော့ နာရေးလိုက်ပို့တဲ့လူတွေက လမ်းလျှောက်ပြီး လိုက်ပို့လို့ရတယ်။ အမရပူရကို နည်းနည်းဝေးတဲ့ တောင်မြင့်နဲ့ကြာနီကန် ပြောင်းရတော့ နာရေးလိုက်ပို့မယ့်လူတွေအတွက် သတ်သတ်ကားစီစဉ်ရတယ်။ ကားကလည်း မိတ်ဆွေများရင်များသလို လိုင်းကားပြေးတဲ့ကားတွေ ငှားရတယ်။ ဟိုတစ်နေ့က နာရေးဆို တစ်စီးတစ်သောင်း တစ်ထောင်နှုန်းနဲ့ ကားငါးစီးတောင် ငှားရတယ်။ ကားငှားဖို့မတတ်နိုင်တဲ့ သူတွေဆို လိုက်ပို့မယ့်သူမပါဘဲကိုယ့်မိသားစုနဲ့ပဲ နာရေးကိစ္စပြီးရတော့ ပိုပြီးအားငယ်စရာဖြစ်တယ်" ဟု အမရပူရမြို့နယ်မှ အသက် ၆၀ အရွယ် အမျိုးသားတစ်ဦးက ပြောသည်။

"နာရေးကူငွေက ၅၀၀ ပြောင်းသွားတာ ဘာမှမဖြစ်ပါဘူး။ ကူသိုလ်တောင်ရပါသေးတယ်။ ပို့ရတဲ့နေရာက ဝေးတော့ နာရေးလိုက်ပို့မယ့်လူတွေအတွက် ကားစီစဉ်ပေးရတဲ့အတွက် ငွေကြေးမတတ်နိုင်တဲ့နာရေးရှင်တွေ အဆင်မပြေဖြစ်တာပေါ့" ဟု အမရပူရမြို့ခံအမျိုးသမီးတစ်ဦးက ပြောသည်။သဂြိုဟ်စရိတ်မှာလည်းယခင်သုသာန် ဟောင်းထက်စာလျှင် အနည်းငယ် ပိုမိုကုန်ကျသောကြောင့်ယခုလိုသုသာန်အပြောင်းအလဲကာလတွင်ငွေကြေးမတတ်နိုင်သော နာရေးရှင်များ အခက်အခဲဖြစ်ရကြောင်း အမရပူရမြို့ခံများက ပြောသည်။

အမရပူရမြို့နယ်ကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနလက်အောက်မှ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီလက်အောက်သို့ ၂၀၁၁ ခုနှစ် မတ်လ ၃ ရက်တွင် လွှဲပြောင်း လက်ခံရရှိပြီးနောက်ပိုင်း အမရပူရမြို့နယ်အတွင်းရှိ သုသာန်များတွင် နာရေးကိစ္စများ (ဂူတည်၊ မြေမြှုပ်၊ မီးသင်္ဂြိုဟ်ခြင်း) အားလုံးဝမပြုလုပ်ရန်နှင့် မြေမြှုပ်၊ ဂူတည်ခြင်းကိုကြာနီကန်သုသာန်တွင်လည်းကောင်း၊ မီးသင်္ဂြိုဟ်ခြင်းကို တောင်မြင့်သုသာန်တွင် လည်းကောင်းဆောင်ရွက်ရမည်ဟု မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီက ၂၀၁၁ ခုနှစ် မတ်လလယ်က ကြေညာချက်ထုတ်ပြန်ခဲ့သည်။

တောင်မြင့်သုသာန်တွင် လူကြီးတစ်ယောက်မီးသင်္ဂြိုဟ်လျှင် ၁၆,၀၀၀ ကျပ်နှုန်း၊ ကလေးတစ်ယောက်လျှင် ၈,၀၀၀ ကျပ်နှုန်း ကြာနီကန်သုသာန်တွင် လေးပေခြောက်ပေမြေမြှုပ်လျှင် ၅၀,၀၀၀ ကျပ်၊ လေးပေခြောက်ပေ ဂူတည်လျှင် ၂၀၀,၀၀၀ ကျပ်ဖြစ်သည်ဟု သိရသည်။




## မိုးကုတ်တွင် ကမ်းပါးပြို ကျောက်တူးနေသူတစ်ဦး မြေပိသေဆုံး

**မင်းဒင်**

**မန္တလေး၊ မေ- ၁၂**

မိုးကုတ်မြို့နယ်၊ ကသဲကျေးရွာအုပ်စု၊ ကျောက်လှေခါးလျှို၊ ရေနီချောင်းတွင် မြေကမ်းပါး ရုတ်တရက်ပြိုကျကာ ကျောက်ရှာဖွေနေသူသုံးဦးအနက် တစ်ဦးမှာ မြေပိသည့်ဒဏ်ရာဖြင့် သေဆုံးသွားကြောင်း စုံစမ်းသိရသည်။

အဆိုပါ လူသုံးဦးသည် မျောတိုက်ခြင်း၊ ဆန်ကာလှည့်သဲဖယ်ခြင်းများ လုပ်ကိုင်နေကြစဉ် အမြင့် ၁၅ ပေခန့်ရှိသည့် မြေကမ်းပါး ရုတ်တရက်ပြိုကျကာ တစ်ဦးပေါ်သို့ မြေများဖုံးအုပ်သွားခဲ့ခြင်းဖြစ်သည်။

ဖုံးအုပ်မြေများအား ဝိုင်းဝန်းတူးဖော်ပေးခဲ့ကြပြီး ကြပ်ပြင်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သော်လည်း ထိုသူမှာရရှိသည့်ဒဏ်ရာဖြင့်ပင် ဆေးရုံတွင် သေဆုံးသွားသည်။

သေဆုံးသူသည် မိုးကုတ်မြို့နယ် ရေဦးကြီးရပ်တွင် နေထိုင်သူဖြစ်ပြီး လီဆူးတိုင်းရင်းသားတစ်ဦးဖြစ်ကြောင်း သိရှိရသည်။

ယခုဖြစ်စဉ်နှင့်ပတ်သက်၍ ဖြစ်ရိုးဖြစ်စဉ်အတိုင်းသေဆုံးခြင်းဟုတ်/မဟုတ် စစ်ဆေးရန် ကြပ်ပြင်ရဲစခန်းတွင်သေမှုသေခင်း အမှတ်စဉ်(၄/၂၀၁၁)ဖြင့် အမှုဖွင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

## ချောင်းဦးတွင် ရင်ခြင်းဆက်အမြွှာညီအစ်မ မွေးဖွား

**စိုင်းသာအောင်**

**မန္တလေး၊ မေ- ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့ပြည်သူ့ဆေးရုံကြီး၌ မေ ၆ ရက် ည ၁၀ နာရီ ၈ မိနစ်တွင် ဦးနိုင်ဝင်း၏ ဇနီးဒေါ်အေးမြင့်သန်းက ရင်ခြင်းဆက် အမွှာညီအစ်မနှစ်ဦးအား အောင်မြင်စွာ မွေးဖွားခဲ့ကြောင်းနှင့် ၎င်းရင်ခြင်းဆက် အမြွှာညီအစ်မနှစ်ဦးကို ကျန်းမာရေးပိုမိုကောင်းမွန်စွာ စောင့်ရှောက်နိုင်ရန် မန္တလေးမြို့ ကလေးဆေးရုံကြီးသို့ မေ ၉ ရက် ညနေပိုင်းတွင် ပေးပို့ခဲ့ကြောင်း သိရသည်။

ရင်ခြင်းဆက်အမြွှာညီအစ်မနှစ်ဦးမှာ ကိုယ်အလေးချိန် ၄ ဒသမ ၄ ကီလိုဂရမ်ရှိပြီး အသည်းချင်းဆက်နေ၍ မိခင်ဖြစ်သူကို ချောင်းဦးမြို့ ပြည်သူ့ဆေးရုံကြီးတွင် ဗိုက်ခွဲကာ အောင်မြင်စွာ မွေးဖွားခဲ့ပြီး မန္တလေး ကလေးဆေးရုံကြီးသို့ ဆက်လက်ပေးပို့ခဲ့ကြောင်း ယခုအခါမိခင်ရော ရင်ခြင်းဆက်အမြွှာညီအစ်မနှစ်ဦးစလုံးပါ ကျန်းမာရေးကောင်းမွန်လျက်ရှိကြောင်း သိရသည်။

7DAY NEWS JOURNAL
Vol.10, No.9 • MAY 19, 2011

## မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံ ကုန်စည်ပြပွဲများ ပြုလုပ်မည်

**နန္ဒနွေ**

**စစ်တွေ၊ မေ - ၁၀**

မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်မှုမြှင့်တင်နိုင်ရေးအတွက် နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးပြပွဲများကို ပြုလုပ်သွားကြရန် လိုအပ်ကြောင်း ပြီးခဲ့သည့် ဧပြီလ ၂၉ ရက်တွင်ပြုလုပ်ခဲ့သည့် နယ်စပ်ကုန်သွယ်မှုမြှင့်တင်ရေးညှိနှိုင်းအစည်းအဝေးတွင် နယ်စပ်ကုန်သွယ်မှုညွှန်ကြားမှု ဦးစီးဌာနညွှန်ကြားရေးမှူးက ပြောကြားသည်။

နယ်စပ်ကုန်သွယ်ရေး မြှင့်တင်နိုင်ရန်အတွက် ပို့ကုန်အရည်အသွေးများ မြှင့်တင်ရေးဆောင်ရွက်ရန် ဈေးကွက်ပျောက်နေသည့် ကုန်ပစ္စည်းများကို ပြန်လည်ဖော်ထုတ်ပြီးတင်ပို့နိုင်ရန် ကြိုးပမ်းဆောင်ရွက်ရေး၊ အမယ်သစ်ပို့ကုန်များတင်ပို့နိုင်ရန် ကြိုးစားဆောင်ရွက်ရေး၊ တရားမဝင်တင်သွင်း၊ တင်ပို့နေကြသည့်ကုန်ပစ္စည်းများအား တရားဝင်လမ်းကြောင်းပေါ်သို့ ရောက်ရှိအောင်ဆောင်ရွက်ရေး၊ နှစ်နိုင်ငံကုန်သည်များ ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ရေးကိစ္စများကိုဆောင်ရွက်သွားကြရန်လိုအပ်ကြောင်းလည်း ၎င်းကပြောကြားသည်။

မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများကို၁၉၉၅ခုနှစ်မှစတင်ဆောင်ရွက်ခဲ့ရာ မောင်တောစခန်းနှင့် စစ်တွေစခန်းများတွင်ဆောင်ရွက်လျက်ရှိနေကြောင်းသိရသည်။ နှစ်နိုင်ငံနယ်စပ် ကုန်သွယ်မှုအမြင့်မားဆုံးနှစ်မှာ ၂၀၀၇-၀၈ ခုနှစ်ဖြစ်ပြီး ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၂၄ဒသမ ၂၉သန်းထိ ရှိခဲ့သော်လည်း ယင်းနောက်ပိုင်းတွင် ကုန်သွယ်မှုတန်ဖိုး ကျဆင်းလာကြောင်းသိရသည်။ ဧပြီလ ၂၉ ရက်တွင်ပြုလုပ်သည့်နယ်စပ်ကုန်သွယ်ရေးမြှင့်တင်မှု ညှိနှိုင်းအစည်းအဝေးတွင် တစ်ဖက်နိုင်ငံမှ ကောက်ခံနေသည့်အခွန်အခနှုန်းထားများအားလျှော့ပေါ့ရေး ညှိနှိုင်းတင်ပြသွားရန်နှင့် နှစ်နိုင်ငံကြားဘဏ်ငွေလွှဲလက်မှတ်(Bank Draft) အစား Letter of Credit ဖြင့်ဆောင်ရွက်သွားနိုင်ရေး ကိစ္စများကိုလည်း ဆွေးနွေး ခဲ့ကြောင်း သတင်းရရှိသည်။

## ဒုတိယကမ္ဘာစစ်ကျန်သဘော်ာ ဆယ်ယူစဉ် မိုးရွာ ပြန်နစ်မြုပ်

**မောင်ကံ**

**ဘူးသီးတောင်၊ မေ - ၁၀**

ဒုတိယကမ္ဘာစစ်အတွင်းကနစ်မြုပ်ခဲ့သည့် သင်္ဘောတစ်စီးကို ဘူးသီးတောင်ချောင်း၌ ဖော်ယူမှုများပြုလုပ်ခဲ့ရာ သင်္ဘောကိုယ်ထည်အားလုံးဖော်ပြီးဖြစ်သော်လည်း ယခုရက်ပိုင်းရွာသွန်းခဲ့သည့်စံချိန်တင်မိုးကြောင့် ပြန်လည်နစ်မြုပ်သွားခဲ့ရာ ဆက်လက်မဆယ်ယူတော့ကြောင်း သိရသည်။

အဆိုပါသင်္ဘောမှာ ၁၉၄၃ ခုနှစ်က နစ်မြုပ်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၀ ပြည့်နှစ် ဧပြီလ ၅ရက်တွင် သင်္ဘောမြုပ်ဖော်ယူရေးအဖွဲ့များ ၄ားရမ်းဖော်ယူခဲ့ရာ သင်္ဘောပေါ်လာချိန်တွင် ရှစ်ဆယ်ရာခိုင်နှုန်းအကောင်းအတိုင်းတွေ့ရှိခဲ့ကြောင်း သိရသည်။ သင်္ဘောအရှည်မှာ ၉၅ ပေ ရှိပြီး ဇွန်လအတွင်း အပြီးဖော်ရန် စီစဉ်ခဲ့သည်။

သင်္ဘောကို ကျပ်သိန်း ၄၀၀ နှင့် ၆၀၀အကြား ပြန်လည်ရောင်းချရန် စီစဉ်ခဲ့သော်လည်း ယခုအချိန်ထိ ပြန်လည်မဆယ်ယူနိုင်သေးဘဲ ဘူးသီးတောင်ချောင်းအတွင်း၌ ဆက်လက်နစ်မြုပ်နေဆဲဖြစ်ကြောင်း သိရသည်။

## ပြင်ဦးလွင် အိမ်ခြံမြေဈေးနှုန်း စံချိန်တင်ထပ်မံတက်



ဓာတ်ပုံ - အေးသူစံ

**နေလင်းအောင်**

**ရန်ကုန်၊ မေ - ၁၀**

ယခုနှစ်အတွင်း စံချိန်တင်ဈေးတက်ခဲ့သော ပြင်ဦးလွင်မြို့ရှိအိမ်ခြံမြေဈေးကွက်သည် လတ်တလောကာလအတွင်း ဝယ်/ထိန်းများကြောင့် ပုံမှန်နှစ်များထက် လေးဆခန့် ဈေးနှုန်းများ ဆက်လက်မြင့်တက်လျက်ရှိကြောင်း စုံစမ်းသိရသည်။

ရာသီအစဖြစ်သော ဒီဇင်ဘာမှ ဧပြီလအထိ လေးလပတ်ကာလအတွင်း မူလဝယ်ယူထားသူများက လက်ဝယ်ရှိ အိမ်ခြံမြေများအား ပြန်လည်ထုတ်ရောင်းမှုမရှိဘဲ စိတ်ကြိုက်ဝယ်လက်အားစောင့်ဆိုင်းရောင်းချမှုများကြောင့် ယခုကဲ့သို့ဈေးတက်လာရခြင်းဖြစ်ကြောင်းပြင်ဦးလွင်မြို့ပေါ်မှ ဝါရင့်အိမ်ခြံမြေအကျိုးဆောင်တစ်ဦးကပြောသည်။

"ဒီလပိုင်းတွေအတွင်းမှာပဲ တစ်ဆလောက် ဈေးတွေက ထပ်တက်လာတာ။ မြို့သစ်အစွန်တွေဘက်မှာဆို သိန်းနှစ်ရာအောက်ဆိုတဲ့မြေကွက်မရှိတော့ဘူး။ မနှစ်ကထက်စာရင် ဈေးက လေးဆကျော်လောက်ဖြစ်နေပြီဟု"ဟု ပြင်ဦးလွင်မြို့မှ အိမ်ခြံမြေအကျိုးဆောင် ဒေါ်ဝင်းမြင့်က 7Day News သို့ပြောသည်။

လက်ရှိတွင် မြို့ထဲဝန်းကျင်မှာ အရောင်းအဝယ်တန့်နေပြီး အဓိကအားဖြင့် ဝယ်/ထိန်းများကြောင့်ဖြစ်ကြောင်းသိရသည်။ ယခင်ဈေးအနည်းငယ်သက်သာသည့် မြို့စွန်ဘက်များရှိ ပေ ၄၀× ပေ ၆၀ မြေကွက်များမှာ ယခုလပိုင်းအတွင်း ဈေးနှုန်းများ ဆက်တက်လာကြောင်းသိရသည်။

"အခု အဓိကဖြစ်နေတာ ငွေရင်းထိန်းတဲ့သူတွေက အပြိုင်အဆိုင်တွေဖြစ်နေတော့ ဈေးတွေ ဒီလောက်တက်လာတာ"ဟု ဒေါ်ဝင်းမြင့်က ထပ်မံရှင်းပြသည်။

ပြင်ဦးလွင်မြို့သည် ၂၀၁၀ နှစ်ကုန်ပိုင်းတွင် ယင်းမြို့ရှိ တိုးချဲ့စီမံကိန်းများ၊ လမ်းအသစ်များ၊ ကျောင်းများကြောင့် ဈေးနှုန်းများ စွာမြင့်တက်လာခဲ့ပြီး ဈေးကွက်အလားအလာအားကြိုတင်မှန်းဆရန် မလွယ်ကူကြောင်း မြို့ခံအချို့ကဆိုသည်။

## မူးယစ်ဆေးဝါး ရောင်းဝယ်ဖြန့်ဖြူးသူတစ်ဦး ဖမ်းမိ

**စိုင်းလူမင်း**

**ပင်လည်ဘူး၊ မေ - ၁၀**

ဝန်းသိုမြို့နယ် ရဲတပ်ဖွဲ့ဝင်များက ဧပြီလ ၁၀ ရက်က ကောလင်း-ဝန်းသို-ပင်လည်ဘူးမြို့နယ်သွားရာလမ်း ၇ မိုင်တွင် ပင်လည်ဘူးမြို့နယ်၊ သက်နှီးတောကျေးရွာမှ မူးယစ်ဆေးဝါးသယ်ဆောင်လာသူတစ်ဦးကိုဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖမ်းဆီးအရေးယူနိုင်ရန်အတွက် မူးယစ်ဆေးဝါးသယ်ဆောင်ရာလမ်းကြောင်းတစ်လျှောက် သတင်းထောက်လှမ်းရယူပြီး ဧပြီလ ၁၄ရက်က ကောလင်း-ဝန်းသို-ပင်လယ်ဘူးသွားရာ ၅ မိုင် လမ်းဆုံတွင် ဒုတိယရဲအုပ်သောင်းတင်နှင့်တပ်သားအောင်ကျော်လွင်၊ ကျော်ဝင်းထိုက်၊ အောင်ခိုင်လင်းတို့အဖွဲ့၊ ပင်လည်ဘူးနယ်စပ် ၇ မိုင်တွင် နယ်ထိန်းခေါင်းဆောင် ဒုတိယရဲအုပ်ဝင်းညွန့်အောင်နှင့် တပ်သားစောအယ်ထူး၊ ဉာဏ်ထွန်းတို့အဖွဲ့အားဖြန့်ခွဲစောင့်ဆိုင်းခဲ့သည်။ ညနေ ၆ နာရီအချိန် ခန့်တွင်ကောလင်းဘက်မှ(လိုင်စင်မဲ့)125 ဒိုဂျာ လင်းဆိုင်ကယ်မောင်းနှင်လာသော စံထွေး (၄၀နှစ်)ပင်လည်ဘူးမြို့နယ်၊ သင်းနှီးတောကျေးရွာသည် ဝန်းသို-ကောလင်း - ပင်လည်ဘူး ၅ မိုင်လမ်းဆုံအရောက် ရပ်တန့်စစ်ဆေးမှုမခံဘဲ ဆိုင်ကယ်အား အတင်းမောင်းနှင်ထွက်ပြေးသဖြင့် နောက်မှ လိုက်လံဖမ်းဆီးခဲ့သည်။ စံထွေးလွယ်ထားသော အနီရောင်လွယ်အိတ်ထဲမှ ဆပ်ပြာခွက်ထဲတွင် ပလတ်စတစ်ဖြင့် ထုတ်ထားလျက် ဘိန်းဖြူဟုယူဆရသော အဖြူမှုန့်အလေးချိန် ၁၅ ဂရမ်နှင့် ငွေစက္ကူ ၁,၀၀၀ ကျပ်တန်အား လိပ်၍ သရေကွင်းဖြင့် စည်းထားလျက် ဘိန်းဖြူဟု ယူဆရသော အဖြူမှုန့်အလေးချိန် ၀ ဒသမ ၁၅ ဂရမ် ပလတ်စတစ်နှင့် ထုပ်ထားသော ဘိန်းမဲဟု ယူဆရသည့် အမဲရောင်အစေး ၄ ဂရမ်အား တွေ့ရှိသိမ်းဆည်းခဲ့သည်။

အဆိုပါအမှုကို ဝန်းသိုရဲစခန်းမှ မယ(ပ) ၃/ ၂၀၁၁၊ မူးစိတ် ၁၅/ ၁၉(က)၊(ပ)၄၀/ ၂၀၁၁ သွင်းကုန်ထုတ်ကုန် ၅(၁)အရ အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

## လားရှိုးမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးဝါးနှင့် ဘိန်းဖြူများဖမ်းမိ

**အိဖြူလွင်**

**ရန်ကုန်၊ မေ - ၁၁**

လားရှိုးမြို့နယ် ကုန်းညောင်ရွာတွင် ယခုလ ၂ ရက် နံနက်ပိုင်းက စိတ်ကြွရူးသွပ်ဆေးပြားသုံးသောင်းကျော်နှင့် ဘိန်းဖြူများကို ဖမ်းဆီးရမိခဲ့သည်ဟု မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

လားရှိုးမူးယစ်အထူးတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် သတင်းအရ ကုန်းညောင်ရွာရှိ ဒေါ်ကော့ရှောင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာမှ အိပ်ခန်းအတွင်းရှိ သံသေတ္တာအတွင်းမှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၆၀၀ ပြားနှင့် V8 စာတန်းပါ ပန်းရောင် စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀ ပြားနှင့် ဘိန်းဖြူဆပ်ပြာခွက် ၂၂ ခွက်အလေးချိန် ၃၃၀ ဂရမ်အား သိမ်းဆည်းရမိခဲ့ခြင်းဖြစ်သည်။

အိမ်ရှင်အား စစ်မေးရာမှ အဆိုပါမူးယစ်ဆေးဝါးများသည် ကုန်းညောင်ရွာနေ ဦးခေါင်ဂျုံးမှ အပ်နှံထားသော ပစ္စည်းများဖြစ်ကြောင်းသိရသဖြင့် အိမ်ရှင် ဒေါ်ကော့ရှောင်နှင့် ဦးခေါင်ဂျုံတို့နှစ်ဦးအား အရေးယူထားကြောင်း သတင်းရရှိသည်။

လားရှိုးအမှတ်(၁)ရဲစခန်းက မယ(ပ)၅၁/ ၂၀၁၁၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/ ၁၉ (က)/ ၂၁ အရ အမှုဖွင့်၍ အရေးယူဆောင်ရွက်နေကြောင်း သိရသည်။

JOB VACANCY

7Day SPORTS JOURNAL

JOB VACANCY

• Marketing Executive F (2) posts

7DAY NEWS

7DAY NEWS JOURNAL
Vol.10, No.9 • MAY 19, 2011

# ရာသီဥတုဖောက်ပြန် ဘင်္ဂလားဒေ့ရှ်သို့ ဖရဲသီးလိုသလောက် မတင်ပို့နိုင်

မောင်ကံ

**မောင်တော၊ မေ- ၁၂**

မတ်လနှင့် မေလအတွင်းက ရွာသွန်းခဲ့သည့် မိုးကြောင့် ဖရဲစိုက်ခင်းများရှိ ဖရဲသီးများ ရေဝင်ပျက်စီးခဲ့သဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ အဝယ်ရှိသလောက်မတင်ပို့နိုင်ဖြစ်ခဲ့ရကြောင်း ဖရဲသီးတင်ပို့သူတစ်ဦးက ပြောကြားသည်။

"တန် ၁၀၀ ကျော်လောက်မတင်ပို့နိုင်ဖြစ်ခဲ့ပါတယ်။ ဘင်္ဂလားဒေ့ရှ်က အဝယ်ရှိပေမယ့် ကိုယ့်ဘက်ကပစ္စည်းမရတော့ကိုယ်က ဘယ်လောက်ပဲတင်ပို့ချင်ချင် တင်ပို့မယ့်ပစ္စည်းမရှိရင်အဆင်မပြေပါဘူး။ ဒီနှစ်မောင်တောက တောင်သူတွေ ဖရဲအစိုက်နည်းခဲ့ပါတယ်။အခုတင်ပို့ခဲ့တဲ့ဖရဲသီးတွေဟာလည်း ဘူးသီးတောင်မြို့နယ်ထွက်တွေဖြစ်ပါတယ်"ဟု ပြောကြားသည်။



ဖရဲသီးမှာ ယခင်ဘင်္ဂလားဒေ့ရှ်သို့တင်ပို့ရသည့် ပို့ကုန်တစ်မျိုးဖြစ်ခဲ့သော်လည်း ဈေးကွက်ပျောက်နေသည်မှာ ကြာပြီဖြစ်ပြီး လွန်ခဲ့သည့်နှစ်မှ စတင်တင်ပို့လာနိုင်ခဲ့ခြင်းဖြစ်ကာတစ်နှစ်ထက်တစ်နှစ်ဝယ်လိုအား ကောင်းလာကြောင်းသိရသည်။

# ကြောင်ပန်းစေ့ခြောက် တရုတ်ဈေးကွက်တွင် အဝယ်လိုက်နေ

ဆန်းညွန့်

**မကွေး၊ မေ- ၁၀**

မကွေးမြို့နယ်အတွင်းမှ ကြောင်ပန်းစေ့ခြောက်များ အဝယ်ဒိုင်များကဝယ်ယူသည့်အတွက်ဈေးကွက်အတွင်း အဝယ်သွက်နေကြောင်း သိရသည်။ ကြောင်ပန်းစေ့များသည် သာမန်စိုက်ပျိုးခြင်းများထက်ကိုင်းဖြတ်၍ စိုက်ပျိုးကြကာ စီးပွားဖြစ်လုပ်ကိုင်ကြကြောင်းသိရသည်။ ကြောင်ပန်းစေ့(အစို)(တစ်ပြည်) လျှင် ၁,၀၀၀ ကျပ်ဖြစ်ပြီးအခြောက်ဖြစ်ပါက ဈေး ၁,၂၀၀ ကျပ်ရောင်းရကြောင်း ရောင်းဝယ်သူများမှသိရသည်။ မန္တလေး၊ မူဆယ် ဈေးကွက်မှရသလောက်ဝယ်ပြီး တရုတ်နိုင်ငံက တိုင်းရင်းဆေးပရဆေးကုန်ကြမ်းအဖြစ်အသုံးပြုပြီး မကွေး၊ ရေနံချောင်းမှ ခရီးသည်တင်ကားများဖြင့်တင်ပို့ကြသည်။ ပုံမှန်စိုက်ပျိုးရာတွင် အသီးဆွတ်ခူးမှုနောက်ကျပြီး ကိုင်းဖြတ်စနစ်မှာ ပိုမို၍ အသီးကို စောစော ဆွတ်ခူးနိုင်ကြောင်း သိရသည်။

# စာ(၁၅) မုံရွာမြို့တွင် SKYNET မှ ဝိုင်ဖိုင်စနစ်ဖြင့် အင်တာနက်အသုံးပြုသူ ပိုများလာ မှ

လောလောဆယ်အခမဲ့စနစ်နဲ့ အသုံးပြုနိုင်ပြီး စီးပွားရေး လုပ်ကိုင်ခွင့်ရရှိထားသူတွေဆီက တစ်ဆင့်လစဉ်ကြေးနဲ့ ဝိုင်ဖိုင်စနစ် အသုံးပြုနိုင်ပါပြီ" ဟုမုံရွာမြို့ခံကွန်ပျူတာလုပ်ငန်းရှင်ဦးအောင်ဆန်းကပြောသည်။

မုံရွာမြို့ပေါ်တွင်ဝိုင်ဖိုင်စနစ်ဖြင့် အင်တာနက်သုံးစွဲခများအား တစ်လလျှင် ကျပ်နှစ်သောင်းမှ သုံးသောင်းအထိပေးဆောင်ရပြီး စီးပွားရေးလုပ်ငန်းရှင်အချို့က အင်တာနက်ဝိုင်ဖိုင်စနစ်ဝန်ဆောင်မှုအား ADSL မြန်နှုန်းမြင့်စနစ်နှင့် Sky Net အွန်လိုင်းစနစ်များ ချိတ်ဆက်၍ ဆောင်ရွက်ပေးကြောင်း သိရှိရသည်။

"စောစောပိုင်းက မြန်နှုန်းမြင့် ADSL စနစ်နဲ့ အင်တာနက်ဝန်ဆောင်မှုတွေပေးတဲ့အခါလိုင်းကျတဲ့အချိန်တွေမှာ ဝင်ငွေလျော့နည်းလာတဲ့အတွက်Sky Netအင်တာနက်လိုင်းတွေပါ ချိတ်ဆက်ထားတဲ့အင်တာနက် ကဖေးတွေရှိလာတယ်။ အခုနောက်ပိုင်း အင်တာနက်ကဖေးတွေ ကွန်ပျူတာသင်တန်းတွေက ဝိုင်ဖိုင်စနစ်နဲ့ အင်တာနက်အသုံးပြုသူတွေတွင်ကျယ်လာတဲ့အချိန်မှာ အရင် ADSL မြန်နှုန်းမြင့်ဝိုင်ဖိုင်စနစ်အပြင် Sky Net ဝိုင်ဖိုင်စနစ်ပါချိတ်ဆက်အသုံးပြုလာကြတယ်" ဟု မုံရွာဒေသခံ အင်တာနက် ကဖေးဝန်ဆောင်မှုလုပ်ငန်းရှင် တစ်ဦးကပြောသည်။

မုံရွာမြို့တွင် ၂၀၀၃ ခုနှစ်အတွင်း အင်တာနက် လုပ်ငန်းအား အိုင်ပီစတား (ဂြိုဟ်တုဆက်သွယ်ရေးစနစ်)ဖြင့် ဆိုင်သုံးဆိုင်ဖွင့်လှစ်ထားရှိခဲ့ရာမှ ၂၀၁၀ ပြည့်နှစ်အတွင်း အင်တာနက်လုပ်ငန်း (မြန်နှုန်းမြင့်စနစ်)ဖြင့် ဆိုင်ပေါင်း ၂၁ ဆိုင် ဖွင့်လှစ်နိုင်ခဲ့သည်။ ၂၀၁၁ ခုနှစ်တွင် ဝိုင်ဖိုင်စနစ်ဖြင့် အင်တာနက်ဝန်ဆောင်မှုလုပ်ငန်းများစတင်ဆောင်ရွက်ခဲ့သည်။

မုံရွာမြို့တွင် စီးပွားရေးအလုပ်အကိုင်အခွင့်အလမ်းများပိုမိုများပြားလာသည်နှင့်အညီ မြန်နှုန်းမြင့်စနစ် ADSL ဂြိုဟ်တုဆက်သွယ်ရေးစနစ် iP Star, Sky Net (ဂြိုဟ်တုဆက်သွယ်ရေးအွန်လိုင်း)အော်တိုတယ်လီဖုန်းဖြင့် ချိတ်ဆက်အသုံးပြုနိုင်သောကြိုတင်ငွေပေးအင်တာနက် ဝန်ဆောင်မှုစနစ် Mc Will ဖုန်းမှတစ်ဆင့် အင်တာနက်စနစ်များဖြင့် အင်တာနက်အသုံးပြုသူပိုမိုများပြားလာကြောင်း သိရှိရသည်။

# သရီးဒီရုပ်ရှင်ရုံငယ် မန္တလေးတွင် စတင်ဖွင့်လှစ်

ညီညီဇော်

**မန္တလေး၊ မေ- ၁၄**

မန္တလေးမြို့တွင် ပထမဦးဆုံး သုံးဘက်မြင် 3D စနစ်ဖြင့် ပြသမည့် မီနီရုပ်ရှင်တစ်ရုံဖွင့်လှစ်လာကြောင်း သတင်းရရှိသည်။အဆိုပါရုပ်ရှင်ရုံကို Sony မှ နည်းပညာဖြင့် နိုင်ငံတကာအဆင့်မီ ဖန်တီးထားကြောင်း 3D စနစ်ကို အပြည့်အဝ ခံစားရမည်ဖြစ်ကြောင်း ၎င်းမီနီရုပ်ရှင်ရုံမှ တာဝန်ရှိသူတစ်ဦးကပြောသည်။ 3D imension ဟု အမည်ရသည့် ၎င်းမီနီရုပ်ရှင်ရုံသည်မန္တလေးမြို့ ၇၃ လမ်း၊ ၂၉×၃၀ ကြားတွင်တည်ရှိပြီး နေ့စဉ်ငါးပွဲပြသမည်ဟုသိရသည်။ မန္တလေးမြို့တွင် ပရိုဂျက်တာစနစ်ဖြင့် ပြသသောမီနီရုပ်ရှင်ရုံ ၇ ရုံခန့်ရှိပြီး 3D စနစ်ဖြင့်ပြသသော ရုပ်ရှင်ရုံမှာ ၎င်းရုံတစ်ရုံတည်းသာရှိသေးကြောင်း သိရသည်။

# အသစ်ပေါ်စ မြကျောက်သရက် ဈေးကောင်းနေ

စောရန်နိုင်

**မကွေး၊ မေ - ၁၃**

ပြည်မြို့၏ တစ်ဖက်ကမ်းရှိမှော်စာ၊ ရွှေဘုံသာဘက်မှ အများဆုံးထွက်ရှိသည့် ပြည်ပဈေးကွက်ဝင်မြကျောက်သရက်များ ယခုမေလဆန်းပိုင်းမှစ၍ ပြည်ဈေးကွက်အတွင်း အလုံးအရင်းဝင်ရောက်မှုရှိနေပြီး အညာဒေသသို့လည်း ကားလမ်း၊ ရထားလမ်းကြောင်းများဖြင့် နေ့စဉ်ပုံမှန်ဝင်ရောက်နေကြောင်း သိရသည်။


ယခုနှစ်အချိန်အခါမဟုတ် မိုးရွာမှုနှင့် လေပြင်းတိုက်ခတ်မှုများကြောင့်အသီးကြွေကျမှုရှိနေ၍ ပြီးခဲ့သည့်နှစ်နှင့်ယှဉ်လျှင်သရက်သီးအထွက်နည်းပါးကြောင်း သိရသည်။ လက်ရှိဒေသဈေးကွက်တွင် မြကျောက်၁၀ လုံးကျပ် ၄,၅၀၀ ဝန်းကျင်ဈေးပေါက်နေပြီး မြို့ပေါ်ရှိစားသောက်ဆိုင်များနှင့် ဒေသခံများက အကြိုက်တွေ့ဝယ်ယူမှုရှိနေကာဈေးကွက်တစ်ခုဖြစ်နေသည်။ မေလအလွန်တွင် နယ်စုံသရက်များ အဝင်များပြီး လက်ရှိဈေးနှုန်းထက်ကျရိပ်ပြနိုင်သည်ဟု သရက်ဈေးကွက်မှသိရသည်။ အဆိုပါဒေသထွက် သရက်မျိုးမှာ အခြားမြို့နယ် ဒေသထွက်သရက်မျိုးထက် အရည်အသွေးကောင်းမွန်သလို အချိုဓာတ်ပြည့်ဝသဖြင့် ပြည်ပတရုတ်ဈေးကွက်အပြီး ပြည်တွင်းဈေးကွက်တွင်သာ လူကြိုက်များကြောင်းသိရသည်။ သင်္ကြန်ပြီးကာလနောက်ပိုင်းတွင် မေလဆန်းပိုင်းမှစ၍ ပြည်ပကြိုက်စိန်တစ်လုံး၊ ရွှေဟင်္သာနှင့် အကြမ်း သရက်မျိုးစုံမူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးလမ်းကြောင်းမှ တစ်ဆင့်တရုတ်နိုင်ငံသို့ ၁၀ ဘီးကား၊ ၁၁ ဘီးကားကြီးများ၊ ဟိုင်းလတ်ယာဉ်များဖြင့်နေ့စဉ်ပုံမှန်တင်ပို့ဈေးကွက်ဝင်နေကြောင်းလည်းဒေသခံသရက်သီးဈေးကွက်မှသိရသည်။ လက်ရှိမေလ ၁ ရက် ၁၆ မိုင်ဂိတ်ဖြတ်သည့် စာရင်းဇယားအရစိန်တစ်လုံး ၄,၄၇၂ ဖာ၊ ရွှေဟင်္သာ ၁,၁၃၅ ဖာနှင့်အကြမ်းသီးမျိုးစုံ ၁,၀၅၆၀ ဖာမှာ မူဆယ်သို့ပို့ဆောင်နေပြီဖြစ်သည်။












# ကာတာရောက် မြန်မာအလုပ်သမားအချို့ အခက်တွေ့နေ

ကျော်သီဟ၊ အောင်သူရ

ရန်ကုန်၊ မေ - ၁၂

ကာတာနိုင်ငံရောက် မြန်မာအလုပ်သမားအများစုမှာအဆင်မပြေမှုများနှင့် ရင်ဆိုင်နေရပြီး လုပ်ငန်းခွင်မဝင်မီ အင်တာဗျူးစဉ်က လခနှင့်လက်တွေ့ရသောလခကွာခြားကာအခက်တွေ့နေရကြောင်း ကာတာနိုင်ငံရောက်မြန်မာအလုပ်သမားအချို့ကပြောသည်။



"ကျွန်တော်တို့လစာကို ကာတာငွေ(ရီယယ်) ၈၀၀ နဲ့ ၉၀၀ ရတယ်။ အမှန် ကျွန်တော်တို့လစာက ၁၈၀၀နဲ့၁၉၀၀ပါ။ သူတို့က အိမ်လခဆိုပြီးတစ်ယောက်ကို၁၀၀၀စီ နုတ်ထားတယ်။ ဒီမှာလုပ်ရတာလည်း ကျွဲ လို၊ နွားလိုရုန်းပြီးလုပ်ရတယ်။ ရတဲ့လစာက ၈၀၀ နဲ့ ၉၀၀ ဘာမှ လုပ်လို့မရဘူး။ ပြီးတော့ ဒီမှာကုန်စျေးနှုန်းကလည်းကြီးတယ်" ဟုကာတာနိုင်ငံရှိစားသောက်ဆိုင်တစ်ဆိုင်တွင် အလုပ်လုပ်နေသော မြန်မာတစ်ဦးကပြောသည်။

အဆိုပါ မြန်မာတစ်ဦး လုပ်ကိုင်နေရသောအလုပ်မှာ တရုတ်စားသောက်ဆိုင်ဟု အမည်တပ်ထားသော ဖိလစ်ပိုင်-တရုတ် စားသောက်ဆိုင်ဖြစ်သည်။ ထိုဆိုင်တွင်လုပ်ကိုင်သော ဖိလစ်ပိုင်ဝန်ထမ်းများမှာ ယင်းကဲ့သို့ ခေါင်းပုံဖြတ်မှုကို မခံနိုင်၍ ပြန်ပြေးကြသဖြင့် မြန်မာများအားစားထိုးခန့်ထားကာ ခေါင်းပုံဖြတ်နေခြင်းဖြစ်သည်။မြန်မာအများစုကိုအောက်ခြေသိမ်းအလုပ်ကိုသာ စေခိုင်းကြောင်း သိရသည်။

ထို့အပြင်နောက်ရောက်လာသော မြန်မာဝန်ထမ်းအသစ်များမှ ငွေလဲနှုန်းကိုမသိသည့်အတွက်လည်း အနိုမ်ခံကြရသည်။မြန်မာငွေစျေးနှင့် ချိန်ထိုးကြည့်ပါက ကာတာငွေ(ရီယယ်)၄၆၇မှာကျပ်တစ်သိန်းဝန်းကျင်ရှိသည်။ ယင်းစားသောက်ဆိုင်မှ အထွေထွေမန်နေဂျာမှာ ရှေ့လာမည့် လတွင် မြန်မာလုပ်သားများအား ရန်ကုန်သို့လာရောက်တွေ့ဆုံ၍ ခေါ်ယူရန်အစီအစဉ်ရှိကြောင်းလည်း သတင်းရရှိသည်။ ယင်းနိုင်ငံတွင်မြန်မာဆောက်လုပ်ရေးလုပ်သားများလည်းတွေ့ရပြီး အခြေအနေပိုဆိုးကာ နေ့စဉ် စားသောက်စရိတ်ပါ အကြွေးမှတ် စားသောက်ရသည့်အထိရှိသည်။ ပြန်ရန် စိတ်ကူးကြသော်လည်း ၂နှစ်စာချုပ်ချုပ်ထား၍ လျော်ပေးရမည်စိုး၍ မည်သူမှမပြန်ဝံ့ကြပေ။ ထို့အပြင် ဆောက်လုပ်ရေးဝန်ထမ်းများမှာ နေ့စဉ် ယင်းနိုင်ငံ၏ အပူချိန် ၄၀ ကျော် ၅၀ ဖာရင်ဟိုက်နီးပါးရှိ၍ ဆင်းရဲစွာ အလုပ်လုပ်ကိုင်ကြရသော်လည်း နေရပ်ဒေသသို့ ငွေပြန်မပို့နိုင်ကြကြောင်းသိရသည်။

အရှေ့အလယ်ပိုင်းနိုင်ငံများတွင် ကာတာနှင့် ဂျော်ဒန်နိုင်ငံများသည် အခြားသောနိုင်ငံများနှင့်မတူဘဲ မြန်မာနိုင်ငံမှ လုပ်သားများအား လုပ်ခလစာနှိမ်၍ ပေးချေလေ့ရှိကြသည်။

"ဒီနိုင်ငံတွေက မလေးရှားနဲ့ တူတယ်။ Outsourcing ရှိတယ်။ မြန်မာလုပ်သားတွေ အကြောင်းသိတယ်။ ဒါကြောင့် လစာကိုလည်း တခြားနိုင်ငံသားတွေ ထက်နှိမ်ပြီး ပေးကြတာ"ဟုပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီမှ တာဝန်ရှိသူတစ်ဦးပြောသည်။

မကြာမီက ကာတာနိုင်ငံရှိ ဟိုတယ်လုပ်ငန်းခွင်မှ ပြန်လာသူတစ်ဦးကလည်း အင်တာဗျူးစဉ်လခနှင့် အမှန်တကယ်ရသောလခမှာ ကွာခြား၍ ပင်ပင်ပန်းပန်းလုပ်ရသော်လည်း ငွေမစုနိုင်၍ ပြန်လာခဲ့ကြောင်း သူ၏အတွေ့အကြုံကိုပြောသည်။

# မုံရွာဒေသ လယ်ယာလုပ်အားခ ပြောင်းလဲမှုပိုများလာ

မျိုးမင်းဦး

မုံရွာ၊ မေ- ၁၂

မုံရွာမြို့နယ်အတွင်းလယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် ယခုနှစ်၌ လယ်ယာလုပ်သားများ၏ လုပ်အားခပြောင်းလဲမှု အများဆုံးနှစ်ဖြစ်ကြောင်းသတင်းရရှိသည်။ "ဒီနှစ်ဆန်းပိုင်း ဇန်နဝါရီလအတွင်း ဂျုံနဲ့ ကုလားပဲရိတ်သိမ်းချိန်မှာ တောင်သူလုပ်ငန်းခွင်အတွက် လူတစ်ဦး တစ်ရက်လုပ်အားခ ၁,၅၀၀ ကျပ်ရှိခဲ့တယ်။ မတ်လအတွင်းကြက်စာပြောင်းဖူးရိတ်သိမ်းချိန်မှာ တောင်သူအလုပ်သမတစ်ဦး တစ်ရက် ၁,၈၀၀ ကျပ်ဖြစ်သွားတယ်။ အခု မေလအတွင်း ပဲတီစိမ်းကောက်ချိန်မှာ တောင်သူအလုပ်သမတစ်ဦး တစ်ရက် ၂,၁၀၀ ကျပ် ပေးရတယ်။ တောင်သူလုပ်ငန်းမှာ အမျိုးသားကနည်းတယ်။ အမျိုးသားလုပ်အားခကတော့ ၂,၁၀၀ ကျပ်ဖြစ်နေတာကြာပြီ။ အမျိုးသမီးလုပ်အားခတက်တော့ သူတို့လည်း လိုက်တက်လာတာတစ်ရက် ၂,၇၀၀ ကျပ်ဖြစ်သွားပြီ။ ဒီနှစ်အတွင်း ကောက်ပဲသီးနှံပေါ် ချိန်မှာ သီးနှံစျေးတွေထိုးကျချိန်မှာ လုပ်သားခစျေးတွေက အချိန်နဲ့အမျှ တက်သွားတော့ လုပ်ငန်းရှင်တောင်သူတွေအမြတ်နည်းသွားတာပေါ့"ဟု ချင်းတွင်းမြစ်ရေဝင်ဒေသတောင်သူတစ်ဦးက ပြောသည်။

ယခင်က လယ်ယာလုပ်ငန်းခွင်တွင် မနက်တစ်ပိုင်း၊ ညနေတစ်ပိုင်းစနစ်ဖြင့် တစ်ရက်လျှင်လုပ်ငန်းနှစ်ဆိုင်းရှိခဲ့ရာမှ ယခုနှစ်တွင် မနက်၊ နေ့၊ ညနေဟူ၍ တစ်ရက်လျှင် သုံးပိုင်းစနစ်သို့ ပြောင်းလဲကျင့်သုံးလာခဲ့သည်။ "ပြီးခဲ့တဲ့နှစ်ကြက်သွန်သိမ်းချိန်မှာလုပ်အားခအဖြစ်ကြက်သွန်နီနှစ်ပိဿာပေးရတာက ဒီနှစ်သုံးပိဿာတိုးပေးရတယ်။ ကြက်သွန်ပေါ် ချိန်လုပ်အားခကြက်သွန်ပေးစနစ်ဆိုပေမယ့်ကြက်သွန်စျေးမကောင်းတော့ လုပ်သားတွေ ကြက်သွန်မယူချင်တော့ဘူး။ လုပ်အားခအဖြစ် မိန်းကလေးတစ်ဦး တစ်ရက် ၁,၂၀၀ ကျပ်နေ့စားယူချင်ကြတယ်။ ယောကျ်ားလေးတစ်ဦး ၂,၀၀၀ ကျပ်နှုန်းပေးရတယ်။ ပဲပေါ် ချိန်၊ ဂျုံပေါ် ချိန်မှာ လည်း အရင်လို ပဲပေးဂျုံပေးနဲ့ မလိုက်တော့ဘူး။ လုပ်အားခငွေပေးမှ တောင်သူလုပ်သား ငှားရတော့တယ်"ဟု မုံရွာမြို့နယ် ကျွဲရဲကျေးရွာဒေသခံတောင်သူကြီးဦးကျော်နိုင်ဝင်ကပြောသည်။ မုံရွာမြို့နယ်အတွင်း ကျေးရွာများတွင် လယ်ယာလုပ်သားအချို့သည် ပြည်တွင်းပြည်ပအလုပ်အကိုင်အခွင့်အလမ်းများလုပ်ကိုင်ခြင်းအား ၂၀၀၀ ပြည့်နှစ်နောက်ပိုင်းလုပ်ကိုင်သူပိုမိုများပြားလာပြီး လယ်ယာလုပ်သားရှားပါးမှု တစ်နှစ်ထက်တစ်နှစ်ပိုမိုကြုံတွေ့ကြရကြောင်း မုံရွာဒေသခံ တောင်သူများထံမှ သိရသည်။

## Free Classified — ဝန်ထမ်းအလိုရှိသည် — အခမဲ့ကြော်ငြာကဏ္ဍ

Site Engineer ကျား/မ -၃ ဦး
Architech ကျား/မ - ၂ ဦး
Auto -cad(2D-3D) ကျား/မ -၃ ဦး
Driver ကျား/မ - ၃ ဦး
လိပ်စာ-Rm.203, 2nd floor, Central Tower, 39th Street & Anawyahta Road, Kyautada Township, ယခင် သီဟရုပ်ရှင်ရုံ၊
**ဖုန်း- ၀၁ ၃၈၁၉၈၄၊ ၃၈၁၉၈၅**

------------------------

စိုးစံ(လင်း) အိမ်၊ ခြံ၊ မြေ အကျိုးဆောင်ကုမ္ပဏီ
အိမ်ခြံမြေ(Marketing & Sale) ကျား/မ-၁၀ ဦး
အမှတ် ၇၀၊ ပထမထပ်၊ ရန်ကုန်အင်းစိန်လမ်း၊ စံရိပ်ငြိမ်မှတ်တိုင်၊ ကမာရွတ်မြို့နယ်။
**ဖုန်း-၅၁၀၆၀၀၊ ၅၀၂၅၁၇**

------------------------

DST SLOUTIONS (IT)CO., ITD
အရောင်းဝန်ထမ်း Female -3
Accountant Female - 3
အမှတ်-၁၈-အေ၊ သာယာဝတီလမ်း၊ ဆရာစံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
**ဖုန်း - ၀၁ ၄၀၀၈၀၅၊ ၅၄၂၁၁၁**

------------------------

Zen Po Myanmar Shipping Co., Ltd.
Marketing Executive မ-၁ ဦး
အမှတ်-၅၆၊ ဒုတိယထပ်၊ အခန်း ၉၊ ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
**ဖုန်း- ၂၅၄၇၆၀၊ ၃၇၅၈၇၆**

------------------------

သင်တန်းဌာနမန်နေဂျာ ကျား/မ-၁ ဦး
လက်ထောက်သင်တန်းမှူး ကျား/မ -၁ ဦး
Web Developer ကျား/မ -၁ ဦး
ဦးမြင့်စိုး-CEO, MES
တက္ကသိုလ်များ(လှိုင်နယ်မြေ)၊ ရန်ကုန်မြို့၊ **ဖုန်း ၀၁ ၅၁၉၆၇၃-၆ (Ext-208)၊ ၀၉ ၅၁၄၁၃၂၂**

------------------------

အနိုပ်ကျွမ်းကျင်သော အမျိုးသားဝန်ထမ်း - ၅ ဦး အလိုရှိသည်။ ရန်ကုန်တွင်ဖြစ်သည်။ (နေထိုင်စားသောက်မှုငြိမ်း)
**ဖုန်း-၀၉ ၄၉၃၀၄၁၈၁၊ ၀၉ ၄၉၃၀၉၅၆၄**

------------------------

အဖွဲ့အစည်းများမှ ဆောက်ရွက်ရန်ရှိသော ကျေးရွာယင်လုံအိမ်သာနှင့် ကွန်ကရစ်ရေလှောင်ကန်များ အချိန်တိုအတွင်းအမြောက်အမြား ကျေးရွာအရောက် ထုတ်လုပ်ပေးနိုင်သည်။
**Myint Mho Tun Co., Ltd**
**Ph: 09 5410729, 09 49309564**

------------------------

Excel ဖြင့် ဆောင်ရွက်နိုင်သော စာရင်းကိုင်အမျိုးသား (၁) ဦးအလိုရှိသည်။ နယ်တွင်တာဝန်ထမ်းဆောင်ရန်။ (နေထိုင်စားသောက်မှုငြိမ်း)၊ **ဖုန်း-၀၉ ၄၉၃၀၄၁၈၁၊ ၀၉ ၄၉၃၀၉၅၆၄**

------------------------

Graphic Designer ကျား-၁ ဦး
Web Developer (Part Time) ကျား-၁ ဦး
Data Collector ကျား-၅ ဦး
Marketing Assistant ကျာ/မ- ၁၀ ဦး
Logistics Media Services Co., Ltd.
၂၉၇၊ အခန်း ၃၊ တတိယထပ်၊ မဟာဗန္ဓုလလမ်းနှင့် ဗိုလ်ကလေးစျေးလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
**ဖုန်း- ၂၄၅၈၈၇၊ ၃၉၈၀၈၁**

------------------------

**BLUE OCEAN TRAVELS & TOURS CO., LTD**
Tour Operation Manager M/F -1 Post
Tour Operation Staff M/F -2 Posts
**No.805, 8th floor, La Pyayt Wun Plaza, No.37, Alan Pya Pagoda Road, Dagon Tsp.**

------------------------

ကိုရီးယား၊ မြန်မာစကားပြောကျွမ်းကျင်၍ ယဉ်ကျေးစွာပြောဆိုဆက်ဆံနိုင်ရမည်။ အသက် ၅၀ နှစ်အောက် အမျိုးသား -၂ ဦး၊ အခန်း-၃၃၅၊တတိယထပ်၊အမှတ်-၃၃၊ Parkroyal Yangon Hotel၊ အလံပြဘုရား လမ်း၊ ဒဂုံမြို့နယ်။
**ဖုန်း- ၂၅၀၃၈၈၊ လိုင်းခွဲ-၃၃၅**

------------------------

Account မ-၂ ဦး
ရွှေပုပ္ပါးအထူးကုဆေးခန်း W1၊ ရန်ကင်းပန်းခြံအိမ်ရာ၊ ရန်ကင်း၊
**ဖုန်း-၅၅၆၃၁၆၊ ၅၅၆၀၀၁**

------------------------

Pharmacy Supervisor မ-၂ ဦး
ရွှေပုပ္ပါးအထူးကုဆေးခန်း W1၊ ရန်ကင်းပန်းခြံအိမ်ရာ၊ ရန်ကင်း၊
**ဖုန်း-၅၅၆၃၁၆၊ ၅၅၆၀၀၁**

------------------------

Professional Graphic Designer ကျား/မ -၅ ဦး
အလုပ်သင်ဝန်ထမ်း ကျား/မ -၁၀ ဦး
aroma Zulu Studio
S.5 ဦးချစ်မောင်အိမ်ယာ၊ ဦးချစ်မောင်လမ်း၊ တာမွေမြို့။

------------------------

aroma Zulu Studio
S.5 ဦးချစ်မောင်အိမ်ယာ၊ ဦးချစ်မောင်လမ်း၊ တာမွေမြို့။
Professional Hair Stylist ၃-ဦး
ခေါင်းလျှော်ကျွမ်းကျင် - ၁၀ ဦး
အလုပ်သင်ဝန်ထမ်း - ၁၀ ဦး
Cahsier ၃- ဦး

------------------------

ဂျပန်ဆရာ၊ ဆရာမ
N2, B.A (Japanese)
Diploma In Japanese) ၁- ဦး
Shinpo , **ဖုန်း-၅၀၆၀၃၀**

------------------------

ဆိုင်အကူဝန်ထမ်း ကျား-၂ ဦး ရိုးသား၍ ကြိုးစားလိုစိတ်ရှိသော ဆိုင်အကူဝန်ထမ်း အမြန်အလိုရှိသည်။ တစ်ပတ်အတွင်း လျှောက်ထားနိုင်သည်။
**ဖုန်း-၀၉ ၅၁၁၂၀၇၄၊ ၀၉ ၇၃၀၁၀၁၄၄**

------------------------

အချိန်ပိုင်း သန့်ရှင်းရေးဝန်ထမ်း မ- ၁ ဦး၊
**ဖုန်း-၅၄၁၇၈၈၂၊ ၀၉ ၇၃၁၈၇၉၀၄**

------------------------

အိမ်ခြံမြေကျွမ်းကျင် ကျား/မ -၂ ဦး၊ တိုက်-၄၄၊ ဒုတိယထပ်၊ ကမ်းနားလမ်း၊ကြည့်မြင်တိုက်(သဲကွင်းမှတ်တိုင်အနီး)၊
**ဖုန်း-၀၉ ၅၀၃၄၆၇၇၊ ၂၁၆၃၉၉**

------------------------

အိမ်၊ ခြံ၊ မြေဖုန်း (ရောင်းဝယ်ပေါင်းငှား)အတွက် ဆက်သွယ်ပါ။ သံလွင်ထူး အထွေထွေအကျိုးဆောင်၊ တိုက် ၄၄၊ ဒုတိယထပ်၊ ကမ်းနားလမ်း၊ ကြည့်မြင်တိုက်(သဲကွင်း မှတ်တိုင်အနီး)၊
**ဖုန်း-၀၉ ၅၀၃၄၆၇၇၊ ၂၁၆၃၉၉**

------------------------

အင်ဂျင်နီယာ မ-၂ ဦး
BE (Civil) သို့ ME (Civil)
ဆိုက်တာဝန်ခံ အင်ဂျင်နီယာ မ-၅ ဦး၊
**ဖုန်း- ၂၁၆၉၉၇၊ ၂၁၆၉၉၈**

------------------------

we are currently looking for IT designer for publishing and 5 sales executive in advertising, please send cu t : mmpocket168@gmail.com not later than 31 May 2011.

------------------------

Best World Lifestyle Co., Ltd တွင် တာဝန်ထမ်းဆောင်ရန် ကျား/မ - ၂၀ ဦး
အမှတ်-၉၉-၇ လွှာ၊ လမိုင်ကွန်ဒို၊ မြေနုလမ်း၊ စမ်းချောင်းမြို့နယ်။
**ဖုန်း-၅၃၂၀၈၈**

------------------------

အမျိုးသမီးအိမ်ကူ -၁ ဦး အလိုရှိသည်။ ပြည်ပတွင် ခန့်ထားရန်။ (လစာ-တစ်သိန်း)
**ဖုန်း-၀၉ ၇၃၁၅၀၄၅၈**

------------------------

Internet Helper (Female) 2- posts
Staff(Female) 2- posts
**Ph: 09 5023182**

------------------------

Channel Digital Inkjet Printing & Advertising
Marketing ကျား/မ
Counter မ
အမှတ် -၉၊ အိုးဘိုးလမ်း၊ ရွှေဘုန်းပွင့်ဘုရားလမ်းအနီး၊ ပုဇွန်တောင်မြို့နယ်၊ **ဖုန်း-၀၉-၇၃၁၆၁၂၅၃**

------------------------

ကရိန်းနှင့် ကားကြီးကျွမ်းကျင်စွာမောင်းနိုင်သူ-၇-ဦး အလိုရှိသည်။
နောက်လိုက် ၇- ဦး
**ဖုန်း-၀၉ ၅၄၀၆၈၈၀**

------------------------

Designer အလိုရှိသည်
Dear Collection မှ Designer (၂)ဦး အလိုရှိသည်။ ချုပ်၊ ညှပ်ကျွမ်းကျင်ရမည်၊ Desinger သင်တန်းကျောင်းဆင်းဖြစ်ရမည်၊ပညာရှင်အဆင့်ဖြစ်ရမည်၊ ကျွမ်းကျင်မှုအရ လစာကောင်းပေးမည်။
**ဖုန်း-၆၅၅၂၅၇၊ ၀၉ ၅၄၀၅၉၅၀**

------------------------

Microsoft Excel ကျွမ်းကျင် မ (၂)ဦး၊ Excel ကို ကျွမ်းကျင်စွာအသုံးပြုတတ်သူ၊ Pagemaker, Microsoft word ကို အသုံးပြုတတ်သူ၊ မီဒီယာလုပ်ငန်းကို စိတ်ဝင်စားသူ၊ဘွဲ့ရ၊အသက်(၂၀-၃၀) နှစ်အတွင်း၊ ကြော်ငြာပါသည့်နေ့မှ နှစ်ပတ်အတွင်း လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်သည်။
Myanmar Spa Today Far East Advertising ၊ အမှတ်(၅၉)၊ လှိုင်မြင့်မိုရ်လမ်းသွယ်(၂)၊ ကန်လမ်း၊ လှိုင်မြို့နယ်။ **ဖုန်း-၅၀၇၁၀၂**

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ် ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။ အမှန်တကယ်ဝန်ထမ်းခေါ် ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။



အသစ်
POND'S
pure white™
Unilever
သင့်မျက်နှာလေးကို အသန့်ရှင်းဆုံး၊
အစင်ကြယ်ဆုံး ဘယ်လိုဖြစ်စေမှာလဲ၊
Pond's Pure White facial foam
Pond's Pure White ...
POND'S
pure white
အစွမ်းထက်ကာဗွန်
ဆိုတာ...

Education

7DAY NEWS JOURNAL

Vol.10, No.9 • MAY 19, 2011



# နိုင်ငံတကာ ပညာရေးမူဝါဒ အပြောင်းအလဲများကို ဂရုပြုရန်လို

နေလင်းထွန်း

**မြန်မာကျောင်းသားများသွားရောက်ပညာသင်ယူနေသော ပြည်ပနိုင်ငံအချို့တွင်နိုင်ငံတကာကျောင်းသားပြည်ဝင်ခွင့်နှင့် ပညာသင်ကြားခွင့်ဆိုင်ရာ မူဝါဒအပြောင်းအလဲများဖြစ်ပေါ်လာလျက်ရှိသောကြောင့် နိုင်ငံရပ်ခြားပညာသင် အခွင့်အလမ်းရည်မှန်းထားသောကျောင်းသားများအနေဖြင့် ပိုမိုဂရုစိုက်လေ့လာပြင်ဆင်ထားရန်လိုအပ်ကြောင်း ပညာရေးလုပ်ငန်းလုပ်ကိုင်နေသူများကဆိုသည်။**

လွန်ခဲ့သောငါးနှစ်အတွင်း မြန်မာကျောင်းသားများပြည်ပနိုင်ငံများတွင်သွားရောက်ပညာသင်ယူရန် စိတ်ဝင်စားမှုမြင့်တက်ခဲ့ပြီး ကျောင်းသားအများစုသည် အလုပ်အကိုင်နှင့် ဆက်စပ်သောဘာသာရပ်များအား ရွေးချယ်တက်ရောက်ခဲ့ကြသည်။ ကျောင်းသားအများစု အလုပ်အကိုင်အခွင့်အလမ်းဦးတည်၍သွားရောက်ပညာသင်ယူလျက်ရှိသောနိုင်ငံများမှာ စင်ကာပူ၊ဗြိတိန်၊သြစတြေးလျနှင့် ဂျပန်နိုင်ငံတို့ဖြစ်ကြသည်။

အလုပ်အကိုင်အခွင့်အလမ်းခက်ခဲလာမှုနှင့်ပုဂ္ဂလိကကျောင်းများ၏အရည်အသွေးခိုင်မာမှုစိစစ်ရန် လိုအပ်ချက်ရှိနေသေးသော်လည်း မြန်မာကျောင်းသားများ၏ စိတ်ဝင်စားမှုတွင် ပညာသင်ယူရန်နှင့် အလုပ်အကိုင်ရှာဖွေရန် စင်ကာပူနိုင်ငံသည် ထိပ်ဆုံးမှရပ်တည်လျက်ရှိနေကြောင်း နိုင်ငံတကာ ပညာရေးသုံးသပ်ချက်စစ်တမ်းတစ်ခုအရ သိရသည်။

လက်ရှိစင်ကာပူနိုင်ငံသည် ပုဂ္ဂလိက ကျောင်းများအား စိစစ်မည့် Edu Trust အစီအစဉ်အရ လေးနှစ်အသိအမှတ်ပြုကျောင်း ၁၉ ကျောင်းနှင့် တစ်နှစ်အသိအမှတ်ပြုကျောင်း ၄၀ ကျောင်း ထုတ်ပြန်ကြေညာထားသည်။ ထို့အပြင် ကျောင်းအချို့အား အသိအမှတ်ပြုလက်မှတ် ဆက်လက်ထုတ်ပြန်ပေးသွားဖွယ်ရှိပြီး နိုင်ငံတကာကျောင်းသား လက်ခံခွင့် ပယ်ဖျက်ခံရသော ကျောင်းများလည်း ရှိနိုင်ကြောင်း စင်ကာပူပညာရေးကျွမ်းကျင်သူတစ်ဦးကဆိုသည်။

"စောင့်ကြည့်ရတဲ့ကျောင်းတွေလည်းရှိနေတယ်။ ဒီမှာလည်း အသိအမှတ်ပြု မခံရသေးတဲ့ ကျောင်း ၂ ကျောင်း ၃ ကျောင်း တွေ့ရပါတယ်"ဟု အထက်ပါပုဂ္ဂိုလ်ကဆိုသည်။

အရည်အသွေးနိမ့်ကျသော စင်ကာပူပုဂ္ဂလိကကျောင်း အချို့တွင်တက်ရောက်မိ၍ အခက်အခဲကြုံတွေ့ခဲ့ရသောမြန်မာ ကျောင်းသားများလည်း အများအပြားရှိနေကြောင်း စင်ကာပူပညာရေးဝန်ဆောင်မှုလုပ်ငန်းအချို့မှ သိရသည်။

"ကျောင်းသားတွေအတွက် ပြဿနာတစ်ခုကတော့ ဒီနိုင်ငံမကောင်းရင် ဘယ်နိုင်ငံသွားမလဲဆိုတာပါပဲ။ ရွေးချယ်စရာသိပ်မရှိပါဘူး။အဲဒီတော့နိုင်ငံကိုဦးစားပေးရွေးတာထက်ကိုယ့်ရဲ့ ငွေကြေးတတ်နိုင်မှုနဲ့ကိုယ်နဲ့သင့်တော်တဲ့၊ ကိုယ်စိတ်ဝင်စားတဲ့ဘာသာရပ်ပေါ်ကို အဓိကစဉ်းစားဆုံးဖြတ် ရွေးချယ်သင့်ပါတယ်"ဟု နိုင်ငံတကာပညာရေးလေ့လာနေသူတစ်ဦးက အကြံပြုသည်။

ယခုနှစ်ပိုင်းတွင် မြန်မာကျောင်းသားများ စိတ်ဝင်စားမှု သိသိသာသာမြင့်တက်ခဲ့သော ဗြိတိန်သည်ပြည်ဝင်ခွင့်မူဝါဒ၊ပညာသင်ယူခွင့်ကာလ၊ ကျောင်းတက်ရောက်ချိန်နှင့် ကျောင်းပြီးဆုံးချိန်တွင်အလုပ်လုပ်ကိုင်ခွင့်နှင့် နေထိုင်ခွင့်ဆိုင်ရာမူဝါဒများကိုတိကျသေချာစွာပြောင်းလဲထုတ်ပြန်ကြေညာလိုက်ပြီဖြစ်သည်။ပြောင်းလဲမှုများအရ ပိုမိုတင်းကျပ်သောပြည်ဝင်ခွင့်၊ ပိုမိုကုန်ကျတော့မည့်ပညာသင်စရိတ်နှင့် ကာလကြာရှည်စွာနေထိုင်ခွင့် ရပ်ဆိုင်းခြင်း တို့ကို မြန်မာအပါအဝင်နိုင်ငံတကာကျောင်းသားများ ရင်ဆိုင်ကြရတော့မည်ဖြစ်သည်။

ကျောင်းသားဗီဇာဖြင့်နေထိုင်ခွင့်အခက်အခဲများကြောင့်အလုပ်အကိုင်ရည်ရွယ်ချက်ဖြင့် ဗြိတိန်ရောက်ရှိနေကြသော မြန်မာကျောင်းသားများသည် တရားမဝင်နေထိုင်မှုနှင့် နိုင်ငံရေးခိုလှုံမှုများပြုလုပ်လာကြကြောင်း ဗြိတိန်ရောက် မြန်မာအချို့နှင့်ပညာရေးဝန်ဆောင်မှုလုပ်ငန်းအချို့မှ သိရသည်။

စာ(၂၂)သို့

ပညာရေးသတင်းတိုများ

## ရရှိသောငွေကြေးအားလှူဒါန်းမည့် မြန်မာစာရေးဆရာများ၏ စာပေဟောပြောပွဲ ကျင်းပမည်

**ရန်ကုန်၊ မေ - ၁၃**

မြန်မာစာရေးဆရာများ၏ စာပေဟောပြောပွဲကို UMFCCI အသင်းရုံးချုပ်တွင် ကျင်းပသွားမည်ဖြစ်ပြီး ဟောပြောပွဲမှ ရရှိသော ငွေကြေးများအား ပရဟိတလုပ်ငန်းများသို့ လှူဒါန်းသွားမည်ဖြစ်ကြောင်း Device ဝန်ဆောင်မှုကုမ္ပဏီမှသိရသည်။ စာရေးဆရာမ ဂျူး၊ စာရေးဆရာမောင်သာချိုတို့က ဇွန်လ ၁၉ရက်နှင့် ဆရာအော်ပီကျယ်၊ ဆရာဖေမြင့်တို့က ဩဂုတ်လ၁၄ရက်တွင် နေ့လယ် ၁နာရီမှ ညနေ ၅နာရီထိ ဟောပြောဆွေးနွေးမည်ဖြစ်သည်။ဟောပြောပွဲတစ်ခုအတွက် တစ်ဦးလျှင် ကျပ်တစ်သောင်းနှုန်းဖြင့် ပါဝင်ဆွေးနွေးလေ့လာနိုင်ကြောင်းသိရသည်။

## နည်းပညာဘာသာရပ်ဆိုင်ရာ ဆွေးနွေးပွဲပြုလုပ်မည်

**ရန်ကုန်၊မေ - ၁၃**

STIပညာရေးသည် မလေးရှားနိုင်ငံရှိ Stamford College Malaysia နှင့်ပူးပေါင်း၍ လျှပ်စစ်အင်ဂျင်နီယာ၊ စီမံခန့်ခွဲမှုနှင့် နည်းပညာ ဘာသာရပ်ဆိုင်ရာသင်တန်းများ ဖွင့်လှစ်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ ၎င်းသင်တန်းများအကြောင်း ရှင်းလင်းဟောပြောပွဲအား မေလ ၂၂ရက်၊ နေ့လယ် ၂နာရီမှ ၅နာရီထိ ကုန်သည်ကြီးများဟိုတယ်တွင် တာဝန်ရှိသူတစ်ဦးက လာရောက်ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

## ဩစတြေးလျနိုင်ငံ၏ အခြေခံပညာ စနစ်အကြောင်း ဟောပြောမည်

**ရန်ကုန်၊ မေ - ၁၃**

ဩစတြေးလျနိုင်ငံရှိ အခြေခံပညာကျောင်းများတွင် ပညာသင်ကြားခြင်းဆိုင်ရာနှင့်ဝင်ခွင့်လျှောက်ထားခြင်း ဆိုင်ရာ သိမှတ်ဖွယ်ရာများအကြောင်းကို မေလ ၂၈ရက်၊ နေ့လယ် ၂နာရီမှ ၃နာရီထိ ကုန်သည်ကြီးများဟိုတယ်တွင် ကျင်းပမည်ဖြစ်သည်။ ဩစတြေးလျနိုင်ငံ၏ အခြေခံပညာရေးစနစ်များ အကြောင်း၊ ကုန်ကျနိုင်သောစရိတ်များ၊ ကျောင်းဝင်ခွင့်အတွက် အရည်အချင်းလိုအပ်ချက်များကို ရှင်းလင်းဟောပြောမည်ဖြစ်ကြောင်း သိရသည်။

# နိုင်ငံတကာကျောင်းများမှ ကျောင်းသားများ ပုဂ္ဂလိက ဘော်ဒါဆောင်များတွင် အပ်နှံလာ

နေလင်းထွန်း

**ရန်ကုန်၊ မေ - ၉**

ပြည်တွင်းရှိ နိုင်ငံတကာ သင်တန်းကျောင်းများတွင် ပညာသင်ယူနေသော ကျောင်းသားလူငယ်အချို့သည် အစိုးရတက္ကသိုလ်၊ ကောလိပ်များ တက်ရောက်နိုင်ရန် ပုဂ္ဂလိက ဘော်ဒါဆောင်များသို့ ပြောင်းလဲအပ်နှံ၍ တက်ရောက်မှုများရှိလာကြောင်းသတင်းရရှိသည်။

အင်တာနေရှင်နယ်ကျောင်းတက်ရောက်ကြသော မြန်မာကျောင်းသားများအနေဖြင့်ကျောင်းပြီးချိန်တွင် အဆင့်မြင့်ပညာဆက်လက်သင်ကြားရန်ပြည်ပနိုင်ငံများသို့ သွားရောက်သင်ယူရလျက်ရှိကြသည်။ ပြည်ပသို့ သွားရောက်ရန် ငွေကြေးလိုအပ်ချက်ကြုံတွေ့လာသော ကျောင်းသားနှင့် ပြည်ပတက္ကသိုလ်ဝင်ခွင့်အတွက် အရည်အချင်း လိုအပ်ချက်ရှိနေသော ကျောင်းသားများ အနေဖြင့် အဆင့်မြင့်ပညာ ဆက်လက်သင်ယူရန် အခက်အခဲဖြစ်လျက်ရှိသည်။ ထိုကြောင့်ပြည်တွင်းရှိတက္ကသိုလ်၊ ကောလိပ်များ၌ တက်ရောက်ပညာသင်ယူနိုင်ရန်အတွက်ပုဂ္ဂလိကဘော်ဒါကျောင်းများတွင် ကျောင်းအပ်နှံလာခြင်းဖြစ်သည်။

"အင်တာနေရှင်နယ်ကျောင်းက ကျောင်းသားတွေ လာတာရှိတယ်။ အစိုးရကျောင်းက ကျောင်းထွက်လက်မှတ်လည်း ပါတယ်။ အတုမဟုတ်ဘူး။ အစစ်တွေပါပဲ။ ဒါပေမဲ့ တခြားဒေသက ကျောင်းထွက်လက်မှတ်တွေ ဖြစ်နေပါတယ်။ အစိုးရတက္ကသိုလ်၊ ကောလိပ်တွေမှာ တက်ချင်လို့ ပြောင်းလာကြတာပါ"ဟုပုဂ္ဂလိကကျောင်းစာရင်းဝင်ဘော်ဒါကျောင်း တည်ထောင်ထားသူတစ်ဦးက ပြောသည်။ ယခုနှစ်ပိုင်းများတွင် ငွေကြေးပြည့်စုံသော မိဘများသည် မိမိတို့ ရင်သွေးများအား နိုင်ငံတကာသင်တန်းများတွင် တက်ရောက်စေရန် စိတ်ဝင်စားမှု မြင့်တက်လာခဲ့ပြီးနောက် အင်တာနေရှင်နယ် ကျောင်းများ ဖွင့်လှစ်လာမှုလည်း များပြားလာခဲ့သည်။



သို့သော်နိုင်ငံတကာကျောင်းအများစုသည် မြန်မာဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုတို့အား လေ့ကျင့်သင်ကြားမှု အားနည်းခြင်းနှင့် သင်ကြားမှု နည်းစနစ်ကွဲပြားခြင်းတို့ကြောင့် တက္ကသိုလ်ဝင်တန်းဘာသာရပ်များ သင်ကြားရာတွင် အခက်အခဲနှင့် ကြုံတွေ့ရနိုင်ကြောင်းဘာသာရပ်သင်ဆရာများကဆိုသည်။

"မြန်မာစာတော့ တော်တော်အားနည်းပါတယ်။ အစိုးရကျောင်းက အလွတ်ကျက်မှတ်ရတဲ့ စနစ်သုံးပြီး စာမေးပွဲဖြေရတာနဲ့ အင်တာနေရှင်နယ်ကျောင်းမှာ တွေးခေါ်ပြီးဖြေရတာလည်း ကွာခြားမှုရှိနေပါတယ်" ဟု အင်တာနေရှင်နယ်ကျောင်းတွင် လုပ်ကိုင်ခဲ့ဖူးသော ဆရာတစ်ဦးက ဆိုသည်။ ပြည်တွင်းရှိအင်တာနေရှင်နယ်ကျောင်းများသည် ပြည်ပနိုင်ငံများမှ သင်ရိုးညွှန်းတမ်းများဖြင့် သင်ကြားလျက်ရှိပြီး ကျောင်းပြီးချိန်တွင် ဗြိတိသျှကောင်စီမှစစ်ဆေးနေသော IGCSE ကဲ့သို့သော ဝင်ခွင့်စာမေးပွဲဖြေဆိုပြီးမှသာ ပြည်ပတက္ကသိုလ်များတွင် တက်ရောက်နိုင်မည်ဖြစ်သည်။

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.10, No.9 • MAY 19, 2011

# ကျောင်းဖွင့်ရာသီအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ပြင်ဆင်

သီဟ

**ရန်ကုန်၊မေ – ၁၀**

လာမည့်ကျောင်းဖွင့် ရာသီတွင် ကျောင်းလက်ခံခြင်းကိစ္စများ စနစ်တကျရှိစေရေး၊စာသင်ဆောင်များ၊ စာသင်ခုံများ စနစ်တကျရှိစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ဆောင်ရွက်လျက်ရှိသည်ဟု ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

လက်ရှိတွင် ပျက်စီးသွားသည့် ကျောင်းဆောင်များအား ကျောင်းဖွင့်ချိန်အမီ အချိန်မီပြီးစီးရေးအတွက် ပြင်ဆင်ဆောင်ရွက်လျက်ရှိပြီး ကျောင်းပတ်ဝန်းကျင်ရှိ အမှိုက်သရိုက်နှင့် ရေများကိုလည်း ကျန်းမာရေးထိခိုက်မှု မရှိစေရန် အစီအမံများ လုပ်ဆောင်လျက်ရှိသည်ဟု သိရသည်။

အလားတူ ဆင်းရဲနွမ်းပါးသည့်ကလေးများပညာသင်ကြားနိုင်ရေးအတွက် ကျောင်းဖွင့်ကာလမတိုင်မီ သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးများနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများကွင်းဆင်း၍ လိုအပ်ချက်များကိုဖြည့်ဆည်းပေးရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

"စရိတ်အခက်အခဲကြောင့်ကျောင်းမနေနိုင်ရင် ကျောင်းစရိတ်ထောက်ပံ့နိုင်ဖို့၊ စာရေးကိရိယာမလုံလောက်ရင်စာရေးကိရိယာပေးဖို့၊ ကျောင်းဝတ်စုံမရှိခဲ့ရင် ကျောင်းဝတ်စုံပေးဖို့ကို အလှူရှင်များကိုရှာပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူးဦးခင်မောင်ထွန်းကပြောကြားသည်။

# MDIS တွင် ဇီဝနည်းပညာဘာသာရပ် လျှောက်ထားနိုင်

သီဟ

**ရန်ကုန်၊မေ – ၁၂**

စင်ကာပူနိုင်ငံရှိ Management Development Institute of Singapore ၌ ယခုနှစ် ဩဂုတ်လတွင် စတင်သင်ကြားမည့် B.Sc (Hons;) Bio Technology အားဘာသာရပ်အား မြန်မာနိုင်ငံမှ ကျောင်းသားများ လျှောက်ထားနိုင်ကြောင်းသိရသည်။



အဆိုပါဘာသာရပ်သည် လက်ရှိကျန်းမာရေးလောကတွင် ရင်ဆိုင်နေရသည့်အသည်းရောင်အသားဝါ ဘီ၊ အိတ်ချ်အိုင်ဗီကာကွယ်ဆေးထုတ်လုပ်မှုဖြစ်စဉ်၊ ကြက်တုပ်ကွေး ကာကွယ်ဆေး ထုတ်လုပ်မှုဖြစ်စဉ်စသည်များကို လေ့လာသင်ယူရမည်ဖြစ်ပြီး ဇီဝဗေဒ၊ ဓာတုဗေဒနှင့် အင်ဂျင်နီယာဘာသာရပ်များအား ပေါင်းစပ်ထားသည့် ဘာသာရပ်တစ်ခုဖြစ်ကြောင်းသိရသည်။

မြန်မာနိုင်ငံမှ M.B.B.S နှင့် ဆေးဝါးကျွမ်းကျင်မှုဘွဲ့ရရှိပြီးသူများ လျှောက်ထားနိုင်ပြီး အလားတူ အခြားဘာသာရပ်တစ်ခုဖြစ်သည့် M.Sc (Health Care Management) ကိုလည်း လျှောက်ထားနိုင်ကြောင်းသိရသည်။

အထက်ပါဘာသာရပ်များအကြောင်းနှင့် အလုပ်အကိုင်အခွင့်အလမ်းများအကြောင်းကို Crown Education နှင့် MDIS တို့ပူးပေါင်း၍ မေလ ၂၀ ရက်နေ့တွင် ပါ့ခ်ရွိုင်ရယ်ဟိုတယ်၌ဟောပြောပွဲပြုလုပ်မည်ဖြစ်သည်။

## စာ-၂၁၊ နိုင်ငံတကာ ပညာရေးမူဝါဒ အပြောင်းအလဲများကို ဂရုပြုရန်လို မှ

"ယူကေကတော့ အရင်က ပေးနေတဲ့အခွင့်အရေးတွေကိုပြန်ရုပ်သိမ်းလိုက်ပါပြီ။ လက်ရှိချိန်ထိတော့ သွားဖို့ပြင်နေတဲ့ကျောင်းသားတွေရှိနေပါသေးတယ်။ ဒီအတိုင်းဆက်သွားရင်တော့ယူကေကျောင်းသားဈေးကွက်ပျက်သွားဖို့ရှိပါတယ်။တခြားနိုင်ငံတွေကိုကျောင်းသားပြန့်သွားနိုင်ပါတယ်"ဟု ဆယ်နှစ်ကျော် ဗြိတိန်ပညာရေးဝန်ဆောင်မှုဆောင်ရွက်ခဲ့သူတစ်ဦးက သုံးသပ်သည်။

ငွေကြေးပြည့်စုံသော ကျောင်းသားများ သွားရောက်ရာနိုင်ငံတစ်နိုင်ငံဖြစ်သည့်ဩစတြေးလျနိုင်ငံသည်လည်း လွန်ခဲ့သည့်နှစ်မှစတင်၍ နိုင်ငံတကာကျောင်းသားများအတွက် ကျောင်းပြီးချိန်တွင် ဆက်လက်နေထိုင်အလုပ်လုပ်ကိုင်ခွင့် ဆိုင်ရာစည်းမျဉ်းအချို့အား ပြောင်းလဲထုတ်ပြန်ကြေညာခဲ့သည်။ထို့ကြောင့်ကျောင်းသားများအနေဖြင့် နေထိုင်အလုပ်လုပ်ကိုင်ခွင့်ရရှိရန် အရည်အချင်းလိုအပ်ချက်မြင့်တက်လာလျက်ရှိပြီး ကျောင်းသားများ၏လေ့လာပြင်ဆင်ထားမှုသည် အရေးကြီးလာကြောင်း ပညာရေးကျွမ်းကျင်သူများက ဆိုသည်။

"အဓိကကတော့ အစိုးရတွေက လူဦးရေကန့်သတ်ချင်နေတာပါ။ အလုပ်နဲ့နေထိုင်ခွင့်မရရင်တော့ နောက်တစ်ဘွဲ့ထပ်တက်ရမှာပေါ့။ မြန်မာနိုင်ငံကိုတော့ တစ်နေ့နေ့ပြန်လာမှာပါ"ဟု ဩစတြေးလျရောက် မြန်မာကျောင်းသားတစ်ဦးကဆိုသည်။

မြန်မာကျောင်းသားများ နိုင်ငံတကာတက္ကသိုလ်၊ ကောလိပ်များ၌ သွားရောက်ပညာသင်ယူလျက်ရှိရာ ကျောင်းပြီးဆုံးချိန်တွင် မိမိနိုင်ငံသို့ပြန်လာ၍ အလုပ်လုပ်ကိုင်ခြင်းထက် ၎င်းနိုင်ငံများတွင် နေထိုင်အလုပ်လုပ်ကိုင်ခွင့်ရရှိရန် ကြိုးပမ်းပြင်ဆင်လေ့ရှိကြောင်း၊ ပြည်ပ၌ ပညာသွားရောက်သင်ယူရန် သတင်းအချက်အလက်မေးမြန်းစုံစမ်းရာ ကျောင်းပြီးဆုံးချိန်တွင်၎င်းနိုင်ငံ၌ အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအား ဦးစားပေးမေးမြန်းလေ့ရှိကြောင်းဝါရင့်ပညာရေးအတိုင်ပင်ခံတစ်ဦးကဆိုသည်။






Technology
7 DAY NEWS JOURNAL
Vol.10, No.9 • MAY 19, 2011

# မိုက်ကရိုဆော့ဖ်က Skype ကို ကန်ဒေါ်လာ ၈ ဒသမ ၅ ဘီလီယံဖြင့် ဝယ်ယူမည်

**ဆန်ဖရန်စစ္စကို၊ မေ-၁၁**
နည်းပညာ ကုမ္ပဏီကြီး မိုက်ကရိုဆော့ဖ်သည် အင်တာနက်ဆက်သွယ်ရေး ကုမ္ပဏီတစ်ခုဖြစ်သော Skype ကို ကန်ဒေါ်လာ ၈ ဒသမ ၅ ဘီလီယံဖြင့် ဝယ်ယူတော့မည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

ကုမ္ပဏီမှ ထုတ်ပြန်သောကြေညာချက်တွင်လည်း မိုက်ကရိုဆော့ဖ်၏ အမှုဆောင်အရာရှိချုပ်စတိဗ်ဘယ်လ်မာက "Skype" ဟာ ကမ္ဘာအနှံ့က လူသန်းပေါင်းများစွာက ချစ်ကြတဲ့ ဝန်ဆောင်မှုတစ်ခုပါ။ ကျွန်တော်တို့ဟာ အတူတကွပူးပေါင်းပြီး ကမ္ဘာအနှံ့က လူတွေက သူငယ်ချင်းတွေ၊ မိသားစုတွေနဲ့ လုပ်ဖော်ကိုင်ဖက်တွေကို အချိန်နဲ့ တစ်ပြေးညီ ဆက်သွယ်နိုင်အောင် ဖန်တီးသွားမှာပါ”ဟု ပြောထားသည်။




မိုက်ကရိုဆော့ဖ်သည် Silver Lake ကုမ္ပဏီက ဦးဆောင်သော ရင်းနှီးမြှုပ်နှံမှုအဖွဲ့ထံမှ Skype ကုမ္ပဏီကို ဝယ်ယူရန်သဘောတူညီမှုရရှိပြီးနောက် စာချုပ်ကိုနှစ်ဖက်ကုမ္ပဏီများမှ ဒါရိုက်တာဘုတ်အဖွဲ့တို့က အတည်ပြုပေးရန် စောင့်ဆိုင်းလျက်ရှိသည်။

Skype ကုမ္ပဏီသည် မိုက်ကရိုဆော့ဖ်လက်ထဲရောက်ရှိသွားပါက ကုမ္ပဏီ၏ စီးပွားရေးဌာနခွဲအသစ်အဖြစ် ရပ်တည်မည်ဖြစ်ကာ Skype ၏ အမှုဆောင်အရာရှိချုပ် တိုနီဘိတ်မှာလည်း မိုက်ကရိုဆော့ဖ်၏ Skype ဌာနခွဲ၏ဥက္ကဋ္ဌ တာဝန်ယူရမည်ဖြစ်သည်။ Skype ကုမ္ပဏီကို ၂၀၀၃ တွင် တည်ထောင်ခဲ့ပြီး လူဇင်ဘော့မြို့၌ အခြေစိုက်ခဲ့သည်။ Skype ဆော့ဖ်ဝဲသည် အွန်လိုင်းအသုံးပြုသူများအား အခမဲ့ (သို့မဟုတ်) သက်သာသော နှုန်းထားဖြင့် အင်တာနက်မှ ဖုန်းခေါ်နိုင်၊ စာရိုက်ဆက်သွယ်နိုင်ပြီး ယင်းတွင် ဗီဒီယိုကွန်ဖရင့်ပြုလုပ်ခြင်း၊ မက်ဆေ့ချ်ပို့ခြင်းစသော အပိုအစိတ်အပိုင်းများလည်း ပါဝင်သည်။ — *AFP*

# မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက် လွှင့်တင်မည်

**သိမ့်သို့မ်စိုး**

**ရန်ကုန်၊ မေ- ၁၄**
မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ဗဟိုဘဏ်သမိုင်းကြောင်း အပါအဝင်ဘဏ်နှင့်ပတ်သက်သော အချက်အလက်များ ပါဝင်မည့် ဝက်ဘ်ဆိုက်ကို မကြာမီလွှင့်တင်တော့မည်ဖြစ်ကြောင်း မြန်မာနိုင်ငံတော် ဗဟိုဘဏ်(ရန်ကုန်)တာဝန်ရှိသူတစ်ဦးကပြောသည်။

“ဝက်ဘ်ဆိုက်တင်ဖို့က အကုန်တော့ လုပ်ပြီးသွားပြီး အခုနောက်ဆုံးတင်ဖို့ စာတွေပြန်စစ်နေတဲ့ အဆင့်ကိုရောက်နေပြီ” ဟု အဆိုပါဝက်ဘ်ဆိုက်အတွက် တာဝန်ယူလုပ်ဆောင်နေသူက ပြောသည်။

အဆိုပါဝက်ဘ်ဆိုက်ကို www.cbm.gov.mm ဖြင့် မကြာမီ ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း ၎င်းကပြောသည်။

၎င်းဝက်ဘ်ဆိုက်တွင် ဗဟိုဘဏ်၏ လုပ်ငန်းတာဝန်များ၊ ဗဟိုဘဏ်ဌာနခွဲရုံးခု၏ အကြောင်းများ၊ ငွေကြေးမူဝါဒများ၊ နိုင်ငံတော်ပိုင်ဘဏ်အရေအတွက် စာရင်း၊ ပုဂ္ဂလိကဘဏ်အရေအတွက်များ၊ ဗဟိုဘဏ်၏ ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများကို ထည့်သွင်းဖော်ပြထားမည်ဖြစ်ကြောင်းသိရသည်။

ထို့အတူ ယင်းဝက်ဘ်ဆိုက်တွင် ဗဟိုဘဏ်ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူအဆင့်ဆင့် ငွေတိုက်စာချုပ်နှင့်ပတ်သက်သော အချက်အလက်များ၊ ဗဟိုဘဏ်မှ အာဆီယံနှင့်ပတ်သက်သော လုပ်ဆောင်ချက်အပါအဝင် ဗဟိုဘဏ်မှထုတ်ပြန်သော သတင်းအချက်အလက်ကဏ္ဍကိုလည်း ထည့်သွင်းဖော်ပြသွားမည်ဖြစ်ကြောင်း သိရသည်။

# MCPA အသိအမှတ်ပြုစာမေးပွဲများ ကျင်းပမည်

**ယုဇနကိုကို**

**ရန်ကုန်၊ မေ- ၁၄**
မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း (MCPA) အသိအမှတ်ပြုနည်းပညာဘာသာရပ်ဆိုင်ရာစာမေးပွဲများကို လာမည့်ဇွန်လအတွင်း ကျင်းပသွားမည်ဖြစ်သည်။

ပြည်တွင်း၊ ပြည်ပအိုင်စီတီနယ်ပယ်များတွင် အသိအမှတ်ပြုကျွမ်းကျင်သူအဖြစ် ဝင်ရောက်လုပ်ကိုင်နိုင်ကြရန်အတွက် စစ်ဆေးပေးသည့်နည်းပညာ စာမေးပွဲတစ်ခုဖြစ်ကြောင်း အသင်းမှတာဝန်ရှိသူတစ်ဦးကပြောသည်။

စာမေးပွဲအမျိုးအစားများမှာ MCPA Certified Fundamental Software Engineer (FSE) နှင့် MCPA Certified Network Associate (NA) တို့ဖြစ်သည်။

MCPA စာမေးပွဲများကို ၂၀၁၁ ခုနှစ်၊ ဇွန်လ ၁၉ ရက်တွင် ကျင်းပသွားမည်ဖြစ်ပြီး ကျင်းပမည့်အချိန်မှာ နံနက် ၉ နာရီမှ နေ့လယ် ၁၂ နာရီအထိဖြစ်သည်ဟုအသင်းမှကြေညာချက်ထုတ်ပြန်ထားသည်။

အဆိုပါနည်းပညာစာမေးပွဲကိုဖြေဆိုလိုသူများအနေဖြင့် လာမည့်ဇွန်လ ၁၅ ရက်တွင် နောက်ဆုံး စာရင်းပေးသွင်းနိုင်မည်ဖြစ်ပြီး စာမေးပွဲကြေးငါးထောင်ကျပ်ကိုလည်း ပေးသွင်းရမည်ဟု သိရသည်။

နှစ်စဉ်စစ်ဆေးပေးနေသည့် MCPA အသိအမှတ်ပြုစာမေးပွဲများကိုရန်ကုန်၊မန္တလေး၊ ရောဝတီ၊ စစ်ကိုင်းတိုင်းနှင့် ရှမ်းပြည်နယ်တို့တွင် ဖြေဆိုနိုင်မည်ဖြစ်သည်။







INTERNET
journal
"ကျွန်တော်တို့ ပြောင်းလဲလိုက်တာ စာဖတ်သူတွေအတွက်ပါ"
အင်တာနက်ဂျာနယ်ရဲ့ ၂၀၁၁ အသွင်အပြင်သစ်
Electronic
Mobile
Main Journal
Tech Inside
Education




Top Country
Roll-On
Mistine




SUNLIFE
A brand that works !
တက်ကြွလန်းဆန်း
SUNLIFE Vitamin
Effervescent Tablet
MADE IN GERMANY
Authorized Distributor

7DAY NEWS JOURNAL
Vol.10, No.9 • MAY 19, 2011

# ဆေးရုံပေါ်က သုံးသောင်းတန် အတွေ့အကြုံ

နေလင်းအောင်

ဆေး ရုံတင်ရက် တနင်္လာနေ့ ဖြစ်သည့်အတွက် ရာဂဏာန်းရှိသော လူအုပ်ကြီးက စာရင်းပေးသွင်းရာကောင်တာအနီးတွင် အုံခဲနေသည်။ ၁၀ပေနီးပါးမျှ ရှည်လျားသည့် ကောင်တာစားပွဲ အစွန်းအားယင်းလူအုပ်ကြီးကဝိုင်းအုံ၍အတွင်းဘက်သို့အာရုံစူးစိုက်နေကြသည်ကို တွေ့ရသည်။ လူများလွန်းသည့်အတွက် ကောင်တာနောက်ကွယ်တွင် ရှိနေသည့် စာရေးမ နှစ်ဦးကိုပင် မမြင်ရတော့။ တစ်ယောက်တစ်ပေါက် ပြောဆိုသံများက ယင်းအနီးတွင် ညံစီ၍နေသည်။

"ဒီနားမှာ လာအုံမနေကြနဲ့လို့ ပြောနေတာ။ နားမလည်ကြဘူးလား။ ဘယ်လိုဟာတွေမှန်းကို မသိဘူး" ရုတ်တရက်ထွက်ပေါ်လာသည့် စာရေးမ၏ စိတ်ညစ်ညူးနေသောအသံက လူအုပ်ကြီးကို ထိရောက်မှုမရှိ။ ကြားနေကျစကားများဖြစ်သည့်အတွက် မမှုသည်လည်း ဖြစ်ဟန်တူသည်။

ထိုကောင်တာအနီးတစ်ဝိုက်တွင်ရှိသည့် ကုမ္ပဏီတံဆိပ်များနှင့် ခုံတန်းလျားပေါ်တွင် လူနာများက ပြည့်ကျပ်နေသည်။ ထိုမျှမက ကျဉ်းမြောင်းသော စင်္ကြံလျှောက်လမ်းပေါ်တွင် ဖျာကြမ်းခင်းလျက် ပတ်တီးအပြည့်ဖြင့် လူနာများ၊ စတီးလ်ရိုးထိုးထိုး ထောင်ထောင်နှင့် လူနာများ လဲလျောင်းနေကြသည်။ ယင်းမှာရန်ကုန်မြို့ အရေးပေါ်နှင့် ပြင်ပလူနာဌာန မြင်ကွင်းဖြစ်သည်။

စင်စစ်တွင် ထိုလူနာများအားလုံးသည်ဆေးရုံတက်ရောက်ကုသခွင့်ရရန်နှင့် ရက်ချိန်းပြသရန် နံနက် ၇ နာရီကတည်းက လာရောက်စောင့်ဆိုင်းနေခြင်းဖြစ်သည်။ အချို့က ၁၀ နာရီတွင် တာဝန်ကျဆရာဝန်နှင့်ပြသခွင့်ရသည်။ အချို့မှာ ၁၁ နာရီမှ ပြသခွင့်ရကြသည်။

နံနက် ၆ နာရီကတည်းက ထပ်ထားသည့် စာအုပ်က ၁၀ နာရီထိုးသည်အထိ နာမည်ခေါ်သံ မကြားရသေး။ ထို့ကြောင့် ကောင်တာ တာဝန်ခံဟုဆိုရမည့် စာရေးမထံ စုံစမ်းရာ "ရှင်တို့ စာအုပ်ကို ဘာမှမလုပ်ဘူးနော်။ စောင့်နေ။ မစောင့်နိုင်ရင် အတွင်းထဲမှာ သွားရှာကြည့်" ခပ်မာမာ ထွက်လာသည့်စကားလုံးတို့ကြောင့် ဘာဆက်မေးရမည်မသိ။ ခက်သည်က ညွှန်ပြသည့် အတွင်းမှာ ဆရာမ ၁၀ ဦးခန့် ရှိနေသည်။ မိမိနောက်တွင် ထပ်ထားသည့် လူနာအချို့ ဆရာဝန်နှင့်ပြနေကြပြီဖြစ်သည်။ ထပ်ထားသည့်စာအုပ်ပုံအတွင်း၌လည်း စာအုပ်ကို မတွေ့မိသေး။

သို့နှင့် ဆေးမှတ်တမ်းဌာန၊ ဆရာဝန်အခန်း၀၊ ကောင်တာစသည့်နေရာများကို အခေါက်ခေါက် အခါခါ ပြေးလွှားရှာဖွေရသည်။ မည်သည့်နေရာတွင်မှ လူနာစာအုပ်ကို မတွေ့တော့။ မေးမြန်းစုံစမ်းလွန်း၍ တာဝန်ကျ စာရေးမတို့၏ အော်ငေါက်မှုကို သာခံရသည်။

၁၁ နာရီနီးပါးရှိနေပြီဖြစ်သည့် အတွက် စာအုပ်ထပ်ရာကောင်တာတာဝန်ကျစာရေးမကို လိုက်ရှာရတော့သည်။ ဆေးရုံကြီး အရေးပေါ်ဌာနက အခန်းမှန်သမျှ စုံလုနီးပါးရှိသောအခါ ဆေးမှတ်တမ်းဌာနတွင် သတင်းစာတစ်စောင်ကိုင်ဖတ်လျက် အေးအေးလူလူ ရှိနေဟန်တူသော စာရေးမကို တွေ့ရသည်။

အဖြေက ပြသရမည့် ဆရာဝန်နှင့် Ward အား စာအုပ်တွင် မှားယွင်းရေးသားထား၍ ပယ်ထားခဲ့ခြင်းဖြစ်သည်ဟု ဆို၏။

ထိုအခါမှ နံနက်စောစောက ကောင်တာနားတွင် အုံခဲနေသော လူအုပ်ကြီးကို သတိရမိသည်။ စာအုပ်အား စောင့်မကြည့်ဘဲ နေမိသော မိမိကိုယ်တိုင်ပင် အပြစ်တင်လိုက်မိသည်။

ထိုနေ့က နေ့လယ် ၁ နာရီခန့်တွင် ဆေးရုံ၏ သက်ဆိုင်ရာ Ward ထဲတွင်ဆေးရုံတက်ရောက်ခွင့်ရသည်။

- စရိတ်မျှပေး ကျန်းမာရေး
- ချို့တဲ့သူများအတွက် စရိတ်မျှပေးစနစ်ကို ကျင့်သုံးသည်။

ထိုစာတန်းငယ်များကို ဆေးရုံတွင်း နေရာတော်တော်များများတွင် တွေ့တွေ့နေရသည်။ ဆေးရုံတင်ပြီး ဒုတိယနေ့ သွေးအမျိုးအစားစစ်ဆေးရန် ဓာတ်ခွဲခန်းသို့ သွားရသည်။ Ward ထဲမှ တာဝန်ကျဆရာဝန် ရေးပေးလိုက်သည့် လိုအပ်သည့်ပစ္စည်းများ ဝယ်ယူရန်ဖြစ်သည်။

ဓာတ်ခွဲခန်းဌာနကလည်း တစ်ခုတည်း ရှိ၍လားမသိ၊ များလိုက်သည့်လူ။ တန်းစီနေရသည့် အချိန်က နေ့လယ် ၁၂ နာရီ. .

"ကဲ ဒီမှာရှိတဲ့လူတွေ ညနေမှပြန်လာပါ။ ဓာတ်ခွဲခန်းနေ့လယ်ပိတ်ပါပြီ"ဓာတ်ခွဲခန်းအတွင်းမှစာရေးမတစ်ဦး၏ **ခပ်ကျယ်ကျယ်** အော်သံကြောင့် ခြေလှမ်းတို့ တုန့်သွားရသည်။ ယနေ့ရမှုဖြစ်မည်ဟုသော တာဝန်ကျဆရာဝန်၏ အမှာစကားကြောင့် တန်းစီပိတ်ကွယ်နေသော လူတန်းကို မည်သို့ဖြတ်ကျော်သွားသည်ကို မသိ။ ကောင်တာမှစာရေးမကို ချဉ်းကပ်ရသည်။

"မရတော့ဘူး။ ညနေမှလာ" မော့မကြည့်ဘဲ ပြောလာသော စကားအတွက် ထပ်မံတောင်းဆိုရတော့သည်။ ထိုအခါကျမှ ပွင့်လင်းသော စကားတစ်ခွန်းထွက်လာသည်။ "အဆင်ပြေအောင် လုပ်ပေးမယ်လေ။ မုန့်ဖိုးတော့ ပေးသွားပေါ့။ ခဏစောင့်နေ" မည်သို့ဆိုစေ အဆင်ပြေမည်ဟူသော စကားကြောင့် ကျေကျေနပ်နပ်ပင် စောင့်နေလိုက်သည်။ မိမိလောက် အထာမနပ်သော၊ ဆေးရုံဝန်ထမ်းနှင့် မပေါင်းတတ်သော သူအချို့ မကျေမချမ်းနှင့် ပြန်သွားကြသည်။

ယင်းဓာတ်ခွဲခန်းစာရေးမ၏ အကူအညီကြောင့်၅,၀၀၀ကျပ်ကုန်ကျမည့် ပစ္စည်းများအား ၈,၀၀၀ ကျပ်ဖြင့် ရရှိခဲ့သည်။ ဤသည်ကိုပင်စာရေးမက "ဒီမှာက ကိုယ်တာရှိတော့တာ မဟုတ်ဘူးနော်။ အဆင်ပြေအောင် ရှာပေးရတာ" ဟုဆိုသည်။ ဓာတ်ခွဲခန်းအတွက် ပေးထားသော ပစ္စည်းများကို အ



ခြားနေရာမှ ရှာပေးရသည်ဆိုသည့်အတွက် ထူးဆန်းနေသလိုပင်။ မည်သို့ဖြစ်စေ မုန့်ဖိုး ၃,၀၀၀ ပေး၍ ပြေလည်သည်ကပင် ကျေးဇူးတင်ရမည်။ ထို့နောက်ဓာတ်မှန်ခန်း၊ ဓာတ်မှန်ရွေးရန် ကျသင့်ငွေ ၂,၅၀၀ ကျပ် ရှင်းပြီးသောအခါ ဓာတ်မှန်ကူးပေးသည့် တာဝန်ကျဝန်ထမ်းကို လက်ဖက်ရည်ဘိုး ၅၀၀ ဟုဆိုသဖြင့် ပေးခဲ့ရသေးသည်။ ယင်းဓာတ်မှန်ခန်းမှ အပြန်တွင်မြင်ရ ကြားရသည်များက ဆက်တိုက်ဆိုသလိုပင် စင်္ကြံလမ်းတွင် ထိုင်နေသည့် အမျိုးသမီးကြီးကပိုက်ဆံအထပ်လိုက်ကိုင်လျက် ဘေးတွင် ကူညီဆောင်ရွက်ပေးလိုသည့် အပြာရောင်ဝတ်စုံကုဒ်နှင့် အိန္ဒိယကပြားအမျိုးသားသုံးဦးခန့်က ဝန်းရံလျက်ရှိသည်။ ထိုအထဲမှ ခေါင်းဆောင်ဖြစ်ဟန်တူသူက "ဓာတ်မှန်ခရယ်၊ အီးစီဂျီခရယ် ၁၀,၀၀၀ ပေးလိုက်"ထိုအမျိုးသမီးကလည်း ပေးသည်။ ထိုငွေကျပ် ၁၀,၀၀၀ အားယူ၍ သွက်လက်စွာ ထွက်သွားကြတော့သည်။ အမှန်တော့ ထိုနှစ်အတွက် ပုံမှန်ကျသင့်ငွေမှာ ၄,၀၀၀ ကျပ် ဝန်းကျင်သာဖြစ်သည်။

ယင်းအနီးမှပင် အီးစီဂျီအခန်းရှေ့တွင်တွေ့မြင်ရသည်ကလည်း စိတ်မသက်သာစရာပင်။ အီးစီဂျီအခန်းအတွင်းမှ တာဝန်ကျဆရာဝန်တို့ စစ်ဆေးအဖြေလွှာအား ရယူရန်အတွက် အခန်း၀တွင် အမည်ခေါ်ပေး၊ စာရွက်ကမ်းပေးသည့် စာရေးမက တစ်စောင်ကျပ် ၅၀၀ ကျပ်စီ တောင်းခံသည်။ ပေါ်ပေါ်ထင်ထင်ပဲဖြစ်ပါသည်။ ပြေစာရှင်းပြီးသော်လည်း ယင်းအမျိုးသမီးအား ၅၀၀ ကျပ်မပေးနိုင်သောလူအချို့ အော်ငေါက်ခံရသည်။ "ဒါတောင်မပါဘူးပေါ့။ နားမလည်ဘူးလား" ယင်းအခန်းအနီးတွင် ငွေ ၅၀၀ အဆင်သင့်ကိုင်ဆောင်စောင့်ဆိုင်းနေသူများကိုလည်း တွေ့ရသည်။

အာထရာဆောင်းစစ်ဆေးသည့်အခန်း၀မှနေ၍ တာဝန်ကျဆရာဝန်များ ကြားနိုင်လောက်သည့် အသံမျိုးနှင့် အကူ ဝန်ထမ်းက လူနာရှင်တစ်ဦးအားပြောနေခြင်းဖြစ်သည်။

ဖခင်အတွက် ဆေးရုံတွင် ၁၀ ရက်နီးပါးမျှနေ့စဉ်နှင့်အမျှကြုံတွေ့ရသည်မှာ အတွေ့အကြုံများစွာရရှိသည်ဟုပဲ ဆိုရမည်လားမသိ။ တကယ်တမ်းတွင်မူ ရန်ကုန်ဆေးရုံကြီးတွင် တာဝန်ကျနေသော စာရေးနှင့်အကူ(သူနာပြုမဟုတ်သော) ဝန်ထမ်းများမှာ လူနာနှင့် လူနာရှင်များအတွက် အလွန်အရေးပါလှသည်ဟုထင်သည်။ ဆေးရုံစာရင်းပေးသွင်းသည့်အချိန်မှ အစပြု၍ ပြန်လည်ဆင်းခွင့်ရသည်အထိ ၎င်းတို့၏အကူအညီနှင့် မလွတ်၊ နေ့စဉ်နှင့်အမျှ ဓာတ်ခွဲခန်း၊ သွေးဘဏ်၊ ဆေးပေး၊ ဆေးဝယ်၊ ဓာတ်မှန်၊ အာထရာဆောင်းစသည့် စစ်ဆေးမှုများအတွက် လူနာအား တွန်းလှည်းနှင့် အပို့အကြိုစသည့်ကိစ္စရပ်များသည် ၎င်းတို့မပါ၍မဖြစ်သော အခြေအနေများလည်း တွေ့နေခဲ့သည်။ သို့သော် ယင်းအကူများမှာ လစာရရှိနေသော်လည်း ယင်းလစာမှာ ၎င်းတို့၏ နေ့စဉ်ဝင်ငွေနှင့်ယှဉ်လျှင် ပြောပလောက်စရာမရှိဟုထင်သည်။

ယင်းနှင့်ပတ်သက်၍ ဆေးရုံတွင်မြင်တွေ့ခဲ့ရသည့် ဝန်ထမ်းအချို့၏ အပိုဝန်ဆောင်မှုရငွေများအား ခန့်မှန်းကြည့်မိသည်။ Ward တစ်ခုတွင် တာဝန်ကျဝန်ထမ်းတစ်ဦး၊ ၎င်းသည် ယင်း Ward တစ်ခုလုံး၏ လူနာများအတွက် ဆောင်ရွက်ပေးရသည်။ Ward တစ်ခုတွင် အနည်းဆုံး အမျိုးသားလူနာ ၂၀၊ အမျိုးသမီးလူနာ ၂၀ စီရှိသည်။ ထိုအထဲ လူနာ ၁၀ ဦးစီခန့်သည် နေ့စဉ်ပုံမှန် အထက်တွင် ဆိုခဲ့သည့် ကိစ္စရပ်များ ဆောင်ရွက်ရသည်ဆိုပါစို့။ လူနာတစ်ဦး တစ်ကြိမ်လျှင် ၅၀၀ ကျပ်နှင့် လူနာ ၁၀ ဦးအတွက် ၁၀ ကြိမ်ဆိုလျှင်ပင် သူ့ဝင်ငွေ ၅,၀၀၀ ကျပ်ရှိနေပြီဖြစ်သည်။ မြင်တွေ့ရသည်က လူနာရှင်တစ်ဦးလျှင် နေ့စဉ် ၂ ကြိမ်မျှ အနည်းဆုံး အခြားဌာနများသို့ ဝင်ထွက်ရမည်ထင်သည်။ ထိုပမာဏပင်လျှင် ဘွဲ့ရဝန်ထမ်းတစ်ဦး၊ ကုမ္ပဏီကျွမ်းကျင်ဝန်ထမ်းတစ်ဦး၏လစာနီးပါးတစ်သိန်းခွဲမျှရှိနေပြီဖြစ်သည်။

တစ်ဖန် ဓာတ်ခွဲခန်း၊ ဓာတ်မှန်ခန်း၊ အာထရာဆောင်း စသည်တို့တွင်လည်း အလားတူပင် ဆေးရုံ ၁၀ ရက်အတွင်း ယင်းနေရာများတွင် လေ့လာမိသလောက် နေ့စဉ်နှင့်အမျှ လူ ၅၀ ထက်မနည်း ဓာတ်မှန်ခန်းတွင် အပိုအဖြစ် လူတိုင်းနီးပါး ၅၀၀ ကျပ်စီပေးရသည်။ မပေးဘဲ အဓွန့်တက်သူများ ဝန်ထမ်းများနှင့် အဆင်မပြေဖြစ်သည်။ တစ်ဦး ၅၀၀ကျပ်၊ ဦးရေ၅၀ ဆိုလျှင် ၎င်းဓာတ်မှန်ခန်းတာဝန်ခံ၏ ဝင်ငွေမှာ ကျပ်နှစ်သောင်းခွဲပင်။ ၅၀ မရှိနှင့် ၂၀ ဦးဆိုလျှင်ပင် နေ့စဉ် ဝင်ငွေ ၁၀,၀၀၀ ကျပ်၊ တစ်လလျှင် သုံးသိန်းကျပ်၊ အလားတူ အခြားသော ဆက်ဆံရေးဌာနတိုင်းတွင် လူနာ၊ လူနာရှင်နှင့်တိုက်ရိုက်ဆက်ဆံခွင့်ရရှိသည့်အကူဝန်ထမ်းများ၏အရေးပါမှုမှာ အလွန်ကြီးမားလျက်ရှိသည်။

"တစ်ခုခုဆိုရင် သူတို့ပဲရှိတာလေ။ ကိုယ်တွေကလည်း လည်ဝယ်ဝယ်လည်း မရှိတော့ တစ်ခုခုဆို သူတို့နောက်လိုက်၊ တောင်းသလောက်ပေးရတာပဲ" ယင်းစကားကိုဆိုသူက ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် အစာအိမ်ရောဂါဖြင့် တက်ရောက်ကုသခဲ့သော ရောဝတီတိုင်းဒေသကြီး မှ လူနာတစ်ဦးဖြစ်သည်။

ဆေးရုံကြီးရှိ အထွေထွေဝန်ထမ်းတစ်ဦး၏ အဆိုအရ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် အောက်ခြေဝန်ထမ်း ၄၀၀ ဝန်းကျင်ခန့်ရှိပြီး၊ ပုံမှန်လစာမှာ၄၀,၀၀၀ကျပ်ရရှိသည်ဟု စုံစမ်းသိရှိရသည်။

အထက်တွင် ဖော်ပြခဲ့သည့် ဝန်ထမ်းများ၏ ဝင်ငွေအား တွက်ချက်ကြည့်ချင်းမှာ ၎င်းတို့၏ ဝင်ငွေနှုန်းအား အဓိကထားပြောလိုခြင်းမဟုတ် ယင်း၏ နောက်ဆက်တွဲအချက်များကလည်း ရှိသေးသည်။ ပထမအချက်မှာ နေရာတိုင်းနီးပါးတွင် လူနာရှင်ထံမှ ကူညီကြေးရယူလိုမှုများပြားလာခြင်းကြောင့် လူနာနှင့်ဝန်ထမ်းဆက်ဆံရေး မပြေလည်မှုများ၊ လူနာရှင်ဘက်မှမလိုအပ်သည့်အပိုကုန်ကျငွေများများပြားလာခြင်းဖြစ်သည်။

ယင်းနှင့်ပတ်သက်၍ သဃ်န်းကျွန်း ပြည်သူ့ဆေးရုံကြီးတွင် အလုပ်သင် ဆရာဝန်အဖြစ် ဆောင်ရွက်လျက်ရှိသူတစ်ဦးက "တကယ်တမ်းပြောရင် သူတို့က ဆရာဝန်တွေထက်ကို ဆေးရုံမှာ ဝင်ငွေပိုရတယ်။ နောက် လူနာတွေနဲ့ တိုက်ရိုက်ဆက်ဆံရတော့ နောက်ပိုင်းမှာ အာဏာပြချင်တာလေးတွေလည်း ဖြစ်လာတာပေါ့" ဟု ၎င်း၏အမြင်ကို ပြောသည်။

အမှန်တကယ်တွင်လည်း ဆေးရုံများတွင် ဆေးရုံလုံခြုံရေး၊ ဓာတ်လှေကားမောင်းဝန်ထမ်း၊ အကူနှင့် စာရေးများသည် အတော်အတန် အာဏာရှိလာသည်ကို ကြုံတွေ့ခဲ့ရသည်။

"ဆေးရုံတက်တဲ့တစ်လျှောက်လုံးဆရာဝန်တွေထက် သူတို့ကို ပိုပြီးကြောက်ရတယ်။ ဆရာဝန်တွေ အော်တာ၊ ငေါက်တာက မရှိတော့ဘူး" ဟု ဆေးရုံတက်ရောက်နေသူတစ်ဦးက ယင်းအချက်ကို ထောက်ခံပြောဆိုသည်။

ဒုတိယအချက်အနေဖြင့်မူ အထက်တွင်ဆိုခဲ့သည့် အောက်ခြေဝန်ထမ်းဝင်ငွေကိစ္စသည်တစ်ဖက်က ဆေးရုံအနေဖြင့် ပြန်ကြည့်မည်ဆိုပါက ယိုပေါက်များဟု ဆိုရမည်လားမသိ။ အဘယ်ကြောင့်ဆိုသော် ယင်းဝန်ထမ်းများသို့ ပေးရသည့်ငွေကြေးသည် ဆေးရုံ၏ တရားဝင် ဝင်ငွေအဖြစ် ပြောင်းလဲနိုင်မည်ဆိုပါက ပို၍ သင့်တော်မည်ဟု ထင်မိသည်။ ထိုသို့ဆိုလျှင် ကျန်းမာရေးအတွက် အသုံးစရိတ်တိုးလာနိုင်စရာ ရှိသည်။ မိမိကိုယ်တိုင်ပင်လျှင် ဆေးရုံတက်သည့် ၁၀ ရက်အတွင်း ဆေးဖိုးဝါးခ၊ ကုသစရိတ်မပါဘဲနှင့် အပိုပေးငွေ ပြန်လည်တွက်ကြည့်ရာ ဆေးရုံလှည်းတွန်းသမားခ၊ အကူခ၊ ဓာတ်ခွဲခန်းဝန်ထမ်းခစသည် စသည်တို့ ပေါင်းကြည့်သောအခါ ကျပ်သုံးသောင်းခန့်ရှိခဲ့သည်ကို အံ့ဩဖွယ်ရာတွေ့ရသည်။

ထိုစာရင်းအား မှတ်မှတ်ရရ သိမ်းထားလိုက်မိသည်။ ။

**စာရေးသူတစ်ဦးအနေဖြင့် ညကြီးမိုးချုပ် မိမိရေးလိုက်သောစာကို မနက်လင်းသည်နှင့် လူအများက စိတ်ဝင်တစားဖတ်ရှုနေကြပြီး လူထုကြား၌ ထင်မြင်ယူဆချက်အမျိုးမျိုး ပေးလျက်ရှိသည်ဆိုပါစို့၊ ထိုစာရေးသူ၌ ခံစားရသော ပီတိသောမနမျိုးမှာ ဖော်ပြနိုင်စွမ်းမရှိသော၊ မည်သို့သောအရာနှင့်မှ မလဲနိုင်သော အရသာထူးဖြစ်ပေသည်။ ထိုသို့သောအရသာမျိုးကို သတင်းစာသမားများသာ ခံစားရလေ့ရှိပါသည်။ ထို့ကြောင့်လည်း သတင်းစာလောကသို့ဝင်ပြီး သတင်းနတ်ပူးခံရသူတိုင်းနှင့် သတင်းစာဆောင်းပါးရှင်များသည်ပြင်ပ၌ လက်ရှိဘဝထက် သာလွန်ကောင်းမွန်သော အခွင့်ထူးများကိုရရှိနိုင်သော်လည်း သတင်းစာအလုပ်ကို တော်တော်နှင့်မစွန့်ပစ်နိုင်ကြဘဲ ကျားကုတ်ကျားခဲ မြဲမြံလုပ်ကိုင်နေကြခြင်းဖြစ်သည်။ ဤသည်ကို သတင်းသမားတိုင်း နားလည်နိုင်ပေသည်။**



မိုးကြိုး



လေပွေ၊ ချိန်ခွင်၊ နှင်းဆီ၊ မျက်လုံး၊ ဒေဝါ



ဇဝနောစကီး



ဘုန်းကြီးကျောင်းသား မောင်သုမန



သာဂဒိုး

# သတင်းစာတစ်ခေတ်က ပင်တိုင်ဆောင်းပါးရှင် ကဏ္ဍ

ချမ်းငြိမ်း

အထူးသဖြင့် ထိုသို့သော ခံစားမှုမျိုးကို သတင်းစာတစ်စောင်၏ ပင်တိုင်ဆောင်းပါးရှင် (Regular Columnist) များသည် အများဆုံးအပြည့်အဝခံစားရလေ့ရှိပါသည်။ ထိုသူတို့မှာ သတင်းစာအလုပ်ကိုတော်ရုံနှင့် မစွန့်လွှတ်နိုင်ဘဲ ကျန်းမာရေး(သို့မဟုတ်) အခြားအကြောင်းတစ်မျိုးမျိုးကြောင့် မလွှဲရှောင်သာ၍ ကလောင်နားခဲ့ရပါ၏။ သတင်းစာဖတ်ပြည်သူတို့မှာ ထိုကလောင်ကို နှမျောတသကြရသည်။ သတင်းစာဖတ်လေတိုင်းတစ်ခုခုလိုနေသလို ခံစားကြရသည်။ ဤသည်မှာ သြဇာကြီးသော ပင်တိုင်ဆောင်းပါးရှင်တစ်ဦးနှင့် လူထုကြားက ပေါင်းကူးဆက်သွယ်မှုပင်တည်း။

ယနေ့အချိန်သည် စာနယ်ဇင်းပွင့်လင်းမှု အထိုက်အလျောက်ရှိလာသည်နှင့်အမျှ စာနယ်ဇင်းလောကအတွင်း နေ့စဉ်ထုတ်ပုဂ္ဂလိကသတင်းစာထုတ်ဝေခွင့် ရရှိရေး မျှော်လင့်ချက်ရောင်ခြည်လေးသန်းလာဆဲကာလဖြစ်သည်။ အထူးသဖြင့် အပတ်စဉ်ထုတ် သတင်းဂျာနယ်များ သတင်းစာထုတ်ခွင့်မျှော်ကြသည်။ အချို့ပြင်ဆင်နေကြပြီ။ သတင်းစာထုတ်ခွင့်ရပါက မည်သို့မည်ပုံလုပ်ကိုင်ကြမည်ကို တွေးတောကြံဆနေကြသည်။ ယင်းသို့သောကာလ၌ သတင်းစာတစ်စောင်တွင် ခေါင်းကြီးပိုင်း (Editorial or Leader Article) ပြီးပါက လူစိတ်ဝင်စားမှုနှင့် သြဇာသက်ရောက်မှုအရှိဆုံးပင်တိုင်ဆောင်းပါးရှင်ကဏ္ဍအား တစ်ခေတ်တစ်ခါက ပင်တိုင်ဆောင်းပါးရှင်တို့ မည်သို့မည်ပုံ ရေးခဲ့ကြသည်ကို လက်လှမ်းမီသမျှ ဖော်ပြသွားပါမည်။

## သတင်းစာခေတ်ဦးနှင့် ကိုလိုနီခေတ်

သတင်းစာခေတ်ဦးက ပုဂ္ဂလိကမြန်မာ့အလင်းနှင့် သူရိယသတင်းစာကြီးတို့သည် မြန်မာပြည်သူတို့အတွက် သြဇာကြီးမားသော သတင်းစာကြီးများဖြစ်ခဲ့သည်။ ပုဂ္ဂလိကမြန်မာ့အလင်းသတင်းစာတွင် တောသားရဲဆွဲထုတ်၊ စကားတောင်စား၊ ဟစ်တိုင်အခန်း၊ ချီပါသားနှင့် ပခန်းသား ဆွေးနွေးခဏ်း၊ မောင်းသတင်း၊ ဦးလေပွေကဏ္ဍတို့သည် သတင်းစာဖတ်ပြည်သူတို့အလွန်နှစ်ခြိုက်ခဲ့သောပင်တိုင်ဆောင်းပါးကဏ္ဍများဖြစ်ကြပြီး သူရိယသတင်းစာတွင်မူနတ်ကြီးသုံးပါး ဆွေးနွေးခဏ်း၊ ကြွက်စုတ်ကြီး၏ သတင်းစကားခဏ်း၊ မြို့သား၏ အထင်နှင့်အမြင်တို့သည် ထင်ရှားသော ပင်တိုင်ဆောင်းပါးများဖြစ်ခဲ့သည်။ အထူးသဖြင့် ရန်ကုန်မြို့နေ ပြည်သူများ မပြတ်စောင့်ဖတ်ခဲ့သည်မှာ **ကြွက်စုတ်ကြီး၏ သတင်းစကား**ဖြစ်သည်။ ယင်းဆောင်းပါးများတွင် ရန်ကုန်မြို့၌ နေ့စဉ်ကြုံတွေ့နေရသောပြည်သူတို့၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးအခက်အခဲများကို တစ်ဆင့်ပြန်လည်တင်ပြသည်ဖြစ်၍ လူအများနှစ်ခြိုက်မှုကို ခံခဲ့ရသည်။ ကြွက်စုတ်ကြီးသည် သူရိယတိုက်ပိုင်ကလောင်ဖြစ်ပြီး သူရိယအယ်ဒီတာများဖြစ်ခဲ့သော ဦးဘသန်း (အင်ဒီပင်းဒန့်ဒေါ်စန်း၏ ခင်ပွန်း)၊ ဦးဘကလေး၊ ဦးသိမ်းမောင်နှင့် နောင်တွင် ဦးထွန်းဖေ(ထွန်းနေ့စဉ်)တို့က အလှည့်ကျ ဝင်ရောက်ရေးသားခဲ့သည်။ သူရိယသတင်းစာတိုက်တည်ထောင်သူ ဦးဘဘေ(ဘကြီးဘဘေ)က သူရိယသတင်းစာ၌ **နတ်ကြီးသုံးပါး ဆွေးနွေးခဏ်း** ကို တစ်ဦးတည်း ပင်တိုင်ရေးခဲ့သည်။

စစ်မဖြစ်မီက အခြားထင်ရှားသော ပင်တိုင်ဆောင်းပါးရှင်တစ်ဦးမှာ ဦးအောင်မြင်(မြို့မမောင်)ဖြစ်လေသည်။ ဦးအောင်မြင်၏ ဆယ်သန်းသတင်းစာမှ ပင်တိုင်ဆောင်းပါးများသည် မြန်မာပြည်သူတို့ကြုံတွေ့နေရသော အခက်အခဲ အထူးသဖြင့် တောင်သူလယ်သမားတို့၏အခက်အခဲကို အထူးပြုရေးသားခဲ့ရာ ရန်ကုန်မြို့သာမက တစ်နိုင်ငံလုံးက စောင့်ဖတ်ခဲ့ရသော ဆောင်းပါးများဖြစ်ခဲ့သည်။

မြန်မာ့နိုင်ငံရေး စပ်ကူးမပ်ကူးကာလဖြစ်သော ဂျပန်ခေတ်နှင့် စစ်အုပ်ချုပ်ရေးများခေတ်တွင် အထူးထင်ရှားခဲ့သူမှာ ဆရာဇဝနဖြစ်သည်။ ဆရာဇဝနသည်ဂျာနယ်ကျော်၌ **ဦးလေးပြောမယ်** ကဏ္ဍဖြင့် ပင်တိုင်ရေးခဲ့ပြီးမြန်မာ့အလင်း၌**ပြောစမ်းပါရစေ** နှင့် ဗမာ့ခေတ်မှ **မြို့လုံးပတ်လည်** ပင်တိုင်ဆောင်းပါးတို့မှာ အလွန်လက်သံပြောင်လှသည်ဖြစ်၍ အုပ်ချုပ်သူအစိုးရကပင် အမြဲတစေစောင့်ဖတ်ကာ သတိထားခဲ့ရသည်။ ဆရာဇဝန**(ဇဝနောစကီး)**သည် ဂျပန်ခေတ် အုပ်ချုပ်ရေးတွင် မည်သို့မည်ပုံ ဟာကွက်ရှိပုံ၊ စစ်တွင်းကာလဖြစ်၍ ပြည်သူများ စားဝတ်နေရေးဆင်းရဲပုံ၊ ရောဂါဘယထူထပ်ပုံ၊ မြို့ရွာမသန့်ရှင်းရသည့်အကြောင်းတို့ကို စဉ်ဆက်မပြတ်ထောက်ရှု၍ ပြောစမ်းပါရစေနှင့် မြို့လုံးပတ်လည်ကဏ္ဍ၌ ပင်တိုင် ရေးခဲ့သည်။

## စစ်အပြီးနှင့် ဖဆပလခေတ်

ဒုတိယကမ္ဘာစစ်ကြီး ပြီးသောအခါ စာနယ်ဇင်းများ တရစပ်ပေါ်ထွက်လာပြီး စစ်အတွင်းက ငတ်မွတ်ခဲ့သမျှ စာများကို ပင်တိုင်ရေးသူနှင့်ပြည်သူများကြား အတိုးချ ပေါင်းကူးခဲ့ကြသည်။ ဤသို့ဖြင့် သတင်းစာတစ်ခေတ်လည်း ထွန်းသစ်လာပါသည်။ လွတ်လပ်ရေးရပြီး မြန်မာနိုင်ငံတွင် ပုဂ္ဂလိကသတင်းစာမြောက်မြားစွာပေါ်ထွက်လာရာယင်းတို့အနက်မြန်မာ့အလင်း၊ အိုးဝေ၊ ဟစ်တိုင်၊ ရန်ကုန်၊ မဏ္ဍိုင်၊ လူထု၊ ဗမာ့ခေတ်သတင်းစာများသည် လူဖတ်အများဆုံး သတင်းစာများဖြစ်ခဲ့သည်။ သတင်းစာများမှာ သူ့ပရိသတ်နှင့် သူဖြစ်၍ သတင်းစာဆရာတို့သည် မိမိသတင်းစာလူဖတ်များအောင် သတင်းရေးသားမှု၊ သတင်းတင်ဆက်ပုံ၊ သတင်း ခေါင်းဆန်းသစ်ကြရုံမျှမက သတင်းစာတစ်စောင်၌ ဆောင်းပါးကောင်း ပါရှိရေးအတွက် အပြိုင်အဆိုင်ကြိုးပမ်းလာကြသည်။ စစ်ပြီးခေတ်တွင် အထင်ရှားဆုံး ပင်တိုင်ဆောင်းပါးရှင်နှစ်ဦးမှာ **မိုးကြိုး**နှင့် **ဘုန်းကြီးကျောင်းသား မောင်သုမန**ဖြစ်ပါသည်။ မိုးကြိုး၏ **စကားမစပ်** ဆောင်းပါးများသည် ဗမာ့ခေတ်သတင်းစာ၌ ပင်တိုင်ပါဝင်ခဲ့ပြီး မိုးကြိုးရေးသားသောနိုင်ငံရေး ဆောင်းပါးများသည် အထူးနာမည်ကြီးခဲ့သည်။ မိုးကြိုးမှာဗမာ့ခေတ်ဦးအုန်းခင်၏ကလောင်ဖြစ်ပြီး "ကျော်ငြိမ်းငဲ့ညီ မင်းငယ်ပါ သေးတယ် ဟဲ. . ဟဲ. . ဟဲ" ဆောင်းပါးများသည် သတင်းစာဖတ်သူများသာမက ကာယကံရှင်များပါ အထူးဂရုစိုက် ဖတ်ခဲ့ရသော ဆောင်းပါးများဖြစ်ခဲ့သည်။ ဘုန်းကြီးကျောင်းသား မောင်သုမန အမည်ခံ အိုးဝေဦးညိုမြကလည်း ၎င်း၏ အိုးဝေသတင်းစာမှ **သည်မိုးသည်မြေ** ဆောင်းပါးများကို ပင်တိုင်ရေးလေသည်။ ထင်ရှားသည့်အခြားပင်တိုင်ဆောင်းပါးရှင်တစ်ဦးမှာ **ဂျိုကာ** ဖြစ်သည်။ ဂျိုကာသည် ပြည်မြို့သား စာရေးဆရာကြီးဦးညာဏ၏ ကလောင်ဖြစ်ပြီး ထိုခေတ်ထိုအခါက မြန်မာ့အလင်း ပုဂ္ဂလိကသတင်းစာ၌ **နိုင်ငံရေးဇာတ်ခုံ** အမည်ဖြင့်ရေးခဲ့သော ပင်တိုင်ဆောင်းပါးများသည် သြဇာအတော်ကြီးလေသည်။ နေ့စဉ်ထုတ်သတင်းစာမြောက်မြားစွာထွက်ရှိနေသည့်ကြားထဲ လူသိနည်းသော ပင်တိုင်ဆောင်းပါးရှင်တစ်ဦးမှာ ဦးသန်းတင်(ရှုဝံ) ဖြစ်ပါသည်။ မြန်မာ့အလင်း အယ်ဒီတာဟောင်းလည်းဖြစ်သော ဦးသန်းတင်သည် ပင်တိုင်ဆောင်းပါးရှင်တိုင်း လုပ်နိုင်ခဲသော အလုပ်ကို တစ်ဦးတည်း ဒိုင်ခံလုပ်လေသည်။ ယင်းမှာ ကလောင်အမည်အမျိုးမျိုးဖြင့် သတင်းစာမျိုးစုံ၌ ပင်တိုင်ဆောင်းပါးများ မပြတ်ရေးခြင်းဖြစ်သည်။ ထိုကာလ၌ ဦးသန်းတင်သည် ဗမာ့ခေတ်၌ **လေပွေ၊ ချိန်ခွင်** ကလောင်များဖြင့် ပင်တိုင်ရေးပြီး အခြားသော သတင်းစာများ၌ **နှင်းဆီ၊ မျက်လုံး၊ ဒေဝါ** အမည်ခံဖြင့် အံ့သြဖွယ်ရာဖြန့်ကြက်ရေးခဲ့သည်။ အရေးကောင်းသောလေပွေကြောင့်လည်း ၁၉၅၄ ခုနှစ်တွင် ဖဆပလအစိုးရ၏ ထိန်းသိမ်းခြင်းကိုခံရပြီး ပြန်လွတ်လာသော အချိန်တွင်လည်း ချိန်ခွင်ကလောင်ဖြင့် ရေးသားသော **မမှန်လျှင် လျှာထုတ်ပြမည်** ဆောင်းပါးများသည် ဗမာ့ခေတ်၌ အထူးထင်ရှားခဲ့သည်။ ချိန်ခွင်တစ်ခုပုံရေးဆွဲထားပြီး အလေးချိန်ကြောင့် လျှာထွက်နေသည့် ရုပ်ပြောင်ဖြင့် ယင်းဆောင်းပါးများသည် လူထုကြား၌ လှုပ်ခတ်ခဲ့သော ပင်တိုင်ဆောင်းပါးကဏ္ဍ ဖြစ်ခဲ့သည်။

ဝန်ကြီးအဖြစ်မှနုတ်ထွက်ခဲ့သောဦးထွန်းဖေသည် ထွန်းနေ့စဉ်သတင်းစာအားတည်ထောင်၍ **မောင်** ကလောင်အမည်ဖြင့်ပင်တိုင်ဆောင်းပါးများရေးခဲ့သလို လူဖတ်များသော ရန်ကုန်သတင်းစာ၌ အထင်ရှားဆုံးကလောင်ရှင်မှာ **ရန်ကုန်မောင်၊ စပ်စုမောင်၊ စပ်ဖြဲမောင်** ဖြစ်ပါသည်။ ဗိုလ်ချုပ်အောင်ဆန်း မကွယ်လွန်မီက ဗိုလ်ချုပ်အောင်ဆန်း၏ ဓာတ်ပုံများဖြင့် အမြဲတမ်း ဝေဝေဆာဆာ ပါတတ်သော ရန်ကုန်သတင်းစာကိုထိုစဉ်က သတင်းစာဖတ်ပြည်သူများက ဗိုလ်ချုပ်သတင်းစာဟူ၍ပင် ကင်ပွန်းတပ်ခဲ့ကြသည်။ မြန်မာ့လွတ်လပ်ရေးအတွက်ဗိုလ်ချုပ်အောင်ဆန်းအား ကြိုးမာန်တက်ဆောင်ရွက်နေစဉ်အတွင်း ဗိုလ်ချုပ်သွားလေရာ တကောက်ကောက်လိုက်ပါ၍ဖော်ပြခဲ့သော သတင်းဓာတ်ပုံများမှာ ထိုကာလတွင် ရန်ကုန်သတင်းစာ၌ အများဆုံးပါရှိခဲ့သည်။ ရန်ကုန်သတင်းစာ လူဖတ်များသလို အမြဲစောင့်ဖတ်လေ့ရှိရသော စပ်စုမောင်၊ စပ်ဖြဲမောင်သည် စစ်မတိုင်မီ ထင်ရှားခဲ့သော ဆယ်သန်း သတင်းစာကြီး၏ ဖန်တီးရှင် မြို့မမောင်(ဦးအောင်မြင်)ဖြစ်ပါသည်။ ရန်ကုန်မြို့ထုတ် သတင်းစာများ နည်းတူ အထက်မြန်မာပြည်၌ထုတ်ဝေသောလူထု သတင်းစာတွင်လည်း လူထုဦးလှ၏ **သောင်းပြောင်းထွေလာ ရေးချင်ရာရာ**နှင့်လူထုဒေါ်အမာ၏ **လှုပ်ရှားနေသောကမ္ဘာ** နိုင်ငံတကာရေးရာ ဆောင်းပါးများသည် ပြောစမှတ်ပြုဖွယ် ပင်တိုင်ဆောင်းပါးများဖြစ်ခဲ့သည်။

## မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီခေတ်

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ပါတီခေတ်တွင် အထင်ရှားဆုံး ပင်တိုင်ဆောင်းပါးရှင်သုံးဦးမှာ ဇဝန၊ သိန်းဖေမြင့်နှင့် သာဂဒိုးတို့ ဖြစ်ကြသည်။ ဆရာဇဝနသည် သတင်းစာခေတ်ဦးကတည်းက ဆောင်းပါးရှင်တစ်ဦးဖြစ်ခဲ့ပြီး သတင်းစာခေတ်အဆက်ဆက်လည်း ပင်တိုင်ဆောင်းပါးရှင်ဖြစ်ခဲ့ရာ ပုဂ္ဂလိက ကြေးမုံနှင့် ပြည်သူပိုင်ကြေးမုံများတွင် ဆောင်းပါးများ စဉ်ဆက်မပြတ်ရေးခဲ့သည်။ ပြည်သူပိုင် ကြေးမုံအယ်ဒီတာချုပ်ဘဝထက် ပင်တိုင်ဆောင်းပါးရှင်အဖြစ် ပို၍ထင်ရှားသူခဲ့လည်း ဖြစ်သည်။ ဆရာဇဝနသည်ပုဂ္ဂလိကပိုင်ကြေးမုံ၌တယ်လီဖုန်းပြောခန်းဖြင့် ပင်တိုင်ရေးခဲ့ပြီး ပြည်သူပိုင်ကြေးမုံခေတ်တွင် စကားပြေဖြင့် ပြောင်းရေးခဲ့သည်။ ဇဝန၏ လေအတိုင်း သရော်တော်တော်ရေးလေ့ရှိရာ ဖတ်ရသူအဖို့ရွှင်မြူးစေပါသည်။

၁၉၅၈ ခုနှစ် ဩဂုတ်လ ၁ ရက်တွင် စတင်တည်ထောင်ခဲ့သော ဗိုလ်တထောင်သတင်းစာ၌ ပင်တိုင်ဆောင်းပါးရှင်အဖြစ် ထင်ရှားခဲ့သူမှာ ဦးသိန်းဖေမြင့်ဖြစ်သည်။

စာ(၃၁) သို့

7DAY NEWS JOURNAL

# Current Affairs

Vol.10, No.9 • MAY 19, 2011

## အစိုးရသစ်လက်ထက်တွင် ကုလသမဂ္ဂ အထူးကိုယ်စားလှယ် ပထမအကြိမ်လာရောက်

**အေးမြကျော်** **ရန်ကုန်၊ မေ-၁၂**

အစိုးရသစ်လက်ထက်တွင်ပထမဆုံး အနေဖြင့်လာရောက်သော ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အထူးအကြံပေးပုဂ္ဂိုလ်မစ္စတာ ဗီဂျေးနမ်ဘီယားသည် ၎င်း၏သုံးရက်တာခရီးစဉ်အတွင်းအစိုးရ အဖွဲ့ဝင်ပြည်ထောင်စုဝန်ကြီးများ၊ ဒေါ်အောင်ဆန်းစုကြည်၊ သမ္မတအကြံပေးအဖွဲ့ဝင်များနှင့်နိုင်ငံရေးပါတီများမှ ပုဂ္ဂိုလ်များနှင့်တွေ့ဆုံဆွေးနွေးခဲ့သည်။

ကုလသမဂ္ဂအထူးအကြံပေး ပုဂ္ဂိုလ်သည်မေလ ၁၁ ရက်က နေပြည်တော်သို့သွားရောက်ကာ နိုင်ငံခြားရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးဝဏ္ဏမောင်လွင်အပါအဝင် ပြည်ထောင်စုဝန်ကြီးများကိုတွေ့ဆုံခဲ့ပြီး မေလ ၁၂ ရက်တွင် ဒေါ်အောင်ဆန်းစုကြည်နှင့်သူမ၏နေအိမ်တွင် နှစ်နာရီကြာ တွေ့ဆုံဆွေးနွေးခဲ့သည်။

မစ္စတာနမ်ဘီယားသည် ၎င်း၏ခရီးစဉ်အပြီးသတင်း ထုတ်ပြန်ချက်တွင် 'အစိုးရ၏ကတိပြုပြောကြားမှုများကို အသိအမှတ်ပြုပြီး အကောင်အထည်ဖော်လုပ်ဆောင်ခြင်းသည် အဓိကဖြစ်ကြောင်း အလေးထားပြောကြားလိုကြောင်း'ပြောကြားထားသည်။

ဒေါ်အောင်ဆန်းစုကြည်က မစ္စတာနမ်ဘီးယားနှင့်တွေ့ဆုံဆွေးနွေးမှုမှာ ပွင့်ပွင့်လင်းလင်းရှိကြောင်း သတင်းထောက်များသို့ ပြောကြားခဲ့သည်။

မေလ ၁၃ ရက်တွင် မစ္စတာနမ် ဘီယားသည်နိုင်ငံရေး ပါတီများနှင့်တွေ့ဆုံကာ အဓိကအားဖြင့်အချက် ၄ ချက်ကို ဆွေးနွေးခဲ့ကြောင်း ဆွေးနွေးပွဲသို့တက်ရောက်ခဲ့သောနိုင်ငံရေးပါတီများမှသိရသည်။

နိုင်ငံရေးပါတီများနှင့်တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းနှင့်ပတ်သက်၍လည်းကောင်း၊ ကြားဖြတ်ရွေးကောက်ပွဲများအတွက် မည်သို့ပြင်ဆင်ထားသည်ကိုလည်းကောင်း၊ ပြည်ထောင်စုအစိုးရနှင့်ပြည်နယ်အစိုးရများ၏ အုပ်ချုပ်ပုံများနှင့် ပတ်သက်၍လည်းကောင်း၊ ၂၀၁၄ တွင် အာဆီယံအလှည့်ကျအဖြစ် မြန်မာဆောင်ရွက်မည့်ကိစ္စများကိုလည်းကောင်း အလေးထားဆွေးနွေးခဲ့ကြောင်း အစည်းအဝေးတက်ရောက်ခဲ့သောပါတီတစ်ခုမှ တာဝန်ရှိသူ တစ်ဦးကပြောသည်။

ထို့အတူမစ္စတာနမ်ဘီးယားသည်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး ပါတီ အထွေထွေအတွင်းရေးမှူး ဦးဌေးဦးနှင့်လည်းတွေ့ဆုံခဲ့သည်။ ထိုသို့တွေ့ဆုံစဉ် လွှတ်တော်အတွင်း အခြေအနေများကို မေးမြန်းခဲ့ကြောင်းလည်း ဦးဌေးဦးကပြောသည်။

မစ္စတာနမ်ဘီးယားမှာ မြန်မာနိုင်ငံမှ မထွက်ခွာမီ မေလ ၁၃ ရက် ညနေပိုင်းတွင် ရန်ကုန်လေဆိပ်၌ ၎င်း၏ခရီးစဉ်နှင့် ပတ်သက်ပြီး သတင်းထုတ်ပြန်ချက်ကို ဖတ်ကြားပြီး သတင်းထောက်များ၏မေးမြန်းမှုကိုလည်း ပြန်လည်ဖြေကြားခဲ့သည်။

## စာရေးနည်းလမ်းညွှန်သင်တန်း ဖွင့်ရက်ပြောင်းလဲ

**ရန်ကုန်၊ မေ- ၁၀**

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်း အဖွဲ့စာရေးဆရာအလှူလုပ်ငန်းကော်မတီမှကြီးမှူးဖွင့်လှစ်မည့် ဝတ္ထုရှည်၊ ဝတ္ထုတို၊ ကဗျာနှင့် ဆောင်းပါးရေးနည်းအခြေခံများကိုပို့ချမည့် စာရေးနည်းလမ်းညွှန်သင်တန်းအမှတ်စဉ် (၂)သင်တန်းကို မေလ ၃ ရက်တွင် ဖွင့်လှစ်မည့် အစား မေလ ၂၅ ရက်တွင် ပြောင်းလဲဖွင့်လှစ်မည်ဖြစ်သည်။

အဆိုပါသင်တန်းတွင် ဝတ္ထုတို၊ ဝတ္ထုရှည်ရေးနည်းနှင့် ပတ်သက်၍ လယ်တွင်းသားစောချစ်၊ မောင်ခိုင်ခန့်၊ ကြူကြူသင်း၊ မစန္ဒာ၊ ချစ်ဦးညို၊ မောင်စိန်ဝင်း(ပုတီးကုန်း)၊ မနှင်းဖွေး၊ နွမ်ဂျာသိုင်းတို့က လည်းကောင်း၊ ဆောင်းပါးရေးနည်းနှင့်ပတ်သက်၍ မောင်ခင်မင် (ဓနုဖြူ)၊ ချစ်စံဝင်း၊ မောင်ဝံသ၊ မနုသကျော်ဝင်း၊ ခင်မောင်ညို (ဘောဂဗေဒ)၊ ချစ်နိုင်(စိတ်ပညာ)၊ မောင်ငြိမ်းသူ (ကြို့ပင်ကောက်) တို့ကလည်းကောင်း၊ ကဗျာရေးဖွဲ့နည်းနှင့်ပတ်သက်၍ မြင်းမူမောင်နိုင်မိုး၊ သူရဇော်၊ မောင်ပေမာ၊ မောင်စိန်ဝင်း (ပုတီးကုန်း)၊ မြေလတ်မောင်မြင့်သူ၊ ကို (တက္ကသိုလ်)၊ မောင်စိမ်းနောင်(လယ်ဝေး)တို့က လည်းကောင်း အသီးသီးပို့ချမည်ဖြစ်သည်။

## ပြည်ခိုင်ဖြိုးပါတီ ဒုတိယဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်း တာဝန်ထမ်းဆောင်



**ပြည်ခိုင်ဖြိုးပါတီ အထွေထွေအတွင်းရေးမှူးနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ** ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**အားမာန်၊ အောင်သူရ**

**ရန်ကုန်၊ မေ- ၁၄**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီတွင် ဒုတိယဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းကတာဝန်ထမ်းဆောင်နေကြောင်း သတင်းရရှိသည်။

ပြည်ခိုင်ဖြိုးပါတီ၏ ဒုတိယဥက္ကဋ္ဌအပါအဝင် ဗဟိုအလုပ်မှုဆောင် ၁၇ ဦးဖြင့် ပြန်လည်ဖွဲ့စည်းထားကြောင်း ပါတီအထွေထွေအတွင်းရေးမှူးဦးဌေးဦးက မေလ ၁၄ ရက်တွင် သတင်းထောက်များနှင့် တွေ့ဆုံစဉ် ပြောကြားသည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့တွင်ဒုတိယဥက္ကဋ္ဌသူရဦးရွှေမန်း၊ အထွေထွေအတွင်းရေးမှူးအဖြစ် ဦးဌေးဦးဖြစ်ပြီး အတွင်းရေးမှူး လေးဦးရှိသည်။ ၎င်းတို့မှာ ဦးသောင်း၊ ဦးတင်ထွတ်၊ ဦးအောင်သောင်း၊ ဦးသိန်းဇော်တို့ဖြစ်ကြသည်။

ကျန်ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်မှာ ဦးစိုးသာ၊ ဦးမောင်မောင်သိမ်း၊ သူရဦးအေးမြင့်၊ ဦးသိန်းဆွေ၊ ဒေါက်တာချမ်းငြိမ်း၊ ဦးအောင်သိန်းလင်း၊ သူရဦးအောင်ကို၊ ဦးမောင်ပါ၊ ဦးစိုးနိုင်၊ ဦးမောင်ဦး၊ ဦးမောင်ရှိန်တို့ဖြစ်သည်။

အလုပ်အမှုဆောင်မှာခြောက်ဦးရှိပြီး၎င်းတို့မှာဦးလွန်းသီ၊ဒေါက်တာကျော်မြင့်၊ဦးမောင်မောင်ဆွေ၊ ဦးအောင်ထွန်း၊ ဦးလှသိန်းဆွေ၊ ဒေါက်တာမြဦးတို့ဖြစ်သည်။

ပါတီအထွေထွေအတွင်းရေးမှူးက ပါတီဝင်များအနေဖြင့် ပြည်သူလူထုအား နစ်နာအောင်နိုင်ထက်စီးနင်းမှုများပြုလုပ်ပါက ၎င်းမြို့နယ်ရှိပြည်ခိုင်ဖြိုးပါတီရုံးခွဲများတွင်တိုင်ကြားနိုင်ကြောင်း ပြောသည်။

ပါတီအနေဖြင့် ပါတီပိုင်စီးပွားရေးလုပ်ငန်းများရှိသော်လည်းလူထုအကျိုးပြုလုပ်ငန်းများဆောင်ရွက်ရာတွင် ပါတီပိုင်ငွေကြေးများသုံးစွဲခြင်းထက် စေတနာဖြင့် ဝိုင်းဝန်းကူညီကြရန် လူထုအား စည်းရုံးရင်းလုပ်ကိုင်သည်ကများကြောင်း ဦးဌေးဦးက ရှင်းပြသည်။

ထို့အပြင်ပါတီလက်အောက်တွင် တောင်သူလယ်သမားနှင့် အလုပ်သမားအစုအဖွဲ့များကိုလိုအပ်လျှင် ဖွဲ့စည်းသွားမည်ဖြစ်ပြီး လက်ရှိတွင်တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာ ကော်မတီများရှိကြောင်းလည်း ၎င်းက ဆက်လက်ပြောသည်။

## စာရေးဆရာကြီးနတ်နွယ် ကွယ်လွန်

ဥက္ကာကိုကို

မြန်မာပြည်မြောက်ပိုင်း စာအုပ်ဖန်တီးရှင်၊ နွယ်နီမဂ္ဂဇင်းကို စတင်မွေးဖွားခဲ့သူ စာရေးဆရာကြီးနတ်နွယ်သည် ယခုလ ၁၁ ရက်နေ့က လူကြီးရောဂါဖြင့်ကွယ်လွန်သွားခဲ့သည်။

ဆရာနတ်နွယ်သည်မဂ္ဂဇင်း၊ ဂျာနယ်များတွင် ဆောင်းပါး၊ ဝတ္ထု၊ ဝေဖန်စာ၊ ခရီးသွားနှင့်ဘာသာပြန်စာပေများစွာကို ကလောင်အမည်များစွာဖြင့် ရေးသားခဲ့သည်။

လျှို့ဝှက်သည်းဖိုမဂ္ဂဇင်း၊ မိုးဝေမဂ္ဂဇင်း၊ နွယ်နီမဂ္ဂဇင်းတို့ကို အယ်ဒီတာချုပ်အဖြစ် ဦးစီးပဲ့ကိုင်ထုတ်ဝေခဲ့သူဖြစ်သည်။

၁၉၅၀၊ ဇွန်လ ၂၈ရက်ထုတ် ဟံသာဝတီသတင်းစာတွင်'ကျောင်းသူမ'ကဗျာဖြင့် စာပေလောကသို့ ရောက်ရှိခဲ့ပြီး ၁၉၅၁ ခုနှစ်ထုတ် ကလောင်စုံမဂ္ဂဇင်းပါ'သေမင်းတမန်'ဝတ္ထုတို၊ ၁၉၅၁ စုံထောက်မဂ္ဂဇင်းပါ 'သွေးအလူးလူးကေရီ' ဝတ္ထုရှည်တို့မှာ ဆရာကြီး၏ ပထမဆုံးလက်ရာများဖြစ်ကြသည်။

'မိုးထဲလေထဲ' လုံးချင်းဝတ္ထုကိုပထမဆုံးထုတ်ဝေခဲ့ပြီး ထင်ရှားကျော်ကြားသော ဝတ္ထုကြီးများမှာ မြန်မာပြည်မြောက်ပိုင်း၊ အပြာ၊ အဝါ၊ တစ်ကွေ့တော့တွေ့ကြဦးမည်၊ တံခွန်တိုင်မောင်နှမများ၊ စသည့် ပင်ကိုရေးဝတ္ထုများဖြစ်ကြပြီး ရောမက မိန်းမပျက်၊ စိန်ခေါ်ပွဲ၊ မိုဒီဗစ် စသည့်ဘာသာပြန်ဝတ္ထုများလည်း ထင်ရှားခဲ့သည်။

'ကာရာမာဇော့ညီအစ်ကိုများ' စာအုပ်ကို ဘာသာပြန်ထုတ်ဝေခဲ့ရာ ၂၀၀၂ ခုနှစ်အတွက် အမျိုးသားစာပေဆု၊ ဘာသာပြန်ရသစာပေဆုကို ဆွတ်ခူးရရှိခဲ့သည်။

ဆရာကြီးနတ်နွယ်ကို ၁၉၃၃ ခုနှစ်၊ ဖေဖော်ဝါရီ ၁ရက်နေ့တွင် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၌ မွေးဖွားခဲ့ပြီး အမည်ရင်းမှာ ဦးလှမြင့်ဖြစ်သည်။ ၁၉၅၁မှ ၁၉၅၃ ခုနှစ်အထိ အထက်ဗမာနိုင်ငံ ကလောင်သစ်လူငယ်များအဖွဲ့ချုပ်တွင် အမှုဆောင်အဖြစ်လည်းကောင်း၊ အတွင်းရေးမှူးအဖြစ်လည်းကောင်း တာဝန်ယူခဲ့ကာ ၁၉၅၅ခုနှစ်တွင် မြန်မာနိုင်ငံစာရေးဆရာအသင်းအမှုဆောင်၊ ၁၉၅၉-၆၂ တွင် ကမ္ဘာ့ငြိမ်းချမ်းရေးကွန်ကရက်(မြန်မာနိုင်ငံ)ဌာနချုပ်အလုပ်အမှုဆောင်၊ စာရေးဆရာစာပေကလပ် အတွင်းရေးမှူးအဖွဲ့ဝင်၊ ပြည်ထောင်စုမြန်မာနိုင်ငံ စာရေးဆရာသမဂ္ဂ တွဲဖက်အတွင်းရေးမှူးတာဝန်များကိုလည်း ထမ်းဆောင်ခဲ့သည်။

၁၉၅၄တွင် စုံထောက်မဂ္ဂဇင်း အယ်ဒီတာ၊ ၁၉၆၁ခုနှစ်တွင် လျှို့ဝှက်သည်းဖိုမဂ္ဂဇင်းကို စတင်တည်ထောင်ခဲ့ကာ စာတည်းမှူး၊ ၁၉၆၃ တွင် အမျိုးသားသတင်းစာ ဘာသာပြန်အယ်ဒီတာ၊ ၁၉၆၇ ခုနှစ်မှစ၍ မိုးဝေမဂ္ဂဇင်းအယ်ဒီတာချုပ်အဖြစ် လုပ်ကိုင်ခဲ့ပြီး ၁၉၈၉ ခုနှစ်တွင် နွယ်နီမဂ္ဂဇင်းကို ဦးစီးထုတ်ဝေခဲ့သည်။

ဆရာနတ်နွယ်၏ ကလောင်ခွဲများမှာ မောင်မြင့်နောင်။ ကလောင်သစ် နီနီ၊ မောင်တင်အေး။ မုကာဒင်အေးနီ၊မြင့်ကေသီ၊ကျောက်တိုင်၊ မိုးဇော်ဟိန်း၊ မှန်ပြောင်းသစ်၊ စိန်အိုးစည်၊ လှမြင့်၊ ကောင်းမြတ်၊ ဇင်သောင်း၊ မင်းရာကျော်၊ ဘွဲ့ဖြူ၊ ပျံလွှား၊ ရွှေစင်၊ မလိခ၊ ကောလိယ တို့ဖြစ်ကြပြီး စာရေးဆရာကြီး မင်းကျော်နှင့် ပူးပေါင်း၍ မြန်မာဝတ္ထုအညွှန်း ခြောက်တွဲကိုရေးသားခဲ့ကာ ကမ္ဘာ့ဝတ္ထုအညွှန်းကို ၁၉၉၆ ခုနှစ်တွင် ရေးသားခဲ့သည်။

"ဆရာနတ်၏ထူးခြားချက်မှာ တစ်ယောက်ယောက်ကိုခိုင်းလျှင် သားသမီးဖြစ်စေ တပည့်တပန်းဖြစ်စေ လေးလေးစားစားနှင့် အကူအညီတောင်းသည့်ပုံစံမျိုးဖြစ်သည်။ ငေါက်ငမ်း၍ခိုင်းလေ့မရှိ" ဟု စာရေးဆရာတင်စိန် (ပထဝီဝင်)က ပိတောက်ပွင့်သစ်မဂ္ဂဇင်းပါ တိမ်တွေနဲ့ပဲ စကားပြောနေတဲ့ ဆရာနတ်နွယ်ဆောင်းပါး၌ ရေးသားခဲ့သည်။

"ဝါရင့်အယ်ဒီတာတစ်ဦး ဖြစ်သည့်အားလျော်စွာ လော့ကစံကိုလည်းကြံ့ကြံ့ခံနိုင်ပုံရသည်။ ဆရာသည် သူတစ်ပါးအပေါ် ဆရာကြီးလုပ်ခြင်းမျိုးလုံးဝမရှိ။ ဘယ်သူ့ကိုမှ ဩဝါဒခြွေခြင်းမျိုးမရှိပါ။ တကယ်တော့ ဆရာသည် သူ့ဘာသာ စာဖတ်စာရေးခဲ့သော စာပေသမားတစ်ယောက်သာဖြစ်သည်ဟု ကျွန်တော်က မြင်မိသည်" ဟု ဆရာထင်အောင်ကျော်က "ကျွန်တော်သိသောဆရာနတ် ဆောင်းပါးကို ပိတောက်ပွင့်သစ်မဂ္ဂဇင်း၊ ဆရာနတ်နွယ်အထူးထုတ်တွင် ရေးသားခဲ့သည်။

ဆရာနတ်နွယ်သည်လုံးချင်းဝတ္ထုပေါင်း ၁၁၀ ကျော်ရေးသားခဲ့ပြီး ဝတ္ထုပေါင်းနှစ်ဆယ်ကျော်ကို ဘာသာပြန်ဆိုခဲ့သည်ဟုသိရသည်။

ဆရာနတ်နွယ်သည် ယခုလ ၁၁ ရက် ဗုဒ္ဓဟူးနေ့ နံနက် ၁၁နာရီ ၁၅မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ မဟာဆွေလမ်းနေအိမ်၌ အသက် ၇၉ နှစ်အရွယ်တွင် လူကြီးရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်ခဲ့ကာ မေ ၁၃ ရက်နေ့ ညနေ၄ နာရီအချိန်တွင်ရေဝေးသုသာန်၌စာပေလောကသားများ စုံညီစွာ ပို့ဆောင်သင်္ဂြိုဟ်ခဲ့ကြသည်။

7Day News Journal
Vol.10, No.9 • MAY 19, 2011

# “အုပ်ချုပ်ရေးနဲ့ပတ်သက်လို့ ပြည်သူများရဲ့ နစ်နာချက်တွေကို တိုင်းအုပ်ချုပ်ရေးမှူးကို လိပ်မူပြီး

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပထမဆုံးသတင်းစာရှင်းလင်းပွဲကို မေလ၁၀ရက်က အဆိုပါအစိုးရအဖွဲ့ရုံး ရုံးချုပ်တွင်ကျင်းပခဲ့သည်။ အစိုးရအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ဦးညဏ်ထွန်းဦးနှင့် အစိုးရအဖွဲ့၏အတွင်းရေးမှူး ဦးခင်မောင်ထွန်းတို့ တက်ရောက်ခဲ့ပြီး ၎င်းတို့၏ လုပ်ဆောင်ချက်များကို ရှင်းပြပြီးနောက် သတင်းထောက်များ၏မေးမြန်းမှုကို ပြန်လည်ဖြေကြားသွားခဲ့သည်။ အဆိုပါအစိုးရအဖွဲ့က အလားတူသတင်းစာရှင်းလင်းပွဲများကို အပတ်စဉ် အင်္ဂါနေ့တိုင်း ညနေ ၅နာရီအချိန်တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်းလည်း ဦးညဏ်ထွန်းဦးက ပြောကြားခဲ့သည်။ အဆိုပါသတင်းစာရှင်းလင်းပွဲတွင် 7Day News ဂျာနယ်က ဦးညဏ်ထွန်းဦးသို့ မေးမြန်းခဲ့သည်များထဲမှ စာဖတ်သူများဖတ်ရှုနိုင်ရန် ကောက်နုတ်ဖော်ပြလိုက်ပါသည်။


မေးခွန်းများပြန်လည်ဖြေကြားပေးနေသည့် ဦးညဏ်ထွန်းဦးနှင့် ဦးခင်မောင်

**အားမာန်**

အုပ်ချုပ်ရေးနဲ့သက်ဆိုင်တဲ့ တာဝန်ရှိသူတွေက ပြည်သူတွေကိုနိုင်ထက်စီးနင်းပြုလုပ်တာမျိုးတွေရှိရင် တိုင်ကြားလို့ရမယ့်ဌာနနဲ့ လိပ်စာကို သိချင်ပါတယ်။

အုပ်ချုပ်ရေးနဲ့ပတ်သက်လို့ ပြည်သူများက ခံစားနစ်နာနေတာကို တိုင်းအုပ်ချုပ်ရေးမှူးရှိပါတယ်။

တိုင်းအုပ်ချုပ်ရေးမှူးက ကျွန်တော်တို့အစိုးရအဖွဲ့ရဲ့ အတွင်းရေးမှူးလည်းဖြစ်ပါတယ်။ အုပ်ချုပ်ရေးနဲ့ပတ်သက်လို့ပြည်သူများရဲ့ နစ်နာချက်တွေကို တိုင်းအုပ်ချုပ်ရေးမှူးကို လိပ်မူပြီး တိုင်လို့ရပါတယ်။ တိုင်းအုပ်ချုပ်ရေးမှူးက အစိုးရအဖွဲ့မှာ တင်ပြပြီးတော့ ဝန်ကြီးချုပ်လမ်းညွှန်ချက်အရ ပြည်သူများအတွက် ဘယ်လိုကာကွယ်စောင့်ရှောက်သွားမယ်ဆိုတဲ့ အစီအမံအမြဲလုပ်နေပါတယ်။ အုပ်ချုပ်ရေးနဲ့ပတ်သက်လို့ တိုင်းအုပ်ချုပ်ရေးမှူးဆီ လိပ်မူပြီးပို့ပါ။

ကျန်တဲ့ အထွေထွေသတင်းတို့၊ ဝန်ကြီးတွေနဲ့ပတ်သက်တဲ့သတင်းတို့ကို ကျွန်တော့်ဆီကိုပို့ပါ။ ကျွန်တော်တို့လုပ်ပေးပါမယ်။

အစိုးရဝန်ကြီးရုံးတွေ နေပြည်တော်ကို ပြောင်းရွှေ့သွားပေမယ့် ရန်ကုန်က စီးပွားရေးမြို့တော်ဖြစ်တာနဲ့အညီ ရုံးလုပ်ငန်းတွေ အများကြီး လုပ်ရပါသေးတယ်။ ဒီအချိန်မှာ အစိုးရရုံးလုပ်ငန်းတွေနဲ့ဆက်စပ်ပြီး လုပ်ကိုင်နေတဲ့သူတွေဆီက ကြားရတာကတော့ လာဘ်ပေးလာဘ်ယူကိစ္စတွေက အခုလည်း အရင်လိုပဲ ပေးရတာပဲလို့ ပြောကြတယ်။ သမ္မတဦးသိန်းစိန်ရဲ့ ပထမဆုံးမိန့်ခွန်းမှာ လာဘ်ပေးလာဘ်ယူကိစ္စရပ်တွေကိုလည်း ပယ်ဖျက်သွားပြီး သန့်ရှင်းတဲ့ အစိုးရ၊ ကောင်းမွန်တဲ့အုပ်ချုပ်ရေးစနစ်ဖြစ်အောင်လုပ်ကိုင်သွားမယ်လို့ ပြောသွားပါတယ်။ တိုင်းဒေသကြီး အစိုးရအနေနဲ့ လာဘ်ပေးလာဘ်ယူကိစ္စရပ်တွေကိုဘယ်လိုကိုင်တွယ်ဖို့ အစီအစဉ်ရှိပါသလဲ။

လာဘ်ပေးလာဘ်ယူကိစ္စက ခင်ဗျားခုနကပြောသွားတယ်။ သိပ်မထူးဘူးလို့။ ချက်ချင်းကြီး မထူးနိုင်တဲ့ကိစ္စဖြစ်ပါတယ်။ ချက်ချင်းကြီး ထူးအောင်လုပ်လိုက်ရင် အခုတာဝန်ထမ်းဆောင်နေတဲ့ ဝန်ထမ်းတွေမရှိရင် ကျန်တဲ့သူ ဘယ်သူဆက်လုပ်မလဲ။ ဒီလုပ်ငန်းနဲ့ပတ်သက်လို့ ကျွမ်းကျင်တဲ့သူမရှိဘူးဖြစ်သွားမယ်။ ဒါပေမဲ့လည်း အဲဒါကိုမူတည်ပြီးတော့ လာဘ်ပေးလာဘ်ယူကိုကျွန်တော်တို့မျှောပြီး စောင့်နေမလားဆိုတာ မဟုတ်ပါဘူး။ အခု ကျွန်တော်တို့ Warning (သတိပေး)တွေ ပေးနေပါပြီ။ Warning ပေးလို့ မရပ်တဲ့လူတွေနေရာကိုအစားထိုးနိုင်အောင် အစီအမံတွေလုပ်နေပါပြီ။ အထူးသဖြင့် အများသိနေကြတဲ့ ငွေကြေးအဟောင်းတွေ၊ အစုတ်တွေနဲ့ ခဏခဏ စပယ်ယာတွေနဲ့ ကားစီးတဲ့သူတွေနဲ့ စကားများကြ၊ ဆိုင်တွေ သွားဝယ်တဲ့အခါမှာ အကြွေပြန်မအမ်းနိုင်လို့ ကူပွန်ပေးတာနဲ့ဘာနဲ့ ရှုပ်ယှက်ခတ်နေတဲ့ဟာတွေ ကျွန်တော်တို့ အခုစလုပ်နေပါပြီ။ ဒါတွေဟာ ကြားထဲမှာ မသမာတဲ့ အုပ်စုတော်တော်များများက အစိုးရကို သိက္ခာကျအောင်၊ ပြည်သူနဲ့ အစိုးရကြား သပ်လျှိုတဲ့သဘောရှိနေပါတယ်။ အဲဒါလည်း ကျွန်တော်တို့ ဖမ်းမိပါပြီ။ လိုက်လည်းဖမ်းဦးမှာပဲ။ ဘုရားက ရတဲ့ အကြွေအကုန်လုံး ကျွန်တော်တို့က မော်တော်ကားတွေ၊ ဘတ်စ်ကားတွေ၊ နေရာအနှံ့ အကုန်ဖြန့်ပေးတယ်။ အဲဒီအကြွေတွေကို ယူသွားပြီး ပြန်ရောင်းပြီးတော့ တစ်ယောက်သောအဖွဲ့အစည်းက ဝယ်ပြီးတော့ အဲဒါတွေကို အမြတ်နဲ့ပြန်ရောင်းနေတာကိုတွေ့ရပါတယ်။

တွေ့ရှိတဲ့အတွက် အဲဒီအဖွဲ့ နှစ်ဖွဲ့၊ သုံးဖွဲ့ဖမ်းပြီးတော့ အရေးယူပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့ ဒီငွေရေးကြေးရေးအပိုင်းလည်း ပြေလည်လာမှာပါ။



7 DAY NEWS JOURNAL
Vol.10, No.9 • MAY 19, 2011

# တိုင်လို့ရပါတယ်" ဦးညက်ထွန်းဦး


ဓာတ်ပုံ - သီဟ

ထွန်း

နောက်တစ်ခုကလည်း ဒီအပေါင်းတွေကိုပြန်လဲခွင့်ရအောင် ဇဟိုဘဏ်နဲ့ဘဏ်တွေအားလုံးမှာ အစီအမံလေးတွေလုပ်ထားတယ်။ အနည်းအကျဉ်းဆိုနီးစပ်ရာဘဏ်မှာ လဲနိုင်သလို များများစားစား လဲမယ်ဆိုရင် ဇဟိုဘဏ်မှာ သွားလဲနိုင်ပါတယ်။ ကျွန်တော်တို့ ဘယ်ကုမ္ပဏီက၊ ကျွန်တော်တို့ ဘယ်အရောင်းစင်တာကဆို သွားလဲရင် ဘဏ်ကလည်း ပေးဖို့ ဝန်ကြီးချုပ်က ညွှန်ကြားထားပြီးဖြစ်သလို ဘဏ်ကလည်းပေးလို့အချို့ ဌာနတွေလည်း သွားလဲနေကြပြီဖြစ်ပါတယ်။ အဲဒီလို ငွေကြေးအပေါင်းတွေနဲ့ လဲတဲ့အထဲမှာ ဘဏ်ကလူတွေလည်း ဆက် စပ်ပတ်သက်နေပါတယ်။ ဆက်စပ်ပတ်သက်နေတဲ့ အတွက် ခါးဆက်ပြတ်သွားမယ်၊ ခါးဆက်ပြတ်သွားမှာမို့ ဒါကို စိုးရိမ်ပြီးတော့ မျှောသွားမလားဆိုတော့ မမျှောထားဘူး။ Warning ပေးလို့မရရင် နောက်တစ်ယောက်လဲမယ်။

အဲဒါဆိုရင် လာဘ်ပေးလာဘ်ယူ တဖြည်းဖြည်းလျော့သွားမှာပေါ့။ Clean Government (သန့်ရှင်းသောအစိုးရ)၊ Good Governance (ကောင်းမွန်သောအုပ်ချုပ်မှု) ဒါကိုတကယ်ထိထိမိမိအကောင်အထည်ဖော်မှာပါ။

Clean Government ဖြစ်ဖို့အတွက်ကို Good Governance ဆိုတာ လိုပါတယ်။ Good Governance ဆိုတာ စနစ်တကျစီမံအုပ်ချုပ်ခြင်းလို့ မြန်မာလိုအဓိပ္ပာယ်ရပါတယ်။ စနစ်တကျစီမံအုပ်ချုပ်မှသာလျှင် လာဘ်ပေးလာဘ်ယူကင်းမယ်။ လာဘ်ပေးလာဘ်ယူ ဘာလို့ဖြစ်လဲ။ တစ်အချက်၊ လောဘကြီးလို့ဖြစ်တယ်။ နှစ်အချက်က အကြောင်းကြောင်းကြောင့် သူ့မှာ သက်သာချောင်ချိမှုမရှိလို့အခက်အခဲရှိလို့ဖြစ်တယ်။ ဒါတွေကို ကျွန်တော်တို့က လေ့လာပြီးတော့ သက်သာချောင်ချိမှုမရှိတဲ့သူတွေကို သက်သာချောင်ချိမှုရှိအောင် သက်ဆိုင်ရာကတာဝန်ရှိပုဂ္ဂိုလ်တွေက အစီအမံဘယ်လိုလုပ်မလဲ။ လောဘတကြီးမတရားလုပ်နေတဲ့သူတွေတော့ အရေးယူမှာပဲ။ နည်းနည်းစောင့်ကြည့်ပါဦး။ အခု ခင်ဗျားတို့ မသိသေးတောင် တစ်နေ့နေ့ တစ်ချိန်ချိန်မှာ သိလာပါလိမ့်မယ်။ ဒါကလည်း ကျွန်တော်တို့ ကြွေးကြော်ပြီး လာဘ်ပေးလာဘ်ယူက ဆက်ရှိနေရင် ဘာထူးမှာလဲ။ ပြောပြောပဲရှိမှာပေါ့။ ပြောပြီးလုပ်မှ မလုပ်တာပဲလေ။ ကျွန်တော်တို့အစိုးရကိုဘယ်သူအယုံအကြည်ရှိမှာလဲ။ ကျွန်တော်တို့အစိုးရကို အယုံအကြည်မရှိ ခံစားရတဲ့ဘဝကို ကျွန်တော်တို့လည်း မနှစ်မြို့ပါဘူး။ ကျွန်တော်ကိုယ်တိုင်က မနှစ်မြို့ပါဘူး။ ကျွန်တော့်ထက်ကြီးတဲ့သူက ပိုမနှစ်မြို့ပါဘူး။

လက်ရှိအစိုးရအနေနဲ့ တာဝန်ယူရမယ့် ငါးနှစ်တာကာလအတွင်းမှာ ဝန်ကြီးဌာနအလိုက် ပြီးစီးအောင်ဆောင်ရွက်မယ့် ရည်မှန်းချက်တွေကို သိချင်ပါတယ်။

ငါးနှစ်တာ ဆောင်ရွက်ချက်နဲ့ပတ်သက်လို့ကတော့ အစိုးရအဖွဲ့ရဲ့ အစီအမံလုပ်ပြီးတော့ အစီရင်ခံစာကိုခင်ဗျားတို့သိအောင် ထုတ်ပြန်ကြေညာပေးပါ့မယ်။ ကျွန်တော်လည်းလက်တန်းပြောလို့မရပါဘူး။ ကျလာတဲ့ ဘတ်ဂျက် ချပေးလိုက်တဲ့အစီအမံတွေပေါ် မူတည်ပြီးတော့ ငါးနှစ်တာ ကာလအတွင်းမှာ ဘယ်လိုအကောင်အထည်ဖော်မယ်ဆိုတာ ဝန်ကြီးဌာနအလိုက် အစီအမံတွေရေးဆွဲပြီးရင် ခင်ဗျားတို့သိရပါ့မယ်။ သိခွင့်ရပါ့မယ်။

ရန်ကုန်မြို့မှာ အိမ်ခြံမြေဈေးနှုန်းတွေကြီးမြင့်လွန်းတာကြောင့် ဝင်ငွေနည်းတဲ့သူတွေက မြို့အနှံ့၊ အထူးသဖြင့် ဆင်ခြေဖုံးရပ်ကွက်တွေမှာ ကျူးကျော်တဲတွေ၊ အိမ်တွေဆောက်ပြီး နေရတဲ့သူတွေအများကြီးရှိပါတယ်။ အရင်အစိုးရလက်ထက်မှာတော့ သူတို့အတွက်ဘာမှအကောင်အထည်ဖော်ပေးတာမတွေ့ဘူး။ လက်ရှိတိုင်းဒေသကြီးအစိုးရလက်ထက်မှာကော သူတို့အတွက် ဘယ်လိုအစီအစဉ်တွေများရှိပါသလဲ။

ကျူးကျော်တဲတွေက ခင်ဗျားတို့အမြင်တော့ ဒီတစ်နေရာမှာ ဒီတဲ၊ ဟိုတစ်နေရာမှာ ဟိုတဲလို့မြင်မယ်ဗျာ။ ကျွန်တော့်အတွေ့အကြုံအရ အဲဒီတဲတွေပဲ ချာလပတ်လည်နေတာ။ ဒီက ကျူးကျော်တဲတွေ ခင်ဗျားတို့ ဖမ်းဆီးလိုက်တယ်။ တစ်နေရာမှာ မြေကွက်ပေးတယ်။ သွားယူမယ်၊ အဲဒီမြေရောင်းမယ်။ ပြန်လာတယ်။ နောက်တစ်နေရာမှာ ကျူးကျော်သွားလုပ်တယ်။ အဲဒါတွေကလည်း ကျွန်တော်တို့ ပြည်သူတွေက ဝိုင်းပြီးတော့ အသိစိတ်ဓာတ်နဲ့ ဝိုင်းကူဖို့လိုတယ်။ ဒီလို ချာလပတ်လည်အောင် လျှောက်သွားနေတော့ ရှိသမျှမြေကွက်လည်း ပေးလို့မလောက်ဘူးဗျ။ ဒီလူတွေလည်း ဒီနေရာကနေ ဒီဘဝကနေ မပျောက်ဘူးဗျ။ ဒါ ကျွန်တော်တို့ အရင်အစိုးရလက်ထက်မှာတုန်းက ကြုံခဲ့တာပါ။ အခုလည်း ဒါတွေရှိဦးမှာပဲ။ ဒါပေမဲ့ ဒီဟာတွေကို ဘယ်လိုဖြေရှင်းမလဲဆိုတာ ဝန်ကြီးချုပ်နဲ့ သက်ဆိုင်ရာလုပ်ငန်းနဲ့ တာဝန်ရှိပုဂ္ဂိုလ်တွေက အစီအမံလုပ်သွားမှာပါ။

ကမ်းနားလမ်းသစ် တိုးချဲ့တဲ့အခါမှာ မလွတ်ကင်းတဲ့အတွက် ဖျက်ရမယ့်၊ ပြောင်းရွှေ့ပေးရမယ့်ပြည်သူတွေအတွက် ဘယ်လိုအစားထိုးပေးဖို့ အစီအစဉ်ရှိပါသလဲ။

လမ်းတွေ တိုးချဲ့လို့ ပျက်သွားပါသွားတဲ့ အဆောက်အအုံ၊ အိမ်တွေနဲ့ပတ်သက်လို့ကလည်း ပစ်စလက်ခတ် ကျွန်တော်တို့ တစ်ခုမှမလုပ်ပါဘူး။ စာရင်းဇယားအရ တည်ရှိနေတဲ့ အဆောက်အအုံတွေပေါ်မှာ ခွင့်ပြုချက်အရရှိထားတဲ့အိမ်နေရာ၊ သူ ထိုက်သင့်တဲ့လျော်ကြေး၊ ထိုက်သင့်တဲ့နေရာ ပြန်ပေးပါတယ်။ ကျွန်တော်တို့ ဥပေက္ခာပြုပြီး မလုပ်ပါဘူး။ အဲဒီထဲမှာ စာရင်းထဲမှာ မပါတဲ့အိမ်ကတော့ မပါနိုင်ဘူးပေါ့ဗျာ။ သူက ကျူးကျော်သလိုဖြစ်နေတာကိုး။ ခုနက ပြောသလိုပေါ့။ ကျူးကျော်က နေရာတိုင်း ကျူးကျော်တွေ မြေကွက်ရမယ်ဆိုတာနဲ့ တဲလေးကို ဝါးလေးဝယ်ပြီး 'ဝုန်းဝုန်း' ဆို ပြေးဆောက်ပြီး မြေကွက်တစ်ကွက်ယူမယ်ဆိုတာမျိုးကျတော့လည်း ခင်ဗျားတို့စဉ်းစားကြည့်လေ။ နေရာတိုင်းမှာ ရှိလာရင် ဘယ်လိုအစိုးရက ဒီဟာကို ဖြေရှင်းမလဲ။

ကျေးဇူးတင်ပါတယ်။






7 DAY NEWS JOURNAL
Vol.10, No.9 • MAY 19, 2011

# မိဘမဲ့ကလေးများအတွက် မိသားစုပုံစံ ဖွဲ့စည်းထားသည့် နေအိမ်စီမံကိန်း ဆောင်ရွက်မည်

မေဝင်းမွန်

ရန်ကုန်၊
မေ - ၁၆

မိသားစုမရှိတော့သည့် လူမှုဝန်ထမ်းသင်တန်းကျောင်းများမှကလေးများကိုပြင်ပပတ်ဝန်းကျင်တွင်ကိုယ့်အားကိုယ်ကိုး ရပ်တည်နေနိုင်ရန်အတွက်လုပ်ဆောင်လျက်ရှိသည့် မိသားစုပုံစံဖွဲ့စည်းထားသည့်နေအိမ် (Group Home Project) ကိုလူမှုဝန်ထမ်းဦးစီးဌာနနှင့်ပူးပေါင်းကာ ရေရှည်တည်တံ့ရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယူနီဆက်၊ ကလေးသူငယ်ကာကွယ်ရေးဌာနမှတာဝန်ရှိသူဒေါ်ခင်သီရိဝင်းက ပြောကြားသည်။

လူမှုဝန်ထမ်းသင်တန်းကျောင်းများမှအသက် ၁၅နှစ်မှ ၁၈နှစ်အတွင်းရှိသည့်ယောကျ်ားလေး၈ယောက်၊ မိန်းကလေး ၈ယောက်ရွေးချယ်ကာ နေအိမ်တစ်ခုစီတွင် မိသားစုသဖွယ်အချိန်ပြည့်နေထိုင်လျက်ကလေးများကို အနီးကပ်ပြုစုစောင့်ရှောက်လျက်ရှိသည်။

"အသက်အငယ်ဆုံးက ၁၅နှစ်မပြည့်ခင်အရွယ်ရှိပါတယ်။ လူမှုဝန်ထမ်းသင်တန်းကျောင်းတွေမှာလည်းအသက် ၁၈နှစ်ပြည့်ပြီဆိုရင်ကျောင်းကထွက်တာမျိုး တွေလည်းရှိပါတယ်။ ပြင်ပလူထုနဲ့ထိတွေ့မှုမရှိတဲ့အတွက် အခက်အခဲတွေကြုံတွေ့နိုင်တယ်ပေါ့နော်။ ဒါကြောင့်ယူနီဆက်နဲ့လူမှုဝန်ထမ်းဦးစီးဌာနတို့ပူးပေါင်းပြီး လူထုကြားထဲမှာကိုယ့်ဘာသာကိုယ်ရပ်တည်နေနိုင်ထိုင်ပြီး ဘဝကိုရင်ဆိုင်နိုင်ဖို့ လေ့ကျင့်ပေးတဲ့ပုံစံမျိုးပါ။ ကလေးတွေအတွက် ဝါသနာပါရာသင့်တော်သည့် အသက်မွေးဝမ်းကျောင်းတွေကို စီစဉ်ပေးထားပါတယ်။ စီမံချက်တာဝန်ခံတွေကလည်းကလေးတွေရဲ့အလုပ်ခွင်ကိုပုံမှန်သွားရောက်ပြီး အလုပ်ခွင်မှာအဆင်ပြေမှုရှိမရှိ ကလေးတွေပျော်မပျော်သွားကြည့်ကြပါတယ်"ဟုဒေါ်ခင်သီရိဝင်းက ပြောသည်။

ကလေးများကိုမလုပ်မနေရ ပြုလုပ်စေခြင်းမျိုး မဟုတ်ဘဲ ကိုယ်တိုင်ပါဝင်ချင်သူများကိုရွေးချယ်ကာ နေအိမ်ပုံစံ စီမံချက် (Group Home Project) တွင်ပါဝင်စေခြင်းဖြစ်သည်ဟုသိရသည်။

"အိမ်ပုံစံလိုနေထိုင်ခိုင်းပြီး လိုအပ်တာတွေသင်ကြားပေးတဲ့ သဘောမို့လို့လူတွေနဲ့ပြောဆိုဆက်ဆံတာတွေမှာအဆင်ပြေလာတယ်။ အလုပ်ရှင်တွေနဲ့လည်းအဆင်ပြေတယ်။ သူတို့ရဲ့ပတ်ဝန်းကျင်နဲ့လည်း အဆင်ပြေလာတယ်။ သင်တန်းကျောင်းနဲ့ မတူတာက သင်တန်းကျောင်းမှာဆိုရင်အချိန်တန်စား၊ ကစား၊ ကိုယ့်တာဝန်ဘာမှမရှိဘဲနေလို့ရတယ်။ ဒီမှာက တော့ကိုယ့်အားကိုယ်ကိုးပြီး အကုန်လုပ်ရတယ်။ ချက်ပြုတ်တာ၊ ဈေးဝယ်တာ၊ အလုပ်လုပ်တယ်ဆိုရင်လခကိုသုံးစွဲတာတွေ၊ စီမံနိုင်ခဲ့တာတွေကို ကိုယ့်ဘာသာကိုယ်လုပ်ရတယ်" ဟု အထက်ပါတာဝန်ရှိသူက ဆက်လက်ပြောသည်။

မိသားစုပုံစံဖွဲ့စည်းထားသည့် နေအိမ်စီမံချက်မှာ ၂၀၀၈ ခုနှစ်ကစတင်ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး၊ ၂နှစ်ကျော်ကာလအတွင်း စီမံချက်မှထွက်ကာ ပြင်ပတွင်ကိုယ့်အားကိုယ်ကိုးနေထိုင်သူများပင်ရှိနေပြီဖြစ်ကြောင်းသိရသည်။

မိသားပုံစံနေအိမ်စီမံချက်မှထွက်သွားသည့် ကလေးများနေရာတွင် သင်တန်းကျောင်းမှလူသစ်များကိုထပ်ထည့်ကာသင်ကြားပေးမှုကိုဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

## စာ-၁၁၊ ဈေးနှုန်းခုန်တက် အိပ်မက်ဝင်ငွေ မှ

စာမူခက ရွေးချယ်ဖော်ပြခံရပါမှ သတင်းတစ်ပုဒ်ကျပ်တစ်ထောင်(သို့) အများဆုံးကျပ်သုံးထောင်၊ ဆောင်းပါးတစ်ပုဒ်ကို ကျပ်သုံးထောင်မှ ကျပ် တစ်သောင်းနှစ်ထောင်ပဲ ရပါတယ်။ အရွေးခံရတဲ့ ရာခိုင်နှုန်းများပါမှ အရင်းကျေရုံရှိပါတယ်။

ကျွန်တော် ကြုံတွေ့ရတာကိုပဲ ဥပမာအဖြစ်တင်ပြတာပါ။ ဒီလိုဖြစ်ရပ် ဒီလိုအခြေအနေတွေက နေရာတိုင်းမှာ ဈေးနှုန်းမြင့်တက်မှုတွေကြောင့် အခက်အခဲဖြစ်ကြရတာက ကိုယ့်အကြောင်းကိုယ်ပဲသိတယ်ဆိုတဲ့ ပြည်သူတွေပါ။ အချို့နှုန်းထားတွေက မူတွေ၊ စံတွေအရ ညှိရမြှင့်ရတာလို့ဆိုပေမယ့် မဆီမဆိုင် ဇွတ်တက်သွားတဲ့ ဈေးနှုန်းတွေလည်းရှိပါတယ်။ ပြည်သူအများစုအတွက် သင့်တော်၏ မသင့်တော်၏ ဆိုတဲ့ အချက်ကိုလည်း ထည့်သွင်း ညှိနှိုင်းစဉ်းစားဖို့ လိုမယ်ထင်ပါတယ်။ ကိုယ်ကျိုးတစ်ခုတည်းသာ ကြည့်တဲ့ စီးပွားရေးလုပ်ငန်းရှင်ကြီးအချို့ကြောင့်လည်း ဈေးနှုန်းတွေကမောက်ကမ ဖြစ်စေခဲ့ပါတယ်။

အသုံးစရိတ်က ငါးဆမှဆယ်ဆအထိ အချိန်တိုအတွင်းမှာ ခုန်တက်သွားပေမယ့် ဝင်ငွေကျတော့ တစ်ဆတိုးလာဖို့ မရေရာမသေချာပါ။ အဲဒီလိုဖြစ်ရာကနေ ဘေးထွက်ဆိုးပြစ်တွေ အများကြီးပေါ်လာနိုင်ပါတယ်။ လူမှုရေးအခြေယိုင်မှုတွေ၊ စာရိတ္တပျက်စီးမှုတွေ စသည်ဖြင့်။ ကျွန်တော်ရဲ့တင်ပြချက်ကို ကျွန်တော့်ရဲ့ ဇာတ်လမ်းနဲ့ပဲ အဆုံးသတ်ပါမယ်။ ကျွန်တော်စာမူပို့တဲ့ ကုန်ကျစရိတ်တွေ ငါးဆလောက်ပိုမြင့်သွားတဲ့အချိန်မှာ ကျွန်တော်ရမယ့် ဝန်ထမ်းလစာတွေ၊ စာမူခတွေလည်း ငါးဆလောက်များလိုက်ပြီး မြင့်တက်ခဲ့မယ်ဆိုရင်. . .။

ဟုတ်ကဲ့၊ ကျွန်တော် အိပ်မက်မက်နေတာပဲဖြစ်မှာ သေချာပါသည်။ ။

သဇင်
Body Beauty အမျိုးသမီးများအတွက်
လိုအပ်သလို ရင်သားပြုပြင်ခြင်း၊ အမျိုးသား၊
အမျိုးသမီး အရပ်ရှည်စက်၊ အဆီချပေးခြင်း။
မျက်ဝန်းတစ်ပိုက်အရေအကြောင်းများကို
သုံးရက်အတွင်း သိသာစေခြင်း။
၉၅-ဘီ၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ၄-လွှာ၊
ဖုန်း - ၀၉၅၁ ၅၀၀၄၅၊ ၀၉-၅၃၀ ၂၄၆၆၅

စေတနာတိုင်းရင်းဆေးကုခန်း

TRADE MARK CAUTION

Chuan Sin Sdn. Bhd., a Company incorporated in Malaysia of Lot 898, Jalan Reservior, Off Jalan Air kuning, 34000 Taiping Perak, Malaysia, is the Owner of the following Trade Mark:

SPRITZER

Reg. No. 4 / 3504 / 2011

in respect of 'Distilled water for drink; Waters [beverages]; Table waters; Mineral water (Preparations for making); Water (Seltzer); Mineral water [beverages]; Soda water; Beverages (Non-alcoholic); Beers; Mineral and aerated waters and other non-alcoholic drinks; Fruit drinks and fruit juices; Syrups and other preparations for making beverages' in International Class 32.

Fraudulent imitation or unauthorised use of the said Trade Mark will be dealt according to law.

KHIN MAUNG CHO & ASSOCIATES
for Chuan Sin Sdn. Bhd.
No.302, 1st floor, 40th Street, Kyauk-ta-da Township, Yangon.
Dated: May 19, 2011.

ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားနှင့်ပတ်သက်၍
သတိပေးကြေညာချက်

Myanmar Win Life Co., Ltd

မှတ်ပုံတင်သွင်းထားသည့် တံဆိပ်အမည်အမှတ်အသားများ

UNITY, VELOCITY, ROYAL, NICE STAR, WP, OPAL, UCR
WBC, WIZ, WIF, PBG, TopWin
TOP, GSR, KOCHI, AutoStar, RF ROYAL FLEX, W
UCHIKO, WINFLEX, HIROSAKI, OKINO, Win
KISO, KOHAMA, YOKOMO, TOYOSATO, AWI
YAMAMOTO

B.A., LL.B.




(တစ်)

၂၀၁၀-၂၀၁၁ စာဆိုတော်ရာသီ၌ နိုင်ငံတစ်ဝန်းလုံးတွင် စာပေဟောပြောပွဲတို့ ခြိမ့်ခြိမ့်အုန်းအုန်း ကျင်းပခဲ့ကြလေရာ ကေတုမတီခေါ် တောင်ငူမြို့သို့ နှစ်ကြိမ်တိတိ ရောက်သွားခဲ့ရပါသည်။ ပထမတစ်ခေါက်က ဒီဇင်ဘာလထဲမှာဖြစ်ပြီး မနုနုရည်(အင်းဝ)၊ ကိုအော်ပီကျယ်တို့နှင့်ဖြစ်ပါသည်။ ဒုတိယအခေါက်ကတော့မေလထဲမှာ ငါးညတိုင်တိုင်ကျင်းပသောပွဲ။

ပထမတစ်ခေါက် ကျွန်တော်တို့ ရောက်ရှိ၍သွားကြစဉ် ဗိုလ်မှူး ဖိုးကွန်းလမ်းပေါ်က တည်းခိုခန်းတစ်ခုမှာ တည်းပါသည်။ ဟောပြောမည့်နေ့ ညနေစောင်းတော့ မလှမ်းမကမ်းတွင် ရှိနေသော ကေတုမတီ၏ ကျက်သရေဆောင် ကန်တော်ကြီးအတွင်းမှာ အညောင်းပြေ အညာပြေဆိုသလို လမ်းလျှောက်ဖြစ်ပါသည်။ စိတ်ကြည်နူးချမ်းမြေ့စရာ ဆောင်းနှောင်းညနေခင်းပဲ ဖြစ်ပါ၏။ သို့ဖြင့် ဗိုလ်မှူးဖိုးကွန်းလမ်းနှင့် ကပ်လျက်က ငှက်ပျောကျွန်းထဲ၌ လမ်းလျှောက်နေကြရင်း စံပယ်ကျွန်းဘက်သို့ ကူးရန် ခြေဦးလှည့်လာကြသောအခါတွင်ကား အရုပ်ဆိုး၊ အကျည်းတန်သောမြင်ကွင်းတစ်ခုကို တွေ့လိုက်ကြရပါတော့သည်။

ထူးထူးဆန်းဆန်းတော့ မဟုတ်။ တံတားကို ရိုက်ချိုးဖျက်ဆီးနေသည့် မြင်ကွင်း။ ကန်တော်ကြီးအတွင်း၌ ကျွန်းလေးကျွန်းရှိရာ ဟိုးတစ်ဘက်ဆီ၌ လိမ္မော်ကျွန်း၊ အုန်းကျွန်းတို့ရှိနေပါသည်။ သည်မှာဘက် ဗိုလ်မှူးဖိုးကွန်းလမ်းနှင့် ကပ်လျက်စီတွင်လည်း စံပယ်ကျွန်း၊ ငှက်ပျောကျွန်းတို့ရှိပါသည်။ ဤတွင် ကျွန်းချင်းကပ်နေသည့် စပယ်ကျွန်းနှင့် ငှက်ပျောကျွန်းတို့ ကူးကြ၊ သန်းကြလေသောအခါ အပြင်ကနေ တစ်ပတ်ကြီး ပြန်ပတ်ပြီး မသွားရလေအောင် ကျွန်းနှစ်ကျွန်းကြား၌ ရွက်ကြမ်းရေကျို တံတားကလေးတစ်စင်း ထိုးထားပါသည်။ မကြာခင်ကမှ စိတ်ကူးပေါ်က ဆောက်ထားလို့ပေလား၊ ဒါမှမဟုတ် အဟောင်းကိုပြန်လည်ပြုပြင်ထားလို့ပေလားမသိ။ တံတားက အသစ်ကလေးဖြစ်ပါသည်။ ဆေးတွေကလည်းသုတ်ထားလိုက်တာ သစ်သစ်လွင်လွင်။ သစ်သားချောင်းတွေကလည်း အသစ်။ တံတားက ကျွန်းနှစ်ကျွန်းဆီကနေ ရေပြင်ညီသွားနေရာက အလယ်နားဆီသို့ အရောက်တွင် လှေကားလေးငါးထစ်လောက် အမြင့်သို့ တက်သွားပြီး နားခိုစရာ ဇရပ်ကလေးဖြင့် ဖန်တီးထားသော တံတားကလေးဖြစ်ပါသည်။ လက်ရန်းကလေးတွေ ဘာတွေနှင့် . .

ကျွန်တော်ဆိုခဲ့သည့် အရုပ်ဆိုး၊ အကျည်းတန်သောမြင်ကွင်းဆိုသည်မှာ သည်တံတားကလေးကို ရိုက်ချိုးဖျက်ဆီးနေသော မြင်ကွင်းပဲဖြစ်ပါသည်။ အထက်တန်းကျောင်းသားအရွယ် လူငယ်က လေးသုံးလေးငါးယောက်။ အဓိက ရိုက်ချိုးဖျက်ဆီးနေသူက နှစ်ယောက်၊ ကျန်လူတွေက လက်ခုပ်လက်ဝါးတီးပေးနေသူတွေ။ လက်ရန်းတွေ တစ်ခုမှမရှိတော့။ တစ်ချောင်းကို ရိုက်ချိုးလိုက်၊ ကန်ရေပြင်ထဲသို့ ပစ်ချလိုက်နှင့်။ ပန်းနုရောင် အဖျော့သုတ်ထားသည့် သစ်သားချောင်းကလေးတွေက ရေထဲမှာ ဟိုတစ်ချောင်း၊ သည်တစ်ချောင်းမျောလို့ . .

"ရိုင်းစိုင်းလိုက်တာဟယ်။ ဘာမှလည်း အကျိုးမရှိ"

မနုနုရည်(အင်းဝ)က အံ့သြတကြီးဖြစ်၍ နေပါသည်။ ထိုသူတို့ကား ဖျက်လို ဖျက်ဆီးလုပ်ပြီး စိတ်ကျေနပ်မှုကို ရှာဖွေရာ၌ တော်တော်ကလေး ကျင့်သားရနေကြဟန်တူပါသည်။ ကျွန်တော်တို့ သူတို့နှင့် တော်တော်ကလေး နီးနီးသို့ ရောက်လာသည်အထိ ရိုက်ချိုးမြဲ ရိုက်ချိုး၍နေကြကာ ပြီးတော့မှ ဟားတိုက်ရယ်မောအော်ဟစ်လျက် စံပယ်ကျွန်းပေါ်သို့ပြန်တက်ပြေးသွားကြပြီး ခါတုကလျာ လမ်းမကြီးတစ်လျှောက် ထွက်ပြေးပျောက်ကွယ်သွားကြခြင်းဖြစ်ပါသည်။ ငှက်ပျောကျွန်းကနေ စံပယ်ကျွန်းဘက်သို့ ကူးမည့် ကျွန်တော်တို့တစ်တွေ မကူးဖြစ်ကြပါလေတော့။ ဖရိုဖရဲဖြစ်နေသည့် တံတားပေါ်၌ရပ်ကာ ကန်ရေပြင်ပေါ်က သစ်သားချောင်းတွေကိုကြည့်ရင်း စိတ်တွေနောက်ကျိ မှုန်မှိုင်းလေးလံလာသည့်အတွက် နောက်ကြောင်းပြန်လှည့်ဖြစ်ခဲ့ကြပါသည်။

(နှစ်)

လူကို အဓိပ္ပာယ် ဖွင့်ဆိုကြရာ၌ ရှုထောင့်အထွေထွေ၊ point of view အမျိုးမျိုးအရ လူဆိုတာ နိုင်ငံရေးသတ္တဝါ၊ လူဆိုတာ ပေါင်းသင်းဆက်ဆံရေး သတ္တဝါစသည်ဖြင့် ဖွင့်ဆိုမှုတွေ အများအပြားရှိပါသည်။ ဤတွင်လူဟူသည်အလှအပကို ဖန်လည်း ဖန်တီးတတ်၊ ခံလည်းခံစားတတ်သော သတ္တဝါဟူသည့်ဖွင့်ဆိုမှုလည်းတစ်ခုအပါအဝင်ဖြစ်ပါသည်။ မှန်ပါသည်။ ကဗျာကို လူတွေပဲရေးပါသည်။ ပန်းချီကိုလူတွေပဲဆွဲပါသည်။ ပန်းပုကို လူတွေပဲ ထုပါသည်။ သီချင်းကို လူတွေပဲဆိုပါသည်။ ယင်းတို့ယင်းတို့ကို ခံစားသူတွေကလည်း လူတွေသာ။ ဒါသည်ပင် တိရစ္ဆာန်လောကနှင့် ခြားနားချက်။ လူ၌ အလှဓာတ် နည်းသွားလေလေ တိရစ္ဆာန်ကမ္ဘာနှင့်နီးသွားလေလေ။

လောက၌ အလှဓာတ် ခန်းခြောက်သူတွေ ရှိတတ်ပါသည်။ ထိုသူတို့ကား အလှကို မဖန်တီးကြပါ။ ခံလည်း မခံစားကြပါ။ အဆိုးဆုံးမှာ လှအောင်ဖန်တီးထားသည့်အရာကိုပါ ဖျက်ဆီးပစ်တတ်ကြခြင်းဖြစ်ပါသည်။

မကြာသေးမီကမှ ဆေးအသစ်ပြန်သုတ်ထားသည့် တက္ကသိုလ်စာသင်ခန်း၏ ထောင့်တွေ၊ ထောင့်တွေဆီမှာ ကွမ်းတံတွေးတွေနှင့်နီရဲနေအောင်ထွေးချထားတာကို ကျွန်တော်တို့ တွေ့နိုင်ပါသည်။ အောက်ခြေ၌ အညိုရောင် ခံကာ အထက်ပိုင်းကို အဝါရောင်သုတ်ထားသည့် လှေကားအကွေ့က တိုက်နံရံများဆီ၌ ဟိုတစ်ကွက်သည်တစ်ကွက် ထွေးထုတ်ထားသည့် ကွမ်းတံထွေးကွက်တွေကို ကျွန်တော်တို့တွေ့နိုင်ပါသည်။ သပ်ရပ်ညီညာစွာ တပ်ဆင်ထားသည့် မှန်ချပ်ကလေးများကို ရိုက်ခွဲသွားသဖြင့်ဟောင်းလောင်းပေါက်ဖြစ်နေသည့် ပြတင်းပေါက်တွေ လေသာတံခါးတွေကို ကျွန်တော်တို့တွေ့နိုင်ပါသည်။ အုတ်တံတိုင်းနံရံဖြူဖြူဖွေးဖွေးကြီးပေါ်၌ ညစ်ညမ်းရုပ်ပုံ၊ ညစ်ညမ်းစာသားတွေ ပေပွအောင် ရေးသားသည်ကိုလည်း ကျွန်တော်တို့ တွေ့နိုင်ပါသည်။ မီးရထား၊ မော်တော်ကားတို့၏ ဆိုဖာထိုင်ခုံများကို ဓားနှင့်ထိုးခွဲထားတာ၊ အလှစိုက်ပန်းပင် ပန်းအိုးတို့ကိုရိုက်ချိုး၊ ထိုးခွဲထားတာ၊ အလှဆင် ကြော်ငြာဆိုင်းဘုတ်ကြီးများကို ရွှံ့နဲ့ ဆေးနဲ့ ပက်ထားတာ၊ မြို့ရွာအလှဆင် မီးပန်းမီးဆိုင်းကြီးတွေကို ရိုက်ခွဲပစ်ထားတာ၊ စာနယ်ဇင်း စာမျက်နှာများပေါ်က အလှဓာတ်ပုံပန်းချီစသည်တို့ကို ဖျက်လိုဖျက်ဆီး မင်ရောင်စုံနဲ့ ရေးခြစ်ပစ်ထားတာ စသည် စသည် စသည်. . . ။

အလှအပကိုမဖန်တီးတတ်၊ သူတစ်ပါးဖန်တီးထားသည့် အလှအပကိုလည်း မခံစား၊ မခံစားရုံမက သူ့ဘာသာသူလှနေသည့် အရာတို့ကိုလည်း သွေးအေးအေးနှလုံးသားမာမာဖြင့် ဖျက်ဆီး ပစ်ရခြင်း၌ ခံတွင်းတွေ့တတ်သည့် ရာခိုင်နှုန်း အနည်းငယ်မျှသော လူအချို့ ဤကမ္ဘာပေါ်၌ ရှိပါသည်။ လူ့ခန္ဓာကိုယ်ပေါ်ကို ရရှိပိုင်ဆိုင်ထားသည့်တိုင် စိတ်က တိရစ္ဆာန်အဆင့်။ မြေခွေးအဆင့်။

ကျွန်တော်ကတော့ ကျွန်တော်တို့၏ မျိုးဆက်ကို တိရစ္ဆာန်စိတ်၊ မြေခွေးစိတ်ရှိသူတွေ နည်းနိုင်သမျှနည်းအောင် တာဝန်ရှိသူတိုင်းက ပျိုးထောင်ပေးစေချင်ပါသည်။ ကဗျာလှလှ၊ စာလှလှကလေးတွေ၊ ပန်းချီရုပ်ပုံကားလှလှကလေးတွေ။ သီချင်းဂီတလှလှကလေးတွေ။ သစ်ပင်တောတောင်လျှိုမြောင်စိမ့်စမ်း သဘာဝဝန်းကျင်လှလှကလေးတွေအပေါ် ချစ်တတ်၊ မြတ်နိုးတတ်၊ တန်ဖိုးထားတတ်အောင် ငယ်ငယ်ကတည်းက လေ့ကျင့်ပျိုးထောင်ပေးကောင်းစွာသည်ဟု ယူဆမိပါသည်။ လှနေသော အရာတွေကို ဖျက်ပစ်လိုသော စိတ်ဆိုသည်မှာ လူ့အဖွဲ့စည်းအတွက် မည်သည့်နည်းနှင့်မှမလိုအပ်သည့် တိရစ္ဆာန်စိတ်ပင် မဟုတ်ပါလား။ ။

# စာ(၂၆) သတင်းစာတစ်ခေတ်က ပင်တိုင်ဆောင်းပါးရှင် ကဏ္ဍ မှ

စတင်တည်ထောင်သည်မှ ၁၉၇၅ ခုနှစ်အထိ ဗိုလ်တထောင်သတင်းစာ၌ပင်တိုင်ရေးခဲ့သောဦးသိန်းဖေမြင့်၏ **ပွင့်ပွင့်လင်းလင်းပြောပါရစေ** ဆောင်းပါးများသည် အမြဲတစေ စောင့်ဖတ်ရသော ဆောင်းပါးများဖြစ်ခဲ့သည်။ ဦးသိန်းဖေမြင့်က ဆောင်းပါးများအဆုံး၌ "ဖြစ်ကြောင်းပါဗျာ၊ ထင်မြင်မိကြောင်းပါဗျာ"တို့ဖြင့် ခပ်သွက်သွက် နိဂုံးချုပ်လေ့ရှိ၏။

ဦးညိုမြ၏ အိုးဝေသတင်းစာမှ ပေါ်ထွက်ရှင်သန်လာသော သာဂဒိုး(ဦးတင်စိုး)သည် ပြည်သူပိုင်သတင်းစာများ၌ ပြောစမှတ်တွင်အောင် ရေးခဲ့သူဖြစ်ပါသည်။ သာဂဒိုးသည် ပုဂ္ဂလိက မြန်မာ့အလင်း၌ **ပြောရမှာခက်တယ်** ဆောင်းပါးဖြင့် တရားစွဲဆိုထောင်ချခံရပြီး တော်လှန်ရေးအစိုးရတက်ရောက်လာပြီးနောက် ထွက်ရှိလာသည့် လုပ်သား ပြည်သူ့နေ့စဉ်သတင်းစာ၌ ဆောင်းပါးများပင်တိုင်ရေးလေရာ အချို့သော ဆောင်းပါးတို့မှာ လက်သံပြောင်လှသည်ဖြစ်၍ သက်ဆိုင်ရာပုဂ္ဂိုလ်များကပင် အခြေအနေသစ် ဖန်တီးခဲ့ရသည်။ ဥပမာအားဖြင့် အနော်ရထာလမ်းနှင့် ဆူးလေလမ်းထောင့်၌ မီးပွိုင့်တစ်ခုထားရှိပြီး ဘားလမ်း(မဟာဗန္ဓုလပန်းခြံလမ်း)ထိပ်၌ မီးပွိုင့်တစ်ခုထားရှိရာတွင် မလိုအပ်ဘဲ ယာဉ်ကြောပိတ်ဆို့မှုဖြစ်ပွားခြင်း၊ ယာဉ်တိုက်မှုဖြစ်ပွားလျက်ရှိသည်ကို ဆောင်းပါးရှင်တစ်ဦးအနေဖြင့် ရေးသားခဲ့ရာမှ သက်ဆိုင်ရာက ဘားလမ်းထိပ်မီးပွိုင့်ကို ဖြုတ်သိမ်းခဲ့ရခြင်းမျိုးဖြစ်သည်။ ထို့အပြင် သာဂဒိုးသည် လမ်းစဉ်ပါတီခေတ်က ဟိုးလေးတကျော်ဖြစ်ခဲ့သော ရေဆင်အရေးနှင့် အသုံးလုံးအရေးကိစ္စများအား ထိထိရောက်ရောက် ထောက်ပြရေးသားခဲ့ရာ ဆိုင်ရာက ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့ရသည်။

သာဂဒိုး၏ဆောင်းပါးများသည် ပုံသေခေါင်းစဉ်မထား၊ ရေးသားသောအကြောင်းအရာပေါ်တွင်သာ သီးခြားခေါင်းစဉ်တပ်လေ့ရှိပြီး စကားပြောဟန် အရေးများခဲ့သည်။ မိတ်ဆွေတစ်ဦးနှင့် အချီအချပြောဟန် (သို့မဟုတ်) စာဖတ်ပရိသတ်က ပေးပို့သည့်စာကို ပြန်လည်ပြောပြဟန်နှင့် ရေးလေ့ရှိပြီး တိုတိုနှင့်ဟာသနှောကာ ရေးတတ်သည်။

**ပင်တိုင်ဆောင်းပါးရှင်ဖြစ်လိုလျှင်**

ပင်တိုင်ဆောင်းပါးရှင်များတွင် သူ့နည်းသူ့ဟန် ကိုယ်ပိုင်ရေးဟန်များရှိကြသည်။ ဇာတ်ကြောင်းပြန်ပြောနည်း(Narrative)ကိုသုံးသလို သရုပ်ဖော်ရေးနည်း(Descriptive)ကို အချို့က သုံးကြသည်။ အချို့သော ပင်တိုင်ဆောင်းပါးရှင်များက ရှင်းလင်းဆွေးနွေးနည်း (Explanatory) သုံးသလို ဖွင့်ဆိုနည်း (Interpretative) ကို သုံးကြသည်။ ပင်တိုင်ဆောင်းပါးရှင်အချို့ကမူ စာဖတ်ပရိသတ် ပိုမိုစိတ်ဝင်စားနိုင်သော ဝေဖန်ငြင်းခုံနည်း(Argumentative)ကို သုံးလေ့ရှိသည်။ ထိုအခါ ပင်တိုင် ဆောင်းပါးများသည် ဝတ္ထုတိုကဲ့သို့၊ ဇာတ်လမ်းတစ်ခုကဲ့သို့၊ အယ်ဒီတာ့အာဘော်ကဲ့သို့ တစ်ခါတလေ အက်ဆေးကဲ့သို့ ဖြစ်သွားတတ်သည်။ ဆောင်းပါးရှင်တစ်ဦး အဓိကလုပ်ဆောင်ရမည်မှာ သတင်းအချက်အလက်ပေးရန် (To Inform) နှင့် ဖျော်ဖြေရန် (To Entertain) တို့ဖြစ်ပါသည်။ ပင်တိုင် ဆောင်းပါးရှင်တစ်ဦးသည် အဓိကအားဖြင့် စာဖတ်နာပြီး အကြောင်းအရာမျိုးစုံနှင့် အကျွမ်းတဝင်ရှိရပေမည်။ အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာ နိုင်နင်းရမည်။ ထို့အပြင် နေ့စဉ်နှင့်အမျှဖြစ်ပျက်နေသော နိုင်ငံတကာရေးရာ၊ ပြည်တွင်းရေးရာတို့ကိုလည်း မျက်ခြည်မပြတ် ဓမ္မဓိဋ္ဌာန်ကျကျ သိရှိနေရမည်။ နေရာဒေသ ပေါင်းစုံသို့ သွားရောက်ဖူးပြီး လူမျိုးစုံနှင့် ဆက်ဆံဖူးကာ လူ့ဘောနောကျေအောင်သိရှိရပါမည်။ အကြောင်းရာမျိုးစုံကို တီးမိခေါက်မိရှိရပါမည်။ အထူးသဖြင့်ပင်တိုင်ဆောင်းပါးရှင်တစ်ဦး၏စာကို ဖတ်ရှုရာ၌ ငြီးငွေ့စိတ်ပျက်ခြင်းမရှိဘဲ သွက်သွက်လက်လက်နှင့် လူပြိန်းနားလည်အောင် ထိထိမိမိရေးနိုင်ရပါမည်။ ဤသည်မှာ ပင်တိုင်ဆောင်းပါးရှင်တစ်ဦး၏ကဏ္ဍဖြစ်ပါသည်။

ရည်ညွှန်း။ ။

*(၁)မြန်မာနိုင်ငံသတင်းစာများ အညွှန်း (တက္ကသိုလ်ထင်ကြီး)*
*(၂)၊ သတင်းစာများက ပြောပြတဲ့ စစ်အတွင်းဗမာပြည်(လူထုဦးလှ)*
*(၃)စာဆိုတော်များ အတ္ထုပ္ပတ္တိ (ဗိုလ်မှူးဘသောင်း)*
*(၄)စာပေဘဝ ဇာတ်လမ်းစုံ (သိန်းဖေမြင့်)*
*(၅)သတင်းစာဆရာ ဦးသန်းတင် (အောင်မော်)*
*(၆)သတင်းစာပညာ သဘောတရားနှင့် လက်တွေ့(မောင်ဝံသ)*
*(၇)စာနယ်ဇင်းသမိုင်းစာတမ်းများ*
*(၈)သာဂဒိုးနှင့် တွေ့ဆုံခြင်း*
*(၉)ပြည်သူတို့၏ စကားပြန်*

7 DAY NEWS JOURNAL
Vol.10, No.9 · MAY 19, 2011

# လွှတ်တော်နိုင်ငံရေး

ဒေါက်တာမြတ်ဉာဏစိုး (NDF)

ကျွန်တော်နိုင်ငံရေးသမား မဟုတ်ပါ။ ဤသို့နိဒါန်းချီ၍ စာဖတ်သူများ အံ့သြသွားပါသလား။ ဒေါက်တာမြတ်ဉာဏစိုးသည်စာသင်သောဆရာဝန်၊ဆေးကုသောဆရာဝန်သာဖြစ်ခဲ့ပါသည်။ ၂၀၁၀ ရွေးကောက်ပွဲ အခင်းအကျင်းတွင် ပြည်သူထဲမှ သာမန်ပြည်သူတစ်ဦးဖြစ်သော ကျွန်တော့် ခံစားချက်တွေ ပွင့်ထွက်လာခဲ့သဖြင့် ရွေးကောက်ပွဲဝင်ကာ အရွေးချယ်ခံအမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဖြစ်လာပါသည်။

နှစ်ပေါင်း ၅၀ နီးနီးကွာဝေးခဲ့သော ဒီမိုကရေစီစနစ်ကျင့်သုံးသည့် လွှတ်တော်အစည်းအဝေးများသို့ ပြည်သူ့ကိုယ်စားလှယ်အဖြစ် တက်ရောက်ခွင့်ရခဲ့ပါသည်။ ပြည်သူများမေးမြန်းလိုသော မေးခွန်းများကို ပြည်သူ့ကိုယ်စားမေးမြန်းခွင့်ရခဲ့ပြီးပြည်သူများအတွက် လိုအပ်ချက်အချို့ကို အဆိုအဖြစ် လွှတ်တော်များသို့ တင်သွင်းခွင့်ရရှိခဲ့ပါသည်။ အဆိုအောင်ခြင်း၊ မအောင်ခြင်းဆိုသည်ထက် ရွေးကောက်ခံသမ္မတနှင့်တကွ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ၆၅၀ ကျော်သော ဒေသအသီး သီးမှ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များရှေ့တွင်ဆွေးနွေးခွင့်ရခဲ့ပါသည်။ မိမိ၏ ပထမ ခြေလှမ်းအတွက်ထိုက်သင့်သလောက်သော ဖြစ်ထွန်းမှုရရှိခဲ့ပါသည်။

ဤနေရာတွင်လူအများမှတ်မိနေဦးမည့် ကာတွန်းလေးတစ်ခုကို သတိရမိပါသည်။ လူအုပ်အလယ်တွင် ရောက်နေသူတစ်ဦးက လက်တကာကာနှင့် ကျွန်တော်လည်း ဘေးကနေ ရပ်ကြည့်နေရင်းတဖြည်းဖြည်း အလယ်ရောက်လာတာပါဆိုပြီး ရှင်းပြနေသည့် ကာတွန်းလေးဖြစ်ပါသည်။ ကာတွန်းထဲကပုဂ္ဂိုလ်ကတော့ ရပ်နေရင်းမှ ဟိုတွန်း၊ ဒီတွန်းနှင့် အလယ်သို့ ရောက်သွားဟန်တူပါသည်။ ကျွန်တော်ကတော့ ဘေးကရပ်ကြည့်ရင်း အားမလို၊ အားမရနှင့် ရှေ့သို့တိုးမိလာသည်ဟု ပြောရပါစေတော့။

ကျွန်တော်တို့ နိုင်ငံ၏ နိုင်ငံရေး အခင်းအကျင်းသည် အပြောင်းအလဲတစ်ခုသို့ ရွေ့ခဲ့ပါပြီ။ ဒါကို လက်ခံသူများရှိသလို လက်မခံနိုင်သေးသူများကိုလည်း တွေ့နေရပါသည်။လက်ခံရန် ကြိုးစားနေသူများအတွက် ထင်သာမြင်သာသည့် ပြောင်းလဲမှုများသည့်ထက်ပိုမိုပေါ်ထွန်းလာအောင် ပြည်ထောင်စု အစိုးရသစ်က ပုံဖော်ပေးရပါလိမ့်မည်။ အချိန်က အဆုံးအဖြတ်ပေးပါလိမ့်မည်။

လုံးဝလက်မခံနိုင်ပါဟု ငြင်းဆန်နေသူများကိုတော့ အနည်းငယ် ရှင်းပြချင်ပါသည်။ ဝါရင့်နိုင်ငံရေးသမားကြီးများကိုမိကျောင်းမင်း ရေခင်းပြခြင်း မဟုတ်ပါ။ မိမိကိုယ်တိုင်က နိုင်ငံရေးသမားစစ်စစ်ဟု မခံယူဝံ့သူတစ်ဦး၏ နားလည်သလို ပြောဆိုမှုဟုသာ မှတ်ယူကြစေလိုပါသည်။

၂၀၁၁ ခုနှစ် မတ် ၃၀ ရက်တွင် ဖျက်သိမ်းလိုက်သော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီခေတ်လွန် ပြည်ထောင်စုအစိုးရသစ်ပေါ်ပေါက်လာခဲ့ပြီဖြစ်ပါသည်။ အကာကိုဖယ်၍ အနှစ်ကိုမြင်ကြည့်စေလိုပါသည်။ လူပုဂ္ဂိုလ်စွဲ ထောင့်ကျဉ်းထဲမှ မကြည့်ဘဲ အသစ်ဖောက်ထွက်လာသောလမ်းကို ကျော်၍ ကြည့်စေချင်ပါသည်။ မျှော်၍ စောင့်စားနေစရာ မလိုတော့ပါ။

၂၀၁၀ အခင်းအကျင်းထက်၊ ၂၀၁၅ အခင်းအကျင်း၊ ၂၀၂၀ အခင်းအကျင်းများတွင် ဤပျိုးစအပင်သည် အရွက်ဖားတဝေဝေဖြင့်ကြီးထွားရှင်သန်လာမည်ကို စိတ်ရှင်းရှင်းဖြင့် ခံစားကြည့်နိုင်ပါသည်။ သည်နေရာမှာ နောက်ကြောင်းကို လုံးဝပြစ်ပယ်လိုက်စရာ မလိုသော်လည်း အချို့အရာများကိုတော့ အတိတ်မှာချန်ထားခဲ့ဖို့ လိုကြပါလိမ့်မည်။ အုပ်ချုပ်သူများဘက်ကရော၊နိုင်ငံရေးအပြောင်းအလဲကို တက်ကြွစွာ ဖော်ဆောင်နေကြသူများဘက်ကရော ယုံကြည်မှုကို လက်တွေ့တည်ဆောက်ကြဖို့ လိုအပ်နေပါပြီ။

တစ်ထောက်အနားကာလတွင် ပတ်ဝန်းကျင်တွင် တစ်ချက်ကြည့်လိုက်ပါ။ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး အာဏာသုံးရပ် တကယ့်ကို သီးသီးခြားခြား ပေါ်ထွန်းနေသည်ကိုမြင်နိုင်ကြပါသည်။ ပါလီမန်ဒီမိုကရေစီခေတ်ကကဲ့သို့ ပါလီမန်အတွင်းဝန်ဆိုသည့် အုပ်ချုပ်ရေးဆိုင်ရာဝန်ထမ်းများ လွှတ်တော်ထဲတွင် ရှိမနေပါ။ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီခေတ်ကာလကဲ့သို့ လမ်းစဉ်ပါတီ၏ ဦးဆောင်မှုအောက်တွင် အာဏာသုံးရပ်လုံး ပြားပြားဝပ်၍ မနေပါ။ တပ်မတော်အစိုးရများကဲ့သို့ အဖွဲ့အစည်းတစ်ခုထဲက အားလုံးကို တာဝန်ယူမထားပါ။ ဆုံးဖြတ်ချက်အလုံးစုံကို တစ်ဦးတည်း၊တစ်ဖွဲ့တည်းက ချမှတ်၍ မရတော့ပါ။

ပြည်သူအများလိုလားသည့် အပြန်အလှန် ထိန်းကျောင်းမှုစနစ် (Check and Balance) သည် အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့ကြား၊ ပြည်ထောင်စုလွှတ်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်များအကြား၊ပြည်ထောင်စုအစိုးရနှင့်ဒေသဆိုင်ရာအစိုးရများကြား၊ ပြည်ထောင်စုတရားလွှတ်တော်နှင့် ဒေသဆိုင်ရာ တရားလွှတ်တော်များအကြား၊ ဒေသဆိုင်ရာအစိုးရနှင့် ဒေသဆိုင်ရာ လွှတ်တော်များကြား၊ ပြည်ထောင်စုအစိုးရနှင့် ပြည်ထောင်စုလွှတ်တော်တို့အကြား ပီပြင်စွာ စတင်ဖြစ်ထွန်းလာနေသည်ကို တွေ့မြင်နိုင်ပါသည်။

အက္ခရာ သင်္ချာပုစ္ဆာတစ်ပုဒ်တွက်ရာတွင် အစားထိုးအက္ခရာကိန်းဂဏန်းများ ပြောင်းလဲသည်နှင့်အမျှ End Result အဖြေလည်း ပြောင်းပါသည်။ တွက်ချက်မှု Formula လည်း အခြေအနေ၊ အချိန်အခါကိုလိုက်၍ ပြောင်းလဲသွားနိုင်ပါသည်။ သို့ဆိုလျှင် ၂၀၁၅ ၏အဖြေ ၂၀၂၀ ၏ အဖြေများကို တင်ကြိုမှန်းဆနိုင်ပါသည်။

သို့သော်. . . ဤသို့သော်သည် အရေးကြီးပါသည်။ ကိန်းဂဏန်းများပြောင်းလဲမှုကို အစီအစဉ်တကျ ထားသိုနိုင်ရန်အတွက် ပြောင်းလဲစရာ အက္ခရာ ကိန်းဂဏန်းများတော့ အရန်သင့်ရှိနေဖို့ လိုအပ်ပါသည်။ a,b,c ဖြစ်ချင်ဖြစ်ပါမည်။ က၊ ခ၊ ဂ ဖြစ်ချင်ဖြစ်ပါမည်။ ဟိုလိုတွက်ပါလား၊ ဒီလိုတွက်ပါလားနှင့် လမ်းညွှန်နေမည့်အစား ရပ်ကြည့်အဆင့်မှ ရှေ့တိုးကြဖို့ လိုပါသည်။ တရားဝင်လွှတ်တော်နိုင်ငံရေးကို ခြေလှမ်းညီညီ ညာသံပေးကာ ရှေ့သို့ တိုးကြည့်ကြပါစို့ရဲ့။ တစ်နေ့တစ်လံ ပုဂံပြေးမလွတ်နိုင်တော့ပါ။

အဓိက ကျွန်တော်ညွှန်းဆိုလိုသည်မှာ ပြည်သူအားလုံးပါဝင်ခွင့်ရှိသော လွှတ်တော်များတွင် ပြည်သူ့အကျိုးကို လိုလားသည့် မည်သည့် နိုင်ငံသားမဆို ကိုယ့်နိုင်ငံအကျိုးကို ပါဝင်သယ်ပိုးကြဖို့ လိုအပ်နေပါသည်။ New Face များ၊ New Player များဟု မည်သို့ပင် တံဆိပ်ကပ်ပါစေ၊ ခါတော်မီမဟုတ်သည့် ဘက်စုံထောင့်စုံမှ ပညာရှင်များ၊ အလွှာအသီးသီး မှ နိုင်ငံရေးကို စိတ်ပါဝင်စားသူများ အားလုံး ရှေ့တစ်လှမ်းတက်ကြပါစို့။ နိုင်ငံရေးသမားဟူသည် သီးသန့်လူတန်းစားတစ်ရပ် မဟုတ်တော့ပါလေ။

ကျွန်တော် ဒေါက်တာမြတ်ဉာဏစိုးသည်လည်း နိုင်ငံရေးသမားမဟုတ်ခဲ့ပါ။ လွှတ်တော်နိုင်ငံရေးကို တစ်စိုက်မတ်မတ် ယုံကြည်ခဲ့သူသာဖြစ်ပါသည်။ အနည်းဆုံး ပြည်သူ့အသံကိုတော့ လွှတ်တော်ထဲတွင် ကျွန်တော်တို့ပွဲတင်ပြန်ပေးနိုင်ပါသည်။ ။



JOKE

## လူထုဆက်ဆံရေး

တစ်ခါက United လေကြောင်းလိုင်းမှ လေယာဉ်တစ်စင်း နယူးယောက်လေဆိပ်မှ ခရီးစဉ်ကို ဖျက်သိမ်းလိုက်ရသည်။ ဖျက်သိမ်းလိုက်သော ခရီးစဉ်မှ ခရီးသည်များအား နောက်လေယာဉ်တစ်စင်းအတွက် ပြန်လည်ချိတ်ဆက်ပေးရန် ကောင်တာတွင်အမှုထမ်းအမျိုးသမီးတစ်ဦးတည်း လုပ်ဆောင်နေရရာ ခရီးသည်များတန်းစီနေရသည်။ ထိုအချိန်မှာပင် ဒေါသထွက်နေသော အမျိုးသားတစ်ဦးကောင်တာရှေ့ရောက်လာပြီး. . .

"ငါဒီလေယာဉ်နဲ့လိုက်ရမှဖြစ်မယ်။ ပထမတန်းက စီစဉ်ပေးရမယ်" ဟု ပြောပါလေ၏။

အမှုထမ်းအမျိုးသမီးက "ဟုတ်ကဲ့လူကြီးမင်းကိုကူညီပါ့မယ်ရှင်။ ဒါပေမဲ့ ရှေ့ကလူတွေကိုအရင်ကူညီရပါလိမ့်မယ်။ ရှင့်အလှည့်လည်း ရောက်လာလိမ့်မယ်"ဟုပြန်ဖြေရာ အမျိုးသားက အလျှော့မပေးဘဲ. . .

"မင်း ငါဘယ်သူလဲဆိုတာသိသလား"ဟု ခပ်ကျယ်ကျယ်ဆိုလိုက်ပါ၏။

အမျိုးသမီးကလည်း အပြုံးမပျက်ပင် လူထုကြေညာချက်မိုက်ကရိုဖုန်းဖွင့်၍ "ကျေးဇူးပြု၍ နားဆင်ပါရှင်။ ကောင်တာရှေ့မှ လူကြီးမင်းတစ်ယောက် သူ့ကိုယ်သူ ဘယ်သူမှန်းမသိဘူးဖြစ်နေပါတယ်။ သူဘယ်သူလဲဆိုတာ ကူညီပေးလိုက်ကြပါရှင်" ဟုပြောလိုက်ပါသည်။ အမျိုးသားလည်း ဒေါသပုန်ထသွားပြီး **F** စကားလုံးဖြင့် ဆဲရေးတိုင်းထွာလိုက်သည်။ အမျိုး သမီးကလည်း တစ်ချက်ကလေးမှ တွန့်မသွားဘဲ. . .

"စိတ်မရှိပါနဲ့ရှင်။ အဲဒီ့အတွက်လည်း လူကြီးမင်း တန်းစီစောင့်ဆိုင်းရပါလိမ့်မယ်" ဟုဆိုလိုက်ရာ လူအုပ်ကြီးက လက်ခုပ်လက်ဝါးတီး၍ ထောက်ခံကြပါတော့သည်။

## တိတ်တိတ်နေစမ်းပါ

ဈေးဝယ်စင်တာထဲမှ ထွက်လာသောအခါ မိန်းမက သူ့ယောကျ်ားအား "ကျွန်မကားထဲ ပစ္စည်းတွေသွားထည့်မယ်။ ရှင်ကလေးကို သွားတွန်းလာခဲ့"ဟု ပြောလိုက်သည်။ ခဏအကြာယောကျ်ားက ကလေးတွန်းလှည်းဖြင့်ပြန်လာရာ "ဟယ်. . ယောကျ်ား အဲဒါကျွန်မတို့ကလေးမဟုတ်ဘူးလေ"ဟု မိန်းမက ပြောရာ ယောကျ်ားက "တိတ်တိတ်နေစမ်းပါကွာ၊ ဒီကလေးတွန်းလှည်းလေးကအသစ်လေး"ဟု ပြောလိုက်ပါသည်။

**အယ်ဒီတာချုပ်-** သောင်းစုငြိမ်း။ **အမှုဆောင်အယ်ဒီတာများ-** အားမာန်၊ ငြိမ်းငြိမ်းနိုင်။ **စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်းအယ်ဒီတာ -** စောစည်သူမို။ **သတင်းအယ်ဒီတာများ-** အေးမြကျော်၊ နေလင်းအောင်၊ သီဟ၊ မေဝင်းမွန်။
**အကြီးတန်းသတင်းထောက်-** မြတ်စုမွန်၊ ဇာဇာနီ၊ ယုဇနကိုကို။ **နိုင်ငံတကာသတင်းဘာသာပြန်-** ရဲမင်း၊ ကျော်မျိုးဦး။ **စာပြင်အယ်ဒီတာ-** လှထွဋ်ဦး။ **သတင်းထောက်များ-** သဇင်ထွေး၊ ဝေယံမြတ်ဦး၊ ဒဲနစ်အောင်အောင်၊ကျော်သီဟ၊ အိဖြူလွင်၊ အိဖြူမွန်၊ ဝတ်ရည်အောင်၊ သိမ့်သိမ့်စိုး၊ ဥက္ကာကိုကို၊ အောင်သူရ၊ နေလင်းထွန်း၊ ဗိုလ်ဗိုလ်ဝင်း၊ ပြည့်သိမ်း၊ သန်းဌေး၊ အေးသူစံ။ **နေပြည်တော်သတင်းထောက်-** ထူးသန့်။ **မန္တလေးသတင်းထောက်များ-** စိုင်းသာအောင်၊ မင်းဒင်၊ ညီညီဇော်။ **နယ်သတင်းထောက်များ-** မျိုးမင်းဦး၊ စောရန်နိုင်၊ သတင်းထောက်လှမြင့်၊ ဆန်းညွှန့်(ရေနံချောင်း)၊ မျိုးဇော်၊ မောင်ကံ၊ ကျော်ထွန်း။ **စာမျက်နှာဖွဲ့စည်းမှု-** ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက်။ **ကွန်ပျူတာစာစီ-** စန်းစန်း၊ နွယ်မွန်ဖြိုး၊ မေဇင်သိန်းဇော်၊ဘုန်းမြင့်ဟန်။ **သရုပ်ဖော်-** စိုးသော်တာ။ **ဓာတ်ပုံသတင်းထောက်-** အောင်အောင်၊ ဂျေမောင်မောင်(အမရပူရ)။ **ပြင်ပဆက်သွယ်ရေး-** သက်ပိုင်ဌေး။ **လိုဂိုဒီဇိုင်း-** ကျောက်ဆည်။ **ဘဏ္ဍာရေး-** ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး။ **ကြော်ငြာတာဝန်ခံ-** မိုးပပ၊ လင်းလင်းဦး။ **ထုတ်ဝေသူ-** ဦးမျိုးလှိုင်အောင်။ **ပုံနှိပ်စက်-** သုဝဏ္ဏသီဂီပုံနှိပ်တိုက်။ **ဖလင်-** Sunn Colour Separation. **စောင်ရေ-** ၁,၀၀၀။ **ရောင်းဈေး-** ၄၅၀ကျပ်။

7Day News ဂျာနယ်တိုက် - လပြည့်ဝန်းပလာဇာ(၁၀ ထပ်)၊ အမှတ် ၃၇၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း- ၇၂၁ ၅၇၈၊ ၂၄၃ ၅၄၂၊ ၃၈၆၄၅၉၊ ၀၉ ၅၀၇၃၂၅၅
Fax : 243 542, E-mail : 7daynews@mail4u.com.mm, orbit@myanmar.com.mm ၊

# Business

7DAY NEWS JOURNAL

Vol.10, No.9 • MAY 19, 2011


## သစ်လုပ်ငန်းကျဆင်းခြင်းမှာ စီးပွားရေးပိတ်ဆို့မှုများကြောင့်ဟုဆို

**ပြည့်သိမ်း**

**ရန်ကုန်၊ မေ - ၁၂**

မြန်မာ့သစ်လုပ်ငန်းကျဆင်းလာခြင်းမှာ စီးပွားရေးအရပိတ်ဆို့မှုများကြောင့် ပြည်ပဈေးကွက်သို့ တစ်ဆင့်ခံတင်ပို့နေရ၍ဖြစ်ကြောင်း မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းမှ တွဲဖက်အတွင်းရေးမှူး ဦးဘာဘာချိုကပြောသည်။

ယင်းကဲ့သို့ တစ်ဆင့်ခံ တင်ပို့နေရသည့်အတွက် ကုန်ချောများ တိုက်ရိုက်ထုတ်လုပ်နိုင်မှုမရှိဘဲ ခွဲသားများအနေဖြင့်သာ အများဆုံးတင်ပို့ရသည်ဟု ဆိုသည်။ ထို့ကြောင့်အကျိုးအမြတ်မှာလည်း အပြည့်အဝမရရှိဟုဆိုသည်။ ပြည်တွင်းလုပ်ငန်းရှင်များက ကုန်ချောကိုသာ အဓိကရောင်းချလိုသော်လည်း စီးပွားရေးပိတ်ဆို့မှုကြောင့် ကုန်ကြမ်းတင်ပို့သူအဖြစ်ကိုသာ တွန်းပို့နေသကဲ့သို့ရှိသည်။

"စီးပွားရေးပိတ်ဆို့မှုကြောင့် တရားဝင်တင်ပို့မှုကနေ တရားမဝင်တင်ပို့မှုဖြစ်နေရတယ်"ဟု အထက်ပါပုဂ္ဂိုလ်ကဆိုသည်။

ယင်းကဲ့သို့ပြုလုပ်နေရခြင်းသည်စီးပွားရေးပိတ်ဆို့မှုတွင်ထုတ်လုပ်မှုပမာဏ မည်ရွေ့မည်မျှ ပါဝင်ရမည်ဟုသတ်မှတ်ချက်မရှိပေ။ မြန်မာနိုင်ငံမှ တင်ပို့သည့် ပစ္စည်းများကို အခြားနိုင်ငံများမှတစ်ဆင့် တင်ပို့လျှင် လက်ခံနေကြောင်းလည်းသိရသည်။

ထို့အပြင် ပြည်တွင်းသစ်လုပ်ငန်းရှင်များသည် ထုတ်လုပ်မှုနည်းပညာပိုင်းတွင် လိုအပ်ချက်များရှိနေသေးကြောင်း၊ စက်ပစ္စည်းများကိုဝယ်ယူတပ်ဆင်ရာတွင် ငွေကြေးအရင်းအနှီးများ၍ ဈေးကွက်၌ ရောင်းချနိုင်မှုကျဆင်းခြင်းလည်းပါဝင်ကြောင်း မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မြန်မာနိုင်ငံမှပြည်ပသို့သစ်တင်ပို့မှုမှာမြန်မာ့သစ်လုပ်ငန်း၏ စာရင်းဇယားများအရ ၂၀၀၉-၁၀ ဘဏ္ဍာနှစ်တွင် အမေရိကန် ဒေါ်လာသန်း ၄၀၀ တန်ဖိုးရှိသည်။ ယင်းတို့ထဲတွင် ပုဂ္ဂလိက ကဏ္ဍမှ တင်ပို့မှုသည် အမေရိကန်ဒေါ်လာ သန်း ၁၀၀ ရှိသည်။ ယင်းတို့ထဲ၌ ပုဂ္ဂလိက ကဏ္ဍမှသာ ခွဲသားများတင်ပို့ပြီး ကျန်တင်ပို့မှုများမှာ သစ်လုံးများဖြစ်သည်။



ပြပွဲတစ်ခုတွင် ပြသထားသော ပရိဘောဂအထည်များ။

## ပြည်တွင်းငွေလဲနှုန်း

| | | |
|---|---|---|
| ၁ ဒေါ်လာ(အမေရိကန်) | ၈၃၂ | ကျပ် |
| ၁ အက်ဖ်အီးစီ | ၈၁၉ | ကျပ် |
| ၁ ဒေါ်လာ(စင်ကာပူ) | ၆၇၅ | ကျပ် |
| ၁ ဘတ်(ထိုင်း) | ၂၇. ၅ | ကျပ် |
| ၁ ယွမ်(တရုတ်) | ၁၂၃ | ကျပ် |
| ၁ ယူနစ်(ပို့ကုန်ရငွေ) | ၈၉၈ | ကျပ် |

၂၀၁၁ မေ ၁၄ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၁၇၃ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၀၈ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၈၀. ၇၈ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၄၉၇၇ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၄၄. ၈၆ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၄၅ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၀၈၆. ၈၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၀၀ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၀. ၂၅ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၈,၅၈၅. ၀၀ | ရူးပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၀,၅၉၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၀. ၉၆၇၉ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၁. ၂၇၂၃ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၀. ၉၄၅၂ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၂၇. ၀၆၂၃ | ရူဘယ် | (ရုရှား) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁၄၉၃. ၆၀၀ |
| ရေနံ | စည် | ၁၁၃. ၈၃၀ |
| ငွေ | ၁ အောင်စ | ၃၅. ၀၁၃ |
| ကြေးနီ | ပေါင် | ၃၉၈. ၃၅၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၄. ၂၄၆ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၁ မေ ၁၄ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။

## ရန်ကုန်တွင် ကျောက်မျက်ရောင်းဝယ်သော သီးသန့်နေရာမရှိ ကုန်သည်များ အခက်တွေ့

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ မေ-၇**

ကျောက်မျက်ရတနာ အရောင်းအဝယ်ပြုလုပ်ရာတွင် သီးသန့်နေရာမရှိ(ထာပွဲ)ခြင်းကြောင့် အရောင်းအဝယ်ပြုလုပ်ရာ၌ အခက်အခဲများရှိနေကြောင်း ကျောက်အရောင်းအဝယ်ပြုလုပ်သော ကုန် သည်များကပြောသည်။

"ကျောက်အရောင်းအဝယ်လုပ်တဲ့နေရာက သီးသန့်မရှိတော့ ဗိုလ်ချုပ်ဈေးထဲမှာဆိုလည်း ကုန်သည်အများစုထိုင်တဲ့ လမ်းကြားလက်ဖက်ရည်ဆိုင်ပတ်လည်မှာပဲ အရောင်းအဝယ်လုပ်ရတယ်။ ရွှေဘုံသာလမ်းထဲမှာလည်း ဒီလိုပဲကြုံတဲ့နေရာမှာထိုင်ပြီး အရောင်းအဝယ်လုပ်နေရတယ်"ဟုကျောက်ကုန်သည်တစ်ဦးကပြောသည်။

လက်ရှိတွင် ကျောက်အရောင်းအဝယ်ပြုလုပ်သည့် သီးသန့်နေရာမရှိခြင်းကြောင့် မိုးရွာလာပါက ကုန်သည်အများစုမှာ ထိုင်စရာ နေရာအခက်အခဲရှိ၍ မိုးလုံရာနေရာများတွင် ခိုလှုံနေရခြင်းများကြောင့် အရောင်းအဝယ် ကောင်းစွာပြုလုပ်နိုင်ခြင်းမရှိကြောင်း ကျောက်ကုန်သည်များကပြောသည်။

"ကျောက်အရောင်းအဝယ်လုပ်တဲ့နေရာကို မိုးကုတ်တို့၊ မန္တလေးတို့မှာလို နေရာသတ်မှတ်ပေးလိုက်ရင်အဆင်ပြေမယ်။ ဒီမှာက နေရာမရှိတော့ မိုးရွာရင် ပြန်မယ်၊ မလာဘူးဆိုတာနဲ့ပဲ မိုးတွင်းဆို အလုပ်သိပ်မဖြစ်ဘူး" ဟု ကျောက်ကုန်သည်တစ်ဦးကပြောသည်။

ထို့ကြောင့် ကျောက်ကုန်သည် အရောင်းအဝယ်ပြုလုပ်နိုင်ရန် နေရာကို ရွှေလုပ်ငန်းကဲ့သို့ သီးသန့်နေရာရှိလာပါက ပိုမိုအဆင်ပြေနိုင်ကြောင်း ကျောက်ကုန်သည်များက ပြောသည်။

ကျောက်မျက် အရောင်းအဝယ်ပြုလုပ်နေကြသော ဗိုလ်ချုပ်ဈေးနှင့် ရွှေဘုံသာလမ်းနေရာများမှာ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးနောက် ရန်ကုန်တွင် ကျောက်အရောင်းပြုလုပ်စဉ်ကတည်းက ရှိခဲ့ခြင်းဖြစ်ကြောင်း ကျောက်အရောင်းအဝယ်ပြုလုပ်သူကုန်သည်များကပြောသည်။

## ရွှေအပိုင်းလိုက် ဝယ်ယူသူမရှိသလောက်နည်း



**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ မေ- ၁၁**

ရွှေအပိုင်းလိုက် အရောင်းအဝယ်ပြုလုပ်သည့်ဈေးကွက်မှာ သင်္ကြန်ပြီးနောက်ပိုင်း အရောင်းအဝယ်ပြုလုပ်သူမရှိသလောက်နည်းနေသေးကြောင်း ရွှေလုပ်ငန်းလုပ်ကိုင်နေသူများကပြောသည်။ စာ(၃၄)သို့




7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.10, No.9 • MAY 19, 2011

# ကုန်တင်ခများ ထပ်မံကျဆင်း

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ မေ- ၁၃**

ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများတွင် ကုန်တန်ချိန်တင်လာနိုင်ခြင်းနှင့် မိုးတွင်းကာလ ကုန်တင်ပို့မှုနည်းခြင်းတို့ကြောင့် တန်ဆာခများကျဆင်းလာကြောင်း ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များကပြောသည်။

"တန်ဆာခတွေ ဒီလဆန်းပိုင်းလောက်မှာထပ်ကျလာတယ်။ အာဆီယံသတ်မှတ်ချက်မရှိတော့ဘူးဆိုတုန်းက နည်းနည်းထပ်ကျတယ်။ ဒီရက်ပိုင်းက မိုးတွင်းဆိုတော့ ကုန်စည်တင်ပို့မှုနည်းတာတွေကြောင့် ထပ်ကျလာတာပါ" ဟု ရန်ကုန်-မန္တလေးလမ်းပိုင်းပြေးဆွဲနေသောကားဂိတ်လုပ်ငန်းရှင် တစ်ဦးကပြောသည်။

ရန်ကုန်-မန္တလေးလမ်းပိုင်းတွင် အာဆီယံသတ်မှတ်ချက်များစတင်ချိန်တွင် ၁ ပိဿာ ၁၄၅ ကျပ်ထိတန်ဆာခများမြင့်တက်ခဲ့သည်။ ထို့နောက် မတ်လ၌ အာဆီယံ တန်သတ်မှတ်ချက်ထက် ကုန်ထပ်တိုးတင်နိုင်ချိန်တွင် ၁ ပိဿာ ၁၀၀-၁၂၀ ကျပ်ဝန်းကျင်မှ ယခုလဆန်း၌ ၁ ပိဿာ ၇၀-၇၅ ကျပ်ထိ ထပ်မံကျဆင်းလာခဲ့ကြောင်း ကားဂိတ်လုပ်ငန်းရှင်များကပြောသည်။



မန္တလေး-ရန်ကုန်အပြန်ကုန်တင်ခမှာလည်း အာဆီယံစံသတ်မှတ်ချိန်တွင် တစ်ပိဿာ ၁၀၅ ကျပ်ထိမြင့်တက်သွားပြီး ကုန်တန်ချိန် ထပ်တိုးတင်နိုင်ချိန်၌ ပိဿာ ၈၀ ကျပ်သို့ ပြန်လည်လျော့ကျခဲ့သည်။ ယခုနောက်ဆုံး မေလဆန်းပိုင်းတွင် ၁ ပိဿာ ၅၅ ကျပ်ထိ ပြန်လည်ကျဆင်းလာခဲ့ကြောင်း သိရသည်။

"ရောဝတီလမ်းပိုင်းက ရန်ကုန်အဝင်ကုန်ပေါတော့ဟိုဘက်က အတက်မှာ မကျဘူး။ ဒီဘက်ကအဆင်းကုန်နည်းပြီး ကားပေါနေလို့ တန်ဆာခထပ်ကျလာတယ်"ဟုရန်ကုန်-ပုသိမ်ကားလိုင်းလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ရန်ကုန်- ပုသိမ်လမ်းပိုင်း၌ သင်္ကြန်ပြီးကာလတွင် ဘိလပ်မြေတစ်အိတ်လျှင် ၅၅၀ ကျပ်မှ ယခုလဆန်းပိုင်းတွင် ၄၅၀ ကျပ်သို့ ကျဆင်းလာခဲ့ကြောင်း သိရသည်။

ရန်ကုန်-နေပြည်တော်လမ်းတွင်လည်း သင်္ကြန်ပြီးစတွင် ၆ ဘီးယာဉ် တစ်စီးလျှင် ကျပ် ၅၀,၀၀၀ မှ ၆၀,၀၀၀ ဝန်းကျင်ဖြင့်ပြေးဆွဲခဲ့ရာမှ အခြားမြို့များသို့တင်ပို့သောကုန်ရှား၍ နေပြည်တော်ဘက်သို့ဝင်ရောက်ဆွဲသည့်ကားများလာခြင်းကြောင့်၃၅,၀၀၀၊ ၄၀,၀၀၀ ကျပ်ထိကျဆင်းလာခဲ့ကြောင်း ရန်ကုန်-နေပြည်တော်ပြေးဆွဲနေသော ကားဂိတ်လုပ်ငန်းရှင်တစ်ဦးကပြောသည်။




# ရှမ်းဆန်ဈေးတက်

**အောင်သူရ**

**ရန်ကုန်၊ မေ - ၁၁**

ရှမ်းပြည်နယ်တွင် အဓိကစိုက်ပျိုးသော ရှမ်းဆန်များမှာ ယခုရက်ပိုင်းမှစ၍ ဈေးစတင်ပြောင်းလဲလာကြောင်း သတင်းရရှိသည်။

"၃၆ ပြည် တစ်အိတ်ကို သုံးထောင်လောက်တက်သွားတယ်" ဟု ရှမ်းဆန်ရောင်းချသူ လုပ်ငန်းရှင်တစ်ဦးကပြောသည်။

လက်လီဈေးကွက်တွင် ရှမ်းဆန်တစ်ပြည်ပါ တစ်အိတ်လျှင် ၄၀၀ ကျပ်ခန့် ထပ်တိုးကာ တစ်ပြည် ၂,၀၀၀ ကျပ်ဖြင့် ရောင်းချလာကြသည်။

"ရာသီဥတုဆိုးလို့ စပါးအထွက်လျော့တယ်။ ထွက်တဲ့စပါးကို ကြိတ်တော့ အကျိုးအကျေများတဲ့အတွက် ဈေးတက်သွားတာ" ဟု တောင်ကြီးဒေသခံ ဆန်ရောင်းချသူတစ်ဦးကဆိုသည်။

သို့သော် အခြားသော ဆန်စပါးဈေးနှုန်းများမှာ ဈေးနှုန်းအတက်အကျမရှိဘဲ ဈေးငြိမ်ကာ အရောင်းအဝယ်အေးလျက်ရှိကြောင်းသိရသည်။

## စာ(၃၃) - ရွှေအပိုင်းလိုက် ဝယ်ယူသူမရှိသလောက်နည်း မှ

ယခုကဲ့သို့ ရွှေအပိုင်း(၁၀ သားပိုင်း)ဈေးကွက်တွင်အရောင်းအဝယ်ပြုလုပ်သူနည်းနေခြင်းမှာ ရွှေဈေးနှုန်းမြင့်နေခြင်းနှင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းအချို့၌ ပြောင်းလဲမှုများရှိနေခြင်းကြောင့် ဖြစ်ကြောင်း ရွှေအရောင်းအဝယ်ပြုလုပ်သည့် လုပ်ငန်းရှင်များကပြောသည်။

"ရွှေကဈေးတောက်လျှောက်မြင့်နေတာရော၊ စားအုန်းဆီလုပ်ငန်းမှာလည်း အပြောင်းအလဲတွေဖြစ်နေတော့ ရွှေဘက်ကို လူတွေသိပ်စိတ်မဝင်စားသေးဘူး။ ဒါကြောင့် သင်္ကြန်ပြီးနောက်ပိုင်းကတည်းက ရွှေအပိုင်းဝယ်တဲ့သူမရှိသလောက်ဘဲ"ဟု အပိုင်းဈေးကွက်ပါ အရောင်းအဝယ်ပြုလုပ်သော ရွှေလုပ်ငန်းရှင်တစ်ဦးကပြောသည်။

လက်ရှိကာလမှာ ကမ္ဘာ့ရွှေဈေးများ မြင့်တက်နေပြီး အမေရိကန်ငွေဈေးကျဆင်းခြင်းကြောင့် ပြည်တွင်းရွှေဈေးများ ဈေးအေးနေသော်လည်း ရွှေအရောင်းအဝယ်ပြုလုပ်သူနည်းနေကြောင်း ရွှေဆိုင်လုပ်ငန်းရှင်များကပြောသည်။


"ဒီရက်ပိုင်းကမ္ဘာ့ရွှေဈေးကတက်ရိပ်ပြလာတော့အထည်ဈေးကွက်နဲ့ ဖြတ်စရောင်းတဲ့ဘက်မှာတော့ ရောင်းအားက တက်လာတယ်။ အပိုင်းဈေးကွက်ကတော့ ဝယ်သူမရှိသေးဘူး။ ရွှေဈေးကအေးတယ်ဆိုပေမယ့် အမြင့်ပိုင်းမှာရှိနေသေးတော့ ကြိုက်ဈေးမရောက်သေးတာကြောင့်လည်း ပါမယ်"ဟု ရွှေလုပ်ငန်းရှင်တစ်ဦးကပြောသည်။

ကမ္ဘာ့ရွှေဈေးနှုန်းသည် တစ်အောင်စလျှင် ၁၄၈၀ ဒေါ်လာဝန်းကျင်မှ ၁၅၂၀ ဒေါ်လာကျော်ထိမြင့်တက်နေကြောင်းသိရသည်။ သို့သော် အမေရိကန်ငွေဈေးမှာ တစ်ယူနစ်လျှင် ၈၂၅ ကျပ်ဝန်းကျင်သို့ ပြန်လည်ကျဆင်းနေ၍ ပြည်တွင်းရွှေဈေးမှာ လည်း အခေါက်ရွှေတစ်ကျပ်သားလျှင် ၆၇၀,၀၀၀ ကျပ်ဝန်းကျင် ရှိနေကြောင်းသိရသည်။

7 DAY NEWS JOURNAL
Vol.10, No.9 • MAY 19, 2011

7DAY BOOK REVIEW

## နတ်ကျွန်း၊ မြင်စိုင်း၊ စစ်ကိုင်းဆိပ်ကမ်း ရောဝတီ (သိပ္ပံမောင်ဝ)




တစ်ကြိမ်တစ်ခါမှလုံးချင်းအဖြစ် မထွက်ရှိဖူးသော သိပ္ပံမောင်ဝ၏ ပြည်တွင်းခရီးသွား ဆောင်းပါးစုစည်းမှု စာအုပ်ဖြစ်သည်။ ၁၉၃၁ မှ ၁၉၃၇ ခုနှစ်များအတွင်း သူရိယ၊ ဂန္ထလောက၊ ကြီးပွားရေးနှင့် ဒဂုန်မဂ္ဂဇင်းများတွင် သိပ္ပံမောင်ဝရေးခဲ့သော ခရီးသွားဆောင်းပါးများကို စိတ်ကူးချိုချိုစာအုပ်တိုက်က ရှာဖွေစုဆောင်းကာ စာအုပ်အဖြစ် ထုတ်ဝေလိုက်ခြင်းဖြစ်ပါသည်။ ခရီးသွားဆောင်းပါးဟုဆိုသော်ငြား အများသူငါရေးသလိုလူသွားများသော၊ သွားလေ့သွားထရှိသော ဒေသများသာမက ဦးစိန်တင်(သိပ္ပံမောင်ဝ)အိုင်စီအက်စ်ဘဝဖြင့် နယ်လှည့်စဉ်အတွင်း သွားလာရခက်ခဲသော ချောင်ကြိုချောင်ကြား ရွာကလေးများအကြောင်းထိ ပါဝင်လေသည်။

ဆောင်းပါးများကို ဖတ်ကြည့်သောအခါ မြန်မာပြည်အနှံ့အပြားသို့ သိပ္ပံမောင်ဝကခေါ်သွားသည်။ မွန်ပြည်နယ် နတ်ကျွန်း၊ ပုဂံပြည်ကြီး ပျက်ပြီးနောက် ပေါ်ပေါက်ခဲ့သော မြင်စိုင်း၊ စစ်ကိုင်း၊ အင်းဝ ဒေသများသာမက လင်းဇင်း၊ မန်းရွှေစက်တော်၊ စည်တုတ္တရာ၊ မင်းကွန်း၊ တောင်ပြုံး၊ သပြေတန်းခံတပ်၊ ဇလွန်၊ ကျောက်ဆည်အလွန် ချင်းတောင်အစပ် တောရွာများနှင့် ရဲရမန်းဟုခေါ်သော ကျောက်ဆည်နှင့် စဥ့်ကိုင်မြို့နယ်အရှေ့ဘက် ရှမ်းတောင်များကြား၌ တည်ရှိသော တောင်ကြားဒေသများအထိပါ သိပ္ပံမောင်ဝက ခေါ်သွားပါသည်။ အထူးသဖြင့် သိပ္ပံမောင်ဝ၏ မွေးရပ်မြေ မွန်ပြည်နယ် ရေးဖြစ်ဟောင်း နတ်ကျွန်းသကြ်န်၊ ပုဂံပြည်ကြီးပျက်ပြီးနောက် စည်ကားသိုက်မြိုက်ခဲ့သော မြင်စိုင်းဒေသ၊ ရောဝတီမြစ်အနောက်ဘက်ကမ်းရှိ အင်းဝနှင့် ပုဂံမြို့ဟောင်းသို့ နှစ်ပေါင်း ၇၀ ကျော်က သွားရောက်ခဲ့ပုံ အကြောင်းဖတ်ရှုရမည်ဖြစ်ပါသည်။ ထိုစဉ်အခါက ပုဂံမြို့ဟောင်းတွင် ကတ္တရာလမ်း မခင်းရသေး၍ ညောင်ဦးမှ ပုဂံသို့ သဲမြေလမ်းအတိုင်း သွားရာ၌ လမ်းခရီးသာယာပုံ၊ စမ်းချောင်းကလေးများ ဖြတ်ရပုံတို့ကိုသဘာဝအလှတရားနှင့် ယှဉ်တွဲ၍ ပုဂံစေတီပုထိုးတို့အကြောင်း သိရှိနိုင်မည်ဖြစ်ပါသည်။

သိပ္ပံမောင်ဝသည်ခေတ်စမ်းစာပေ အသီးအပွင့်ဖြစ်သည့်အားလျော်စွာ စကားပြေကို ရိုးရိုးရှင်းရှင်း တိုတိုရေးသားသော်လည်း နဂိုရှိရင်းစွဲ ၎င်း၏ လောကအမြင်ကို အသောအထေ့လေးများဖြင့် ရစ်ဖွဲ့ကာဆောင်းပါးများကို လှပစွာသီကုံးထားပေသည်။ သိပ္ပံမောင်ဝ၏ ခရီးသွားဆောင်းပါးများတွင် ရှေးက အဖြစ်အပျက်များသာမက သူကိုယ်တိုင်မြင်တွေ့ရသောအဖြစ်အပျက်များကိုပါ စပ်ပေါင်း၍ ကိုယ်ပိုင်အတွေးဖြင့်ရေးသားထားရာ ဖတ်၍မငြီးသောဆောင်းပါးများဖြစ်လေသည်။

တောင်ပြုံး ခရီးသွားဆောင်းပါးတွင် တောင်ပြုံးသွားရာလမ်း၌ကြုံတွေ့ရပုံကို "မော်တော်ကားထဲမှ လူများက လှေသမ္ဗန်ထဲတွင် ပါလာသောသူတို့အား ပါးစပ်ဖုံးကြကြကုန်၏။ လှေသမ္ဗန်ထဲမှ ပါလာသောသူတို့ကလည်း လှည်း၊ မော်တော်ကားထဲမှ လူများအား ပြန်၍ ဖုံးကြကြလေသည်။ အချို့လည်း လမ်းပေါ်တွင်ရပ်ကာလာသမျှသော သူတို့အား ပါးစပ်ဖုံးစောင့်၍ကြနေကြကုန်၏။ ထိုသူတို့မှာ အမြတ်အများဆုံးရသူများဖြစ်ကြလေသည်။

မော်လမြိုင်၊ ရန်ကုန် သကြ်န်တို့ကား ရေပုံးကြဲကြသော ပွဲများဖြစ်ကြလေသည်။ တောင်ပြုံးပွဲကား ပါးစပ်ဖုံးကြဲသောပွဲကြီးပေတည်း။ ဖုံးအကြဲ မခံချင်လျှင် တောင်ပြုံး မသွားကြလေနှင့်" ဟု ရေးယခင် တောင်ပြုံးပွဲတော်နှင့် ပတ်သက်၍ရေးသားထားပါသည်။ ချင်းတောင်သူ့နယ်နှင့် ရဲရမန်းဆောင်းပါးများတွင် သွားလာရခက်ခဲသော အရပ်ဒေသများသို့ လှည်းတတန်၊ ခြေလျင်တတန်၊ မြင်းတတန်၊ အနေအစား ဆင်းရဲဒုက္ခခံကာသွားရောက်ရာတွင်ယင်းဒေသခံလူများ၏ အကျင့်စရိုက်၊ အပြုအမူနှင့် ယဉ်ကျေးမှုဓလေ့တို့ကို နှိုက်နှိုက်ချွတ်ချွတ် ရေးသားထားရာ ခရီးသွားစာပေအနေဖြင့် စာဖတ်သူကိုဗဟုသုတပေးစွမ်းရုံမက ရသပါသော အဖွဲ့အနွဲ့ကိုလည်း ခံစားရပေမည်။

သိပ္ပံမောင်ဝ၏ ယခုစာအုပ်သည် ခရီးသွားဆောင်းပါးစာအုပ်ဟုဆိုသော်လည်း ရသစာအုပ်ကောင်းသဖွယ် ခံစားဖတ်ရှုရပေမည်။ မြန်မာစကားပြေလေ့လာသူများ အတွက်လည်း သိပ္ပံမောင်ဝ၏ ရိုးရှင်းထိမိသော အရေးအသားကို မှတ်သားနိုင်မည်ဖြစ်ပါသည်။ တန်ဖိုး ၃,၀၀၀ကျပ်ဖြင့်ဖြန့်ချိသည်။

## Knowledge ဗဟုသုတ

### မိကျောင်းတွေကို သေစေနိုင်တဲ့ ဖားပြုတ်

၁၉၃၅ ခုနှစ်က ဩစတြေးလျတိုက်သားများသည် Bufo Marinus ခေါ် ကျောတွင် အဆိပ်အဖုအထစ်များပါသည့် ကုန်းနေရေနေဖားပြုတ်များကို အမေရိကအလယ်ပိုင်းနှင့် တောင်ပိုင်းဒေသများမှတင်သွင်းခဲ့ရသည်။ အဆိုပါအဆိပ်ပြင်းဖားပြုတ်များကို ဩစတြေးလျအရှေ့မြောက်ပိုင်းအပူပိုင်းဒေသရှိကြံခင်းများတွင် ပိုးတောင်မာ (Beetles)များ နှိမ်နင်းရန်အတွက် အသုံးပြုခြင်းဖြစ်သည်။

ယခုအခါ အဆိပ်ပြင်းဖားပြုတ်များသည် မိကျောင်းများရှင်သန်ပေါက်ပွားရေးကို အကြီးမားဆုံးအန္တရာယ်ပေးလျက်ရှိသည်။ အဆိုပါဖားပြုတ်ကိုစားမိသည့်မိကျောင်းများ သေဆုံးလာခြင်းကြောင့်ဖြစ်သည်။ ဩစတြေးလျမြောက်ဘက်ပိုင်းရှိမြစ်များတွင် မိကျောင်းသေဆုံးမှုမှာများပြားလျက်ရှိပြီး ၇၇ ရာခိုင်နှုန်းသောကောင်ရေများ သေဆုံးလျက်ရှိသည်ဟုဆိုသည်။ ဩစတြေးလျသို့တင်သွင်းခဲ့သည့် တိရစ္ဆာန်အများစုမှာ အနှောင့်အယှက်ပေးသည့် တိရစ္ဆာန်များအဖြစ် အလိုအလျောက်ပြောင်းလဲသွားကြသည်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာပညာရှင်အချို့က မိကျောင်းများ၏အနာဂတ်မှာစိုးရိမ်ဖွယ်ရာအနေအထားရှိသဖြင့် အဆိပ်ပြင်းဖားပြုတ်များကို အလေးထားကာရှင်းလင်းသုတ်သင်ရမည်ဖြစ်ကြောင်း၎င်းအဆိပ်ပြင်းဖားပြုတ်များကို အအေးသေတ္တာအတွင်းထည့်ထားခြင်းသည်သာ အကောင်းဆုံးရှင်းလင်းသုတ်သင်နည်းဖြစ်ကြောင်း ပြောကြားသည်။

*—Source: Wisdom Monthly Digest*

## တစ်ပတ်တာကံကြမ္မာ

မေ ၁၈ ရက် မှ ၂၄ ရက် အထိ



### ARIES မိဿရာသီဖွား (မတ်၂၁ - ဧပြီ၂၀)

ချဲ့ထွင်ဆောင်ရွက်လုပ်ကိုင်သည်များမှ ထူးခြားသောအကျိုးဆက်များရရှိမည်။ အပြိုင်အဆိုင်အားလုံးကို ကျော်လွှားပြီး ဘဝတိုးတက်မည်။ ရုတ်တရက် ဆုံးဖြတ်ပြီး ဆောင်ရွက်ခြင်းများမှ မြင့်မားသောတိုးတက်မှုများရရှိစေမည်။ ငွေကြေးရင်းနှီးမြှုပ်နှံမှုများမှ ကောင်းသောတိုးတက်မှုများရရှိမည်။ ပညာရေးကံ အထူးမြင့်မားမည်။ အတတ်ပညာကို အခြေတည်၍ယှဉ်ပြိုင်မှုများတွင် အောင်မြင်မှုရမည်။



### TAURUS ပြိဿရာသီဖွား (ဧပြီ၂၁ - မေ၂၁)

ပြောင်းလဲလာသောအခြေအနေများကိုအသုံးချ၍ အဆင့်မြင့်သောအောင်မြင်မှုများရရှိမည်။ အရပ်ဝေးနှင့် တိုက်ရိုက်ဆက်ဆံလုပ်ကိုင်မှုများမှ ထင်ရှားသောတိုးတက်မှုများရရှိမည်။ မေတ္တာရေး၊ အချစ်ရေးတွင် မကြားခဏ စကားများရခြင်း၊ ပဋိပက္ခဖြစ်ခြင်းများကြုံမည်။ အပျိုကြီး၊ လူပျိုကြီးများ စန်းပွင့်မည်။ ဘာသာစကား၊ လေ့လာမှုအောင်မြင်မည်။



### GEMINI မေထုန်ရာသီဖွား (မေ ၂၂ - ဇွန် ၂၁)

အတိုက်အခံများမည်။ ကိုယ်ရေးကိုယ်တာကိစ္စများ ဝင်ရောက်စွက်ဖက်ခံရမည်။ လျှို့ဝှက်အပ်သောအကြောင်းအရာများ ပေါက်ကြားတတ်သည်။ ဆောင်ရွက်သမျှ အနှောင့်အယှက်ရှိမည်။ အချစ်ရေး၊ မေတ္တာရေး အနှောင့်အယှက်များကြောင့် စိတ်ညစ်ရမည်။ လူမှုရေးအနှောင့်အယှက်များကြုံမည်။ လူပေါင်းမှား၊ ဆုံးဖြတ်ချက်မှားမည်။ အပေါင်းအသင်းကြောင့် အကြံအစည်များ ပျက်ယွင်းမည်။



### CANCER ကရကဋ်ရာသီဖွား (ဇွန် ၂၂ - ဇူလိုင် ၂၂)

ငွေကြေးကိစ္စ အရှုပ်အထွေးရှိမည်။ စာရင်းဇယားမရှိ ပေးကမ်းကူညီခြင်း၊ သုံးစွဲခြင်းများရှောင်ပါ။ ကိုယ့်ထံမှပစ္စည်း ငွေကြေးများ ပြန်မပေးဘဲ ငှားရမ်းယူငင်သုံးစွဲသူများနှင့်တွေ့မည်။ စုပေါင်းတွဲဖက်လုပ်သောကိစ္စများမှ ထူးခြားသောတိုးတက်မှုများရရှိမည်။ ကောင်းသောမေတ္တာကံပေါ်ပေါက်မည်။ သွားလေရာရောက်လေရာမျက်နှာပွင့်မည်။ စန်းပွင့်မည်။ ဝေးကွာသောသူများနှင့်ပြန်ဆုံမည်။



### LEO သိဟ်ရာသီဖွား (ဇူလိုင်၂၃ - ဩဂုတ်၂၃)

အခက်အခဲများကျော်လွှား၍ အဆင့်မြင့်သောတိုးတက်မှုရမည်။ ရန်အနှောင့်အယှက်များနှင့် ထိပ်တိုက်တွေ့ရမည်။ မိသားစုတွင် မူလတစ်ကြိမ်မှ ဖြစ်ပေါ်ဖူးခြင်းမရှိသောပြဿနာများ ဖြေရှင်းရမည်။ အိုးအိမ်ကိစ္စ၊ နေရာထိုင်ခင်းကိစ္စအတွက် စိတ်သောကဖြစ်ရမည်။ အရေးကြီးသော စာရွက်စာတမ်းများ ပျောက်ရှတတ်သည်။ နေရာသစ်သို့ ရွှေ့ပြောင်းရမည်။ လောဘကြီးသောသူများနှင့်ဆက်ဆံရမည်။



### VIRGO ကန်ရာသီဖွား (ဩဂုတ်၂၄ - စက်တင်ဘာ၂၂)

ခရီးကိစ္စ၊ အပြောင်းအလဲကိစ္စများ စနစ်တကျဆောင်ရွက်နိုင်မည်။ ခက်ခဲသောပြဿနာများ ဖြေရှင်းနိုင်မည်။ ကြန့်ကြာနေသောကိစ္စများ ပြီးမြောက်အောင် ဆောင်ရွက်နိုင်မည်။ အနီးကပ် လူယုံဒုက္ခပေးမည်။ အရောင်းထိုင်းပစ္စည်းများ ပြန်လည်ရောင်းထွက်မည်။ ကုန်ပစ္စည်းသစ်များ ဖြန့်ချိရန် အခါကောင်းဖြစ်သည်။ အရပ်ဝေးနှင့် ဆက်သွယ်လုပ်ကိုင်မှုများ အောင်မြင်မည်။



### LIBRA တူရာသီဖွား (စက်တင်ဘာ၂၃ - အောက်တိုဘာ၂၃)

အခက်အခဲအားလုံးကိုကျော်လွှားနိုင်မည်။ တွေးခေါ် ဆုံးဖြတ်ချက်များမှန်ကန်မည်။ အိုးအိမ်နေရာထိုင်ခင်းကိစ္စနှင့်ပတ်သက်၍ စိတ်ရှုပ်ထွေးရမည်။ အပြိုင်အဆိုင်များအား အနိုင်ရမည်။ လူမျိုးခြားများနှင့် တိုက်ရိုက်ဆက်ဆံအကျိုးပေးမည်။ ဖြစ်ပေါ်လာသောအခြေအနေများကိုအသုံးချ၍ ပိုမိုမြင့်မားသောအနေအထားသို့ တိုးတက်ရောက်ရှိမည်။ နာမည်အောင်မြင်မှုရမည်။



### SCORPIO ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄ - နိုဝင်ဘာ၂၂)

သူတစ်ပါးကိစ္စများ လိုက်လံကူညီဆောင်ရွက်ပေးရင်း ရန်များမည်။ လူမုန်းများမည်။ အားနာ၍ လိုက်လံကူညီပေးခြင်းများ ရှောင်ပါ။ လာရောက်၍ ငွေကြေးပစ္စည်းများ ငှားရမ်း၊ ချေးယူသူများအား ငြင်းပယ်ပါ။ သူတစ်ပါးမှ မိမိပစ္စည်း၊ ငွေကြေးများအား ယူငင်ဖြုန်းတီးမည့်ကိန်းကြုံမည်။ အထင်လွဲမှားမှုများ ဖြေရှင်းရမည်။ လုပ်ရိုးလုပ်စဉ်အတိုင်းလုပ်ပါ။ အဆန်းထွင်၍လုပ်ခြင်း၊ ပုံစံပြောင်းခြင်းမပြုရ။



### SAGITTARUS ဓနုရာသီဖွား (နိုဝင်ဘာ၂၃ - ဒီဇင်ဘာ၂၁)

ဆုံးဖြတ်ချက်များ မှားယွင်းတတ်သည်။ ဖြစ်ပေါ်လာသောပြဿနာအခက်အခဲများကို အကြီးအကဲမိတ်ဆွေတစ်ဦးက ကူညီဖြေရှင်းပေးလိမ့်မည်။ မိခင်မှဖြစ်စေ၊ မိခင်ဘက်က ဆွေမျိုးအသိုင်းအဝိုင်းကဖြစ်စေ မိမိအပေါ် ကောင်းသောအထောက်အကူပြုခြင်းကြုံမည်။ မိသားစုပိုင် တစ်ပါးသူလက်ရောက်ပစ္စည်းများ လက်ဝယ်ပြန်ရမည်။ အချစ်ရေးကံ အထူးကောင်းသည်။



### CAPRICORN မကာရရာသီဖွား (ဒီဇင်ဘာ၂၂ - ဇန်နဝါရီ၂၀)

လုပ်ငန်းဟောင်းရပ်၍ လုပ်ငန်းသစ်များ စတင်နိုင်သည်။ မူလတစ်ကြိမ်တစ်ခါမှ ဆောင်ရွက်ဖူးခြင်းမရှိသောလုပ်ငန်းသစ်များ ဆောင်ရွက်နိုင်မည်။ အလုပ်နေရာ၊ နေအိမ်ဝန်းကျင်အတွင်း ထူးခြားသောအပြောင်းအလဲများဖြစ်ထွန်းမည်။ မြှုပ်နှံမှုသစ်များမှ ကောင်းသောအကျိုးဆက်များရရှိမည်။ အိမ်တွင်းရေးအညံ့ရှိမည်။ အကုန်အကျများခြင်း၊ အပျောက်အရှုများခြင်းရှိမည်။



### AQUARIUS ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁ - ဖေဖော်ဝါရီ၁၈)

ခိုင်မာသောဆုံးဖြတ်ချက်များ ချမှတ်နိုင်မည်။ ပတ်ဝန်းကျင်သစ်နှင့် တိုက်ရိုက်ဆက်ဆံ၍ တက်လမ်းသစ်များ အခိုင်အမာဖြစ်ထွန်းမည်။ အိုးအိမ်ကိစ္စ၊ နေရာထိုင်ခင်းကိစ္စများအတွက် ဆောင်ရွက်ပြောဆိုမှုများ အဆင်ပြေမည်။ လမ်းသစ်ထွင်၍ လုပ်သောကိစ္စများမှ ထူးခြားသောအောင်မြင်မှုရမည်။ နေရာပြောင်း၍ဆောင်ရွက်မှုများ အောင်မြင်မည်။ အခက်ခဲများ ပြေလည်အောင်ဆောင်ရွက်နိုင်မည်။



### PISCES မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉ - မတ်၂၀)

အခက်အခဲအားလုံးကို ပြေလည်အောင်ဖန်တီးနိုင်မည်။ ငွေကြေးဥစ္စာတိုးတက်မည်။ အရပ်ဝေးနှင့် ဆက်နွယ်လုပ်ကိုင်မှုများမှ ထူးခြားသောအကျိုးဆက်ရမည်။ ယှဉ်ပြိုင်မှုများအောင်မြင်မည်။ ရန်အတိုက်အခံများအား ကျော်လွှားပြီး ဘဝတက်လမ်းများအား အခိုင်အမာရရှိမည်။ လူမျိုးခြားအကျိုးပေးမည်။ ဝေးကွာနေသောသူများနှင့် ပြန်လည်ချိတ်ဆက်၍ အလုပ်စီးပွားဆောင်ရွက်နိုင်မည်။

7 DAY NEWS JOURNAL
Vol.10, No.9 · MAY 19, 2011



# နန်းကျဘုရင် ဟို့စနီမူဘာရက်

ကြည်နေဝင်းမင်း

**သူက** ဆံပင်အရောင်မဆိုးတော့၊ နက်မှောင်နေသော ဆံပင်မှာ ဖြူလာပြီဟု သူတို့ကပြောကြသည်။ ဟို့စနီမူဘာရက်တစ်ယောက် ဆေးရုံခုတင်ပေါ်တွင် လဲလျောင်းနေသည်။ လူထုမြင်ကွင်းမှ ပျောက်ကွယ်နေသည်မှာ ကြာပြီဖြစ်၍ ကိုယ်ပျောက်လူသားပင်ဖြစ်နေပြီ။ သို့သော် သူတို့က မူဘာရက်၏နာမည်ကို ပင် ခဲဖျက်နှင့်ဖျက်သလို ဖျက်ပစ်ချင်နေကြသည်။ သူ့နာမည်ကို ဘယ်တုန်းကမှ မရေးထိုးခဲ့သလိုမျိုး ဖျောက်ဖျက်ပစ်ချင်နေကြသည်။

သူ့နာမည် မှည့်ထားသော ရထားဘူတာရုံမှ ထွက်လာတော့ သူတို့က အဲသည်လိုပြောပြကြသည်။ အခု အဲသည့်ဘူတာရုံကို သူရဲကောင်းများ ဘူတာရုံဟုခေါ်ဝေါ်နေကြသည်။ ကန္တာရလေလို၊ ဒေါသူပုန်ထနေတဲ့ အဖေတစ်ယောက်လိုနေရာတကာ သူစိုးမိုးနေခဲ့တုန်းက သေဆုံးခဲ့သူများကို ဂုဏ်ပြုမှည့်ခေါ်ထားခြင်း ဖြစ်သည်။

“သူက ငါတို့ကို ဘယ်တုန်းကမှတန်ဖိုးမထားခဲ့ဘူး”ဟုပလက်ဖောင်းပေါ်တွင် သားရေအဖုံးနှင့် ကိုရမ်ကျမ်းစာအုပ်ကို ဖွင့်ဖတ်နေသော အာမေးဆာနတ်ကပြောပါသည်။

‘ဟို့စနီမူဘာရက်လေ့ကျင့်ရေးကျောင်း’မှာလည်း ယခုအခါ ‘လေ့ကျင့်ရေးကျောင်း’ဟုသာ အမည်တွင်တော့သည်။ ရဲသင်တန်းကျောင်းတွင် သူ့နာမည်ရေးထိုးထားသည့် စာလုံးများကို ဆွဲချလိုက်ကြပြီဖြစ်သည်။ ‘ဟို့စနီမူဘာရက် စာကြည့်တိုက်’မှာလည်း ‘တော်လှန်ရေးစာကြည့်တိုက်’ဖြစ်လာသည်။

သို့သော်၁၉၇၃ခုနှစ်အစ္စရေးနိုင်ငံနှင့်ဖြစ်ခဲ့သည့်စစ်ပွဲမှ သူရဲကောင်းများကို ပုံဖော်ထားသည့် စစ်သမိုင်းပြတိုက် ကျောက်စီပန်းချီကားချပ်များမှ လေတပ်တပ်မှူး ပုံတူကိုမူ ဖျောက်ဖျက်ပစ်ရန်မှာ အနည်းငယ်ခက်ခဲပါလိမ့်မည်။

နိုင်ငံ၏ သူရဲကောင်းအများအပြားမှာ ခြောက်ပစ်ကင်းသဲလဲစင်မဟုတ် အပြစ်အနာအဆာကလေးများရှိသည်ဟု အီဂျစ်နိုင်ငံသားများက ပြောကြပါသည်။ သို့သော် မူဘာရက်မှာ အခြားသူများကဲ့သို့မဟုတ်ဘဲ လုံးဝလမ်းပျောက်ကာ အီဂျစ်ပြည်သူများနှင့် တဖြည်းဖြည်း ဝေးကွာသွားခဲ့သည်ဟု သူတို့ကဆိုပါသည်။

“အရာရာတိုင်းကနေ သူပျောက်ကွယ်သွားသင့်တယ်” ရေနံကုမ္ပဏီတစ်ခု၏ ဒရိုင်ဘာ တစ်ဦးဖြစ်သူ နာဆာဟတ်ဆန်က မွန်းတည့်ချိန် ရထားကို စောင့်နေရင်းပြောသည်။

မူဘာရက်၏ နှစ်ပေါင်း ၃၀ နီးပါး အုပ်ချုပ်မှုမှာ ဖေဖော်ဝါရီလအတွင်း ဖြစ်ပေါ်ခဲ့သည့် ကန့်ကွက်ဆန္ဒပြမှုများကြောင့် အဆုံးသတ်ခဲ့ရသည်။ ကိုင်ရို၏ တာရာရင်ပြင်မှ စတင်ခဲ့သည့် ကန့်ကွက်မှုများမှာလည်း ဒေသတစ်ခုလုံး ပျံ့နှံ့သွားခဲ့သည်။ မူဘာရက်တစ်ယောက် နန်းတော်ကိုစွန့်ခွာပြီး ပင်လယ်နီအပန်းဖြေစခန်းမှ ဆေးရုံခုတင်ပေါ်ရောက်ခဲ့သည်။ နှလုံးမကောင်းဟု တာဝန်ရှိသူများက ပြောသည်။ သို့သော် ဤသည်မှာ မူဘာရက် ထပ်မံဂုဏ်သိက္ခာကျဆင်းခြင်းမှ ကာကွယ်ရန်လည်း ဖြစ်နိုင်ပါသည်။ သူ့သားများလည်း ထောင်ထဲရောက်နေသည်။ သူ့ဇနီးဆူဇန်အကြောင်း၊ သူမ လက်ဝတ်ရတနာများ မက်မောခြင်းအကြောင်းကို ကြင်ကြင်နာနာပြောမည့်သူရှားပါသည်။ မူဘာရက်တစ်ယောက်ကြေကွဲနေပြီဟု အချို့သတင်းစာများက ဆိုကြသော်လည်း စိတ်ဓာတ်တက်ကြွနေဆဲဟုလည်း အချို့ကဆိုကြသည်။

မူဘာရက်မရှိတော့သော်လည်း သူ၏ တံဆိပ်ခတ်နှိပ်မှုများမှာ ၎င်း၏ ရဲတပ်ဖွဲ့၏ နှိပ်စက်ခံခဲ့ရသူများ၏စကားလုံးများတွင် တွဲလဲခိုနေဆဲ။ ဆွစ်ဇာလန်နိုင်ငံဘဏ်စာရင်းများဖွင့်ထားသည်ဆိုသည့်စွဲချက်များ၊ ကမ္ဘာပေါ်ကနိုင်ငံအများအပြား၌ တစ်နေ့ကိုဝင်ငွေတစ်ဒေါ်လာဖြင့်ရှင်သန်မနေကြဟူသော စကားများတွင် သူ့အကြောင်း တင်ကျန်နေခဲ့သည်။ သူ့ကိုယ်သူ မျိုးချစ်တစ်ယောက်ပါဟုပြောပြီး ကန်ဒေါ်လာသန်း ၄၇၀ ရရှိအောင် စုဆောင်းခဲ့သောလူတစ်ယောက်ကို အီဂျစ်နိုင်ငံသားများက နာကြည်းနေကြခြင်းပင်ဖြစ်သည်။

မူဘာရက်၏ နာမည်အား ပြည်သူ့အဖွဲ့အစည်း၊ အဆောက်အအုံများမှ ဖယ်ရှားပစ်ရေး အမိန့်ချမှတ်ရာတွင် တရားသူကြီး မိုဟာမက်အိုမာဟာဆန်က သမ္မတဟောင်း၏ လာဘ်စားမှုမှာခန့်မှန်း၍ပင်မရနိုင်ကြောင်းပြောကြားသည်။ ယင်းအစွန်းအထေးမှာ မူဘာရက်၏မိသားစုဆီသို့လည်း ပျံ့နှံ့သွားသည်။ မူဘာရက်၏ဇနီးသည်ဆူဇန်၏နာမည်ကိုကျောင်းပေါင်း ၁၅၀ ကျော်တွင် ထည့်သွင်းအသုံးပြုထားရာ ‘ဆူဇန်မူဘာရက်မိန်းကလေးကျောင်း’မှာ ခေတ်ပြောင်းတော်လှန်ရေးစတင်ခဲ့သည့်နေ့ အထိမ်းအမှတ်အဖြစ် ‘ဇန်နဝါရီ ၂၅ မိန်းကလေးကျောင်း’ဟု ယခုအခါ ခေါ်တွင်နေသည်။ ဒေသခံအရာရှိများက အမည်နာမ ပြန်လည်သတ်မှတ်သော အခြားအဖွဲ့အစည်းအမည်များမှာလည်း ဤနည်းနှင်နှင်ပင်။ တော်လှန်ရေးစတင်သည့်နေ့(သို့မဟုတ်)သူရဲကောင်းတစ်ယောက်အမှတ်တရ (သို့မဟုတ်) လွတ်လပ်ရေး ဟူသောရိုးရှင်းသည့်စကားလုံးကိုသုံးစွဲကြပါသည်။

ဤသို့ တက်တက်ကြွကြွပြောင်းလဲမှုများကြားမှပင် သူတို့ချစ်သော လူတစ်ယောက်ကို မစွန့်ပစ်နိုင်သည့် သစ္စာခံများက ကိုင်ရိုမြို့အစိုးရတယ်လီဖေးရှင်းအဆောက်အအုံရှေ့၌ စုရုံးကြသည်။ မူဘာရက်၏ဓာတ်ပုံများကိုကိုင်ဆောင်ထားရင်း မူဘာရက်ဆန့်ကျင်သူများနှင့်တိုက်ခိုက်ကြသည်။

“သူ့နာမည်ကို ဆေးကြောပစ်တယ်ဆိုတာ သင်္ကေတတစ်ခုပါပဲ။ ဒါပေမဲ့ မြေအောက်ရထားဘူတာရုံတစ်ခု၊ ဒါမှမဟုတ်ကျောင်းတစ်ခုရဲ့နာမည်ကို ပြောင်းရုံတင်မဟုတ်ပါဘူး။ ဘဝနေထိုင်ပုံကိုလည်းငါတို့ပြောင်းလဲဖို့လိုပါတယ်။ သူရဲကောင်းဘူတာရုံဆိုင်းဘုတ်အောက်တွင်ထိုင်နေသည့် အသက် ၂၂ နှစ်အရွယ် ဥပဒေကျောင်းသား မိုဟာမက်အီဇရာဟင်က ဆိုပါသည်။ သူ၏နားတစ်ဖက်တွင် သီချင်းနားထောင်သည့်နားကြပ်လေးက တွဲလောင်းကျလျက်. . .

“တော်လှန်ရေးပြီးကတည်းက ငါ အရမ်းကိုပြောင်းလဲသွားတယ်”ဟုပြောရင်း အီဇရာဟင်က ကွန်ပျူတာအိတ်ထဲ လက်နှိုက်လိုက်သည်။ သကြားလုံးအခွံတစ်ခုကို ထုတ်လိုက်ရင်းအနောက်ဘက်သို့လက်ရမ်းပြသည်။ ယခင်ကဆိုလျှင် အမှိုက်ကို တွေ့ကရာလွှင့်ပစ်လိုက်သည်ဆိုသည့် သဘော။ ယခုအခါ အမှိုက်ပုံးတစ်ခုတွေ့သည်အထိ အမှိုက်ကိုမပစ်သေးဟူသည့်အဓိပ္ပာယ်။ အမှိုက်များ ကားပြတင်းပေါက်များမှ ဝဲပျံထွက်လာတတ်ပြီး မြစ်ချောင်းများတွင် အမှိုက်သရိုက်များ မျောပါနေလေ့ရှိသည့်မြို့တွင် သိသိသာသာပြောင်းလဲလာသည့်သဘောထားတစ်ခု။

“အခုတော့ ဒါဟာ ငါတို့အိမ်ဖြစ်သွားပြီလေ။ သန့်သန့်ရှင်းရှင်းထားရမှာပေါ့။ မူဘာရက်လက်ထက်တုန်းကဆိုရင်တော့ ဧည့်သည်တစ်ယောက်လိုပဲခံစားရတယ်။ သူက အီဂျစ်ကို ငါတို့နိုင်ငံဖြစ်ခွင့် မပေးသလိုဘဲ”ဟူ၍ အီဇရာဟင်က ပြောလိုက်ပါသည်။

ရထားတစ်စီးထွက်သွားပြီးနောက်မြေအောက်ရထားလမ်းမှာ တိတ်ဆိတ်ငြိမ်သက်သွားသည်။ မကြာမီ နောက်ရထားတစ်စီးဆိုက်ရောက်တော့မည်ဖြစ်ရာ မြေအောက်ရထားလမ်းအတိုင်း ရထားက တွန်းထုတ်လာသောလေမှာ အေးမြနေပါသည်။

*—Ref: LA Times*








SWEETY HOME
စပရိန်မွေ့ယာ
I can't sleep without you
Sweety Home
Steel Spring Coil
Standard Size
15

# Commodity Watch

7 DAY NEWS JOURNAL
Vol.10, No.9 · MAY 19, 2011

## Computer

| CPU | Kyats |
|---|---|
| Intel P4 Dual Core 3.2 (E 5800) Processor | 58,100 |
| Intel P4 Dual Core 2.7 (E 5400) Processor | 53,700 |
| Intel P4 Core 2 Quad 2.5 GHz (Q8300) (775) Processor | 121,400 |
| Intel P4 Core i3 3.1 GHz (1155,2400) Processor | 177,800 |
| Intel P4 Core i7 3.4 Ghz (1155,2600) Processor | 267,500 |
| **Motherboard** | |
| MSI P41M-P33/P23 (775) Motherboard | 53,700 |
| MSI P43-C51 (775) Motherboard | 69,500 |
| MSI H55M-E32 (1156) Motherboard | 83,600 |
| ASUS P7P55DE-Pro (1156) Motherboard | 176,000 |
| ASUS P7H55-MLX (1156) Motherboard | 79,200 |
| ASUS P5G41C-MLX (775) Motherboard | 55,400 |
| Gigabyte P41-ES3G (775) Motherboard | 66,000 |
| Gigabyte H55M-S2V (1156) Motherboard | 87,100 |
| **Memory** | |
| 1 GB DDR (400) Kingston Memory | 41,400 |
| 1 GB DDR2 (800) Kingston Memory | 19,400 |
| 2 GB DDR3 (1333) Kingston Memory | 22,000 |
| 4 GB DDR3 (1333) Kingston Memory | 40,500 |
| **Harddisk** | |
| 500 GB Seagate SATA | 39,600 |
| 1 TB Seagate SATA | 54,600 |
| 2 TB Seagate SATA | 92,400 |
| **PCI Express Card** | |
| MSI N220GT-MD 1G OC 1GB PCI Express Card | 73,900 |
| MSI 8400GS 512MB PCI Express Card | 38,700 |
| MSI R5450 1GB DDR3 PCI Express Card | 48,400 |
| ASUS EAH 5750 Formula 1GB PCI Express Card | 130,200 |
| ASUS EN 210S1/ 1GB D3 PCI Express Card | 48,400 |
| Gigabyte Geforce 220 TC 1GI 1GB PCI Express Card | 53,700 |
| Gigabyte Geforce 220 TC 1GI 1GB PCI Express Card | 75,700 |
| Gigabyte 8400STC 512I 512MB PCI Express Card | 35,200 |
| **Memory Stick** | |
| Memory Stick Toshiba 16 GB | 32,000 |
| Memory Stick SanDisk 8 GB | 16,000 |
| Memory Stick Toshiba 8 GB | 16,500 |
| Memory Stick pqi 8 GB | 16,000 |
| Memory Stick SanDisk 4 GB | 9,000 |
| Memory Stick Adata 4 GB | 9,900 |
| Memory Stick Apacer 4GB | 7,000 |
| **UPS** | |
| SVC (600 VA) | 29,000 |
| SVC (1.2 KVA) | 56,300 |
| Power Pro (650 VA) | 34,500 |
| Power Pro (1.2 KVA) | 62,000 |
| Allways (650 VA) | 32,000 |
| Allways (1.2 KVA) | 64,000 |
| EAST (650 VA) | 29,900 |
| EAST (1.2 KVA) | 57,200 |
| LNYX (600 VA) | 31,000 |
| **DVD Writer** | |
| Sony DVD Writer (SATA) | 26,400 |
| ASUS DVD Writer (SATA) | 27,300 |
| Liteon DVD Writer (SATA) | 23,800 |
| **အိတ်ဆောင်တီဗီပြကအဘိတန်** | 160,000 |

Technoland ဆိုင်မှ မေလ (၁၃) ရက်က ကောက်ယူထားသောဈေးနှုန်းဖြစ်သည်။

## Note Book

| Acer | |
|---|---|
| Intel Core i3 2.53Ghz 2GB DDR3, 500GB HDD,15.6″ | 589,000 |
| Intel Atom 1.50 Ghz 2GB DDR3, 500GB HDD,10.1" | 343,000 |
| **Asus** | |
| Intel Core i5 2.67 Ghz 2GB DDR3, 500GB HDD,14.0″ | 712,000 |
| **Apple** | |
| Intel Core i5 2.3 Ghz 4GB DDR3, 320GB HDD,13.3″ | 1,180,000 |
| **Hp** | |
| Intel Core i3 2.40 Ghz 4GB DDR3,500GB HDD,15.6″ | 651,000 |
| **Sony** | |
| Intel Core i5 2.53 Ghz 4GB DDR3, 500GB HDD,14.0″ | 1,070,000 |
| **Toshiba** | |
| Intel Core i3 2.4 Ghz 2GB DDR3, 320GB HDD,14.0″ | 606,000 |

## အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ

| TV | | |
|---|---|---|
| **အမျိုးအစား** | **မော်ဒယ်** | **ဈေးနှုန်း(ကျပ်)** |
| SamSung(LCD) | 22-350 | 195,000 |
| LG(LCD) | 22LH15R | 195,000 |
| Sony (LCD) | 22BH300 | 250,000 |
| Toshiba | LZE 21-28 | 120,000 |
| Daewoo | DTU2131NZF | 145,000 |
| | DTU2132NZF | 145,000 |
| **DVD** | | |
| EVD (coeco) | 8082 | 26,000 |
| EVD(sukura) | DVK75 | 30,000 |
| LG | DV276 | 35,000 |
| Toshiba | DV380 | 30,000 |
| Daewoo | 1400S | 49,000 |
| HQ | HDMI999 | 59,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 185,000 |
| Sanyo | SR811 | 499,000 |
| Hitachi | 19AGV7 | 280,000 |
| Panasonic | NR.BT222 | 285,000 |
| **Washing** | | |
| Daewoo | DW900C | 179,000 |
| | DW172C | 199,000 |
| Daewoo | DWF200KR | 320,000 |

မှတ်ချက်- အထက်ပါဈေးနှုန်းများမှာ မေ (၁၃)ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်း ရှိ Capital နှင့် OK မြန်မာဆိုင်တို့မှကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ(ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၅,၁၀၀ |
| ဘိလပ်မြေ(ယိုးဒယား INSee) | တစ်အိတ် | ၅,၀၀၀ |
| ဘိလပ်မြေ(ယိုးဒယား TPI) | တစ်အိတ် | ၄,၉၅၀ |
| ဘိလပ်မြေ(ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၄,၉၀၀ |
| အုတ်(ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၉၈ |
| အုတ်(ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၈၇ |
| အုတ်(၈ ပေါက်အုတ်) | တစ်လုံး | ၈၇ |
| အုတ်(၁၀ ပေါက်အုတ်) | တစ်လုံး | ၁၂၀ |
| သဲ(အကြမ်း) | တစ်ကျင်း | ၈,၀၀၀ |
| သဲ(အနု) | တစ်ကျင်း | ၆,၀၀၀ |
| ကျောက် | တစ်ကျင်း | ၇၄,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၈၈၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၉၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.34mm) | ၁ ပေ | ၁,၁၄၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၁,၁၄၀ |
| ကာလာစတီးအမိုးပြား 4 angle(0.42mm) | ၁ ပေ | ၁,၃၅၀ |
| Posco ကြယ်စိမ်း(6/7/8 ပေ) | ၁ ပေနှုန်း | ၅၂၅ |
| Posco ကြယ်စိမ်း(9/10 ပေ) | ၁ ပေနှုန်း | ၅၃၀ |
| Posco ကြယ်စိမ်း(11/12 ပေ) | ၁ ပေနှုန်း | ၅၃၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ 6/7/8/9/10/11/12) | ၁ ပေ | ၆၉၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင် 6/7/8) အထူ | ၁ ပေနှုန်း | ၃၈၅ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၀၀၀ |

အထက်ပါဈေးနှုန်းများမှာ မေ(၁၃) ရက်တွင်ကောက်ယူထားသောဈေးနှုန်းများ ဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားဖိုဆောင်သုံးသီးနှံဈေးနှုန်းများ

| အမည် | အရေအတွက် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ခရမ်းချဉ်သီး(အင်းသီး) | ၁ သေတ္တာ | ၁၅,၀၀၀ |
| ပန်းဂေါ်ဖီ | ၁ ထုပ် | ၇၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၅၀၀ |
| မုန်လာဉနီ | ၁ ပိဿာ | ၁,၀၀၀- ၁,၂၀၀ |
| ဘိုစားပဲသီး | ၁ ပိဿာ | ၈၀၀- ၁,၀၀၀ |
| ခရမ်းသီး | ၁ လုံး | ၅၀- ၈၀ |
| ရွှေပဲသီး | ၁ ပိဿာ | ၅,၀၀၀ |
| မုန်ညင်းဖြူထုပ် | ၁ ပိဿာ | ၁,၅၀၀ |
| ငရုတ်သီး(ပီနံ) | ၁ ပိဿာ | ၅၀၀-၈၀၀ |
| ငရုတ်ရှည် | ၁ ပိဿာ | ၃,၂၀၀ |
| ငရုတ်ပွ | ၁ ပိဿာ | ၂,၀၀၀-၃,၀၀၀ |

ဈေးနှုန်းများမှာ သီရိမင်္ဂလာဈေးမှ မေ (၁၄) ရက်က ကောက်ယူထားသောလက်ကား ဈေးနှုန်းများဖြစ်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀-၁,၈၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၃၀၀ |
| ဆန်(ဇီယာ) | တစ်ပြည် | ၆၀၀-၁,၀၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၄,၀၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၂,၇၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၃၀၀ |
| ဆား | တစ်ထုပ် | ၁၅၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၅၀၀-၆၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၂,၅၀၀ |
| သကြား | တစ်ပိဿာ | ၁,၆၀၀-၁,၇၀၀ |
| မန်ကျည်းမှည့် | တစ်ပိဿာ | ၂,၇၀၀ |
| အာလူး | တစ်ပိဿာ | ၇၀၀ |
| နို့ဆီ | တစ်ဘူး | ၅၅၀-၈၀၀ |
| နို့စိမ်း | တစ်ဘူး | ၆၅၀-၇၃၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၀၀-၁၂၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၂၀၀-၁,၃၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၆,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန် ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးရံ့ | ၁ ပိဿာ | ၂,၀၀၀-၄,၀၀၀ |
| ငါးခူ | ၁ ပိဿာ | ၂,၀၀၀-၄,၀၀၀ |
| ငါးကျည်း | ၁ ပိဿာ | ၂,၀၀၀-၄,၅၀၀ |
| ငါးပြေမ | ၁ ပိဿာ | ၁,၈၀၀-၅,၅၀၀ |
| ငါးပနော် | ၁ ပိဿာ | ၁,၃၀၀-၂,၃၀၀ |
| ငါးရှဉ့် | ၁ ပိဿာ | ၂,၀၀၀-၃,၂၀၀ |
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၃၀၀-၂,၁၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၀၀၀-၃,၆၀၀ |
| ငါးခေါင်းပွ | ၁ ပိဿာ | ၁,၃၀၀-၂,၆၀၀ |
| ငါးသလောက် | ၁ ပိဿာ၁ | ၃,၅၀၀-၂၅,၀၀၀ |
| ငါးတန် | ၁ ပိဿာ | ၁,၈၀၀-၃,၅၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၁,၈၀၀-၄,၀၀၀ |
| ကကတစ် | ၁ ပိဿာ | ၂,၀၀၀-၅,၀၀၀ |
| ကသဘောင်း | ၁ ပိဿာ | ၂,၀၀၀-၆,၀၀၀ |
| ငါးဘတ်၊ ငါးကြောင်း | ၁ ပိဿာ | ၂,၅၀၀-၉,၀၀၀ |
| ငါးပုဏ္ဏား | ၁ ပိဿာ | ၂,၈၀၀-၅,၅၀၀ |
| ပုစွန်ကြော့ | ၁ ပိဿာ | ၁,၆၀၀-၂,၃၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၂,၄၀၀-၄,၅၀၀ |
| ပုစွန်(ဆတ်သေး) | ၁ ပိဿာ | ၆,၅၀၀-၉,၀၀၀ |
| ပုစွန်(ဆတ်ကြီး) | ၁ ပိဿာ | ၆,၅၀၀-၉,၀၀၀ |
| ပုစွန်ပြောင်တုပ် | ၁ ပိဿာ | ၁၀,၀၀၀-၁၄,၀၀၀ |
| ပုစွန်တုပ်ကြီး | ၁ ပိဿာ | ၁၄,၀၀၀-၂၅,၀၀၀ |
| ငါးမျိုးစုံ | ၁ ပိဿာ | ၁,၀၀၀-၃,၀၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၂၀၀-၂,၀၀၀ |

မေ(၁၄)ရက်ကကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှကောက်ယူထားသောလက်ကား ဈေးနှုန်းများဖြစ်သည်။


## ကားမျိုးစုံဈေးနှုန်းများ

| ယာဉ်အမျိုးအစား | မော်ဒယ် | အက္ခရာ | ဈေးနှုန်း(ကျပ်သိန်း) |
|---|---|---|---|
| စူပါဆလွန်း | ၈၆ | လ/အ/သ | ၁၅၀ |
| စူဂူကီး ဝက်ဂွန် R+ | - | ၁ဂ/၂ဂ | ၂၀၀ |
| တောင်းအေ့စ်ပစ်ကပ် | ၂၀၀၀ | - | ၁၉၅ |
| စူဂူကီး R- (2Way) | - | ၁ဂ/၂ဂ | ၁၅၀ ကျော် |
| တိုယိုတာ(လီမိတက်) | ၉၀ | ၄ဂ | ၃၄၀ |
| တိုယိုတာ(ဖင်ကောက်) | ၉၂/၉၃ | ၄ဂ | ၄၃၈ |
| မတ်ခ်တူး(ခါတ်ဆီ)ရွှေငါး | ၂၀၀၂ | ၄ဂ | ၈၀၀ |
| နစ်ဆန်းစူပါဆလွန်း | ၈၅ | ၅ဂ | ၁၇၀ |
| ပါဂျဲရို | ၉၇ | ၄ဂ | ၇၅၀ |

မေ (၁၄) ရက်က ရန်ကုန်မြို့ရှိ ကားပွဲစားတန်းများတွင်ဖြစ်ပေါ်နေသော မော်တော်ယာဉ် ခေါ်ဈေးနှုန်းများဖြစ်ပါသည်။ ယခုရက်ပိုင်းဈေးနှုန်းများ အပြောင်းအလဲရှိနိုင်သည်။

## ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှဈေးနှုန်းများ

| | May (7) | May (8) | May (9) | May (10) | May (11) | May (12) | May (13) |
|---|---|---|---|---|---|---|---|
| ဓာတ်ဆီ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ |
| ဒီဇယ် | ၄,၂၀၀ | ၄,၂၀၀ | ၄,၂၀၀ | ၄,၂၀၀ | ၄,၂၀၀ | ၄,၂၀၀ | ၄,၂၀၀ |
| Octane ဒီဇယ် | ၄,၂၀၀ | ၄,၂၀၀ | ၄,၂၀၀ | ၄,၂၀၀ | ၄,၂၀၀ | ၄,၂၀၀ | ၄,၂၀၀ |
| Premier ဒီဇယ် | ၄,၄၀၀ | ၄,၄၀၀ | ၄,၄၀၀ | ၄,၄၀၀ | ၄,၄၀၀ | ၄,၄၀၀ | ၄,၄၀၀ |




# Free Classified

## အခမဲ့ ကြော်ငြာကဏ္ဍ

**ခြံနှင့် အိမ်ရောင်းမည်**

အမှတ် ၇/၃ (က)၊ (၇) ရပ်ကွက်၊ ကုန်းပေါ်တောင်ပိုင်း၊ ကလေးမြို့၊(၂) ထပ်တိုက်၊ နယူးဇီလန်ပုံဒီဇိုင်း ၃၅ ပေ× ၇၈ ပေ။ **ဖုန်း- ၀၉-၅၁၀၆၁၅၅**

**ဝန်ဆောင်မှု**

ကိုစိုင်း(IT Consultant)

Computer Services

လူကြီးမင်းတို့၏ ကွန်ပျူတာများကို အိမ်အရောက် စိတ်တိုင်းကျ ပြုပြင်ပေးပါသည်။ **ဖုန်း- ၀၉-၇၃၁၆၅၅၉၅**

**အင်တာနက်ဆိုင်အမြန်ရောင်းမည်**

အခန်းအမှတ်(၁၊၂)၊စည်ပင်ဆိုင်ခန်း ၇/အရှေ့ရပ်ကွက်၊ ရောဝတီလမ်းမကြီး၊ ရွှေအုတ်ဂူဘုရားရှေ့၊သာကေတ။ **ဖုန်း-၀၁-၄၅၀၀၂၇၊၀၉-၅၅၀၄၆၇၅**

**Study Guide**

Study Guide for 1st, 2nd, 3rd Year Students from UCSY.

**Tr.Hnin (PH: 641643)**

**သင်တန်း**

အင်္ဂလိပ်စာ အခြေခံအားနည်းသော အလယ်တန်း၊ အထက်တန်းအဆင့် ကျောင်းသား၊ လူငယ်များ၊ ရုံး၊ ကုမ္ပဏီ ဝန်ထမ်းများအတွက် Grammar, Reading, Speaking & Listening.

**ဖုန်း-၀၉-၇၃၀၅၇၂၁၀**

**ဆန်စက်ရောင်းမည်**

ဟသ်ာတ၊ တန် (၄၀)ကျ 200 KV ထရန်စဖော်မာ၊ ပါဝါမီတာ (120)HP, ရပြီး။ **ဖုန်း- ၀၉-၅၁၁၉၈၁၅**

**သင်ကြားပေးသည်**

Grade 1 မှ Grade 9 ထိ ကျောင်းဖွင့်လျှင် အဆင်ပြေစေရန် ကြိုတင်သင်ကြားလိုသူများအတွက်

**ဖုန်း- ၀၉-၅၁၆၃၁၉၁၊ ၅၄၈၉၀၆**

**သင်ကြားပေးသည်**

မူလတန်းမှ အလယ်တန်းအထိ သင်္ချာ အခြေခံရရန် (အထူး)သင်ကြားပေးသည်။ **ဖုန်း- ၀၉-၄၉၃၁၅၀၄၅**

**အကောင်းဆုံးဝန်ဆောင်မှု**

တစ်သက်တာထာဝရအမှတ်တရဖြစ်ဖို့ ငပလီကမ်းခြေကို သွားမယ်ဆိုရင် Pleasant View Resort မှလူကြီးမင်းတို့စိတ်တိုင်းကျ အကောင်းဆုံးဝန်ဆောင်မှုပေးနေပါသည်။

**ဖုန်း- ၀၉-၅၁၀၂၃၆၁၊ ၃၉၃၀၈၆**

**အိမ်အရောက်သင်ကြားပေးသည်**

သူငယ်တန်းမှ စတုတ္ထတန်းအထိ(အခြေခံပညာအဆင့်) Group ဖွဲ့၍ သင်ကြားပေးလိုသောမိဘများ ဆက်သွယ်နိုင်ပါသည်။

**ဖုန်း-၀၉-၇၃၀၄၇၈၅၂**

**သင်ကြားပေးသည်**

Bio သီးသန့်

စာသင်သက် ၁၀ နှစ်၊ ဆရာဝန်ဘွဲ့ရဆရာ၊ ဂုဏ်ထူးအာမခံ၊ အိမ်ဝိုင်းလက်ခံသည်။ **ဖုန်း- ၀၉-၅၀၅၁၉၃၂**

**ကျောင်းကားအလိုရှိသည်**

Pre- School အတွက် ကျောင်းကားအလိုရှိသည်။

**ဖုန်း- ၀၉-၇၃၀၃၁၄၀၇**

**Towards Multi Language Centre**

လုပ်ငန်းခွင်အတွင်း အင်္ဂလိပ်စကားပြောခက်ခဲနေသူများ၊ နိုင်ငံခြားသွားရောက်မည့်ကျောင်းသားနှင့် လုပ်ငန်းခွင်အတွက်၊ **ဖုန်း-၀၉-၇၃၁၇၂၂၄၅**

**"အဆီကျ" အကသင်တန်း**

မြူးကြွတဲ့ Disco သံစဉ်တွေနဲ့အတူ ပိုလျှံနေတဲ့ အဆီပိုတွေလို နှင်ထုတ်ကြရအောင်။

**ဖုန်း- ၅၉၁၅၉၇ (ဆရာ ဇန်ဇန်)**

**Lady- Golf-Set**

Marnman- Mizuno-Lynx U.S.A (Japan) made. PH: 09-8570600

တက္ကသိုလ်ဝင်တန်းများ အတွက် စာသင်သက်တမ်း အနှစ် (၂၀) နီးပါးရှိ ဝါရင့် M.Sc ဘွဲ့ရ ဆရာ၊ ဆရာမများမှ အိမ်အရောက်အထူးသင်ကြားပေးသည်။ **ဖုန်း- ၀၉-၇၃၀၈၄၆၈၆**

**ရောင်းရန်ရှိသည်**

ဒါဘာ (Roof Slab) ရောင်းရန်ရှိသည်။ အကျယ်အဝန်း ပေ ၁၉× ၄၇ (၂)ခန်းတွဲ၊(အိမ်သာ၊ရေချိုးခန်းပါပြီး) မီတာ၊ မော်တာ၊ မပါဝင်ပါရေပိုက်ဆက်သွယ်ပြီး။ **ဖုန်း-၀၉-၄၉၂၉၅၆၃၈**

**ဝန်ဆောင်မှု**

ကွန်ပျူတာ အိမ်အရောက်ပြုပြင်တပ်ဆင်ခြင်း၊ PC-4500 ks

ဖုန်း-၀၉ ၇၃၀ ၂၈၁၉၀

**သင်တန်း**

ဝက်ဘ်ဆိုက်များကို ဒီဇိုင်းဖန်တီးချင်သူများအတွက် Assignment များ၊ Projects များဖြင့် အထူးသင်ကြားပေးပါသည်။ ဖုန်း-၀၉ ၅၁၅၀ ၂၈၈

**အိမ်ရောင်းမည်**

စမ်းချောင်း၊ အောင်ချမ်းသာလမ်း၊ ၂-ထပ်ပျဉ်ထောင်သွပ်မိုး၊ ရေမီး၊ ဂရန်အမည်ပေါက်၊ ပိုင်ရှင်ကိုယ်တိုင်ရောင်းပါမည်။ ဖုန်း-၅၁၄၀၄၈

**Acoustic Guitar ချစ်သူများသို့**

သင်နဲ့ကိုက်ညီမည့် ဂစ်တာများဝယ်ယူလိုပါက-

ဖုန်း-၀၉ ၅၄၀၇၆၇၁/ Ko Shin

**သင်တန်း**

ပီတိပန်း နိုင်ငံခြားဘာသာသင်တန်းကျောင်းမှ အီတလီ၊ စပိန်၊ ပြင်သစ်၊ အင်္ဂလိပ်၊ အရဗီ၊ အုရ်ဒူ၊ Basic 4 Skill, Grammar, Advanced Level Special သင်တန်းများ သင်ကြားနေပါပြီ။

ဖုန်း-၀၉ ၇၃၀၃၇၂၅၅

**ရောင်းမည်**

ipad 2, 16GB, 32GB

ဖုန်း-၀၉ ၅၀၀၇၁၄၃

**တိုက်ခန်းရောင်းမည်**

သဃ်န်းကျွန်း၊ လေးထောင့်ကန်လမ်းမကြီး၊ သုမင်္ဂလာအိမ်ရာ၊ ပေ(၂၅×၂၅)၊ ၆-လွှာ၊ အိပ်ခန်း(၂)ခန်း၊ လိုင်းခွဲဖုန်းပါ။ သိန်း(၁၄၀) ကျပ်

ဖုန်း-၀၉ ၅၀၅၉၂၉၈

**Great Star Education Service**

တက္ကသိုလ်ဝင်တန်း Bio တွဲ၊ Eco တွဲ အယောက် ၂၀ စာသင် သီးသန့် Special စာကျက်ဝိုင်း မေလစမည်။

ဖုန်း-၀၉ ၉၉၇၁၃၉၆

**အိမ်နှင့်ခြံရောင်းမည်**

ချောက်မြို့ GTI အနီး၊ ပေ(၁၂၀×၁၀၀) ကျွန်းနှင့်ပိတောက်ပျဉ်ထောင်အိမ် ၂ လုံးပါ၊ ပြင်ဆင်ပြီး၊ ညှိနှိုင်းဈေး။

ဖုန်း-၀၉ ၅၁၈၅၀၉၇

**မြေရောင်းမည်**

ကျောက်ပန်းတောင်း၊ ပေ(၆၀×၈၀)၊ ၂ကွက်တွဲ၊ ဖုန်း-၅၆ ၂၉၅၇

**ရောင်းမည်**

ပေ(၂၇×၆၈)၊၅-လွှာ၊၅၄လမ်း(ထက်)၊ ပုဇွန်တောင်၊ 2MBR, 1BR ရေမီး၊ အဆင့်မြင့်ပြင်ဆင်ပြီး၊ ကျပ်သိန်း-၇၂၀ ၊ဖုန်း-၀၉ ၅၁၉၃၉၀၅

**တိုက်ခန်းရောင်းမည်**

ကျောက်တံတား၊ မြေညီ၊ ပေ(၁၂ခွဲ× ၅၀)၊ ရေမီးစုံ၊ ပိုင်ရှင်ကိုယ်တိုင်။

ဖုန်း-၃၈၉၇၀၈

**အိမ်လိုက်သင်သည်**

သူငယ်တန်းမှ အဋ္ဌမတန်းအထိ စာပြပေးသည်။ Guide ငှားနိုင်သည်။ Eng, Maths အထူးသင်သည်။

ဖုန်း-၀၉ ၅၄၁၅၇၆၁

**Guide လုပ်ပေးသည်**

Medicine, MRCP 1 and MRCP 2

ဖုန်း-၀၉ ၂၀ ၂၃၀၃၉

**Computer Guide**

Computer Basic, A+,DTP,Adobe CS3, Internet, Photo Editing, DVD Burning သင်တန်းများကို အိမ်အရောက်သင်ကြားပေးသည်

ဖုန်း-၀၉ ၅၄၁၅၇၆၁

**Taxi Diesel ရောင်းမည်**

Toyota Corolla Van 2 Doors ၊ နောက်ဆွဲ 86 Model အ/. . . ၊အင်ဂျင်အသစ်၊ ရောင်းဈေး-၈၈ သိန်း။ ဖုန်း-၀၉ ၅၁၆၄ ၂၈၅(ပွဲစားမလို)

**Study Guide**

ILBC ကျောင်းပြီး Lodon GCE'O' Level ဘာသာစုံဂုဏ်ထူးရှင်မှ ကျောင်းသားများ(အတန်းစုံ)ကို Guide ပြပေးပါသည်။ ဖုန်း-၀၉ ၅၁၃၉၂၉၈

**ကွန်ပျူတာသင်တန်း**

1. Basic ၁-လ၊ ၃၀၀၀၀ ကျပ်၊ 2. Adobe Photoshop ပုံမှန် ၁-လ၊ ၂၅၀၀၀ ကျပ်၊ အပြတ် ၂ပတ်၊ ၃၀၀၀၀ ကျပ်။

ဖုန်း-၀၉ ၅၁၅၀ ၂၈၈

**ကားဝယ်မည်**

မာဇဒါဘီ ၆၀၀(တပ်လေလံ)၊ ဆေးဘော်ဒီအင်ဂျင်ကောင်းသည်။

ဖုန်း-၃၈၅၄၅၇(ပွဲစားမလို)

**သင်တန်း**

English & German

အိမ်သီးသန့်နှင့် ရေးဖတ်ပြော သင်တန်းများ၊ M.T.R (Tour Guide & Ex. Teacher of I.F.L)

ဖုန်း-၀၉ ၄၉၂၇၁၉၆၂

**ဝန်ဆောင်မှု**

UCSY/ GTC မှာ Project/ Thesis CASP.Net with C# PhP များကိုသက်သာသောနှုန်းဖြင့် ဆောင်ရွက်ပေးပါသည်။ A.team Thesis Group

ဖုန်း-၀၉ ၇၃၀၄၀၇၅၁

**Korea EPS- KLT**

၉ လပိုင်း စာမေးပွဲအတွက် ဇွန် ၁ ရက်နေ့စမည်။ ဒေါ်တင့်တင့်အောင် B.A (Korean) Y.U.F.L အခြေခံရေးဖတ်ပြော။ ဖုန်း- ၀၉-၅၀၆၄၉၆၆

**ကားငှားမည်**

အလှူ ဘုရားဖူး၊ ဘွဲ့ယူ၊ ညှိခံပွဲများအတွက် ရန်ကုန်မြို့တွင်း/ မြို့ပြင်၊ Sunny Pickup, Town Ace Light Truck ၊ ဖုန်း-၀၉ ၅၁၄၈၅၂၄

**ခရုအိမ်**

အဆင့်မြင့်ခန်းဆီးလိုက်ကာနှင့် ကူရှင်အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်း။ တိုက်-A, G-5, Pearl Condo, ကမ္ဘာအေး ဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်။ **PH: 557448 Ext (856), 09-8034582, 09-73037776**

# Environment

7 DAY NEWS JOURNAL

Vol.10, No.9 · MAY 19, 2011

## ဝက်ဝံသည်းခြေ တရားမဝင်ရောင်းဝယ်မှုများကြောင့် မြန်မာအပါအဝင် အာရှနိုင်ငံများတွင် ဝက်ဝံကောင်ရေ သိသာစွာလျော့ကျ

အေးမြကျော်

**ရန်ကုန်၊ မေ-၉**

မြန်မာနိုင်ငံအပါအဝင် အာရှနိုင်ငံများတွင် ဆေးဝါးဖော်စပ်ရန်အတွက် ဝက်ဝံသည်းခြေများကိုတရားမဝင် ကူးသန်းရောင်းဝယ်နေခြင်းကြောင့် အာရှဒေသရှိဝက်ဝံအကောင်ရေမှာလျင်မြန်စွာလျော့ကျလာနေပြီးဝက်ဝံများသည် မျိုးသုဉ်းမည့်အန္တရာယ်နှင့်ပိုမိုရင်ဆိုင်လာရကြောင်းမကြာမီက တောရိုင်းတိရစ္ဆာန် တရားမဝင်ရောင်းဝယ်ဖောက်ကားမှုစောင့်ကြည့်ရေး အဖွဲ့အစည်းကအစီအရင်ခံစာတစ်စောင်ထုတ်ပြန်ခဲ့သည်။

ယင်းသို့အစီအရင်ခံစာထုတ်ပြန်နိုင်ရန် မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၃ နိုင်ငံတွင် လေ့လာသုတေသနပြုခဲ့ကြောင်း အစီရင်ခံစာတွင်ဖော်ပြထားသည်။ အာရှနိုင်ငံများတွင်ကွင်းဆင်းလေ့လာမှုများပြုလုပ်ခဲ့ကြပြီး လေ့လာတွေ့ရှိချက်များအရ တောရိုင်းတိရစ္ဆာန်တရားမဝင်ရောင်းဝယ်ဖောက်ကားရေး ဈေးကွက်များ၌ ဝက်ဝံသည်းခြေကိုတွင်ကျယ်စွာရောင်းချနေကြသည်ကိုဗီယက်နမ်၊လာအို၊တရုတ်၊မလေးရှား၊ မြန်မာ၊ ဟောင်ကောင်တို့၌ တွေ့ရှိခဲ့ရကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

ဝက်ဝံသည်းခြေသည် အာရှနိုင်ငံများ၌ တရုတ်နှင့် ဂျပန်နိုင်ငံတွင်သာ တရားဝင်ရောင်းဝယ်ခွင့်ပြုထားပြီး ကျန်နိုင်ငံများတွင်မူဝက်ဝံသည် မျိုးပြုန်းတီးမှုအန္တရာယ်နှင့်ကြုံတွေ့နေရသော သတ္တဝါနှင့်သစ်ပင်မျိုးစိတ်များကို ရောင်းဝယ်ဖောက်ကားခြင်းနှင့်ပတ်သက်သည့်အပြည်ပြည်ဆိုင်ရာညီလာခံဥပဒေ(CIETES) အရတားမြစ်ထားသောမျိုးစိတ်စာရင်းတွင် ပါဝင်သည်။

မြန်မာနိုင်ငံတွင်းတွင်လည်း ဝက်ဝံသည်းခြေကို တရားမဝင်ရောင်းချခြင်းများရှိပြီး ဝက်ဝံသည်းခြေရရှိနိုင်သည်ဟုအသိပေးရောင်းချသောလူသိများသည့်နေရာမှာ ကျိုက်ထီးရိုး "ဘုရားအသွားလမ်း



*ရန်ကုန်တိရစ္ဆာန်ဥယျာဉ်တွင် ပြသထားသော ဝက်ဝံတစ်ကောင်ကို တွေ့ရစဉ်*

ဓာတ်ပုံ - အေးအမ်ကေ

တစ်လျှောက်ရှိပရဆေးဆိုင်များတွင်ဖြစ်သည်။ 'ဝက်ဝံသည်းခြေစစ်မစစ်တော့မသိဘူး။ ကျိုက်ထီးရိုးသွားရင် ဝက်ဝံသည်းခြေဆိုပြီးရောင်းတာအမြဲတွေ့တယ်" ဟုမကြာမီကကျိုက်ထီးရိုးသို့သွားရောက်ခဲ့သူတစ်ဦးကပြောသည်။ မြန်မာနိုင်ငံအနှံ့ရှိ ဘုရားပွဲဈေးကဲ့သို့နေရာများတွင် ပရဆေးဆိုင်များ၌ သက်ဝံသည်းခြေများ ရောင်းချသည်ကိုလည်း တွေ့ရှိရသည်။ မြန်မာနိုင်ငံတွင်လည်းဝက်ဝံသည်းခြေအပါအဝင်တားမြစ်ထားသော တောရိုင်းတိရစ္ဆာန်နှင့်ဆက်စပ်ပစ္စည်းများကိုရောင်းဝယ်ဖောက်ကားပါက ၁၉၉၄ ခုနှစ်ကပြဋ္ဌာန်းခဲ့သောတောရိုင်းတိရစ္ဆာန်နှင့်သဘာဝအပင်များ ကာကွယ်ရေးနှင့်သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်း သိရသည်။

## ကျွန်တော်တို့လည်း တာဝန်ရှိပါသည်

ပြီး ၂ ရက်က ပဉ္စမအကြိမ် ထွန်းဖောင်ဒေးရှင်း ၂၀၁၀ ပြည့်နှစ် စာပေဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်ခွင့်ရခဲ့ပါသည်။ မြန်မာစာပေလောကဖွံ့ဖြိုးရေးကို ပါဝင်ဖြည့်ဆည်းရန်ဟူသော ရည်ရွယ်ချက်ဖြင့် အများအကျိုးပြု စာကောင်းပေမွန်များပေါ် ထွက်ရေးအတွက် ၂၀၀၅ ခုနှစ်မှစတင်၍ တစ်နှစ်အတွင်း ထုတ်ဝေပြီးသော စာအုပ်များထဲမှလည်းကောင်း၊ ယှဉ်ပြိုင်ရန်ဖိတ်ခေါ်သော စာမူများထဲမှလည်းကောင်း ရွေးချယ်၍ ဆုချီးမြှင့်ခြင်းဖြစ်ပါသည်။

ဝေယံမောင်



ဆုရစာအုပ်များထဲတွင်ကျွန်တော်မှတ်မှတ်ထင်ထင်သတိထားမိသည်က စာရေးသူဆရာကျော်ဦး၏ "ဥတုရာသီပြောင်းခဲ့ပြီ"ဟူသောစာအုပ်ဆု ချီးမြှင့်ခြင်းခံခဲ့ရမှုဖြစ်သည်။

အမှန်တကယ်တော့ ဒီပတ်ဝန်းကျင်ထိန်းသိမ်းရေးဟူသည့် အကြောင်းအရာကို ကျွန်တော်တို့ပြည်သူလူထုစိတ်ဝင်စားသည်မှာဆယ်စုနှစ်ပင်မပြည့်တတ်သေးဟုထင်၏။ သက်တမ်းနုသော်လည်း ယခုတော့ သည်အကြောင်းအရာက တစ်ပြည်လုံး (nation wide attention) သာမက တစ်ကမ္ဘာလုံးကပါ(world wide attention )အထိ အသိအမှတ်ပြုစိတ်ဝင်စားလာကြ၏။ စိတ်မဝင်စားလို့လည်းမဖြစ်၊ အမျိုးမျိုးဘေးဆိုး၊ ကပ်ဆိုးများကဆက်တိုက်ဆိုသလိုကြုံတွေ့နေကြရသည်ကို။

မတ် ၃၀ ရက် နိုင်ငံတော်သမ္မတကြီးက ပြည်သူ့လွှတ်တော်၌ပြောကြားခဲ့သည့် မိန့်ခွန်းတွင်လည်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာနှင့် ပတ်သက်၍ ဆောင်ရွက်ရမည့် တာဝန်တစ်ရပ်အဖြစ် ထည့်သွင်းပြောကြားသွားခဲ့ပါသည်။ နိုင်ငံတော်သမ္မတက ပြောကြားသည့်မိန့်ခွန်းသည် အစိုးအရအဖွဲ့၊ ဝန်ထမ်းအသီးသီးတို့အတွက် လုပ်ငန်းလမ်းညွှန်ဖြစ်သလို ပြည်သူပြည်သားတို့အတွက်မျှော်လင့်ချက်လည်းဖြစ်သည်။ လတ်တလော မိမိတို့နိုင်ငံအပါအဝင်တစ်ကမ္ဘာလုံးကြုံတွေ့နေရသည့် သဘာဝအန္တရာယ်ကိုရတက်မအေး ဖြစ်နေရချိန်လည်းဖြစ်၏။ အာရှတိုက်က အဆိုးဆုံး။ ကမ္ဘာပေါ်တွင် အာရှတိုက်သည် သဘာဝဘေးအန္တရာယ် အကျရောက်ဆုံးသောဒေသဟု ဆိုပါသည်။ ကျွန်တော်တို့ မြန်မာနိုင်ငံတွင်မူ လူထုတစ်ရပ်လုံး မှတ်မှတ်ထင်ထင် သတိထားမိသည်က ၂၀၀၆ ခုနှစ်နောက်ပိုင်း မာလာ (၂၀၀၆)၊ နာဂစ် (၂၀၀၈)၊ ဂီရိ (၂၀၁၀)စသော မုန်တိုင်းကြီးများသာမက လျှင်အန္တရာယ်များကြုံတွေ့ရချိန်ဖြစ်သည်။ ယခု ၂၀၁၁ ခုနှစ်တွင်လည်း မကြာသေးမီက ဖြစ်ပွားခဲ့သည့်ဂျပန်ငလျင်၏နောက်ဆက်တွဲ ဆူနာမီရေလှိုင်းကြောင့် နျူကလီးယားဓာတ်ပေါင်းဖိုများ ပေါက်ကွဲပြီး ရေဒီယိုသတ္တိကြွဓာတ်ရောင်ခြည်ပတ်ဝန်းကျင်သို့ ပျံ့နှံ့မှုအပေါ် အာရှသားချင်း ငှင်းတို့၏ ဘေးဒုက္ခကို စာနာသနားကရုဏာသက်နေစဉ်မှာပင်မိမိတို့နိုင်ငံ၌လည်း အချိန်အခါမဲ့ မိုးရွာသွန်းမှုနှင့်အတူ မတ် ၁၅ ရက်တွင်ဖြစ်ပွားခဲ့သည့် အင်အားကြီးမားပြင်းထန်သော တာလေငလျင်ကြီးကိုကြုံတွေ့ရသောအခါ သဘာဝဘေးအန္တရာယ်ဆိုသည်က လူတွေကြား ရေပန်းအစားဆုံးစကားလုံးဖြစ်လာရတော့သည်။

သဘာဝပတ်ဝန်းကျင်မပျက်စီး၊ မချို့ယွင်းအောင် ထိန်းသိမ်းစောင့်ရှောက်ရေးသည်ကား သဘာဝအပေါ် မှီတင်းနေထိုင်ရသည့် ကမ္ဘာသူ၊ ကမ္ဘာသားအားလုံး၏ တာဝန်ဟုပင် ဆိုရပါမည်။ သဘာဝဘေးအန္တရာယ်ကို တားထား၍ မရဟုဆိုသော်လည်း ကြိုတင်ကာကွယ်ပြင်ဆင်မှုများ ပြုလုပ်ထားနိုင်ပါသည်။ အကောင်းဆုံးသော ကြိုတင်ကာကွယ်မှုမှာ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု နည်းနိုင်သမျှ နည်းရလေအောင် သဘာဝပတ်ဝန်းကျင်ကို စနစ်တကျထိန်းသိမ်းရေးပင်ဖြစ်ပါ၏။


သမ္မတ၏ မိန့်ခွန်းတွင် "ဆက်လက်ပြီး ကျွန်တော်တို့ ဆောင်ရွက်ရမယ့်နောက်ထပ်တာဝန်တစ်ရပ်ကတော့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပဲ ဖြစ်ပါတယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ ပတ်သက်ရင် သစ်တောသစ်ပင် ထိန်းသိမ်းရေးကို အလေးထားမှာဖြစ်သလို လေထုညစ်ညမ်းမှုနဲ့ ရေထုညစ်ညမ်းမှုများ လျှော့ချရေး၊ စက်ရုံသုံးစွန့်ပစ်ပစ္စည်းများ ထိန်းသိမ်းကြပ်မတ်ရေး၊ သဘာဝသားငှက်တိရစ္ဆာန်များ ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများကိုလည်း ဘက်စုံထောင့်စုံက ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနဲ့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လိုအပ်ချက်ကို ဟန်ချက်ညီညီနဲ့ ထိန်းညှိဆောင်ရွက်ပေးမယ့်မူဝါဒတစ်ရပ်ကို ချမှတ်သွားမှာဖြစ်ပါတယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများမှာ ပြည်သူများနဲ့ ပရဟိတ လူမှုအဖွဲ့အစည်းများပါဝင်လာအောင် စည်းရုံးဆောင်ရွက်သွားမှာဖြစ်ပြီး ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဲ့သို့သော နည်းပညာတွေကို ကုန်ကျစရိတ် သက်သာစွာနဲ့ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲနိုင်အောင် လုပ်ဆောင်သွားမှာဖြစ်ပါတယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ပတ်သက်တဲ့ ဥပဒေများကိုလည်း ပြန်လည်သုံးသပ်ပြီး လိုအပ်သလို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အသစ်ပြဋ္ဌာန်းနိုင်ရန် ဆောင်ရွက်ခြင်းတို့ကို အလေးထားလုပ်ဆောင်သွားမှာ ဖြစ်ပါတယ်"ဟု အတိအလင်းထုတ်ဖော်ပြောကြားသွားခဲ့သည်ကို တွေ့ရသည်။ ယနေ့ခေတ်၏ လူသားတို့အပေါ် စိန်ခေါ်နေသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်၍ အစိုးရ၏မူဝါဒ၊ ချမှတ်မည့် မဟာဗျူဟာ၊ အကောင်အထည်ဖော်ဆောင်ရွက်မည့် နည်းဗျူဟာနှင့် လုပ်ဆောင်မည့် နည်းလမ်းတို့ကို အတိုချုပ်မိန့်ကြားသွားခြင်းဟု နားလည်မိပါသည်။

ကမ္ဘာကြီး ပူနွေးလာမှုကို ထိန်းသိမ်းရန် ရာသီဥတု အပူ၊ အအေး မျှတရန်အတွက် ထိန်းကျောင်းထားနိုင်သည့် ဂုဏ်သတ္တိတွင် သစ်ပင်၊ သစ်တောများ၏ အခန်းကဏ္ဍသည် အဓိကကျလှပါသည်။ သစ်တောများသည်ကမ္ဘာပေါ်ရှိကာဗွန်ဒိုင်အောက်ဆိုက်စုစုပေါင်း ၂၀ ရာခိုင်နှုန်းကို စုပ်ယူထားနိုင်ပြီး သန့်စင်သောအောက်ဆီဂျင်ကိုပြန်လည်ထုတ်လွှတ်ပေးနိုင်သည်ဟု ဆိုပါသည်။ ထို့အပြင် ဂေဟစနစ်အရကြည့်လျှင် သက်ရှိနှင့် သဘာဝပတ်ဝန်းကျင်သည် တစ်ခုနှင့်တစ်ခု ဆက်စပ်နေပြီး သစ်ပင်၊ သစ်တော၊ ရေမြေအားလုံး ညီညွတ်မျှတမှုရှိရမည် ဖြစ်ပါသည်။

စာ(၄၀) သို့







# Tourism

7Day News Journal

Vol.10, No.9 • MAY 19, 2011


## ချောင်းသာကမ်းခြေဟိုတယ်များအားလုံး မိုးရာသီတွင် ဖွင့်လှစ်မည်



*ချောင်းသာကမ်းခြေရှိ အဆင့်မြင့်အပန်းဖြေဟိုတယ်တစ်လုံးကို တွေ့ရစဉ်* ဓာတ်ပုံ - ရှိန်းရှိန်းထိုက်

**အောင်သူရ**

**ရန်ကုန်၊ မေ-၅**

ယခုနှစ်မိုးရာသီတွင် ချောင်းသာကမ်းခြေရှိဟိုတယ် အားလုံးဖွင့်လှစ်ရန် စီစဉ်ထားကြောင်း ချောင်းသာဇုန်ဟိုတယ်လုပ်ငန်းရှင်အသင်း ဒု-ဥက္ကဋ္ဌဒေါက်တာမောင်မောင်ကြည်က ပြောသည်။

"ဧည့်သည်တွေ အများကြီးလာဖို့ရှိတယ်လို့ဝန်ကြီးက ပြောတယ်။ ဒါကြောင့် မိုးတွင်းမှာ ဟိုတယ်တွေဖွင့်ဖို့ဆုံးဖြတ်လိုက်တာ" ဟု ဒေါက်တာမောင်မောင်ကြည်ကဆိုသည်။ ထို့အပြင် ဟိုတယ်အခန်းခများကိုလည်း အနည်းဆုံး ၁၀ ရာခိုင်နှုန်းနှင့်အထက် ဈေးလျှော့ပေးသွားမည်ဟု သိရသည်။

သို့ရာတွင် ချောင်းသာကမ်းခြေရှိ အဆင့်မြင့်ဟိုတယ်တစ်လုံးဖြစ်သော ဟိုတယ်မက်စ်ကမူ အခန်းများပြုပြင်ရန်အတွက် ဇွန်လပထမအပတ်မှ စက်တင်ဘာလဆန်းထိ ပိတ်ထားရန် အစီအစဉ်ရှိကြောင်း အဆိုပါဟိုတယ်မန်နေဂျာကိုညီညီအောင်က ပြောသည်။ အခြားသော အဆင့်မြင့်ဟိုတယ်များဖြစ်သည့် Bell Resort နှင့် Hotel Ace တို့လည်း မိုးတွင်းကာလတွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

ချောင်းသာကမ်းခြေသို့ ယခုနှစ်အတွင်း ဧည့်သည်ဝင်ရောက်မှုမှာ ဧည့်သည်အများဆုံးဝင်ရောက်ခဲ့သော ၂၀၀၆ ခုနှစ်က နီးပါးရှိကြောင်း သိရသည်။

## မြန်မာနိုင်ငံစားသောက်ဆိုင်များအသင်းစတင်ဖွဲ့စည်း

**အောင်သူရ**

**ရန်ကုန်၊ မေ - ၁၁**

မြန်မာနိုင်ငံ စားသောက်ဆိုင်များအသင်းအတွက် ဥက္ကဋ္ဌအပါအဝင် ဗဟိုအလုပ်အမှုဆောင် ၂၂ဦးအား ယာယီရွေးချယ်ထားကြောင်း သတင်းရရှိသည်။

"ဒီရွေးချယ်ထားတဲ့ အဖွဲ့က ၈၀ ရာခိုင်နှုန်းလောက် အပြောင်းအလဲမရှိနိုင်ဘူး" ဟု အဆိုပါအသင်းတွင် ဒုတိယဥက္ကဋ္ဌ-၁ အဖြစ် လျာထားခံရသောဦးညီညီက ပြောသည်။

ရွေးချယ်ထားသော အသင်းဥက္ကဋ္ဌမှာ YKKO စားသောက်ဆိုင်မှ ဦးညဏ်လင်းဖြစ်ပြီး အထွေထွေအတွင်းရေးမှူးမှာ ခိုင်ခိုင်ကျော်ထမင်းဆိုင်မှ ဦးကျော်မြတ်မိုးတို့ဖြစ်သည်။

အခြားသော ခရီးသွားလုပ်ငန်း လုပ်ကိုင်နေသည့် တူညီသောအဖွဲ့များကလည်း အသင်းအဖွဲ့များဖွဲ့စည်းရန် အစည်းအဝေးများ ကျင်းပပြုလုပ်နေကြပြီဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ စားသောက်ဆိုင်များအသင်းအား အခြားသော ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင်ပါ ထပ်မံ ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း အသင်းဒုတိယဥက္ကဋ္ဌ-၁ ဦးညီညီကပြောသည်။

အသင်းသစ်၏ ဗဟိုအလုပ်အမှုဆောင်များမှာ ဦးညဏ်လင်း၊ ဦးမောင်မောင်၊ ဦးမြင့်သိန်း၊ ဦးခင်အောင်ထွန်း(ခ) ညီညီ၊ ဒေါ်တင်မာမြင့်၊ ဦးဆန်နီအောင်ခင်၊ ဦးခင်မောင်ဦး၊ ဦးကျော်မြတ်မိုး၊ ဒေါ်ဖြူဖြူတင်၊ ဒေါက်တာ နေဇော်အောင်၊ ဦးမြင့်ဇော်(ခ)စိန်ခဲ၊ ဦးရဲဝင်းထွန်း (ခ)ပြုံးချို၊ ဒေါ်မိမိအောင်၊ ဦးမင်းဟန်၊ ဒေါ်သဥ္ဇာလတ်၊ ဦးအန်ဒရူး၊ ဦးဂျရယ်အုံကြီး၊ ဦးငွေရင်၊ ဦးပြည့်ဝေဖြိုး၊ ဒေါ်ဇေဇင်လတ်၊ ဒေါ်ကြူကြူဆွေ၊ ဦးအောင်သန်းဦးတို့ ဖြစ်ကြသည်။

## အဲကမ္ဘောဇလေကြောင်းလိုင်း ပြည်တွင်းခရီးစဉ်နှစ်ခု တိုးချဲ့ပျံသန်းမည်

**အောင်သူရ**

**ရန်ကုန်၊ မေ - ၁၄**




ကမ္ဘောဇကုမ္ပဏီအုပ်စုက တည်ထောင်ထားသောအဲကမ္ဘောဇလေကြောင်းလိုင်းသည် မေလလယ်မှစ၍ ပြည်တွင်းခရီးစဉ်နှစ်ခုအား တိုးချဲ့ပျံသန်းပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

"ထားဝယ်ကို ၁၆ ရက်နေ့ကစပြီး တစ်ပတ် သုံးရက်နဲ့ တာချီလိတ်ကို မေ၁၇ရက်နေ့ကစပြီး တစ်ပတ် လေးရက်ပျံသန်းမှာပါ" ဟု အဆိုပါလေကြောင်းလိုင်းမှ ဦးမြတ်သူကပြောသည်။

အဆိုပါခရီးစဉ်များအားပွိုင့်တူပွိုင့် ပျံသန်းခြင်းမျိုးမဟုတ်ဘဲ နီးစပ်ရာမြို့များနှင့် တွဲဖက်ပျံသန်းမည်ဖြစ်သည်။


ရန်ကုန်မြို့မှ ထားဝယ်မြို့သို့ အပတ်စဉ် တနင်္လာ၊ ဗုဒ္ဓဟူးနှင့် သောကြာနေ့များတွင် ပျံသန်းမည်ဖြစ်ပြီး တာချီလိတ်မြို့သို့ အင်္ဂါ၊ ကြာသပတေး၊ စနေနှင့် တနင်္ဂနွေနေ့များတွင် ပျံသန်းမည်ဖြစ်သည်။

အဲကမ္ဘောဇ လေကြောင်းလိုင်းသည် ပြည်တွင်းခရီးစဉ် အဖြစ် ဧပြီ ၁ ရက်နေ့မှစ၍ ထင်ရှားသောမြို့ကြီးငါးမြို့သို့ ATR-72 လေယာဉ်တစ်စင်းဖြင့် စတင်ပျံသန်းခဲ့သည်။


7DAY NEWS JOURNAL
Vol.10, No.9 • MAY 19, 2011

# The Cartoon Logo























7 DAY NEWS JOURNAL
Vol.10, No.9 • MAY 19, 2011

# ဈျူကလီးယားစွမ်းအင်အပေါ် မှီခိုမှု ဂျပန် ပြန်လည်သုံးသပ်မည်






**တိုကျို၊ မေ - ၁၁**

ဖူကူရှီးမားဈျူကလီးယားစက်ရုံတွင် အကျပ်အတည်းဖြစ်ပေါ်ခဲ့ပြီးနောက် ဈျူကလီးယားစွမ်းအင်အပေါ်မှီခိုနေရမှုကို ဂျပန်နိုင်ငံက ပြန်လည်သုံးသပ်မည်ဖြစ်ကြောင်း သိရသည်။

ဖူကူရှီးမားဘေးဒုက္ခကြောင့် ၎င်းတို့၏ စီမံကိန်းများကို အစကပြန်၍ အသစ်တစ်ဖန် သုံးသပ်ရတော့မည်ဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ်နာအိုတိုကန်ကပြောကြားသည်။

မတ်လ ၁၁ ရက်နေ့ မြေငလျင်ကြောင့် ဖူကူရှီးမားဈျူစက်ရုံမှ ဓာတ်ငွေ့ယိုစိမ့်မှုများဖြစ်ပေါ်လျက်ရှိသည်။ နောက်ဆက်တွဲ ဆူနာမီကြောင့်လည်း စက်ရုံ၏ အအေးခံစနစ်များ ပျက်စီးခဲ့ရသည်။

ယခုအခါဖူကူရှီးမား ဈျူစက်ရုံလည်ပတ်သည့် Tepco ကုမ္ပဏီက ဘေးအန္တရာယ်ကြောင့်ထိခိုက်သူများအား လျော်ကြေးပေးနိုင်ရန် ဂျပန်အစိုးရ၏ အကူအညီကို တောင်းခံထားသည်။

စက်ရုံမှ ၁၂မိုင်(၂၀ ကီလိုမီတာ)ပတ်ဝန်းကျင်တွင် နေထိုင်သည့် လူပေါင်းရှစ်သောင်းခန့်ကိုလည်း ၎င်းတို့၏နေအိမ်များမှ ပြောင်းရွှေ့၍ အခြားအရပ်တွင် နေရာချထားပေးရသည်။ ၎င်းဒေသခံများ မည်သည့်အချိန်တွင် အိမ်ပြန်နိုင်မည်ကိုလည်း အချိန်ကန့်သတ်ချက်မချမှတ်ရသေးပေ။ အဆိုပါဒေသမှ စိုက်ပျိုးရေးနှင့် စီးပွားရေးလုပ်ငန်းများလည်း အထိနာခဲ့သည်။ဘေးအန္တရာယ်ကြောင့် လျော်ကြေးငွေစုစုပေါင်း ပမာဏကိုမသိရှိသေးသော်လည်း ကန်ဒေါ်လာဘီလီယံ ၁၀၀ ကျော်သွားမည်ဟုခန့်မှန်းထားကြသည်။

*—Ref: BBC*

# ဖိလစ်ပိုင်တွင် အင်တာနက်လိင်လုပ်ငန်းလုပ်ကိုင်သူ ဆွီဒင်နိုင်ငံသားနှစ်ဦးအား ထောင်ဒဏ်တစ်သက်ချမှတ်



**မင်ဒါနာအို၊ မေ - ၁၂**

ဖိလစ်ပိုင်နိုင်ငံတွင် အင်တာနက်လိင်လုပ်ငန်းဖွင့်လှစ်လုပ်ကိုင်နေသည့် ဆွီဒင်နိုင်ငံသား နှစ်ဦးအား ထောင်ဒဏ်တစ်သက် ချမှတ်လိုက်ကြောင်း သိရသည်။

ဘိုစတီဖင်ဆီဒါဟုမ်း(၃၁ နှစ်)နှင့် အန်ဒရေးဆိုလီမို(၃၅ နှစ်)တို့သည် လူကုန်ကူးမှုစွဲချက်များတွင် ပြစ်မှုထင်ရှားကြောင်း ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းတရားရုံးတစ်ရုံးကတွေ့ရှိခဲ့သည်။

၎င်းတို့ကျူးလွန်သည့် ပြစ်ဒဏ်ကြီးလေးမှုနှင့် အင်တာနက်လိင်လုပ်ငန်းအပေါ် လူအများအာရုံစိုက်လာစေခြင်းကြောင့် ယခင်က မချမှတ်ဖူးသော ထောင်ဒဏ်တစ်သက်ပြစ်ဒဏ်များချမှတ်လိုက်ခြင်းဖြစ်သည်။ ယင်းတွင် အင်တာနက်ဖောက်သည်များအတွက် အမျိုးသမီးငယ်များအား ဝက်ဘ်ကင်မရာများရှေ့တွင်အဝတ်အစားဗလာနှင့် လိင်မှုရေးရာပြုမူမှုများပြသစေခြင်းဖြစ်သည်။

ဆွီဒင်လူမျိုးများကိုကူညီခဲ့ခြင်းအတွက် ဖိလစ်ပိုင်နိုင်ငံသားသုံးဦးကိုလည်း ထောင်ဒဏ်အနှစ် ၂၀ စီချမှတ်ခဲ့သည်။

ဖိလစ်ပိုင်အမျိုးသမီးများ၏ ဂုဏ်သိက္ခာကျဆင်းစေခြင်းနှင့် နိုင်ငံ၏ဥပဒေများချိုးဖောက်ခဲ့ခြင်းအတွက် အပြင်းထန်ဆုံးပြစ်ဒဏ်ချမှတ်ရန် ထိုက်တန်သည်ဟု တရားသူကြီး၏ ဆုံးဖြတ်ချက်အားကိုးကား၍ တရားရုံးရှေ့ဖတ်စာရေး မစ္စဆယ်စီဒိုကပြောသည်။

၂၀၀၉ ခုနှစ် ဧပြီလတွင် မင်ဒါနာအိုပြည်နယ် ကော်စဝါဂန်မြို့ရှိ စီးပွားရေးအဆောက်အအုံတစ်ခုအား ဖိလစ်ပိုင်ရဲတပ်ဖွဲ့က ဝင်ရောက်စီးနင်းခဲ့ချိန်တွင် ဆွီဒင်နိုင်ငံသားနှစ်ဦးအားဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်ပြီး အခန်းတစ်ခန်းထဲရှိ ကွန်ပျူတာများရှေ့၌ ဝတ်လစ်စားလစ်အမျိုးသမီးငယ် ၁၇ ဦးကိုလည်း တွေ့ရှိခဲ့ကြသည်။ *—Ref: BBC*






## နောက်ကျောဖုံး - ကန်အထက်လွှတ်တော်အမတ် ဂျွန်ကယ်ရီ ပါကစတန်နိုင်ငံသို့ သွားရောက် စစ်ဘက်အကြီးအကဲနှင့်တွေ့ဆုံ မှ

အမေရိကန်အထူးတပ်ဖွဲ့များသည် မေလ ၂ရက်နေ့တွင် အစ္စလာမာဘတ်မြို့မှ မိုင် ၃၀ အကွာ အက်ဘော့တာဘတ်မြို့၌ အယ်လ်ကိုင်ဒါခေါင်းဆောင် အိုစမာဘင်လာဒင်အား ဝင်ရောက်စီးနင်းသတ်ဖြတ်ခဲ့သည်။

အိုစမာဘင်လာဒင်သည် စစ်ဘက်အာဏာပိုင်များ၏ ရှေ့မှောက်မှာပင် ခြံစည်းရိုးမြင့် အိမ်ဝင်းဖြင့်နေထိုင်နေသည်ကိုတွေ့ရှိခဲ့ခြင်းက ပါကစ္စတန်လုံခြုံရေးတပ်ဖွဲ့များအနေဖြင့် ဘင်လာဒင်မည်သည့် နေရာတွင်ရှိသည်ဆိုခြင်းကို သိရှိနေသည်လားဆိုသော သံသယများပြန်လည်ကြီးထွားလာစေခဲ့သည်။

ပါကစ္စတန်နိုင်ငံကမူ ဘင်လာဒင်သေဆုံးခြင်းမှာ စစ်သွေးကြွတိုက်ဖျက်ရေးအတွက်ကြီးမားသောခြေလှမ်းတစ်ရပ်ဟုကြိုဆိုခဲ့သော်လည်း စစ်ဆင်ရေးပြုလုပ်ရာ၌ ၎င်းတို့အား အသိမပေးခဲ့သည့်အတွက် ဒေါသထွက်လျက်ရှိသည်။

မေလ ၁၅ရက်နေ့တွင် ပါကစ္စတန်ပါလီမန်က အမေရိကန်တို့၏ လျှို့ဝှက်စစ်ဆင်ရေးကိုရှုတ်ချပြောဆိုခဲ့ပြီး ယင်းမှာ ပါကစ္စတန်နိုင်ငံ၏ အချုပ်အခြာအာဏာကို ချိုးဖောက်ခြင်းဖြစ်၍ အမေရိကန်နိုင်ငံနှင့် ဆက်ဆံရေးအား ပြန်လည်သုံးသပ်ရန်တိုက်တွန်းခဲ့သည်။

စစ်ဘက်အရာရှိများကလည်း အမေရိကန်နိုင်ငံသည် ဘင်လာဒင်စစ်ဆင်ရေးအား တစ်ဦးတည်း သဘောထားဖြင့် အရေးယူဆောင်ရွက်ခဲ့ခြင်းမှာ ယုံကြည်မှုကို ပျက်ပြားစေရာရောက်ကြောင်း ပြောကြားသည်။

မစ္စတာဂျွန်ကယ်ရီသည် အိုဘားမားအစိုးရနှင့်နီးစပ်သူ ဒီမိုကရက်တစ်ဦးဖြစ်ပြီး အထက်လွှတ်တော်နိုင်ငံခြား ဆက်ဆံရေးကော်မတီဥက္ကဋ္ဌလည်းဖြစ်သည်။ မစ္စတာဂျွန်ကယ်ရီသည် ပါကစ္စတန် ကြည်းတပ် အကြီးအကဲ ဗိုလ်ချုပ်ကြီး အက်ရှ်ဖက်ကာယာနီနှင့် စစ်ဘက်ရုံးချုပ်တွင် တွေ့ဆုံခဲ့သည်ဟု စစ်တပ်အရာရှိတစ်ဦးကပြောကြားသည်။ အသေးစိတ်အချက်အလက်များကို မူ ထိုအရာရှိက ပြောကြားခြင်းမရှိခဲ့ပေ။

ထိုအတောအတွင်း ပါကစ္စတန်စစ်ဦးစီးချုပ်များကော်မတီဥက္ကဋ္ဌဗိုလ်ချုပ်ကြီး ခါလစ်ရှာမိန်းဝိန်းသည် မေလ ၂၂ ရက်တွင် စတင်မည့် အမေရိကန်နိုင်ငံသို့ ငါးရက်ကြာ အလည်အပတ်ခရီးစဉ်အား လွန်ခဲ့သောနှစ်ရက်က ဖျက်သိမ်းလိုက်ကြောင်း သိရသည်။ သို့သော် ပါကစ္စတန်အရပ်သားအစိုးရ၏ အရာရှိများကမူ အမေရိကန်နှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

မစ္စတာဂျွန်ကယ်ရီသည် အခြား ပါကစ္စတန်နိုင်ငံ ခေါင်းဆောင်များနှင့်လည်းတွေ့ဆုံဆွေးနွေးရန်ရှိကြောင်း သိရသည်။

—*Ref: Reuters*



Leader's Profile

## အိုင်ဗရီကို့စ်နိုင်ငံသမ္မတ အလက်ဆန်ဒရာအိုတာရာ

ရဲမင်း

အလက်ဆန်ဒရာမိန်းအိုတာရာသည် အိုင်ဗရီကို့စ်နိုင်ငံရေးသမားတစ်ဦးဖြစ်ပြီး လက်ရှိအိုင်ဗရီကို့စ်နိုင်ငံ၏သမ္မတဖြစ်သည်။ စီးပွားရေးပညာရှင်တစ်ဦးလည်းဖြစ်သော အိုတာရာသည် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့(IMF) တွင်လည်း အလုပ်လုပ်ကိုင်ခဲ့ပြီး အနောက်ဥရောပနိုင်ငံများ၏ ဗဟိုဘဏ်တွင်လည်းတာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၀ နိုဝင်ဘာမှ ၁၉၉၃ ခုနှစ်ဒီဇင်ဘာလအထိ အိုင်ဗရီကို့စ်နိုင်ငံ၏ ဝန်ကြီးချုပ်အဖြစ်တာဝန်ထမ်းဆောင်ခဲ့သည်။

အိုတာရာအား ၁၉၄၂ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် အိုင်ဗရီကို့စ်နိုင်ငံ ဒင်ဘိုကရိုမြို့၌မွေးဖွားခဲ့သည်။ ၎င်း၏ ဖခင်မျိုးနွယ်မှာ အိမ်နီးချင်းဘာကီနာဖာဆိုကို အုပ်စိုးခဲ့ပြီး ကောင်အင်ပါယာကိုထူထောင်ခဲ့သည့်မွတ်ဆလင်မျိုးနွယ်မှ ဆင်းသက်လာသူများဖြစ်သည်။ အိုတာရာသည် ၁၉၆၅ ခုနှစ်တွင် အမေရိကန်နိုင်ငံ ပင်ဆယ်ဗေးနီးယားပြည်နယ် ဒရက်ဆဲလ်တက္ကသိုလ်မှ သိပ္ပံဘွဲ့ရရှိခဲ့သည်။ ၁၉၆၇ ခုနှစ်တွင် ပင်ဆယ်ဗေးနီးယားတက္ကသိုလ်သို့ ဆက်လက်တက်ရောက်၍ စီးပွားရေးပညာ မဟာဘွဲ့ရရှိခဲ့သည်။ ၁၉၇၂ ခုနှစ်တွင် စီးပွားရေးပညာဒေါက်တာဘွဲ့ရရှိခဲ့သည်။

အိုတာရာသည် ၁၉၆၈ မှ ၁၉၇၃ ခုနှစ်အထိ ဝါရှင်တန် အခြေစိုက် IMF တွင် စီးပွားရေးပညာရှင်အဖြစ် လုပ်ကိုင်ခဲ့ပြီး ၁၉၇၃ ခုနှစ်တွင် အနောက်အာဖရိကနိုင်ငံများဗဟိုဘဏ်သို့ပြောင်းရွှေ့လုပ်ကိုင်ခဲ့သည်။ ၁၉၈၄ မှ ၁၉၈၈ ခုနှစ်အထိIMF အာဖရိကဌာန၏ ညွှန်ကြားရေးမှူးအဖြစ် လုပ်ကိုင်ခဲ့သည်။ ၁၉၈၈ ခုနှစ်တွင်အနောက်အာဖရိကနိုင်ငံများ ဗဟိုဘဏ်(BCEAO)၏ ဥက္ကဋ္ဌအဖြစ် စတင်တာဝန်ထမ်းဆောင်သည်။

၁၉၉၀ ပြည့်နှစ် ဧပြီလတွင် ထိုစဉ်က အိုင်ဗရီကို့စ်နိုင်ငံ သမ္မတ ဖီးလစ်ဟိုးပူရက်က အိုတာရာအား နိုင်ငံ၏ အထူးစီးပွားရေးအဖွဲ့ ဥက္ကဋ္ဌအဖြစ်ခန့်အပ်ခဲ့သည်။ ယင်းနှစ် နိုဝင်ဘာလမှာပင် အိုင်ဗရီကို့စ်နိုင်ငံ၏ ဝန်ကြီးချုပ်အဖြစ် စတင်တာဝန်ထမ်းဆောင်သည်။ ၁၉၉၃ ခုနှစ်တွင် သမ္မတ ဖီးလစ်ဟိုးပူရက် သေဆုံးသွားခဲ့ရာ အိုတာရာသည် နိုင်ငံရေးပြိုင်ဘက်တစ်ဦးနှင့် အာဏာလုခဲ့ရပြီး ပြိုင်ဘက်က အသာစီးရသွားခဲ့၍ ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်ခဲ့သည်။ ယင်းနောက် အိုတာရာသည် IMF တွင် ပြန်လည် တာဝန်ထမ်းဆောင်ခဲ့ပြီး IMF ၏ လက်ထောက်ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် ၁၉၉၉ ခုနှစ် ဇူလိုင်လ ၃၁ ရက်နေ့အထိ တာဝန်ယူဆောင်ရွက်ခဲ့သည်။

၁၉၉၅ ခုနှစ်အိုင်ဗရီကို့စ်ရွေးကောက်ပွဲမတိုင်မီတွင် အိုင်ဗရီကို့စ်အမျိုးသားလွှတ်တော်က နိုင်ငံခြားသားမိဘများမှ ဆင်းသက်လာသူများ ရွေးကောက်ပွဲဝင်ပိုင်ခွင့်မရှိဟု စည်းမျဉ်းချမှတ်ခဲ့ရာ အိုတာရာသည် ရီပတ်ဘလေကန်လူပ်ရှားမှု(RDR)ပါတီအား ကိုယ်စားပြုယှဉ်ပြိုင်ရန် စီစဉ်ခဲ့သော်လည်း ရွေးကောက်ပွဲဝင်ခွင့်မရခဲ့ပေ။ ၁၉၉၉ ခုနှစ် ဒီဇင်ဘာလတွင် အိုင်ဗရီကို့စ်နိုင်ငံ၌ စစ်ဘက်အာဏာသိမ်းမှုဖြစ်ပေါ်ခဲ့သည်။ ၂၀၀၀ ပြည့်နှစ် အခြေခံဥပဒေအသစ်တွင်လည်းရွေးကောက်ပွဲဝင်မည့်သူများ၏ မိဘနှစ်ပါးစလုံးသည် အိုင်ဗရီကို့စ်နိုင်ငံသားများဖြစ်ရမည်ဟူသော သတ်မှတ်ချက်ပါရှိပြန်ရာ အိုတာရာမှာသမ္မတရွေးကောက်ပွဲ၌မဝင်ရောက်နိုင်ခဲ့။

အဆိုပါကိစ္စကြောင့်ပင်အိုင်ဗရီကို့စ်နိုင်ငံ၌ ၂၀၀၂ ခုနှစ်တွင် ပြည်တွင်းစစ်ဖြစ်ပွားခဲ့ရသည်။ ၂၀၀၇ ခုနှစ်တွင် သမ္မတဂါဘိုက အိုတာရာအနေဖြင့် သမ္မတရွေးကောက်ပွဲဝင်ပြိုင်နိုင်သည်ဟု ပြောကြားခဲ့သည်။ ၂၀၁၀ သမ္မတရွေးကောက်ပွဲတွင် အိုတာရာ အနိုင်ရသည်ဟု ရွေးကောက်ပွဲကော်မရှင်ကကြေညာခဲ့သော်လည်း မစ္စတာဂါဘိုက ရာထူးမှဆင်းပေးရန်ငြင်းဆန်နေခဲ့သည်။ လိပ်ခဲတည်းလည်း အခြေအနေမှာလနှင့်ချီ၍ကြာမြင့်ခဲ့ပြီးနောက်ဆုံးတွင် ပြင်သစ်အထူးတပ်ဖွဲ့များက သမ္မတဟောင်းဂါဘိုအား ဝင်ရောက်ဖမ်းဆီးနိုင်ခဲ့ပြီးမှသာ မစ္စတာအိုတာရာသည် အိုင်ဗရီကို့စ်နိုင်ငံ၏ သမ္မတဖြစ်လာသည်။

—*Ref: Wikipedia*

## နောက်ကျောဖုံး - လိင်ပိုင်းဆိုင်ရာစွဲချက်များအတွက် အိုင်အမ်အက်ဖ်အကြီးအကဲ ဆေးစစ်ခံမည် မှ



ကွင်းသို့အရောက်တွင် ရဲတပ်ဖွဲ့က ဖမ်းဆီးလိုက်ခြင်းဖြစ်သည်။

မေလ ၁၅ရက်နေ့တွင် မစ္စတာစထရောက်ခန်အားမန်ဟက်တန်ရှိ အရှေ့ဟာလမ်း အထူးယူနစ်စခန်းတွင် အစိုးရဥပဒေအရာရှိများက အထောက်အထားများရယူခဲ့ကြောင်း၊ ရယူသည့်အထောက်အထားများတွင် ၎င်း၏ အရေပြားနှင့်လက်သည်းအောက်အသားစ DNA အထောက်အထားများလည်းပါဝင်ကြောင်း နယူးယောက်တိုင်းမ် သတင်းစာကဖော်ပြသည်။

မစ္စတာစထရောက်ခန်ကမူ ဟိုတယ်ဝန်ထမ်းအမျိုးသမီးအား အကြမ်းဖက်၍ မုဒိမ်းကျင့်ရန်ကြိုးစားခဲ့သည်ဟူသော စွပ်စွဲချက်များကိုငြင်းဆိုထားသည်။ ၎င်း၏အမှုအား နယူးယောက်မြို့တရားရုံး၌ မေလ ၁၅ရက်တွင် ကြားနာရန်စီစဉ်ခဲ့သော်လည်း မှုခင်းဆိုင်ရာ ဆေးစစ်မှုများပြုလုပ်ရန် တရားရုံးကြားနာမှုကို ရွှေ့ဆိုင်းလိုက်ပြီး မေလ ၁၆ ရက်နေ့တွင် အမှုစတင်စစ်ဆေးဖွယ်ရှိသည်။

—*Ref: BBC/NY Times*

## နောက်ကျောဖုံး - အစရေး-ပါလက်စတိုင်း နယ်စပ်တင်းမာမှုများမြင့်တက် မှ

၁၉၄၈ ခုနှစ်တွင် အစ္စရေး နိုင်ငံစတင်ထူထောင်ခဲ့ခြင်းကို နက်ဘာ(သို့မဟုတ်) ကြီးမားသောဘေးဒုက္ခဟု ပါလက်စတိုင်းတို့က သတ်မှတ်ပြီး ယင်းနေ့အထိမ်းအမှတ်အဖြစ် ယခု ချီတက်ပွဲများပေါ်ပေါက်လာခြင်းဖြစ်သည်။ ထိုစဉ်က တိုက်ခိုက်မှုများအတွင်း ပါလက်စတိုင်းလူမျိုး ထောင်ပေါင်းများစွာသည် ၎င်းတို့၏နေအိမ်များမှထွက်ပြေးခြင်း သို့မဟုတ် အတင်းအကျပ်ဖယ်ရှားခြင်းကိုခံခဲ့ရကြောင်း သိရသည်။

သွေးထွက်သံယိုအကြမ်းဖက်မှုများကို တုံ့ပြန်၍ ရုပ်မြင်သံကြားမှ မိန့်ခွန်းပြောကြားရာ၌ အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ညာဟုက တည်ငြိမ်အေးဆေးမှုအလျင်အမြန်ပြန်ရမည်ဟု မျှော်လင့်ကြောင်း၊ သို့သော် ၎င်းတို့၏ နယ်စပ်ဒေသများနှင့် အချုပ်အခြာအာဏာပိုင်ဆိုင်မှုကိုကာကွယ်သွားမည်ဖြစ်ကြောင်းပြောကြားသည်။ ထိုအတောအတွင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းကလည်း တည်ငြိမ်အေးချမ်းမှုအတွက် တိုက်တွန်းထားပြီး ဘက်ပေါင်းစုံမှ အမြင့်မားဆုံးတာဝန်ယူမှုပြသရန် တိုက်တွန်းပြောကြားခဲ့သည်။



—*Ref: UPI/BBC*

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.10, No.9 • MAY 19, 2011



# မတည်ငြိမ်မှုက တိုးပွားလာနေတယ်ထင်တာပဲ

## ဘင်လာဒင်အလွန် ပါကစ္စတန်အကြောင်း ပါဗက်ဇ်မူရှာရက်ဖ်နှင့် အမေးအဖြေ

ကျော်မျိုး

မကြာသေးမီက အယ်လ်ကိုင်ဒါအဖွဲ့ခေါင်းဆောင် အိုစမာ ဘင်လာဒင်ကို ပါကစ္စတန်နိုင်ငံတွင်းမှာ အသေဖမ်းဆီးရမိပြီးနောက် ဘင်လာဒင်တစ်ယောက် ယခုလို ပါကစ္စတန်နိုင်ငံ အတွင်းမှာပဲ ပုန်းအောင်းနေထိုင်နိုင်ခဲ့တာဟာ ပါကစ္စတန် ထောက်လှမ်းရေးရဲ့ ပါဝင်ပတ်သက်မှုမကင်းဘူးလို့ အနောက်တိုင်းအာဏာပိုင်တွေအကြား သံသယပွားခဲ့ရပါတယ်။ ဒါ့အပြင် ဘင်လာဒင်ကို အသေဖမ်းမိခဲ့ပေမယ့်လည်း ပါကစ္စတန်နဲ့ အာဖဂန်နစ္စတန်နိုင်ငံနှစ်နိုင်ငံလုံးက ကမ္ဘာလုံးဆိုင်ရာ အကြမ်းဖက်ဝါဒတိုက်ဖျက်ရေးစစ်ပွဲမှာ ဗဟိုချက်အဖြစ်ဆက်လက်တည်ရှိနေဦးမှာလည်းသေချာပါတယ်။ ဒါကြောင့် အမေရိကန် နယူးစ်ဝိခ်မဂ္ဂဇင်းဟာ လက်ရှိ ပါကစ္စတန်သမ္မတ ဇာဒါရီရဲ့အရင် သမ္မတတာဝန်ထမ်းဆောင်ခဲ့ပြီး အမေရိကန်ရဲ့ နီးကပ်တဲ့မဟာမိတ်တစ်ဦးအဖြစ်လည်း ထင်မှတ်ခံရဖူးသူ ယခင်ပါကစ္စတန်သမ္မတဟောင်း ပါဗက်ဇ်မူရှာရက်ဖ်နဲ့ ဒီကိစ္စတွေကို တွေ့ဆုံမေးမြန်းခဲ့ပါတယ်။ သမ္မတဟောင်း မူရှာရက်ဖ်ကတော့ ပါကစ္စတန်ပြည်တွင်းမှာ မောင်းသူမဲ့ ဒရုန်းလေယာဉ်တွေနဲ့ အမေရိကန်တပ်ဖွဲ့တွေက တိုက်ခိုက်နေတာ၊ ဘင်လာဒင်ကို အမေရိကန်တပ်ဖွဲ့တွေက စီးနင်းဖမ်းဆီးခဲ့တာတွေဟာ နိုင်ငံရဲ့ အချုပ်အခြာအာဏာပိုင်မှုကိုချိုးဖောက်တာပဲလို့ဆိုထားပါတယ်။

**ဘင်လာဒင် သေဆုံးခြင်းနဲ့ပတ်သက်လို့ လူကြီးမင်း ဘာတွေတွေးမိပါသလဲ။**

ဒါဟာ ပါကစ္စတန်နိုင်ငံအတွက်ရော ကမ္ဘာပေါ်က ငြိမ်းချမ်းရေးချစ်မြတ်နိုးတဲ့သူတွေအတွက်ပါ အောင်မြင်မှုပါ။ ဒီကိစ္စကို ပြောမိတော့ စိတ်မကောင်းစရာတစ်ခုလည်းရှိတယ်။ ဒါကတော့ ပါကစ္စတန်နိုင်ငံရဲ့ အချုပ်အခြာအာဏာကို ချိုးဖောက်မှုပါပဲ။ အဲဒါကို ကျွန်တော်ယုံကြည်သလို ပါကစ္စတန်ပြည်သူတွေကလည်း ဒီကိစ္စကို သိပ်ပြီးထိခိုက်ခံစားနေကြပါတယ်။ ပြည်သူတွေက ကျွန်တော်တို့ရဲ့ လေကြောင်းပိုင်နက်ကို ချိုးဖောက်ပျံသန်းပြီး တိုက်ခိုက်နေတဲ့ ဒရုန်းလေယာဉ်တိုက်ခိုက်မှုတွေကိုတောင် သိပ်ပြီး စိတ်ထိခိုက်ဒေါသထွက်နေကြတာပါ။ ဒါကြောင့် ပါကစ္စတန်နိုင်ငံပိုင်နက်ထဲမှာ အမေရိကန်တပ်ဖွဲ့တွေက ဒီလို(ဘင်လာဒင်ကို)တိုက်ခိုက်ခဲ့တာဟာ ကျွန်တော်တို့ရဲ့ အချုပ်အခြာအာဏာပိုင်စိုးမှုကို ချိုးဖောက်တာပါပဲ။

**သူ(ဘင်လာဒင်)ဟာ ပါကစ္စတန်ထဲမှာပဲ ရှိနေခဲ့တာကိုရော လူကြီးမင်း အံ့သြခဲ့မိပါသလား။**

အမှန်ကတော့ (ဘင်လာဒင် ဒီလိုခိုအောင်းနိုင်မယ့်)ဖြစ်နိုင်ခြေကတော့ ရှိခဲ့ပါတယ်။ ဟုတ်ပါတယ်။ ဒါပေမဲ့ အက်ဘော့တာဘက်မှာ သူ ပုန်းခိုနေခဲ့တာဟာ ကျွန်တော့်အတွက် သိပ်အံ့သြရဆုံးပါပဲ။ ဟုတ်ပါတယ်။ ဒါဟာ အလွန်အံ့အားသင့်စရာပါ။ ပြီးတော့ သိပ်စိတ်ပျက်စရာလည်းဖြစ်တယ်။

**သူ(ဘင်လာဒင်)ဟာ မြို့တော်(အစ္စလာမာဘတ်)အနားက စစ်တပ်မြို့လေးမှာ ပုန်းအောင်းနေထိုင်ခဲ့တာပါ။ ဒီကိစ္စကို အမေရိကန်တွေဘက်က ဘယ်လိုအဓိပ္ပာယ်ကောက်ယူသင့်ပါသလဲ။**

မေးခွန်းတွေကိုတော့ မေးထားကြပါတယ်။ ကျွန်တော်လည်း အဲဒီလိုသံသယရှိသူတွေကို တကယ်စာနာမိပါတယ်။ ကျွန်တော်က ပုဂ္ဂိုလ်ရေးအရရော ဒီတပ်မတော်ကို နှစ်ပေါင်းများစွာ သိနားလည်လာတာဆိုတော့ ဒီကိစ္စမှာ သူတို့(ပါကစ္စတန်စစ်ဘက်)မပါဝင်ခဲ့ဘူးဆိုတာကျွန်တော်သိပါတယ်။ ဒါပေမဲ့ ဒီကိစ္စက သူတို့အပိုင်းမှာ ပေါ့ဆမှုပါ။ အဲဒါကို စုံစမ်းဖို့လည်း လိုအပ်တယ်။ သူတို့မသိခဲ့ဘူးဆိုတာ ဘယ်လိုဖြစ်နိုင်ပါသလဲ။

**အစွန်းရောက်ဝါဒီတွေနဲ့ စစ်တပ်ရဲ့ အစိတ်အပိုင်းအချို့အကြားမှာ ပူးပေါင်းကြံစည်မှုတွေရှိခဲ့တယ်လို့ စွပ်စွဲကြတာတွေလည်း လူကြီးမင်းရဲ့မျက်မှောက်မှာရှိနေတယ်နော်။**

ပက်ရှ်ထန်တွေနဲ့ တာလီဘန်အဖွဲ့တွေက အကုန်လုံး တစ်ပုံစံတည်းလိုလိုပါ။ သူတို့အားလုံး မုတ်ဆိတ်ထားကြတယ်။ လက်နက်တွေကိုင်ကြတယ်။ ဒီတော့ ဘယ်သူက တာလီဘန်၊ ဘယ်သူက ပက်ရှ်ထန်ဆိုတာ သိနိုင်တော့မှာလဲ။ ဒါကြောင့် ဒီလိုလူမျိုးစုခေါင်းဆောင်အချို့နဲ့ မဟာမိတ်ဖွဲ့ပြီးနေတဲ့ တာလီဘန်တွေရဲ့ နည်းဗျူဟာကြောင့် ကျွန်တော်ဟာ အချင်းချင်း သစ္စာဖောက်နေတဲ့သူဆိုပြီး အနောက်အုပ်စုထဲမှာ အထင်မှားခံရတာတွေဖြစ်လာတယ်။ အခုတော့ ကျွန်တော် ဆန့်ကျင်ခဲ့တဲ့လူတွေဟာ ကျွန်တော့်ကို တိုက်ခိုက်ခဲ့တဲ့သူတွေ၊ ကျွန်တော့်ကို သတ်ချင်နေခဲ့တဲ့သူတွေ ဖြစ်လာချိန်မှာ ကျွန်တော်က ဘယ်လိုအချင်းချင်း သစ္စာဖောက်ရမှာလဲ။ ပြီးတော့ သူတို့(တာလီဘန်နှင့် လူမျိုးစုသူပုန်များ)က စစ်သားထောင်ပေါင်းများစွာကို သတ်ဖြတ်ခဲ့ကြတယ်။

**လူကြီးမင်း ရာထူးကထွက်ချိန်ကစပြီး အမေရိကန်-ပါကစ္စတန် ဆက်ဆံရေးဟာ ယိမ်းယိုင်ခဲ့ပါပြီလား။**

အရင်ကတော့ (အမေရိကန်နဲ့ ပါကစ္စတန်) တပ်မတော်နှစ်ခုကြားမှာ၊ စစ်သေနာပတိတွေကြားမှာ၊ ထောက်လှမ်းရေးအဖွဲ့အစည်းတွေကြားမှာ၊ အစိုးရအဆင့်မှာ၊ ကျွန်တော်နဲ့ သမ္မတဘုရှ်ကြားမှာ၊ အောက်ခြေဆိုရင် ဝန်ကြီးတွေကြားမှာ အပြန်အလှန်ယုံကြည်မှုတွေ၊ စိတ်ချရမှုတွေ ရှိခဲ့ပါတယ်။ အခုတော့ အဲဒီလိုအခြေအနေမျိုး ရှိမယ်လို့ ကျွန်တော်မထင်ဘူး။

**ဒါဆို လက်ရှိမှာ ဘာက အန္တရာယ်ကြီးနေပါသလဲ။**

ဒီဒေသကြီးကို တည်ငြိမ်အောင် မလုပ်ဘူးဆိုရင် ကျွန်တော်တို့ဟာ အကြမ်းဖက်ဝါဒနဲ့ အစွန်းရောက်ဝါဒတွေတိုးပွားလာတာကို ဖိတ်ခေါ်မိသလိုဖြစ်မယ်။

**ပါကစ္စတန်ဟာ တည်ငြိမ်နေပါပြီလား။**

ကျွန်တော်ကတော့ မတည်ငြိမ်မှုက တိုးပွားလာနေတယ်ထင်တာပဲ။

**လူကြီးမင်းဟာ နိုင်ငံရေးလောကထဲ ပြန်ဝင်ဖို့စီစဉ်ထားတယ်နော်။ ဘယ်အချိန်လောက် ဖြစ်မလဲ။**

လာမယ့်ရွေးကောက်ပွဲတွေမတိုင်ခင် ပါကစ္စတန်ကို ကျွန်တော်ပြန်မှာပါ။

*—Ref: Pervez Musharraf, Newsweek*



## အမေရိကန်စစ်ဆင်ရေးများအတွက် သဘောတူခဲ့သည်ဆိုခြင်းကို မူရှာရက်ဖ်ငြင်းဆို

**အစ္စလာမာဘတ်၊ မေ - ၁၁**

အယ်လ်ကိုင်ဒါခေါင်းဆောင်ပိုင်းအား ပါကစ္စတန်နိုင်ငံတွင် တွေ့ရှိပါက အမေရိကန်နိုင်ငံတစ်ဦးတည်းသဘောဖြင့် စစ်ရေးအရအရေးယူရန် အမေရိကန်သမ္မတဟောင်း ဂျော့ချ်ဒဗလျူဘုရှ်နှင့် ပါကစ္စတန်သမ္မတဟောင်း မူရှာရက်ဖ်တို့ လွန်ခဲ့သောဆယ်နှစ်က သဘောတူညီမှုယူထားခဲ့သည်ဟု ဗြိတိသျှသတင်းစာတစ်စောင်က မေလ ၉ ရက်နေ့တွင် ဖော်ပြခဲ့သည်။

ယင်းသို့တိုက်ခိုက်ခဲ့ပါက ပါကစ္စတန်နိုင်ငံက လူသိရှင်ကြားကန့်ကွက်မည်ဖြစ်သော်လည်း တိုက်ခိုက်မှုကို တားဆီးလိမ့်မည်မဟုတ်ဟု သဘောတူခဲ့ကြောင်း ဂါးဒီးယန်းသတင်းစာက ဖော်ပြခဲ့သည်။

သို့သော် ယင်းကိစ္စကို ပါကစ္စတန်သမ္မတဟောင်း မူရှာရက်ဖ်က လုံးလုံးလျားလျားငြင်းဆိုခဲ့ပြီး ၎င်းအနေဖြင့်စာရေးသားသဘောတူခြင်းသာမက စကားပြောဖြင့် သဘောတူညီမှုပင်မရှိကြောင်း ပါကစ္စတန် ARY News တယ်လီဗေးရှင်းနှင့်ပြုလုပ်သည့် တယ်လီဖုန်းအင်တာဗျူးတွင် မူရှာရက်ဖ်က ငြင်းဆိုခဲ့သည်။

အမေရိကန်၏ စစ်ဆင်ရေးကြောင့် ပါကစ္စတန်နိုင်ငံမှာ အကြီးအကျယ် စိတ်အနှောင့်အယှက်ဖြစ်ခဲ့ရကြောင်း သိရသည်။ နာမည်ကျော် စစ်ဘက်လေ့ကျင့်ရေးသင်တန်းကျောင်းကြီးအနီးရှိ အက်ဘော့တာဘက်မြို့တွင် အယ်လ်ကိုင်ဒါခေါင်းဆောင် နေထိုင်နေသည်ဆိုခြင်းကိုလည်း မသိရှိကြောင်းပါကစ္စတန်အာဏာပိုင်များက အခိုင်အမာပြောကြားသည်။

*—Ref: AP*

Entertainment

7DAY NEWS JOURNAL

Vol.10, No.9 · MAY 19, 2011

# အချစ်ကိုအယုံအကြည်မရှိတော့ဟု ပြောကြားလာတဲ့ မယ်လိုဒီ

**အေးသူစံ**

**ရန်ကုန်၊ မေ – ၁၄**

ဗီဒီယိုဇာတ်ကားများ ဆက်တိုက်ရိုက်ကူးဖြစ်နေပြီး ရုံတင်ပြသရန် ရုပ်ရှင်ဇာတ်ကား ခြောက်ကားရိုက်ကူးထားသည်ဟုဆိုသည့်မယ်လိုဒီသည် ယခင်နှစ် ကုန်ပိုင်းက သူမ၏နှလုံးသားရေးရာသတင်းများမှာစာမျက်နှာများထက်နေရာယူခဲ့သော်လည်း ယခုအချိန်တွင် အချစ်နှင့်ပတ်သက်ပြီး သူမအနေဖြင့် အယုံအကြည်မရှိဟုသာပြောလိုကြောင်း 7Day News သို့ပြောသည်။

“အချစ်နဲ့ပတ်သက်ပြီး သိပ်ပြောစရာမရှိပါဘူး။ အချစ်ဆိုတာ ကြီးကြီးငယ်ငယ် မလွတ်ကင်းကြပါဘူး။ သေချာတာတစ်ခုကတော့ ဘဝမှာ လက်ထပ်သင့်တဲ့သူရှိတယ်။ လက်ထပ်ချင်တဲ့သူရှိတယ်။ လူတွေအကုန်လုံး ဘဝမှာ လက်ထပ်သင့်တဲ့လူနဲ့ ကိုယ်ချစ်တဲ့သူ တစ်ထပ်တည်းကျပါစေလို့။ ဒါပေမဲ့ လူဆိုတာ ကိုယ်အစစ်ပေးတိုင်း ပြန်ရချင်မှရတတ်တာကိုး။ ငါဘာရပြီးပြီးလဲဆိုတာထက် သူ့ကိုငါ ဘာပေးပြီးပြီလဲကို ပြန်တွေးနိုင်ရင်တော့ အကောင်းဆုံးပါပဲ။ သည်းခံခြင်းကိုလည်း စိတ်ထဲမှာ နှလုံးသွင်းထားနိုင်တယ်ဆိုရင် သူကိုယ့်ကို ဘယ်လောက်ပဲလိမ်နေပါစေ။ ဘယ်လောက်ပဲစော်ကားနေပါစေ၊ကိုယ့်အတွက် သူသည် နားမလည်သေးပါလားလို့ပဲ လက်ခံထားပါတယ်။

ရိုးရိုးသားသားလေးပဲပြောရရင် အချစ်ကိုအယုံအကြည်မရှိပါဘူး။ ဘယ်အချစ်ကိုမှ အယုံအကြည်မရှိတာပါ” ဟု မယ်လိုဒီကသူမ၏ အချစ်သဘောထားကို ပွင့်ပွင့်လင်းလင်းပြောပြခဲ့သည်။

သူမ၏တစ်ကိုယ်တော်ခွေကိုPlus Three တီးဝိုင်းနှင့် စီစဉ်နေပြီး ကိုယ်တိုင် ပရိုဂျူဆာအဖြစ်ထုတ်လုပ်ခဲ့သည့် ‘အချစ်ဆုံးသို့’ အတွဲခွေဗီစီဒီကိုတစ်ကိုယ်တော်ခွေထွက်သည့်အချိန်တွင်ပရိသတ်သို့အခမဲ့ပေးသွားမည်ဖြစ်သည်။



ဓာတ်ပုံ – ဂျေမောင်မောင် (အမရပူရ)

ဂီတလှုပ်ရှားမှုနှင့်ပတ်သက်ပြီး မယ်လိုဒီက. .

“နောက်ထပ် ဂျေမီတို့၊ အားတီတို့နဲ့လုပ်ထားတဲ့ခွေကတော့ အားလုံးဆိုပြီးသွားပါပြီ။ မျိုးဆိုဖို့ပဲကျန်တော့တယ်။ အခု အဆိုတော်ကောင်မလေးတစ်ယောက်ကိုအရမ်းကြိုက်လို့ထပ်ထည့်ထားတာရှိတယ်။ မိစန္ဒီတဲ့။ တစ်ကိုယ်တော်ခွေနဲ့ အတွဲခွေနှစ်ခွေကိုလုပ်ပြီးရင်တော့ လက်ရှိမှာ သီချင်းဘက်ကို ပရိုဂျူဆာဆက်လုပ်ဖို့အစီအစဉ်မရှိတော့ပါဘူး”ဟုပြောပြသွားသည်။

ရိုက်ကူးထားသည့် ရုပ်ရှင်ကား ခြောက်ကားတွင် ဒရာမာ ဇာတ်ကားသုံးကား ပါဝင်ပြီး အကယ်ဒမီကိုတော့ မမှန်းရဲပါကြောင်း၊ သရုပ်ဆောင်သိပ်မကောင်းသလို သီချင်းဆိုလည်း သိပ်အကောင်းကြီးမဟုတ်သော်လည်း ကံကံ၏ အကျိုးကြောင့် ယခုလိုရပ်တည်ခွင့်ရကာ ပရိသတ်အားပေးမှုကြောင့် ဆက်လက် ကြိုးစားလုပ်ကိုင်သွားမည်ဖြစ်ကြောင်း ပြောသည်။

■

## ထက်ထက် (Bobby Soxer)ပြောတဲ့
# အနုပညာရှင်နဲ့ဖက်ရှင်တီထွင်မှု

C talk

ချမ်းခိုက်ခိုက်

**လက်ချိုးရေတွက်လို့ရတဲ့မြန်မာပြည်က မိန်းကလေးဟာစ်ဟော့ပ်အဆိုတော်ထဲမှာ ရက်ပ်တွေရွတ်တာမြန်လွန်းလို့ Twister တစ်ဦးအဖြစ်သတ်မှတ်ခံထားရတဲ့ကြယ်တစ်ပွင့်ကထက်ထက်လို့ခေါ်တဲ့ (Bobby Soxer) ဖြစ်ပါတယ်။ ၂၀၀၆ ကတည်းက သီချင်းတွေစဆိုနေပေမယ့် ရဲလေးရဲ့ “နှုတ်မဆက်ချင်ဘူး” သီချင်းမှာ စတင်သတိပြုမှုရရှိခဲ့တဲ့ ထက်ထက်က “အနုပညာရှင်နဲ့ဖက်ရှင်တီထွင်မှု” ဆိုတဲ့အကြောင်းကို ပြောပြခဲ့ပါတယ်။**



ဓာတ်ပုံ – ဂျေမောင်မောင် (အမရပူရ)

ဖက်ရှင်ဆိုတာ အနုပညာသမားအတွက်မှမဟုတ်ပါဘူး။ မိန်းကလေးအတွက်ပဲဖြစ်ဖြစ်၊ ယောကျ်ားလေးအတွက်ပဲဖြစ်ဖြစ် ကိုယ့်ရဲ့နေ့စဉ်လည်ပတ်နေရတဲ့ ဘဝမှာ ဖက်ရှင်ကျကျလေးနဲ့သာဖြစ်နေမယ်ဆိုရင် ကိုယ့်ကိုယ်ကိုယ်လည်း ယုံကြည်မှုလည်းပိုရှိမယ်။ သက်သောင့်သက်သာလည်း ရှိမယ်။ ဒါ့ပြင် ထက်တို့လို အနုပညာရှင်အတွက် ဖက်ရှင်က ပိုပြီးလိုအပ်တယ်လို့ထင်တဲ့အတွက် ဒီအနုပညာရှင်နဲ့ဖက်ရှင်ဆိုတဲ့ အကြောင်းအရာလေးကို ထက်က ပြောပြချင်တာပါ။

ထက်တို့လို မိန်းကလေးတွေအတွက် ဖက်ရှင်က ၅၀ ရာခိုင်နှုန်းလောက်အထိ ပံ့ပိုးပေးစေတယ်လို့ထင်တယ်။ အနုပညာရှင်တစ်ယောက်အတွက် ဆိုရင်တော့ ၆၀ ရာခိုင်နှုန်းလောက် အရေးပါတယ်လို့ထင်တယ်။ မြန်မာနိုင်ငံမှာဆိုရင်အထူးသဖြင့် နယ်ဘက်တွေမှာပရိသတ်တွေက အနုပညာရှင်ရဲ့ဖန်တီးမှုကိုလည်းကြည့်ချင်တယ်။ ဒါကြောင့် ဖက်ရှင်ဆိုတာက အနုပညာရှင်တွေအတွက် အရေးကြီးတဲ့တစ်စိတ်တစ်ဒေသမှာနေရာယူနေတယ်လို့ထင်မိတယ်။

အနုပညာရှင်ဖြစ်ပြီးမှ ဖက်ရှင်အပေါ် အမြင်နဲ့ မဖြစ်ခင်က အမြင်က တော်တော်ကွာသွားတယ်။ သီချင်းဆိုတာကြာပေမယ့်ပရိသတ်နဲ့ထိတွေ့လာရပြီ ဆိုတဲ့အခါ ပရိသတ်က ကိုယ့်ကို ကြည့်ချင်မြင်ချင်လာတယ်။ ဒါကို ကိုယ်ကပြီးစလွယ်ကြီးဝတ်ပြီး စင်ပေါ် တက်လာတယ်။ တီဗီဖန်သားပြင်ပေါ်မှာ ပေါ်လာတယ်ဆိုတာမျိုးတွေ မဖြစ်ချင်ဘူး။ အဓိကက အင်ပရက်ရှင်လေး တစ်ခုကို ထိန်းတဲ့ပုံလေးဖြစ်အောင်၊ ကိုယ့်ကိုကြည့်ပြီးစိတ်ချမ်းသာအောင် ဖက်ရှင်ကိုအရမ်းစဉ်းစားပေးရတယ်။ ဒါပေမဲ့ ကိုယ့်သီချင်းပိုင်းကိုလည်းအရမ်းဂရုစိုက်ရတယ်။ ပွဲတစ်ပွဲမှာသီချင်းအကြောင်းကိုအရင်စဉ်းစားပြီးမှ ဒီပွဲမှာအချစ်သီချင်းတွေပဲဆိုမယ်ဆိုရင် ဖက်ရှင်ကို ချစ်စရာကောင်းတဲ့၊ ဖန်စီကျတဲ့ပုံလေးတွေ၊ ဟာစ်ဟော့ပ် Image နဲ့လည်းလိုက်အောင်အရောင်စုံစုံလေးတွေဝတ်မယ်။

စာ(၄၉)သို့

# ဇာတ်ကားသစ်နဲ့ ပရိသတ်ရှေ့ ပြန်ရောက်လာတဲ့ ကျန်ဇီယီ



**ဘေဂျင်း၊ မေ – ၁၀**

တရုတ်နာမည်ကြီး ရုပ်ရှင်မင်းသမီးကျန်ဇီယီသည် ဒါရိုက်တာ ဂူချန်ဝေ၏ နောက်ဆုံးထွက် ရုပ်ရှင် Love for Life တွင် မင်းသားအာရွှန်ကွက်၊ ကျန်းဝင်လီတို့နှင့် တွဲဖက်ပါဝင်ထားရာ ယင်းရုပ်ရှင်ကားအထူးပွဲကို မကြာသေးမီက ရှန်ဟိုင်းတွင် ပြသခဲ့ကြောင်းသိရသည်။

ဇာတ်ကား၏ အဓိက ဇာတ်ဆောင်အဖြစ် ပါဝင်ထားသော မင်းသမီးကျန်ဇီယီက သူမသည် ယခုရုပ်ရှင်ကားသစ်တွင် စိတ်ရောကိုယ်ပါ နှစ်မြှုပ်၍ အထူးကြိုးစားသရုပ်ဆောင်ထားကြောင်း ဆိုသည်။ မင်းသမီးကျန်းသည် ၎င်းရုပ်ရှင်ကားတွင် အိတ်ချ်အိုင်ဗီ ကူးစက်ခံရသော ကျေးရွာသူတစ်ဦးအဖြစ် သရုပ်ဆောင်ထားပြီး “ဒီကားမှာပါတဲ့ ကျွန်မရဲ့ အခန်းကဏ္ဍကို လေးလေးနက်နက် သရုပ်ဆောင်ခဲ့ပါတယ်။ ဒီကားကို ရိုက်လိုက်ရတဲ့အတွက် တစ်နှစ်လောက် အေးအေးဆေးဆေး အနားယူရမှာပါ” ဟုပြောသည်။

ကျန်ဇီယီ၏ နောက်ဆုံးထွက် ၎င်းရုပ်ရှင်ကားကို တရုတ်ရုပ်ရှင်ရုံများတွင် မေလ ၁၀ ရက်မှစ၍ ရုံတင်ပြသလျက်ရှိသည်။ —Ref: Xinhua

ရိုဗိုက်တယ်ချစ်သူများ လောကီလောကုတ္တရာ နှစ်ဖြာသော အကျိုးကျေးဇူးများ ရရှိခံစားနိုင်ရန်
ရည်သန်လျက် REVITAL ရဲ့ ကောင်းမြတ်တဲ့စေတနာ
ရိုဗိုက်တယ်ဆေးကာဒ်အခွံ (၃) ကာဒ်နှင့် အမည်၊ မှတ်ပုံတင်၊ ဖုန်း၊ နေရပ်လိပ်စာရေးသား၍ စာတိုက်သေတ္တာအမှတ် (၈၀၁) သို့ ပေးပို့ ကံစမ်းနိုင်ပါသည်။

7 DAY NEWS JOURNAL
9 · MAY 19, 2011

# စေတနာ့ဝန်ထမ်းများဖိတ်ခေါ်နေသည့် ရဲတိုက်ဖောင်ဒေးရှင်း


ဓာတ်ပုံ - လမင်းနိုင်


**ရန်ကုန်၊ မေ - ၁၂**

ရဲတိုက်ဖောင်ဒေးရှင်း၏လုပ်ငန်းစဉ်များထဲမှတစ်ခုဖြစ်သော သဘာဝဘေးအန္တရာယ်ကျရောက်လျှင် အရေးပေါ်ကယ်ဆယ်ရေး လုပ်ငန်းများ လျင်မြန်စွာ လုပ်ကိုင်နိုင်ရန် ဖောင်ဒေးရှင်းနှင့်လက်တွဲလုပ်ဆောင်နိုင်မည့်စေတနာ့ဝန်ထမ်းများကိုဖိတ်ခေါ် လျက်ရှိကြောင်း ဖောင်ဒေးရှင်းအဖွဲ့ဝင်တစ်ဦးကပြောသည်။

သဘာဝဘေးအန္တရာယ် တစ်စုံတစ်ရာကျရောက်ခဲ့ပါက ဖြစ်ပွားသည့်နေရာကို ချက်ချင်းသွားရောက်ကာ အကူအညီများပေးနိုင်ရန်အတွက် သဘာဝဘေးကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ကြိုတင်သင်တန်းပေးထားမည်ဖြစ်ပြီး ဖောင်ဒေးရှင်းနှင့်လက်တွဲဆောင်ရွက်လိုသော စေတနာ့ဝန်ထမ်းများကိုဖိတ်ခေါ် လျက်ရှိသည်။

'အခိုကကတော့သဘာဝဘေးအန္တရာယ်ကျရောက်ရင် စိတ်အားထက်သန်စွာနဲ့ကူညီကယ်ဆယ်ရေးတွေလုပ်လိုတဲ့ မည်သူကိုမဆို စေတနာ့ဝန်ထမ်းအဖြစ်ကြိုဆိုပါတယ်။ ယောကျာ်းလေးဖြစ်ရမယ်။ မိန်းကလေးဖြစ်ရမယ်လို့ သတ်မှတ်ထားတာမရှိပါဘူး'ဟုရဲတိုက်ဖောင်ဒေးရှင်းမှ ဒါရိုက်တာရီဇော်က ပြောသည်။ ဖောင်ဒေးရှင်းမှစေတနာ့ဝန်ထမ်းများကို သဘာဝဘေးကူညီ ကယ်ဆယ်ရေးအတွေ့အကြုံရှိသူများနှင့် ပညာရှင်များက သင်တန်း များပို့ချပေးသွားရန် ရှိကြောင်းလည်းသိရသည်။ ရဲတိုက်ဖောင်ဒေးရှင်းတွင်စေတနာ့ဝန်ထမ်းအဖြစ် ပါဝင်လိုပါက ဖုန်းနံပတ်-၃၈၀၉၀၄သို့ဆက်သွယ်၍လည်းကောင်း၊ အမှတ် ၂၅၁/၂၊ ပထမထပ်၊ ၃၅လမ်းအပေါ် ဘလောက် ကျောက်တံတားမြို့နယ်သို့ နာမည်နှင့်ဆက်သွယ်ရမည့်လိပ်စာများပေးကာ ဆက်သွယ်နိုင်ကြောင်း သိရသည်။



## လေဒီဂါဂါက အွန်လိုင်းတွင် သူမအမည်ဖြင့် ဂိမ်းတစ်ခုဖန်တီး

**ဆန်ဖရန်စစ္စကို၊ မေ - ၁၁**

နာမည်ကျော်ပေ့ါပ်အဆိုတော်လေဒီဂါဂါသည်ဖေ့စ်ဘွတ်ခ်လူမှုကွန်ရက် ဝက်ဘ်ဆိုက်တွင် နာမည်ကြီးဂိမ်းတစ်ခုဖြစ်သော Farmville ၌ Gagaville အမည်ဖြင့် ဂိမ်းတစ်ခုကို ဂိမ်းကုမ္ပဏီ Zyngaဖြင့် ပူးပေါင်းဖန်တီးခဲ့ကြောင်းသိရသည်။ သူမ၏အမည်ဖြင့် ဂိမ်းကို ဖန်တီးရခြင်းနှင့်ပတ်သက်၍ လေဒီဂါဂါက "Zyngaဟာ Farmville ဂိမ်းထဲမှာ ကျွန်မရဲ့ပရိသတ်တွေ ပျော်ရွှင်စွာကစားနိုင်အောင် Gagaville ကိုဖန်တီးပေးထားပြီး ကျွန်မရဲ့ အယ်လ်ဘမ် သစ် Born This Way ကိုလည်း နားဆင်နိုင်အောင်ဖန်တီးပေးထားပါတယ်"ဟုပြောသည်။ အွန်လိုင်း အသုံးပြုသူများသည် Gagaville တွင် မေလ ၂၆ရက်အထိ လေဒီဂါဂါ၏ အယ်လ်ဘမ်သစ်ကို အခမဲ့ ဒေါင်းလော့ဒ်ရယူနိုင်မည်ဖြစ်ပြီး ဂိမ်းကစားရန်အတွက်မူ ၂၅ဒေါ်လာတန် Zynga ကတ်ကိုဝယ်ယူရမည်ဖြစ်သည်။ Zynga ကုမ္ပဏီသည် ဂိမ်းထဲတွင် လေဒီဂါဂါနှင့် ဆက်နွယ်သော ဖျော်ဖြေပွဲလက်မှတ်များ၊ အခြားကုန်ပစ္စည်းများကိုလည်း ရရှိနိုင်မည့်ပြိုင်ပွဲများစီစဉ်ထားသည်။

—Ref: AFP



## စာ – ၄၇၊ ထက်ထက် (Bobby Soxer)နှင့်အင်တာဗျူး မှ

ဒါမှမဟုတ်အရမ်းကြမ်းတဲ့ ဟစ်ဟော့ပ်ရဲ့ Hard Core တွေဆိုမယ်ဆိုရင် ဂျင်းလေးတွေဝတ်မယ်။ အဲဒီလိုမျိုးသီချင်းရဲ့ Image ၊ ပွဲရဲ့ Image နဲ့လိုက်အောင် ဖက်ရှင်ကို အရင်စဉ်းစားတယ်။

လူကြီးတွေရဲ့အမြင်မှာ ကိုယ့်ရဲ့ဝတ်စားဆင်ယင်မှုကြောင့်ကိုယ့်ရဲ့ဂီတ၊ ကိုယ့်ရဲ့ Image ထိခိုက်တာမျိုး အဖြစ်မခံနိုင်တဲ့အတွက် ဖက်ရှင်နဲ့ပတ်သက်ရင် အမြဲတမ်း လုံလုံခြုံခြုံနဲ့ မိုက်မယ့် ကိုယ့်ဖန်တီးမှုလေးတစ်ခု၊ ကိုယ့်ပုံစံလေးတစ်ခုဖြစ်အောင် အမြဲ စဉ်းစားပြီးဝတ်တယ်။

ဓာတ်ပုံတွေရိုက်တဲ့အခါ ဝတ်ထားတဲ့ဖက်ရှင်ကြောင့် ကိုယ့်စိတ်ကို မသက်မသာဖြစ်စေတာမျိုး ခံစားဖူးတယ်။ ရှိုးဆိုရင်တော့ သီချင်းပေါ် မှာထားတဲ့ထက်ရဲ့ မုဒ် ပျောက်သွားမှာစိုးလို့ သက်သောင့်သက်သာဖြစ်စေမယ့်ဖက်ရှင်ပဲဝတ်တယ်။ ဓာတ်ပုံရိုက်တာကျတော့ ကိုယ်က အနုပညာရှင်ဖြစ်တဲ့အတွက် ပရိသတ်က ကိုယ့်ကိုအမြင်မရိုးအောင် ဝတ်ပြရတာမျိုးရှိတော့ ကိုယ်ဝတ်နေကျမဟုတ် တဲ့ဖက်ရှင်မျိုးဆိုရင်တော့ ကသိကအောက်ဖြစ်မိတယ်။ ဒါပေမဲ့ အဆင်ပြေအောင်တော့ ကြိုးစားဝတ်ရတာပါပဲ။

ကိုယ်ရွေးချယ်ထားတဲ့ဂီတက မိန်းကလေးတစ်ယောက် အတွက် ဖက်ရှင်အဆန်းထွင်ဖို့ သိပ်မလွယ်လို့ ခေါင်းစားရတာမျိုးရှိတယ်။ ထက်ဝတ်နေကျ Hoody ဆိုတာ ဒီဇိုင်းသာကွာသွားတယ်။ ပုံစံတွေကတော့ အတူတူပဲဆိုတော့ ပြည်ပက Female MC တွေ၊ ရက်ပ်ပါမလေးတွေကိုကြည့်ရတယ်။ သူတို့ရဲ့ ဖက်ရှင်က အရမ်းကိုဆန်းသစ်လွန်းတယ်။ သူတို့ဝတ်သလိုပွပွဖားဖားကြီးတွေဝတ်ဖို့ထက်က လူကောင်သေးတဲ့အတွက် အဆင်မပြေဘူး။ ဒီတော့ သူတို့ဆီက ကောင်းတာလေးတွေကို ဖြတ်ညှပ်ကပ်ယူရတယ်။ ရှာဝယ်ရတယ်။

ဝတ်စားဆင်ယင်မှုပေါ် လိုက်ပြီးတော့ ကိုယ်က ဒီဂီတသမားမစစ်ပါဘူးလို့ပြောခံရမှာစိုးရိမ်မိတယ်။ ထက်လည်းအရင်က အကျီပွ၊ ဘောင်းဘီပွကြီးတွေဝတ်ဖူးပါတယ်။ ဟစ်ဟော့ပ်ကိုရှူးသွပ်နေတဲ့အချိန်မှာဆိုတော့ ကိုယ့်ရဲ့ရှူးသွပ်မှုကို ပတ်ဝန်းကျင်ကို အရမ်းကိုပြချင်ခဲ့တာ။ ဒါပေမဲ့နွေခေါင်ခေါင်ကြီးမှာ Hoody ပုံစံကြီးတွေဝတ်ပြီးသွားတာတော့လူတွေအမြင်မှာမကောင်းဘူးလေ။ ထက်လည်းနောက်ပိုင်းကျတော့ ရှောင်လိုက်တယ်။ အဓိကက ကိုယ်လုပ်တဲ့ဂီတက အရည်အသွေးမီရမယ်၊ အမိုက်စားလေးဖြစ်ရမယ်၊ ပရိသတ်လက်ခံရမယ်။ သီချင်းဆိုတဲ့လူတစ်ယောက်အနေနဲ့ သီချင်းကိုပဲအဓိကထားတယ်။ ဖက်ရှင်ကလိုအပ်တဲ့အတွက်လုပ်တယ်။ ကိုယ့်ကြောင့်တော့ ကိုယ့်ဂီတကို အပြောခံရအောင်တော့ မလုပ်ပါဘူး။ ဒါဆင်ခြင်ရမယ့်အပိုင်းလေးတွေပါ။ ဒီမှာကိုရီးယားဖက်ရှင်က အရမ်းလွှမ်းမိုးပါတယ်။ ထက်ရဲ့ပါဆင်နယ်အမြင်ဆိုရင်အရမ်းကြီး ရှုပ်ရှုပ်ယှက်ယှက်ဝတ်တာမကြိုက်ဘူး။ သူများအာရုံစိုက်မခံရရင်နေပါစေ။ ကိုယ့်ဟာကိုယ်လိုက်ဖက်နေရင်ရပြီ။ ကိုရီးယား ကောင်မလေးတွေ 2Ne1 တို့ဆိုဝတ်ထားတာလေးတွေက အရမ်းချစ်စရာကောင်းတယ်။ ဒါပေမဲ့ ထက်နဲ့ကျတော့ မလိုက်ဘူး။

ဖက်ရှင်ဆိုတာ လူတိုင်းအတွက်အရေးကြီးတဲ့အစိတ်အပိုင်းတစ်ခုက ပါဝင်နေမယ်လို့ထင်ပါတယ်။ ကိုယ့်ရဲ့နေ့စဉ်သွားလာလှုပ်ရှားနေရတဲ့ဘဝလေးမှာ ဖက်ရှင်ကျအောင်ဝတ်ပြီးတော့ သက်သောင့်သက်သာလေးနဲ့ ကိုယ့်အလုပ်ကို လွယ်လင့်တကူလုပ်နိုင်မယ်။ ယုံကြည်မှုလည်း ပိုရှိမယ်။ ကိုယ့်ရဲ့ဖက်ရှင်ကြောင့် လူပြောခံရမယ့်အဖြစ်မျိုးကိုလည်း ရှောင်စေချင်တယ်။ ဈေးကြီးတဲ့ အဝတ်အစားမှ၊ နောက်ဆုံးပေါ် မှမဟုတ်ပါဘူး။ ကိုယ်နဲ့ လိုက်ဖက်မယ်ထင်ရင် အဆင်ပြေပြေနဲ့ ပြီး ပြည့်စုံစွာ ဖက်ရှင်ကျတဲ့သူလို့ ထင်ပါတယ်။

## ကိုရီးယားပေါ့ပ်အဆိုတော် An Jin Kyoung ရန်ကုန်နှင့် မန္တလေးသို့ လာရောက်ဖျော်ဖြေမည်

**အေးသူစံ**

**ရန်ကုန်၊ မေ – ၁၁**

ကိုးရီးယားပေါ့ပ်အဆိုတော်တစ်ဦးဖြစ်ပြီး Baby Vox အဖွဲ့၏ အဖွဲ့ဝင်ဟောင်းတစ်ဦး ဖြစ်သူ An Jin Kyoung သည် မြန်မာနိုင်ငံသို့မေလ ၂၇ရက်တွင်ရောက်ရှိမည်ဖြစ်ပြီး ရန်ကုန်နှင့် မန္တလေး နှစ်နေရာတွင် မြန်မာအနုပညာရှင်အဆိုတော်များနှင့် တွဲဖက်၍ ဖျော်ဖြေမည်ဟု သိရသည်။

အဆိုတော် An Jin Kyoung သည်Baby Vox အဖွဲ့တွင် ၁၉၉၇ ခုနှစ်မှ ၁၉၉၈ ခုနှစ်အတွင်း အဓိကအဆိုရှင်(Main Vocal) အဖြစ်လုပ်ကိုင်ခဲ့သူဖြစ်ပြီး ၎င်းတို့ကို တာဝန်ယူထားသော ကုမ္ပဏီနှင့် အဆင်မပြေဖြစ်ရာမှ အဖွဲ့မှထွက်ခွာခဲ့သူဖြစ်သည်။ အဆိုပါ Baby Vox အဖွဲ့တွင်မြန်မာပရိသတ်များနှင့် ရင်းနှီးပြီးဖြစ်သည့် 'ရွှေမင်းသားလေးရဲ့ချစ်ပုံပြင်' ဇာတ်လမ်းတွဲထဲမှ ရွှေမင်းသမီးလေးဟုလူသိများသော 'ယွန်အန်ဟေး' လည်းပါဝင်သည့်အဆိုတော်အဖွဲ့တစ်ဖွဲ့ဖြစ်သည်။ ယခုမြန်မာနိုင်ငံသို့ လာရောက်ရခြင်းမှာ Brand Ambassador (အမှတ်တံဆိပ်သံတမန်) အဖြစ် သူမတာဝန်ယူထားသော ကိုရီးယားနိုင်ငံထုတ်



Mizon အလှကုန်၏ ပရိုမိုးရှင်းပွဲတွင် ဖျော်ဖြေရန် လာရောက်ခြင်းဖြစ်သည်။

ရန်ကုန်မြို့တွင် မေလ ၂၉ ရက်နေ့ညနေ ၄ နာရီမှ ၇ နာရီအထိ ဂျန်းရှင်းစင်တာ မော်တင်၌ An Jin Kyoung နှင့်အတူ မြန်မာလူငယ်အဆိုတော် ဘန်နီဖြိုး၊ Ar-T ၊ ယူရေနီယမ်အကအဖွဲ့နှင့်အတူ ဖျော်ဖြေမည်ဖြစ်သည်။ မေလ ၂၈ ရက်နေ့တွင် မန္တလေးမြို့ရှိ ဆီဒိုးနားဟိုတယ်တွင် ညနေ ၆နာရီမှ ၉နာရီအထိ ဖျော်ဖြေမည်ဟု သိရသည်။

## The Expendables 2 ကို ဆက်ိုက်ရန်ပြင်နေတဲ့ စတားလုံး

**လော့စ်အိန်ဂျလိစ်၊ မေ – ၁၀**

The Expendables အက်ရှင်ဇာတ်ကားဖြင့် အောင်မြင်မှု တစ်ကျော့ပြန်ရခဲ့သော ဟောလိဝုဒ်အက်ရှင်မင်းသားကြီး ဆီဗက်စတာစတားလုံးသည် ယင်းဇာတ်ကား၏နောက်ဆက်တွဲ The Expendables 2 ကို ရိုက်ကူးရန်ပြင်ဆင်နေကြောင်းသိရသည်။ ဟောလိဝုဒ်သတင်းတစ်ရပ်၏ အဆိုအရ စတားလုံးသည် ယခုအခါ ဇာတ်ကားသစ်အတွက် ဇာတ်ညွှန်းကိုစီစဉ်နေပြီး ၎င်းနှင့် တွဲဖက်အဖြစ် အခြားအက်ရှင်မင်း



သားဟောင်းတစ်ဦးဖြစ်သောဂျင်းကလော့ဗန်ဒိန်းကိုလည်း ဇာတ်ဆောင်တစ်နေရာ၌လျာထားကြောင်းသိရသည်။သို့သော်စတားလုံးနှင့်နီးစပ်သောသူများက အသက်၆၄နှစ်အရွယ်ရှိမင်းသားကြီးသည် ဇာတ်လမ်းကိုရိုက်ကူးဖြစ်ခဲ့ပါက လပေါင်းများစွာကြာမြင့်နိုင်သဖြင့် ရုပ်ပိုင်းအရကျန်းမာရေး ချို့ယွင်းမည်ကိုစိတ်ပူပန်နေကြောင်းဆိုသည်။ ရင်းနှီးသူတစ်ဦးက ဟောလိဝုဒ်အင်ဆိုက်ဒါသတင်းသို့"ဆလိုင်း(စတားလုံး)ဟာဇာတ်လမ်းတွဲအတွက် စိတ်လှုပ်ရှားနေပါတယ်။ ရုပ်ရှင်ကို ရိုက်ကူးဖို့ လပေါင်းများစွာလိုသေးပေမယ့် ရုပ်ပိုင်းအရ သူ့မှာ အဆင်သင့်မဖြစ်နိုင်မှာကို စိုးရိမ်နေပါတယ်။ သူဟာ မငယ်တော့ပါဘူး။ ဇာတ်ကားသစ်ကို ဒါရိုက်တာလုပ်ဖို့ အချိန်တွေပိုလိုနေပါတယ်"ဟု ပြောသည်။

စတားလုံးသည် နောက်ဆုံးထွက်ခဲ့သည့် The Expendables ဇာတ်ကားကို ကိုယ်တိုင် သရုပ်ဆောင်ရိုက်ကူးခဲ့ပြီး အခြားနာမည်ကြီး အက်ရှင်မင်းသားများစွာကိုလည်း ဇာတ်ကားအတွက် စုစည်းပေးနိုင်ခဲ့သည်။

—Ref: Showbizspy

## ပြစ်မှုကြွေးကို ချွေးနဲ့ဆပ်နေတဲ့ လင်းဆေးလိုဟန်

**လော့စ်အိန်ဂျလိစ်၊ မေ – ၉**

မကြာသေးမီက လည်ဆွဲခိုးယူမှုဖြင့် ထောင်ဒဏ်ချမှတ်ခံခဲ့ရသော ဟောလိဝုဒ်မင်းသမီး လင်းဆေးလိုဟန်သည် တရားရုံးမှ ချမှတ်ထားသည့် နာရီပေါင်း ၃၆၀ ကြာ လူမှုအကျိုးပြုလုပ်ငန်းများဆောင်ရွက်ရေးအလုပ်ကို မေလ ၆ ရက်က စတင်လုပ်ကိုင်ခဲ့ကြောင်းသိရသည်။ လင်းဆေးလိုဟန်သည် ထိုနေ့က သူမ၏ပြစ်ဒဏ်မှ တစ်စိတ်တစ်ပိုင်းဖြစ်သော လူမှုရေးလုပ်ငန်းများကို လော့စ်အိန်ဂျလိစ်မြို့လယ်ရှိအမျိုးသမီးစင်တာ(DWC)တွင်စတင်လုပ်ကိုင်ခဲ့သည်။ လင်းဆေးသည် အဆိုပါစင်တာရှိ အိမ်ရာမဲ့ပြည်သူများအတွက် အလုပ်များ ကူညီလုပ်ကိုင်ပေးခဲ့ပြီး ကလေးများနှင့်လည်း ရင်းနှီးစွာဆက်ဆံခဲ့ကြောင်းဆိုသည်။ လင်းဆေး၏အခြေအနေနှင့်ပတ်သက်၍ နီးစပ်သူတစ်ဦးကလည်း "အမျိုးသမီးတွေဟာလင်းဆေးကိုတွေ့ရလို့ စိတ်လှုပ်ရှားနေကြပါတယ်။ ဘာကြောင့်လဲဆိုတော့ သူမဟာ နာမည်ကျော်တစ်ဦးဖြစ်လို့ပါ။ ဒါပေမဲ့ လင်းဆေးက သူမကို အထူးပုဂ္ဂိုလ်တစ်ဦးလို ဆက်ဆံစရာမလိုဘူးလို့ပြသခဲ့ပြီး အလုပ်တွေကို လျင်မြန်စွာလုပ်ပေးခဲ့ပါတယ်"ဟု ဆိုသည်။ လင်းဆေးလိုဟန်(၂၄ နှစ်)သည်ယခုလုပ်ကိုင်နေရသော လူမှုအကျိုးပြုလုပ်ငန်းများကို ၂၀၀၇ ခုနှစ်က တားမြစ်ချက် ချိုးဖောက်မှုကြောင့်ပြုလုပ်ရခြင်းဖြစ်သည်။မကြာသေးမီကလည်း သူမသည် လည်ဆွဲခိုးယူမှုဖြင့် ထောင်ဒဏ်ရက် ၁၂၀ ကျခံရန် အမိန့်ချခံထားရပြီး ယင်းအမှုမှ အာမခံဖြင့် နေထိုင်ခွင့်ရထားသည်။ သူမသည် ယင်းအမှုအတွက် အယူခံကိုတရားရုံးတွင် မကြာမီပြန်လည်လျှောက်ထားရမည်ဖြစ်သည်။

—Ref: People

## TOP 10 MOVIES IN AMERICA

ယခုတစ်ပတ်အတွင်း
အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး
ရုပ်ရှင်ကားများ

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | Thor | Paramount Pic. | ၆၅,၇၂၃,၃၃၈ | ၁ |
| ၂။ | Fast Five | N/A | ၁၃၉,၇၇၉,၂၈၅ | ၂ |
| ၃။ | Jumping the Broom | Columbia TriStar Motion Pic. | ၁၅,၂၁၅,၄၈၇ | ၁ |
| ၄။ | Something Borrowed | Warner Bros. Pic. | ၁၃,၉၄၅,၃၆၈ | ၁ |
| ၅။ | Rio | 20th Century Fox | ၁၁၅,၂၀၆,၀၆၉ | ၄ |
| ၆။ | Water for Elephants | Fox 2000 | ၄၂,၀၈၃,၂၂၀ | ၃ |
| ၇။ | Tyler Perry's Madea's Big Happy Family | Lionsgate, The Tyler Perry Company | ၄၇,၀၈၅,၂၁၈ | ၃ |
| ၈။ | Soul Surfer | Enticing Entertainment, Tristar Pic. | ၃၆,၈၈၆,၂၈၂ | ၅ |
| ၉။ | Prom | Walt Disney Pic. | ၇,၅၉၀,၀၃၀ | ၂ |
| ၁၀။ | Hoodwinked Too! Hood vs. Evil | The Weinstein Company, Kanbar Entertainment | ၆,၈၇၆,၂၁၇ | ၂ |

## Movie Review

### Pirates of the Caribbean: On Stranger Tides



ကပ္ပတိန် Jack Sparrow တစ်ယောက် အလှပဂေး Angelica နှင့် ဆုံတွေ့မိသောအခါ သူတို့နှစ်ယောက်ကြားမှာ အချစ်တစ်ခုပေါက်ဖွားလာသည်ဟုထင်မြင်မိသည်။ တစ်ဖက်တွင်လည်း ဇာတ်၊ ရာဇဝင်များထဲတွင် နာမည်ကြီးသည့် 'နုပျိုစမ်းချောင်း'ကိုတွေ့ရှိရေး သူ့ကို အသုံးချနေသလားဟုလည်း ထင်မိသည်။ သို့နှင့် ကပ္ပတိန် Jack Sparrow နှင့် Angelica တို့ နာမည်ကြီးပင်လယ်ဓားပြ Blackbeard ၏ သင်္ဘောပေါ် တွင် ရင်ဆိုင်ကြသောအခါ Jack Sparrow က ဘယ်သူ့ကို ပိုကြောက်ရမလဲ။ ညဏ်များတဲ့ Angelica ကိုလား၊ ကောက်ကျစ်စဉ်းလဲတဲ့ Blackbeard ကိုလားဆိုတာ ဝေခွဲမရနိုင်ဖြစ်နေရာ. . .

စွန့်စားခန်း၊ အက်ရှင်၊ ဟာသ၊ စိတ်ကူးယဉ်ပေါင်းစပ်ထားသည့် နာမည်ကြီးဇာတ်လမ်းတွဲ၏ စတုတ္ထမြောက်ဇာတ်ကားကို ဒါရိုက်တာ Rob Marshall က ရိုက်ကူးထားပြီး Jonny Depp၊ Penelope Cruz၊ Ian McShane တို့ဦးဆောင်ပါဝင်ထားသည်။ မေလ ၂၀ ရက်နေ့တွင် Walt Disney က ဖြန့်ချိမည်ဖြစ်သည်။

# Sports

7DAY NEWS JOURNAL

Vol.10, No.9 · MAY 19, 2011


## ကမ္ဘာ့ဖလားခြေစစ်ပွဲအတွက် လူငယ်ကစားသမားအများစုကို ရွေးချယ်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ မေ- ၁၁**

မွန်ဂိုလီးယားအသင်းနှင့် ၂၀၁၄ ကမ္ဘာ့ဖလား ပထမအဆင့်ခြေစစ်ပွဲ ယှဉ်ပြိုင်ကစားမည့် မြန်မာ့လက်ရွေးစင်အသင်း၏ ပဏာမလူစာရင်းတွင် လူငယ်ကစားသမား အများစုပါဝင်လာသည်။

လက်ရွေးစင်အသင်း၏ပဏာမအယောက် ၃၀ စာရင်းတွင် အိုလံပစ်နှင့် လက်ရွေးစင် အသင်းကြီးတွင် တစ်ကြိမ်မျှ ရွေးချယ်ခံရဖူးခြင်း မရှိသေးသည့် ဇော်ဇော်ဦး(ရောဝတီ)၊ အောင်ဟိန်းကျော် (မနောမြေ)၊ အောင်ဝေဖြိုး (မကွေး-ဂိုး)၊ ရန်မျိုးအောင်(ဆောက်သမ်းမြန်မာ)၊ သုထက်ပိုင်(ရက္ခပူရ)၊ နိုင်စိုးဝေ (ဇေယျာရွှေမြေ) စသည့် ကစားသမားသစ်ခြောက်ဦး ပါဝင်လာကြောင်းသိရသည်။

ဒဏ်ရာကြောင့် လက်ရွေးစင်အသင်းနှင့် ကာလရှည်ကြာကင်းကွာနေသော တိုက်စစ်မှူးစည်သူဝင်း(မကွေး)မှာ ဝါရင့်ကစားသမားတစ်ဦးဖြစ်သည့် ရန်ပိုင်တို့ ပြန်ရွေးခံရသည်။ သို့သော် မိုးဝင်း၊ ခင်မောင်လွင်၊ ခင်မောင်ထွန်း၊ ကျော်ခိုင်ဝင်း၊ ရာဇာဝင်းသိန်း၊ မျိုးမင်းထွန်း၊ အေးဆန်း၊ ဟန်ဝင်းအောင်၊ ဇော်ထက်အောင်၊ အောင်မြင့်အေး၊ အောင်မျိုးသန့် အစရှိသည့်လက်ရွေးစင်ကစားသမားဟောင်းများကို ချန်ထားခဲ့သည်။

အိုလံပစ်အသင်းမှ လူငယ်အများစုပါဝင်သည့် အဆိုပါ ပဏာမလက်ရွေးစင်အသင်းအား အင်းလျားလိတ်ဟိုတယ်တွင် မေလ ၁၁ မှ ၂၈ ရက်အထိ ပထမအဆင့်စတင်စခန်းသွင်းလေ့ကျင့်မည်ဖြစ်သည်။

ဇွန်လ ၁၄ မှ ၁၆ ရက် အထိ ဒုတိယအဆင့် စခန်းသွင်းလေ့ကျင့်မည်ဖြစ်ပြီး ဇွန်လ ၁၈ ရက်တွင် မလေးရှားနိုင်ငံ၌ မလေးရှားလက်ရွေးစင်အသင်းနှင့်ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။

ပဏာမလက်ရွေးစင်အသင်းအား ဆာဘီးယားနည်းပြမီလန်ဇီဗာဒိုနိုဗစ်က နည်းပြချုပ်အဖြစ် ကိုင်တွယ်မည်ဖြစ်ပြီး ဦးဆန်းဝင်း(ကမ္ဘောဇ)နှင့် ဦးမျိုးချစ်(ဇေယျာရွှေမြေ)တို့က လက်ထောက်နည်းပြများအဖြစ်တာဝန်ယူသွားမည်ဖြစ်သည်။

## ဒိုင်လူကြီးများ အရည်အသွေးမြှင့်ရန် တိုက်တွန်း

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ မေ - ၁၃**

ဒိုင်လူကြီးများ၏ အရည်အသွေးများအား ယခုထက်ပို၍ ပိုမိုမြင့်မားအောင် လုပ်ပေးရန်လိုအပ်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးကော်မတီက ဒိုင်ကော်မတီသို့ အကြံပြုတိုက်တွန်းလိုက်သည်။

ပြီးခဲ့သည့် MNL ပွဲစဉ်(၇)တွင် ရန်ကုန်-ဥဿာ ပွဲစဉ်၌ ဥဿာအသင်းမှ တိုက်စစ်မှူးလစ်ပီလစ်ပီသည် ဘောလုံးကို လက်ဖြင့်ထိန်းခဲ့ခြင်းကို ကွင်းလယ်ဒိုင်က ပြစ်ဒဏ်ဘော သတ်မှတ်ခြင်းမရှိသည့်အပေါ် ရန်ကုန်အသင်းမှ ကန့်ကွက်စာတင်သွင်းခဲ့သည်။

"ရန်ကုန်-ဥဿာ ပွဲစဉ်မှာ လစ်ပီလစ်ပီဟာ လက်နဲ့ထိန်းပြီး ဘောလုံးတည်ပေးတာမှန်တယ်။ ဒါပေမဲ့ ဒိုင်လူကြီးက အရေးမယူခဲ့ဘူး။ ဒါကြောင့် ဒီပွဲမှာ ကွင်းလယ်ဒိုင်လူကြီးနဲ့ အကူဒိုင်လူကြီး(၁)ကို သတိပေးအပြစ်တင်မှုပြုလုပ်ခဲ့ပါတယ်။ နောက် ဒီပွဲမှာ ဒိုင်လူကြီးတွေအနေနဲ့လည်း ဘောလုံးပွဲထိန်းသိမ်းမှု ညံ့ဖျင်းတာကို တွေ့ရပါတယ်။ ဒါကြောင့် ဒိုင်ကော်မတီကိုလည်း ဒိုင်လူကြီးတွေကို အခုထက်ပိုပြီး အရည်အသွေးတိုးမြှင့်အောင်လုပ်ပေးဖို့ကိုလည်း အကြံပြုတိုက်တွန်းခဲ့ပါတယ်"ဟု စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးကပြောသည်။



ဓာတ်ပုံ - အောင်အောင်

သို့သော် MNL ပွဲစဉ်(၇) ဇေယျာရွှေမြေ-ဆောက်သမ်းမြန်မာပွဲစဉ်တွင် ဇေယျာရွှေမြေ နောက်ခံလူ ရွှေလှိုင်ဝင်းသည် ပင်နယ်တီဧရိယာထဲ၌ လက်ဖြင့်ဘောလုံးတားခဲ့သည်ဟုဆိုကာ ကွင်းလယ်ဒိုင်မှ ပင်နယ်တီပေးခဲ့သည့်အတွက် ဇေယျာရွှေမြေအသင်းက ကန့်ကွက်စာတင်ခဲ့ခြင်းအပေါ် ဒိုင်လူကြီး မှန်ကန်မှုရှိကြောင်း အဆိုပါတာဝန်ရှိသူကပြောသည်။

အားကစားကြယ်ပွင့်

## ဆယ်စုနှစ်၏ အကောင်းဆုံး လက်ဝှေ့သမား မန်နီပါကွီအို



ဖိလစ်ပိုင်လက်ဝှေ့ကျော် မန်နီပါကွီအိုဟာ ပြီးခဲ့တဲ့ မေ ၇ ရက်ကကျင်းပခဲ့တဲ့ ကမ္ဘာ့လက်ဝှေ့အသင်းချုပ်(WBO)ရဲ့ဝယ်လ်တာဝိတ်တန်းသရဖူလုပွဲမှာ စိန်ခေါ်သူ ရှိန်းမော်စလေကို ပွဲချိန်ပြည့် ၁၂ ချီထိုးသတ်ပြီး အောင်ပွဲခံခဲ့ပါတယ်။ ဒါပေမဲ့ လက်ဝှေ့ကျွမ်းကျင်သူတွေကတော့ ပါကွီအိုဟာ ဒီပွဲမှာ အရင်လိုလက်စွမ်း အပြည့်အဝမရခဲ့ဘဲ ခြေထောက်ရွေ့လျားပုံတွေဟာလည်း နှေးကွေးခဲ့တာကြောင့် ပွဲချိန် ၁၂ ချီအထိကြာရှည်ခဲ့ရတာလို့သုံးသပ်ထားပါတယ်။ ပါကွီအိုဟာ ကမ္ဘာ့ ချန်ပီယံသရဖူ ၁၀ ခုရထားတဲ့ ပထမဆုံးလက်ဝှေ့ကျော်ဖြစ်သလို ဝိတ်တန်းရှစ်တန်းစလုံးမှာ အနိုင်ရခဲ့တဲ့ ပထမဆုံး လက်ဝှေ့သမားတစ်ဦးဖြစ်ရုံမျှမကဘဲ အဆိုတော်၊ ရုပ်ရှင်သရုပ်ဆောင်၊ နိုင်ငံရေးသမားအဖြစ်လည်း နယ်ပယ်စုံမှာ ပါဝင်နေတာမို့ သူ့အကြောင်း တစေ့တစောင်းကို ဖော်ပြပေးလိုက်ရပါတယ်။

■ **ပုဂ္ဂိုလ်ရေးဘဝ**

နာမည်အပြည့်အစုံဆိုရင် အီမန်နျူရယ်ဒါပစ်ဒရန်ပါကွီအိုလို့ အမည်ရတဲ့ မန်နီပါကွီအိုဟာ ၁၉၇၈၊ ဒီဇင်ဘာ ၁၇ မှာ မွေးဖွားခဲ့တာကြောင့်ယခုဆို ၃၃ နှစ်အရွယ်ရှိနေပါပြီ။ သူ့ကိုဖခင် ရိုဆယ်လီ ယိုပါကွီအိုနဲ့ မိခင်ဒိုင်အွန်နီးရှား ဒါပစ်ဒရန်ပါကွီအိုတို့က မွေးဖွားခဲ့ပြီး မွေးချင်းခြောက်ယောက်မှာ လေးယောက်မြောက်သားငယ်တစ်ဦးဖြစ်ပါတယ်။ ရိုမန်ကက်သလစ်ဘာသာဝင်တစ်ဦးဖြစ်တဲ့ ပါကွီအိုဟာ မာရီယာဂျယ်ရယ်ဒင်း ဂျင်ကီဂျာမိုရာနဲ့ လက်ထပ်ထားပြီး

စာ(၅၁)သို့




7 DAY NEWS JOURNAL
ရ ရက် သတင်းဂျာနယ်
Vol.10, No.9 • MAY 19, 2011

## နိုင်ငံတကာ အားကစားသတင်းတိုများ

- ဘာရာဇီးဘောလုံးကလပ်ကော်ရင်သီယန်သည် အသက် ၃၅နှစ်အရွယ်ရှိ နယ်သာလန်ကွင်းလယ်လူဟောင်း ဆီးဒေါ့ဖ်အား စာချုပ်ချုပ်ဆိုနိုင်ရန် ပြင်ဆင်နေကြောင်း ကြေညာလိုက်သည်။
- တရုတ်မှ စားပွဲတင်တင်းနစ်ကစားသမားများဖြစ်သော ကျန်ချောက်နှင့်ကောက်ကျင်တို့သည် ကမ္ဘာ့စားပွဲတင် တင်းနစ်ချန်ပီယံရှစ်ပြိုင်ပွဲ၏ နှစ်ယောက်တွဲ ပွဲစဉ်တွင် ဗိုလ်စွဲသွားခဲ့ကြောင်းသိရသည်။
- မကြာမီကျင်းပမည့် ဖီဖာဥက္ကဋ္ဌရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် အာရှဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဘင်ဟမ်မန်က ဖီဖာအမှုဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်များကိုချမှတ်ရာတွင် အဖွဲ့ဝင်အများစု၏ သဘောထားဖြင့်သာ ချမှတ်သင့်ပြီး ပွင့်လင်းမြင်သာမှုရှိသင့်ကြောင်း ဝေဖန်လိုက်သည်။
- ဂရိဘတ်စကတ်ဘောအသင်း ပင်နာသီနိုင်းကော့စ်သည် အစ္စရေးအသင်း မက်ကာဘီတဲလ်အဗစ်အား Euro League Final Four ဘတ်စကတ်ဘောပြိုင်ပွဲဗိုလ်လုပွဲတွင် အနိုင်ရဗိုလ်စွဲသွားခဲ့ကြောင်းသိရသည်။

## စာ(၅၀) – ဆယ်စုနှစ်၏ အကောင်းဆုံး လက်ဝှေ့သမား မန်နီပါကွီအို မှ

ကလေးလေးယောက်ဖွားမြင်ထားပါတယ်။ ငယ်ဘဝကတည်းက စစ်သားဖြစ်ချင်ခဲ့တဲ့ ပါကွီအိုဟာ ဖိလစ်ပိုင်တပ်မတော်အရန် တပ်ဖွဲ့မှာလည်း တပ်ကြပ်ကြီးတစ်ဦးအဖြစ်ပါဝင်ထားပါတယ်။

ပါကွီအိုဟာ ငယ်စဉ်ဘဝက အလွန်ဆင်းရဲခဲ့တာမို့ အထက်တန်းအရောက်မှာ ကျောင်းကထွက်ခဲ့ရသူပါ။ ဒါပေမဲ့ သူက ၂၀၀၇ ဖေဖော်ဝါရီမှာတော့ ဖိလစ်ပိုင်ပညာရေးဌာနက ချီးမြှင့်တဲ့ အထက်တန်းကျောင်းအောင်လက်မှတ်ရခဲ့ပြီး သူ့ဇာတိမြို့ ဂျင်နရယ်ဆန်းတို့စ်စီးတီးက Notre Dame of Dadiangas University မှာ စီးပွားရေးစီမံခန့်ခွဲမှုဘာသာရပ်သင်တန်းကို တက်ရောက်သင်ကြားခဲ့ပါတယ်။ ကျောင်းက ဘွဲ့ရပြီးတဲ့နောက်မှာတော့ ပါကွီအိုဟာ ၎င်းရဲ့ လက်ဝှေ့သမားဘဝ အောင်မြင်မှုကို ဂုဏ်ပြုတဲ့အနေနဲ့ ဖိလစ်ပိုင်ရှိ Southwestern University က ပေးအပ်တဲ့ ဂုဏ်ထူးဆောင်ဒေါက်တာဘွဲ့ကို လည်းရရှိခဲ့ပါတယ်။

**■ လက်ဝှေ့သမားဘဝ**

ပါကွီအိုဟာ လက်ဝှေ့လောကထဲကို အပျော်တမ်း လက်ဝှေ့သမားအဖြစ် အသက် ၁၄နှစ်အရွယ်ကပဲ ဝင်ရောက်ခဲ့ပြီး နာမည်စတင်ကျော်ကြားလာခဲ့ပါတယ်။ မှတ်တမ်းတွေအရတော့ သူဟာ အပျော်တမ်းလက်ဝှေ့သမားဘဝမှာ ၆၄ ပွဲထိုးခဲ့ပြီး ပွဲ ၆၀ နိုင် ၄ ပွဲရှုံး မှတ်တမ်းရထားတယ်လို့ဆိုပါတယ်။

ပါကွီအိုဟာ ပရော်ဖက်ရှင်နယ် လက်ဝှေ့သမားဘဝကို အသက် ၁၆ နှစ်အရွယ်မှာ ကူးပြောင်းခဲ့ပြီး လိုက်ဖလိုင်းဝိတ်တန်းကစတင်ထိုးသတ်ခဲ့ပါတယ်။ ဒီဝိတ်တန်းမှာ ပါကွီအိုဟာ ပြည်တွင်းအောင်မြင်မှုတွေ စတင်ရခဲ့ပြီး ရပ်စတီကိုတော်ရီကမ်ပိုတစ်ဦးတည်းကိုသာ ရှုံးနိမ့်ခဲ့ဖူးပါတယ်။ ဒီနောက်တော့ပါကွီအိုဟာ စူပါ ဘင်တန်ဝိတ်၊ ဖယ်သာဝိတ်၊ စူပါဖယ်သာဝိတ်၊ဝယ်လ်တာဝိတ်၊ လိုက်မစ်ဒယ်ဝိတ် စသဖြင့် ဝိတ်တန်းတွေ အဆင့်ဆင့်ထိုးသတ်ခဲ့ပြီး အောင်မြင်မှုတွေရခဲ့ပါတယ်။ ပါကွီအိုရဲ့ ပွဲတွေထဲမှာ မှတ်မှတ်ရရအဖြစ် ၂၀၀၈ ဇွန် ၂၈ မှာ WBC ရဲ့ လိုက်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံသရဖူကို ပြိုင်ဘက် ဒေးဗစ်ဒိုင်ယက်ဇ်ကို အနိုင်ရခဲ့တဲ့ပွဲ၊ ၂၀၀၈ ဒီဇင်ဘာ ၆ မှာပဲ ပြိုင်ဘက် အိုစကာဒီလာဟိုရာကို အနိုင်ရကာWBOဝယ်လ်တာဝိတ်ချန်ပီယံဖြစ်ခဲ့တဲ့ပွဲတွေကတော့ မှတ်မှတ်ရရပါပဲ။ ဒီလာဟိုရာနဲ့ပွဲကတော့ ကမ္ဘာ့လက်ဝှေ့သမိုင်းမှာ ကွင်းဝင်ကြေး ဒုတိယမြောက်အများဆုံးရတဲ့ပွဲအဖြစ် မှတ်တမ်းဝင်ခဲ့သလို ပါကွီအိုအတွက်လည်း ဆုကြေး ဒေါ်လာ ၁၅ သန်းကျော်ရရှိစေခဲ့ပါတယ်။ ဒီပွဲအပြင် နောက်ထပ် အမှတ်တရပွဲကတော့ ဗြိတိန်လက်ဝှေ့ကျော် ရစ်ကီဟတ်တန်နဲ့ ၂၀၀၉ မေမှာ ထိုးသတ်ခဲ့တဲ့ လိုက်ဝယ်လ်တာဝိတ်တန်းပြိုင်ပွဲပဲဖြစ်ပါတယ်။ ပါကွီအိုဟာ ရစ်ကီဟတ်တန်ကို အနိုင်ရခဲ့တာကြောင့် လက်ဝှေ့သမိုင်းမှာ မတူညီတဲ့ပြိုင်ပွဲခြောက်ခုရဲ့ ကမ္ဘာ့ချန်ပီယံအဖြစ် မှတ်တမ်းဝင်ခဲ့သလို မတူညီတဲ့ ဝိတ်တန်းလေးတန်းမှာ ဆက်တိုက်အနိုင်ရပြီး ကမ္ဘာ့ချန်ပီယံဆု လေးကြိမ်ဆက်တိုက်ရခဲ့တဲ့ ပထမဆုံးလက်ဝှေ့သမားဖြစ်လာခဲ့ပါတယ်။

ဒီနောက်မှာတော့ ပါကွီအိုဟာ အမေရိကန်လက်ဝှေ့အားကစား ကလောင်ရှင်များအသင်း(BWAA)က ချီးမြှင့်တဲ့ ၂၀၀၀-၀၉ ဆယ်စုနှစ်ရဲ့ အကောင်းဆုံးလက်ဝှေ့သမားအဖြစ် သတ်မှတ်ခံခဲ့ရပါတယ်။ ဒီလိုနဲ့ ၂၀၁၀ နိုဝင်ဘာမှာတော့ ပါကွီအိုဟာ အန်တိုနီယို မာဂရီတိုနဲ့ ထိုးသတ်ကာ WBC ရဲ့ လိုက်မစ်ဒယ်ဝိတ်သရဖူကို ရယူနိုင်ခဲ့ပါတယ်။

ပါကွီအိုဟာ ယခုအခါ အဆိုတော်၊ ရုပ်ရှင်သရုပ်ဆောင်၊ နိုင်ငံရေးသမားအဖြစ် နယ်ပယ်စုံမှာပါဝင်ရောက်လှုပ်ရှားနေပြီး၊ ပြီးခဲ့တဲ့ မေ ၇ ရက်နေ့ ရှိန်းမော်စလေနဲ့ပွဲကတော့ WBO ရဲ့ ကမ္ဘာ့ဝယ်လ်တာဝိတ်တန်းသရဖူကာကွယ်ပွဲပဲဖြစ်ပြီး အောင်မြင်စွာကာကွယ်နိုင်ခဲ့ပါတယ်။

**■ အဆိုတော်၊ ရုပ်ရှင်သရုပ်ဆောင်၊ နိုင်ငံရေးသမားဘဝ**

ပါကွီအိုဟာ လက်ဝှေ့သမားတစ်ဦးအဖြစ် ဖိလစ်ပိုင်မှာ ကျော်ကြားလာပြီးနောက် ၂၀၀၆ ခုနှစ်ကစလို့ ဒီ ၂၀၁၁ အထိ အယ်လ်ဘမ်လေးချပ်ထုတ်ဝေပြီးပြီလို့သိရပါတယ်။ ဒါ့အပြင် ၎င်းဟာ ရုပ်သံနဲ့ရုပ်ရှင်ကားအချို့မှာလည်းပါဝင်သရုပ်ဆောင်ထားကြောင်းသိရပါတယ်။ သူ့ရဲ့ နိုင်ငံရေးဘဝကတော့ ၂၀၀၇ ခုနှစ်မှာ လစ်ဘရယ်ပါတီဝင်တစ်ဦးအဖြစ် စတင်ခဲ့ပြီး ၂၀၀၉ မှာတော့ နေစီယွန်နယ်လစ်စတာပါတီ အမတ်လောင်းတစ်ဦးအဖြစ်၊ သူ့မိန်းမရဲ့ ဇာတိမြို့ ဆရန်ဂါနီကနေ ကွန်ဂရက်အမတ်တစ်ဦးအဖြစ် ၂၀၁၀ မေလ ရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ကာ အနိုင်ရခဲ့ပါတယ်။ ၎င်းဟာ ယခုအခါ ကွန်ဂရက်အမတ်တစ်ဦးအဖြစ် ပြည်နယ်အကျိုးဆောင်ရွက်နေပြီး အနာဂတ်မှာလည်း သမ္မတဘန်နစ်နိုအကွီနိုရဲ့ လစ်ဘရယ်ပါတီကို ပြောင်းရွှေ့မယ်လို့ပြောထားပါတယ်။

**ပါကွီအိုရရှိထားသော ကမ္ဘာ့လက်ဝှေ့သရဖူများ**

၁။ WBC ဖလိုင်းဝိတ်ကမ္ဘာ့ချန်ပီယံ (၁၁၂ ပေါင်)
၂။ IBF ဂျူနီယာဖယ်သာဝိတ်ကမ္ဘာ့ချန်ပီယံ (၁၂၂ ပေါင်)
၃။ The Ring ဖယ်သာဝိတ်ဝိတ်ကမ္ဘာ့ချန်ပီယံ (၁၂၆ ပေါင်)
၄။ WBC စူပါဖယ်သာဝိတ်ကမ္ဘာ့ချန်ပီယံ (၁၃၀ ပေါင်)
၅။ The Ring ဂျူနီယာလိုက်ဝိတ်ကမ္ဘာ့ချန်ပီယံ (၁၃၀ ပေါင်)
၆။ WBC လိုက်ဝိတ်ကမ္ဘာ့ချန်ပီယံ (၁၃၅ ပေါင်)
၇။ The Ring ဂျူနီယာဝယ်လ်တာဝိတ်ကမ္ဘာ့ချန်ပီယံ (၁၄၀ ပေါင်)
၈။ WBO ဝယ်လ်တာဝိတ်ကမ္ဘာ့ချန်ပီယံ (၁၄၇ ပေါင်)
၉။ WBC စူပါဝယ်လ်တာဝိတ်ကမ္ဘာ့ချန်ပီယံ (၁၅၄ ပေါင်)

## မန်ယူဗိုလ်စွဲပြီး တန်းဆင်းဇုန်တိုက်ပွဲ ပြင်းထန်ဦးမယ့် ပရီးမီးယားလိဂ်ပွဲစဉ်(၃၈) ပွဲကြိုခန့်မှန်းချက်

**ကိုထိုက်**



ပရီးမီးယားလိဂ်ရဲ့ နောက်ဆုံးပွဲစဉ်(၃၈)ကိုတော့ ယခုတစ်ပတ်မှာ ရောက်ရှိလို့လာခဲ့ပါပြီ။ မန်ယူဟာ ပွဲစဉ်(၃၆)အပြီး ချယ်လ်ဆီးကို အနိုင်ရကာ ခြောက်မှတ်ဖြတ်နိုင်ခဲ့တဲ့အတွက် ချန်ပီယံဆုရဖို့ သေချာသလောက်ဖြစ်ခဲ့ပါတယ်။ ဒါ့အပြင် မန်ယူဟာ လက်ကျန်နှစ်ပွဲမှာ ဒီအပတ်ပွဲစဉ်က အိမ်ကွင်းပွဲဖြစ်တာမို့သက်သောင့်သက်သာကစားပြီး ချန်ပီယံဆုကို ကိုင်မြှောက်သွားတော့မှာပါ။ နောက်ဆုံးပွဲဖြစ်တာကြောင့်ပွဲစဉ်အားလုံးကိုတနင်္ဂနွေ ည ၉း၃၀ နာရီမှာပဲ ကျင်းပသွားမှာဖြစ်ပါတယ်။

__၂၂ မေ၊ တနင်္ဂနွေ__

**ည ၉း၃၀ နာရီ**

**ဗီလာ-လီဗာပူး**

**ပ-ကျော့ရလဒ် ဝ-၃**

ဗီလာဟာ ပွဲစဉ်(၃၆)အိမ်ကွင်းပွဲမှာ ဝီဂန်ကို သရေသာကစားနိုင်ခဲ့ပြီး တန်းဆင်းဇုန်ထိပ်နားမှာ ရပ်တည်နေဆဲပါပဲ။ ဗီလာရဲ့ ပရီးမီးယားလိဂ်နောက်ဆုံးနှစ်ပွဲဟာ အာဆင်နယ်၊ လီဗာပူးတို့နဲ့ ဆက်တိုက်တွေ့ရတာမို့ခက်ခဲနိုင်ပေမယ့် သရေတစ်မှတ်ရအောင် ယူနိုင်ရင်ပဲ လိဂ်မှာတင်ကျန်ခဲ့မှာဖြစ်ပါတယ်။ ပထမအကျော့တုန်းက လီဗာပူးက သုံးဂိုးပြတ်နိုင်ခဲ့ပေမယ့် ဒီပွဲမှာ ဒါရင်းဘန့်၊ ဟက်စကီး၊ အက်ရှ်လေယန်းတို့ရဲ့ ဗီလာက ဖိကစားနိုင်တယ်။ လီဗာပူးနိုင်ရင်လည်း ကပ်နိုင်တာသာဖြစ်ဖို့ရှိပြီး၊ ဗီလာတို့ သရေတစ်မှတ်ရနိုင်ခြေရှိပါတယ်။

**ည ၉း၃၀ နာရီ**

**ဘော်လ်တန်-မန်စီးတီး**

**ပ-ကျော့ရလဒ် ဝ-၁**

နှစ်သင်းစလုံးဥရောပဝင်ခွင့်အတွက် အကြိတ်အနယ် ကစားကြမှာပါ။ ဘော်လ်တန်ဟာ နောက်ဆုံးအိမ်ကွင်းပွဲမှာ ဆန်းဒါးလန်းကို မထင်မှတ်ဘဲ ရှုံးခဲ့ရပေမယ့် ဒီပွဲကို အားထည့်ကစားနိုင်တာနဲ့အမျှ ယူရိုပါလိဂ်ဝင်ခွင့်ရသွားနိုင်တယ်။ မန်စီးတီးရဲ့ နောက်ဆုံး အဝေးကွင်းသုံးပွဲရလဒ်ကတော့ တစ်ပွဲနိုင်၊ နှစ်ပွဲ ရှုံးရရှိထားပါတယ်။ ကစားသမားကောင်းတွေ ပါပေမယ့် မထင်မှတ်တဲ့ရလဒ်တွေ ထွက်တတ်တဲ့ မန်စီးတီးကိုဖယ်ပြီး အိမ်ရှင်ဘော်လ်တန်ကိုရွေးချယ်သင့်ပါတယ်။ ဘော်လ်တန်တို့ သရေ (သို့မဟုတ်) ကပ်နိုင်ခြေရှိပါတယ်။

**ည ၉း၃၀ နာရီ**

**အဲဗာတန်-ချယ်လ်ဆီး**

**ပ-ကျော့ရလဒ် ၁-၁**

အက်ဖ်အေဖလားပွဲက ရှုံးကြေးကို ချယ်လ်ဆီးတို့ပြန်ဆပ်ရမှာပါ။ ဒီနှစ်သင်းဟာ ပထမအကျော့တုန်းက သရေကျခဲ့လို့ အက်ဖ်အေဖလားမှာလည်း အိမ်ကွင်း၊ အဝေးကွင်း အပြန်အလှန် သရေကျခဲ့ပြီး ပင်နယ်တီနဲ့ဆုံးဖြတ်ခဲ့ရပါတယ်။ ချယ်လ်ဆီးတို့ ဒရော့ဂ်ဘာ၊ တောရက်စ် တိုက်စစ်အတွဲနဲ့ အလုပ်မဖြစ်သလို ပြီးခဲ့တဲ့ အဝေးကွင်းသုံးပွဲမှာလည်း တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးဖြစ်ခဲ့တယ်။ ဂိုးနည်းမယ့်ပွဲဖြစ်လာနိုင်ခြေရှိပြီး၊ သရေ ဒါမှမဟုတ် ချယ်လ်ဆီး ကပ်နိုင်တာမျိုးပဲဖြစ်မယ့်ပွဲပါ။

**ည ၉း၃၀ နာရီ**

**ဖူလ်ဟမ်-အာဆင်နယ်**

**ပ-ကျော့ရလဒ် ၁-၂**

အာဆင်နယ်တို့ ခြေတက်နေတဲ့ စတုတ်ကို နောက်ဆုံးအဝေးကွင်းပွဲမှာ ရှုံးနိမ့်ခဲ့ရတာဟာ ချန်ပီယံလိဂ်ဝင်ခွင့်မထိခိုက်နိုင်ပေမယ့် ဒီနောက်ဆုံးပွဲကိုတော့ အနိုင်ကန်သင့်ပါတယ်။ အာဆင်နယ်ရဲ့ နောက်ဆုံးအဝေးကွင်းသုံးပွဲရလဒ်က တစ်ပွဲနိုင်၊ နှစ်ပွဲရှုံးဖြစ်တယ်။ အိမ်ကွင်းရှုံးပွဲနည်းတဲ့ ဖူလ်ဟမ်တို့ အာဆင်နယ်ကို ထိန်းချုပ်သွားနိုင်တယ်။ ဖူလ်ဟမ်သရေ(သို့မဟုတ်) ကပ်နိုင်ခြေရှိပါတယ်။ အာဆင်နယ် နိုင်ခြေနည်းနေပါတယ်။

**ည ၉း၃၀ နာရီ**

**မန်ယူ-ဘလက်ပူး**

**ပ-ကျော့ရလဒ် ၃-၂**

မန်ယူတို့ ချန်ပီယံလိဂ်အတွက် ကစားကွက်၊ လူနေရာချမှုပုံစံတွေကို ဒီပွဲမှာ စမ်းသပ်နိုင်ခြေရှိပါတယ်။ ပထမအကျော့တုန်းက နှစ်သင်းပေါင်းသွင်းဂိုးများပေမယ့် ဒီပွဲမှာတော့ နည်းနိုင်တယ်။ ဘလက်ပူးတို့ လိဂ်မှာ တင်ကျန်ခဲ့မလား စောင့်ကြည့်ရမှာဖြစ်ပြီး၊ အကြိုက်ကတော့ မန်ယူပါ။

**ည ၉း၃၀ နာရီ**

**နယူးကာဆယ်-ဝက်စ်ဘရွန်း**

**ပ-ကျော့ရလဒ် ၁-၃**

တန်းမဆင်းရဖို့သေချာသွားတဲ့နှစ်သင်း တွေ့တဲ့ပွဲပါ။ ဥရောပဝင်ခွင့်မရှိသလို ဖိအားလည်း မရှိတာကြောင့် ဂိုးရလဒ်ကို ခန့်မှန်းရခက်နိုင်ပါတယ်။ နယူးကာဆယ်ဟာ နောက်ဆုံး အိမ်ကွင်းသုံးပွဲမှာ နှစ်ပွဲနိုင်၊ တစ်ပွဲသရေရထားတယ်။ နည်းပြ အလန်ပါဂျူးရဲ့ နည်းဗျူဟာတွေကြောင့် နယူးကာဆယ်တို့ ကပ်နိုင်ခြေရှိပါတယ်။

**ည ၉း၃၀ နာရီ**

**စတုတ်စီးတီး-ဝီဂန်**

**ပ-ကျော့ရလဒ် ၂-၂**

စတုတ်တို့ဒီနောက်ပိုင်း အိမ်ကွင်းရလဒ်ပိုင်း ကောင်းမွန်နေပြီး ဂျုန်းစ်၊ ပီးနန့်တို့ရဲ့ သွင်းဂိုးတွေနဲ့ အာဆင်နယ်ကို ဂိုးပြတ်နိုင်ခဲ့တယ်။ ယူရိုပါလိဂ်ဝင်ခွင့်အတွက် စတုတ်တို့ အလျှော့ပေးမှာမဟုတ်ပါဘူး။ နောက်ဆုံးတွေ့ဆုံမှုသုံးကြိမ်စလုံးမှာ ဒီနှစ်သင်း သရေဖြစ်ခဲ့ပေမယ့် ဒီပွဲမှာ အိမ်ရှင်စတုတ်ကိုရွေးသင့်ပါတယ်။

**ည ၉း၃၀ နာရီ**

**စပါး-ဘာမင်ဂမ်**

**ပ-ကျော့ရလဒ် ၁-၁**

ဥရောပဝင်ခွင့်ကျိန်းသေနေပြီဖြစ်တဲ့ စပါးတို့ ဘာမင်ဂမ်ကို ထိန်းကစားသွားနိုင်တယ်။ နောက်ဆုံးတွေ့ဆုံမှုသုံးကြိမ်မှာ စပါးတစ်ကြိမ်နိုင်၊ နှစ်ကြိမ်သရေကျခဲ့တယ်။ ဂိုးနည်းမယ့်ပွဲဖြစ်ပြီး ဗန်ဒါဗတ်၊ ဒီဖိုး၊ ခရော့ချ်တို့ရဲ့ စပါးကို အားပေးရမှာပါ။

**ည ၉း၃၀ နာရီ**

**ဝက်စ်ဟမ်း-ဆန်းဒါးလန်း**

**ပ-ကျော့ရလဒ် ဝ-၁**


အိမ်ရှင်ဝက်စ်ဟမ်းတို့ဒီပွဲကို အနိုင်ကန်ပြီး လိဂ်ကနေ ထွက်သွားချင်မှာပါ။ ဧည့်သည်ဆန်းဒါးလန်းက တန်းဆင်းဇုန်ကနေလွတ်ခဲ့ပြီမို့ ခြေကုန်ထုတ်ကစားစရာမလိုပါဘူး။ ဆန်းဒါးလန်းဟာ ဒီရာသီမှာ အဝေးကွင်းရှုံးပွဲနဲ့ သရေပွဲတွေ များနေတာမို့ နိုင်ခြေနည်းပါတယ်။ အပြန်အလှန်သွင်းဂိုးတွေနဲ့ သရေပွဲဖြစ်နိုင်တယ်။

**ည ၉း၃၀ နာရီ**

**ဝုလ်-ဘလက်ဘန်း**

**ပ-ကျော့ရလဒ် ဝ-၃**

အကြိတ်အနယ်ရှိမယ့်ပွဲပါ။ နောက်ဆုံး ထိပ်တိုက်တွေ့ဆုံမှုသုံးကြိမ်မှာ ဘလက်ဘန်းက နှစ်ကြိမ်နိုင်ပြီး တစ်ကြိမ်သရေကျထားတယ်။ အဝေးကွင်း ရှုံးပွဲအများဆုံးအသင်းတွေထဲ ပါဝင်နေတဲ့ ဘလက်ဘန်းတို့ ဒီပွဲမှာ အမြင့်ဆုံး သရေပဲမျှော်မှန်းနိုင်မှာပါ။ ပထမအကျော့က အရှုံးကို ဝုလ်တို့ လက်စားပြန်ချေပါလိမ့်မယ်။


Monkey Coffee mix
အန်လေးက
မျှား မှ လန်းတယ်
ကွယ်....
Monkey coffee
တစ်ထုပ်ဆို အရသာမပျက်
ပျစ်ပျစ်နှစ်နှစ် အများကြီး သောက်ရလို့
အန်လေး ပျော်နေတာပါ

7DAY NEWS JOURNAL
Vol.10, No.9 • MAY 19, 2011





# ဆွစ်ဇာလန်မှ ဂျက်လူသား ဂရင်းကင် ဂျွန်ချောက်ပေါ် ဖြတ်ကျော်ပျံသန်း

**လော့စ်အိန်ဂျလိစ်၊ မေ - ၁၀**

ဆွစ်ဇာလန်နိုင်ငံမှ ဂျက်လူသားဟုကျော်ကြားသည့် လူစွန့်စားယက်ဗ်ရော်ဆီသည် ကျောခ၌ ဂျက်အင်ဂျင်တပ်ဆင်ကာ ကမ္ဘာကျော် ဂရင်းကင်ညွှန်ချောက်ကြီးပေါ်မှ ဖြတ်၍ပျံသန်းပြခဲ့ကြောင်းသိရသည်။ ၎င်းသည်အစောပိုင်းက ထိုချောက်ပေါ်မှပျံသန်းရန်ကြေညာခဲ့သော်လည်းလေ့ကျင့်ချိန်မလုံလောက်သေးဟုဆိုကာ အစီအစဉ်များဖျက်သိမ်းခဲ့ပြီးနောက် မေ ၉ ရက်ကမှ ပျံသန်းပြနိုင်ခဲ့ခြင်းဖြစ်သည်။ ထိုနေ့က ဂျက်လူသားရော်ဆီသည် ဂရင်းကင်ညွှန်ချောက်ပေါ်မှ ရှစ်မိနစ်ကြာပျံသန်းမှုကို အပြီးသတ်လုပ်ဆောင်ပြခဲ့ပြီး ၎င်း၏ အဖွဲ့ကလည်း ဖြစ်စဉ်ကိုကြည့်ရှုနိုင်ရန် စာနယ်ဇင်းသမားများအား ဖိတ်ကြားပြသခဲ့သည်။ ဗီဒီယိုမှတ်တမ်းများတွင် ဖော်ပြချက်အရ ရော်ဆီသည် ရဟတ်ယာဉ်ပေါ်မှ ခုန်ဆင်းပြီးနောက် ၎င်း၏ကျောတွင် လွယ်ပိုးထားသည့် ဂျက်အင်ဂျင်တပ်တောင်ပံဖြင့် ချောက်ကိုဖြတ်သန်းပျံခဲ့ပြီးနောက် လေထီးဖြင့် မြေပြင်သို့အောင်မြင်စွာဆင်းသက်နိုင်ခဲ့သည်။

ပျံသန်းမှုအောင်မြင်ခဲ့သည့်အတွက် ရော်ဆီက "အမေရိကမှာ ကျွန်တော့်ရဲ့ ပထမဆုံးပျံသန်းမှုကတော့ ဘဝမှာအမှတ်တရအဖြစ်ဆုံးအတွေ့အကြုံတစ်ခုပါပဲ။ ဒီဂရင်းကင်ညွှန်ချောက်ကြီးရဲ့ လှပမှုနဲ့ အမေရိကန်မြေပေါ် ပျံသန်းမှုတို့ကိုကြုံခဲ့ရတာ ဂုဏ်ယူစရာပါ"ဟု ပြောသည်။ ရော်ဆီ(၅၁နှစ်)သည် ယခင်ကလည်း ဗြိတိန်နှင့်ပြင်သစ်နိုင်ငံအကြားရှိ အင်္ဂလိပ်ရေလက်ကြားနှင့် ဆွစ်ဇာလန်ရှိအဲလ်တောင်တန်းများပေါ်မှ ဖြတ်၍ပျံသန်းပြခဲ့ဖူးသည်။ —*Ref: AFP*



# မလိုအပ်ဘဲ ကလေးများအတွက် CT ဓာတ်မှန်ရိုက်ကူးနေ

**ဘော်စတွန်၊ မေ-၁၀**

ဦးခေါင်းဒဏ်ရာရရှိထားသည့် ကလေးအများအပြားအား မလိုအပ်ဘဲ CT ဓာတ်မှန်များရိုက်နေကြကြောင်း အမှန်တကယ်တွင်မူ ၎င်းကလေးများအား နာရီအနည်းငယ်စောင့်ကြည့်ရန် သာလိုအပ်ကြောင်း အမေရိကန် သုတေသီများကပြောကြားသည်။

ဆေးရုံအရေးပေါ်ဌာနများသို့ ရောက်ရှိလာသည့် ဦးခေါင်းဒဏ်ရာနှင့် ကလေးထက်ဝက်ခန့်မှာCTဓာတ်မှန်ရိုက်နေကြကြောင်း (သို့မဟုတ်) မိဘများကိုယ်တိုင်က တောင်းဆို၍ ယင်းသို့ဓာတ်မှန်ရိုက်နေကြရကြောင်း၊ သို့ရာတွင်ဦးခေါင်း၌ ပြင်းထန်စွာဒဏ်ရာရရှိခြင်းမှာ ဖြစ်တောင့်ဖြစ်ခဲကိစ္စဖြစ်ကြောင်း ဘော်စတွန်ကလေး ဆေးရုံမှ ဒေါက်တာလစ်နီဂရိုဗစ်က ပြောကြားသည်။

ကလေးများအား အရေးပေါ်ဌာနတွင် နာရီအနည်းငယ်သာ စောင့်ကြည့်ခြင်းဖြင့်CT ဓာတ်မှန်ရိုက်ရန်မလိုအပ်ကြောင်းကိုသိရှိနိုင်မည်ဖြစ်ကြောင်း သုတေသီများက ပြောသည်။

ယင်းမှာ ငွေကြေးကုန်ကျစရိတ်သက်သာစေသည်သာမက ကလေးများကိုလည်း မလိုအပ်ဘဲ ဓာတ်ရောင်ခြည်ဖြတ်သန်းစေခြင်းမှ ကင်းဝေးစေသည်ဟု သုတေသနကဖော်ပြသည်။ ယခုသုတေသနအတွက် ကလေးအရေးပေါ် ဌာန ၂၅ ခုမှ အချက်အလက်များကို သုတေသီများကလေ့လာခဲ့ကြသည်။ —*UPI*


# ရာသီဥတုပြောင်းလဲမှုနှင့် လူဦးရေတိုးတက်မှုသည် ကမာ့စားနပ်ရိက္ခာဖူလုံမှုကို ခြိမ်းခြောက်နေ

**ချင်းမိုင်၊ မေ - ၉**

ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုနှင့် လူဦးရေတိုးပွားလာမှုသည် ကမ္ဘာလုံးဆိုင်ရာစားနပ်ရိက္ခာဖူလုံမှုကိုခြိမ်းခြောက်နေကြောင်း ထိုင်းထိပ်တန်းအရာရှိတစ်ဦးက ချင်းမိုင်၌ပြုလုပ်သော အာရှ-ဥရောပစားနပ်ရိက္ခာဖူလုံရေး အဆင့်မြင့်ညီလာခံတွင်ပြောကြားလိုက်သည်။ အဆိုပါအရာရှိမှာ ထိုင်းစိုက်ပျိုးရေးဝန်ကြီးဌာနအောက်ရှိ လယ်ယာစီးပွားရုံး၏ အထွေထွေအတွင်းရေးမှူးချုပ် အပီချတ်ဂျောင်စကူဖြစ်သည်။ ညီလာခံတွင် ၎င်းက "ကုလသမဂ္ဂရဲ့ စားနပ်ရိက္ခာနဲ့ စိုက်ပျိုးရေးအဖွဲ့ရဲ့အဆိုအရ ကမ္ဘာ့လူဦး



ရေဟာ လက်ရှိမှာ ခြောက်ဘီလီယံကနေ ၂၀၅၀ပြည့်နှစ်ရောက်ရင်၉ဒသမ၅ဘီလီယံအထိတိုးပွားလာမှာဖြစ်ပြီး စားနပ်ရိက္ခာလိုအပ်ချက်ဟာလည်း ၇၀ ရာခိုင်နှုန်းပိုတိုးလာမှာဖြစ်ပါတယ်"ဟုဆိုသည်။ ကမ္ဘာလုံးဆိုင်ရာစားနပ်ရိက္ခာဖူလုံမှုကို ထိန်းသိမ်းနိုင်ရန်မှာ တိုင်းပြည်အားလုံးအနေဖြင့် လက်ရှိလုပ်ကိုင်နေသော လယ်ယာမြေများကို ထိန်းသိမ်းကာကွယ်ရန်၊ အစားအစာ ထုတ်လုပ်ရေးအတွက် နည်းပညာပိုင်းတွင် ရန်ပုံငွေတိုးတက်ထည့်ဝင်ရန်လိုအပ်ကြောင်း ပြောသည်။ ချင်းမိုင်မြို့တွင်ပြုလုပ်ခဲ့သည့် ယင်း အာရှ-ဥရောပ စားနပ်ရိက္ခာဖူလုံရေး အဆင့်မြင့်ညီလာခံကို နှစ်ရက်ကြာကျင်းပခဲ့သည်။ —*Ref: Xinhua*

7DAY NEWS JOURNAL
Vol.10, No.9 • MAY 19, 2011

# လာဘ်စားသော တရုတ်မြို့တော်ဝန်ဟောင်း သေဒဏ်ချမှတ်ခံရ

ဘေဂျင်း၊ မေ-၁၁

ယွမ်ငွေ ၃၃ သန်းကျော် (ကန်ဒေါ်လာ ၅ ဒသမ ၁ သန်း)လာဘ်ငွေရယူခဲ့သည့်တရုတ်မြို့တော်ဝန်ဟောင်းတစ်ဦးအား တရားရုံးက ဆိုင်းငံ့သေဒဏ်ချမှတ်လိုက်ကြောင်း သိရသည်။

တရုတ်နိုင်ငံ အလယ်ပိုင်း ဟီနန်ခရိုင်ဒေသကြီး ဇန်ဇောင်းပြည်သူ့တရားရုံးက ဆူဇောင်ဟန်း (၅၆ နှစ်) အား ၂ နှစ်ဆိုင်းငံ့၍ သေဒဏ်ချမှတ်ခဲ့ပြီး ၎င်း၏ကိုယ်ပိုင်ပိုင်ဆိုင်မှုများအား သိမ်းဆည်းရန် အမိန့်ချမှတ်ခဲ့သည်။ ဆူဇောင်ဟန်းမှာ ရာထူးမှ ထုတ်ပယ်ပြီး ၂ နှစ် အကြာတွင် ယခုကဲ့သို့ ပြစ်ဒဏ်ချမှတ်ခဲ့ခြင်း ဖြစ်သည်။

မစ္စတာဆူသည် ၂၀၀၁ မှ ၂၀၀၉ ခုနှစ်ကာလအတွင်း စီးပွားရေးလုပ်ငန်းများ ထွန်းကားရာ ရှန်ဇန်းမြို့တွင် အစိုးရအရာရှိကြီးအဖြစ်တာဝန်ထမ်းဆောင်ရင်းဆောက်လုပ်ရေးပစ္စည်းကုမ္ပဏီများနှင့်အခြား၎င်း၏လက်အောက်ငယ်သား အရာရှိထံမှ ယွမ်ငွေ ၃၃ သန်းခန့်လာဘ်စားခဲ့ကြောင်း တရားရုံးကတွေ့ရှိခဲ့သည်။

မစ္စတာဆူသည် ၂၀၀၅ ခုနှစ် မှစ၍ ရှန်ဇန်းမြို့၏ မြို့တော်ဝန် ဖြစ်လာခဲ့သည်။ ဆူသည် ၂၀၀၉ ခုနှစ်ဇွန်လတွင် လေးနက်သော စည်းကမ်းချိုးဖောက်မှုများကြောင့် ရာထူးမှ ဖယ်ရှားခံခဲ့ရသည်။ ၎င်း၏ အပြစ်များကိုဝန်ခံခဲ့၍သေဒဏ် အား ၂ နှစ် ဆိုင်းငံ့ထား ခြင်းဖြစ်ကြောင်းသိရသည်။

လာဘ်ပေး၊ လာဘ်ယူမှုများအတွက် တရုတ်နိုင်ငံသည် မကြာသေးမီလများ အတွင်းက တရုတ်အရာရှိကြီး အများအပြားအား ပြင်းပြင်းထန်ထန် အရေးယူခဲ့သည်။

*— China daily*






# အမေရိကန်အား လက်စားချေသွားမည်ဟု ယီမင်အယ်လ်ကိုင်ဒါအဖွဲ့ ကြုံးဝါး

ဆာနား၊ မေ - ၁၂

အိုစမာဘင်လာဒင် သေဆုံးခြင်းအတွက်လက်စားချေသွားမည်ဖြစ်ကြောင်းနှင့် ၎င်းအား သတ်ဖြတ်ခဲ့ခြင်းအတွက် အမေရိကန်အား နောင်တရစေမည်ဟုယီမင်အယ်လ်ကိုင်ဒါခေါင်းဆောင်တစ်ဦးကကြုံးဝါးလိုက်ကြောင်းသိရသည်။


အစ္စလာမ်မစ်ဝက်ဘ်ဆိုက်များတွင် တင်ခဲ့သည့်သတင်းပေးထုတ်ပြန်ချက်တွင် အာရေးဗီးယားကျွန်းဆွယ် အယ်လ်ကိုင်ဒါအဖွဲ့ခေါင်းဆောင်တစ်ဦးဖြစ်သူ နာဆာအယ်လ်ဝါရှီရှီက "ခင်ဗျားတို့ကိုစောင့်ကြိုနေတာတွေက ပိုပြီးကြီးကျယ် ပိုပြီးအန္တရာယ်များပါတယ်။ ခင်ဗျားတို့ရဲ့နောင်တတွေကို ရေတွက်နေရပါလိမ့်မယ်။ အိုစမာဘင်လာဒင်ရှိခဲ့တဲ့နေ့ရက်တွေကိုပြန်လည်တမ်းတနေရပါလိမ့်မယ်" ဟု ပြောကြားခဲ့ကြောင်း ABC သတင်းဌာနကဖော်ပြသည်။

"ကျွန်တော်တို့ရဲ့ ရှိတ်သေဆုံးသွားလို့အောင်ပွဲခံခဲ့တဲ့လူတွေကိုလည်း ကျွန်တော်တို့ အခုလိုပြောကြားလိုပါတယ်။ ရှိတ်ရဲ့ ကျောင်းသားတွေ၊ သားတွေက ပို့လွှတ်လိုက်တာတွေကို ခင်ဗျားတို့အောင်ပွဲခံဦးမလားဆိုတာ ကျွန်တော်တို့စောင့်ကြည့်နေပါမယ်" ဟု အာရေးဗီးယားအယ်လ်ကိုင်ဒါခေါင်းဆောင်က သတိပေးပြောကြားသည်။

အမေရိကန်ကာကွယ်ရေးဝန်ကြီး ရောဘတ်ဂိတ်စ်နှင့် အခြားအမေရိကန်တာဝန်ရှိသူများကလည်း အာရေးဗီးယား အယ်လ်ကိုင်ဒါအဖွဲ့ (AQAP)မှာ အယ်လ်ကိုင်ဒါအဖွဲ့၏ အန္တရာယ်အရှိဆုံးအဖွဲ့ခွဲဖြစ်ကြောင်းပြောကြားထားသည်။

*—Ref: UPI*

# အင်တာနက်ပေါ်တွင်ရောင်းချသော အဝတ်အစားသုံးပုံတစ်ပုံမှာ ငယ်ရွယ်သောမိန်းကလေးများအတွက် လိင်စိတ်ကို ဦးစားပေးဟုဆို



အိုဟိုင်းယို၊ မေ - ၁၁

အင်တာနက်မှတစ်ဆင့်မိန်းမငယ်လေးများအတွက် ရောင်းချသည့် အချို့အဝတ်အစားများသည် လိင်ပိုင်းဆိုင်ရာပေါ်လွင်ရေးကို ဦးစားပေးထားကြောင်း အမေရိကန်သုတေသီများက ပြောကြားသည်။ ထို့အတွက် မိန်းမငယ်လေးများအား လိင်အသားပေး အမျိုးသမီးများအဖြစ် လူမှုဆက်ဆံရေး ပုံစံများပေါ်ထွက်စေကြောင်း သုတေသီများကပြောကြားသည်။

ယခုသုတေသနကို ကင်ညွန်ကောလိပ်မှ စိတ်ပညာပါမောက္ခဒေါက်တာ ဆာရာမာနင်က ဦးဆောင်၍လေ့လာခဲ့သည်။ ၎င်းတို့အဖွဲ့က ဆယ်ကျော်သက် မြီးကောင်ပေါက်အရွယ်မရောက်သေးသောမိန်းကလေးများအတွက် အွန်လိုင်းမှရောင်းချသည့်အဝတ်အစားများအားလေ့လာခဲ့ရာအများစု(၆၉ရာခိုင်နှုန်း)မှာကလေးများနှင့်ကိုက်ညီသည့်သဘောသဘာဝများကိုတွေ့ရသော်လည်း ၃၁ ရာခိုင်နှုန်းမှာ လိင်ပိုင်းဆိုင်ရာအားဦးစားပေးသည့်ပုံစံများကိုတွေ့ရကြောင်း သုတေသီများကပြောကြားသည်။

အများအားဖြင့် ရင်သားနေရာနှင့် တင်ပါးနေရာများတွင် အာရုံစိုက်မှုရရှိစေရန် အဝတ်အစားများကိုဖန်တီးထားကြောင်း သုတေသီများကတွေ့ရှိခဲ့သည်။ ထို့ကြောင့် မိန်းမငယ်လေးများ အတွက်အဝတ်အစားများဝယ်ယူရာတွင် ကလေးငယ်နှင့် လိုက်ဖက်သည့်အဝတ်အစားများကိုသာသတိထားဝယ်ယူသင့်ကြောင်းသုတေသီများက မိဘများအား အကြံပြုထားသည်။

*—Ref: UPI*


7DAY NEWS JOURNAL
Vol.10, No.9 • MAY 19, 2011

# မစ္စစ္စပီမြစ်ရေ စံချိန်တင်မြင့်တက်မှုကြောင့် လူထောင်ပေါင်းများစွာအား ရွှေ့ပြောင်းပေးနေရ



**မစ္စစ္စပီ၊ မေ - ၁၂**

အမေရိကန်နိုင်ငံတွင် မစ္စစ္စပီမြစ်နှင့် ၎င်း၏မြစ်လက်တက်များမှာ မြစ်ရေများ စံချိန်တင်မြင့်တက်နေခြင်းကြောင့် လယ်ယာစိုက်ပျိုးမြေများတွင် ရေများဖုံးလွှမ်း၍ လမ်းများ ရေလျှံကာ လူထောင်ပေါင်းများစွာအား ၎င်းတို့၏ နေအိမ်များမှ ရွှေ့ပြောင်းပေးနေရကြောင်း သိရသည်။



မြစ်ရေ စံချိန်တင်မြင့်တက်မှုမှာ တဖြည်းဖြည်း မြစ်၏အောက်ပိုင်းများသို့ပါ ပျံ့နှံ့လာရာ မြေနိမ့်ပိုင်းတွင်နေထိုင်သည့်ဆင်းရဲသားများအတွက် စိတ်မချမ်းမြေ့စရာများ ဖြစ်ပေါ်လာစေခဲ့သည်။ ရက်ပေါင်းများစွာမှာ ရေလွှမ်းမိုးနေ၍လည်း လူရာပေါင်းများစွာ ၎င်းတို့နေအိမ်များကို စွန့်ခွာသွားခဲ့ရပြီဖြစ်သည်။ မစ္စစ္စပီပြည်နယ် အုပ်ချုပ်ရေးမှူး ဟာလီဘာဘာကလည်း မိမိတို့အိမ် ရေလွှမ်းမိုးခံရသည့် အခြေအနေရှိပါက ရွှေ့ပြောင်းနေထိုင်ကြရန် တိုက်တွန်းထားသည်။

မစ္စစ္စပီမြစ်ဝကျွန်းပေါ်ဒေသမှာ မစ္စစ္စပီမြစ်နှင့်ယာဇူးမြစ် ပေါင်းဆုံရာ မိုင် ၂၀၀ခန့်ရှည်လျားသည့် မြေနုလွင်ပြင်ဒေသကြီးဖြစ်ပြီး လူဦးရေ ၄၆၅,၀၀၀ ခန့် မှီတင်းနေထိုင်ရာဒေသဖြစ်သည်။


မေလ ၁၂ ရက်မှာပင် မစ္စစ္စပီပြည်နယ်၏စီရင်စု ၁၄ ခုအားဘေးအန္တရာယ်ဇုန်အဖြစ် သမ္မတအိုဘားမားကကြေညာခဲ့သည်။ လူဝီစီယားနား ပြည်နယ်တွင်လည်း မစ္စစ္စပီမြစ်နှင့် အက်ချာဖာလာယာမြစ်၏ ရေထိန်းနံရံများကို စစ်ဘက်ဆည်မြောင်းအင်ဂျင်နီယာများက အချိန်ပြည့်စောင့်ကြည့်နေကြကြောင်း သိရသည်။

*—Ref: AP*

# ဩစတြေးလျက ယခုနှစ်အတွင်း ကျွမ်းကျင်လုပ်သားဗီဇာ အများအပြားထုတ်ပေးမည်

**ကင်ဘာရာ၊ မေ - ၁၁**

လုပ်ခလစာများ ဖောင်းပွမည့်အခြေအနေများ ကြုံတွေ့နေရ၍ ဩစတြေးလျသည် ၂၀၁၁-၁၂ ခုနှစ်အတွင်းကျွမ်းကျင်ရွှေ့ပြောင်းလုပ်သားများအတွက် စံချိန်တင်ဗီဇာအရေအတွက်ထုတ်ပေးသွားရန်စီစဉ်ထားကြောင်းသိရသည်။ သို့သော် ယင်းသို့ ထုတ်ပေးလျှင်ပင် အချို့စက်မှုလုပ်ငန်းများက တောင်းဆိုသည့်အရေအတွက်ကို မပြည့်မီသေးကြောင်းသိရသည်။



ဩစတြေးလျအစိုးရသည် စုစုပေါင်း ရွှေ့ပြောင်းနေထိုင်ခွင့်ဗီဇာ ၁၈၅,၀၀၀ ထုတ်ပေးမည်ဖြစ်ပြီး ယင်းမှ ၁၂၅,၈၅၀ အား အမြဲတမ်းနေထိုင်ခွင့် ကျွမ်းကျင်လုပ်သားဗီဇာများအဖြစ် ထုတ်ပေးမည်ဖြစ်သည်။ ဗီဇာထုတ်ပေးမှုနှုန်းမှာ ပြီးခဲ့သည့်နှစ်ကထက် ၁၀ ဒသမ ၅ ရာခိုင်နှုန်းတိုးလာခြင်းဖြစ်သည်။

ဩစတြေးလျ၏ လက်ရှိအလုပ်လက်မဲ့နှုန်းမှာငါးရာခိုင်နှုန်းသာရှိပြီး မကြာမီ ၄ ဒသမ ၅ ရာခိုင်နှုန်းသို့ ရောက်ရှိလာဖွယ်ရှိသည်။ ယင်းမှာလူတိုင်းနီးပါး အလုပ်ရှိသည့် အခြေအနေဟု ယေဘုယျအားဖြင့်ယူဆကြသည်။

သို့သော် စီးပွားရေးလုပ်ငန်းများကိုကိုယ်စားပြုထားသည့် ဩစတြေးလျစက်မှုလုပ်ငန်းအုပ်စု (AIG)ကမူ ကျွမ်းကျင်လုပ်သားများလိုအပ်ချက်ကိုဖြည့်ဆည်းနိုင်ရန် အနည်းဆုံး လူပေါင်း ၁၉၀,၃၀၀ ဦးအားဗီဇာပေးရေး လူဝင်မှုကြီးကြပ်ရေးကို ဖိအားပေးရန်စီစဉ်နေကြောင်းပြောကြားသည်။

၂၀၀၈ စီးပွားရေးအကျပ်အတည်းမတိုင်မီက ဩစတြေးလျသည်အမြဲတမ်းရွှေ့ပြောင်းနေထိုင်ခွင့်ဗီဇာ ၃၁၅,၀၀၀ ကိုထုတ်ပေးခဲ့ကြောင်းသိရသည်။ လတ်တလောတွင်မူ အစိုးရက လူဝင်မှုကြီးကြပ်ရေးအား ထိန်းချုပ်ထားသည်။

*—Ref: Reuters*



# ပါကစတန်ရှိ ဆော်ဒီအာရေးဗီးယားသံရုံး တိုက်ခိုက်ခံရ

**ကရာချိ၊ မေ - ၁၂**

ပါကစ္စတန်နိုင်ငံ၏ အကြီးဆုံးမြို့ဖြစ်သော ကရာချိမြို့ရှိ ဆော်ဒီအာရေးဗီးယားကောင်စစ်ဝန်ရုံးအတွင်းသို့ လက်ပစ်ဗုံးနှစ်လုံးဖြင့် ပစ်ထည့်တိုက်ခိုက်မှု ဖြစ်ပေါ်ခဲ့ကြောင်းသိရသည်။ သို့သော် တိုက်ခိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရမှုမရှိကြောင်း အရာရှိများက ပြောကြားသည်။

ယင်းတိုက်ခိုက်မှုမှာ မေလ ၂ ရက်နေ့တွင် ပါကစ္စတန်နိုင်ငံ၌ အမေရိကန်ရေတပ် အထူးကွန်မန်ဒိုများက အယ်လ်ကိုင်ဒါအဖွဲ့ ခေါင်းဆောင်အိုစမာဘင်လာဒင်အား သတ်ဖြတ်ခဲ့ခြင်းအတွက် လက်တုံ့ပြန်ခြင်းဖြစ်နိုင်ကြောင်း အယ်လ်အာရေးဗီးယားတယ်လီဗေးရှင်းက ထုတ်လွှင့်ခဲ့သည်။ ဆော်ဒီအာရေးဗီးယားနိုင်ငံသည် ဘင်လာဒင်အား ၁၉၉၁ ခုနှစ်တွင် နိုင်ငံမှနှင်ထုတ်ခဲ့ပြီးနောက်ပိုင်းတွင် ၎င်းအားနိုင်ငံသားအဖြစ်မှ ရုပ်သိမ်းခဲ့သည်။ ဘင်လာဒင်သေဆုံးခြင်းအတွက် လက်တုံ့ပြန်သွားမည်ဟု အယ်လ်ကိုင်ဒါအဖွဲ့က ကြုံးဝါးထားသည်။

လူနှစ်ဦးက မော်တော်ဆိုင်ကယ်ပေါ်မှ လက်ပစ်ဗုံးများဖြင့် ပစ်ခတ်သွားခြင်းဖြစ်ပြီး သံရုံးလုံခြုံရေးအစောင့်များကပြန်လည်ပစ်ခတ်ခဲ့သော်လည်း တိုက်ခိုက်သူနှစ်ဦးမှာ လွတ်မြောက်သွားခဲ့ကြောင်း ရဲအရာရှိတစ်ဦးကပြောကြားသည်။

*—Ref: UPI*

# ဂျပန်ဘုရင်နှင့် မိဖုရား ဖူကူရှီးမားဒုက္ခသည် များထံသွားရောက်တွေ့ဆုံ

**ဖူကူရှီးမား၊ မေ - ၁၁**

ဂျပန်နိုင်ငံတွင်မြေငလျင်နှင့်ဆူနာမီကပ်ဘေးဖြစ်ပွားခဲ့ပြီး နှစ်လခန့်အကြာတွင် ဂျပန်ဘုရင် အကီဟီတိုနှင့် မိဖုရားမီချိကိုတို့သည် ဖူကူရှီးမားရှိဓာတ်ရောင်ခြည်ဘေးသင့်ရာဇုန်မှ ကယ်ထုတ်ခဲ့ရသော ဒုက္ခသည်များထံ ကိုယ်တိုင်ကိုယ်ကျသွားရောက်တွေ့ဆုံခဲ့ကြကြောင်း သိရသည်။ ယခုအခါ ဖူကူရှီးမားဒိုင်အိချိစက်ရုံအနီးတွင် ကီလိုမီတာ ၂၀ ပတ်လည်(၁၂ မိုင်) ပတ်ဝန်းကျင်ကို ဖြတ်သန်းသွားလာခွင့်မရှိဒေသအဖြစ် သတ်မှတ်ထားရပြီး အရေးပေါ် ကယ်ဆယ်ရေးလုပ်သားများ၊ ကျွမ်းကျင်ပညာရှင်များသည်လည်း ဓာတ်ရောင်ခြည်ယိုစိမ့်ခဲ့သော နျူဓာတ်ပေါင်းဖိုများအား ထိန်းချုပ်နိုင်ရန် ကြိုးစားနေရဆဲဖြစ်သည်။ ဂျပန်ဧကရာဇ်နှင့်မိဖုရားတို့သည် ဖူကူရှီးမားမြို့အနီးတွင် ထားရှိသော ဒုက္ခသည်များကိုသွားရောက်တွေ့ဆုံပြီးနောက် စက်ရုံ၏ မြောက်ဘက်တွင်ရှိသော ကမ်းရိုးတန်းမြို့ ဆိုမာသို့ သွားရောက်မည်ဖြစ်သည်။ ဂျပန်ဧကရာဇ်နှင့်မိဖုရားတို့သည် ယခင်ကလည်း ဖူကူရှီးမားအနီးရှိဆူနာမီဒဏ်မှ အသက်ရှင်ကျန်ခဲ့သူများထံ သွားရောက်လည်ပတ်ခဲ့ပြီးဖြစ်သည်။ ဖူကူရှီးမားနျူစက်ရုံမှ ဓာတ်ရောင်ခြည်ယိုစိမ့်မှုသည် လွန်ခဲ့သည့် ၂၅ နှစ်က ဆိုဗီယက်ယူနီယံတွင် ချာနိုဘိုင်းလ်နျူစက်ရုံပေါက်ကွဲမှုအပြီး ကမ္ဘာ့အဆိုးရွားဆုံး နျူကလီးယားမတော်တဆမှုတစ်ခုဖြစ်လာခဲ့သည်။

*—Ref: CNA*

7 DAY NEWS JOURNAL

# International

Vol.10, No.9 • MAY 19, 2011


**Interview**



**မတည်ငြိမ်မှုက တိုးပွားလာနေတယ် ထင်တာပဲ**

ဘင်လာဒင်အလွန် ပါကစ္စတန်အကြောင်း ပါဗက်ဇ်မူရှာရက်ဖ်နှင့် အမေးအဖြေ စာ-၄၆

**News Analysis**



**နန်းကျဘုရင် ဟို့စနီမူဘာရက်** စာ-၃၆

## မြို့ကြီးများ ရေလွှမ်းမိုးမှုမှကာကွယ်ရန် မစ္စစ္စပီမြစ်၏ ရေတံခါးများကိုဖွင့်ချ



မစ္စစ္စပီ၊ မေ - ၁၆

မစ္စစ္စပီမြစ်ကြောင်းတစ်လျှောက်ရှိ မြို့ကြီးများအား ရေလွှမ်းမိုးမှုမှ ကာကွယ်ရန်ကြိုးပမ်းသည့်အနေဖြင့် အမေရိကန်စစ်ဘက်အင်ဂျင်နီယာများသည် လူဝီစီယားနားရှိ ရေတံခါးများကိုဖွင့်ချလိုက်ကြောင်းသိရသည်။ ရေတံခါးများ ဖွင့်ချလိုက်မှုကြောင့် မြေဧရိယာစတုရန်းမိုင်ပေါင်း ၃,၀၀၀ အား ရေလွှမ်းမိုးသွားစေမည်ဖြစ်သည်။

ယင်းသို့ ရေတံခါးများ ဖွင့်ချလိုက်မှုကြောင့် ဘာတန်ရော့ဂျ်နှင့် နယူးအော်လင်းဒေသများတွင် ရေမြင့်တက်မှုလျော့ပါးလာမည်ဟု မျှော်လင့်ထားကြသည်။ မစ္စစ္စပီမြစ်ရေ အလွန်အမင်းမြင့်တက်လာမှုကြောင့် ယင်းရေတံခါးများ ဖွင့်ချရသည်မှာ နှစ်ပေါင်း ၄၀ အတွင်း ပထမဆုံးအကြိမ်ဖြစ်သည်။ ယင်းသို့ဖွင့်ချမှုကြောင့် လူပေါင်း ၂၅,၀၀၀ နှင့် လူနေအိမ်ခြေနှင့် စီးပွားရေးအဆောက်အအုံပေါင်း ၁၁,၀၀၀ တို့အား ထိခိုက်စေမည်ဖြစ်သည်။

မိုးရေချိန်များပြားခြင်းနှင့် နွေဦးရာသီရေခဲအရည်ပျော်ကျမှုများကြောင့် မစ္စစ္စပီမြစ်နှင့် မြစ်လက်တက်များ၏ အထက်ပိုင်းတွင် ကြီးမားသောရေလွှမ်းမိုးမှုများဖြစ်ပေါ်ခဲ့ပြီး လူဝီစီယားနား၌ ဖြစ်ပေါ်ခဲ့သည့် ရေလွှမ်းမိုးမှုများမှာ ၁၉၂၇ ခုနှစ်နောက်ပိုင်း အဆိုးဝါးဆုံးဖြစ်ကြောင်း အရာရှိများက ပြောကြားသည်။

ရေလျှံပေါက်ရေတံခါးများကိုသာ ဖွင့်မချပါက နယူးအော်လင်းဒေသတွင် ပေ ၂၀ ခန့်အထိ ရေကြီးသွားနိုင်ကြောင်း စစ်ဘက်အင်ဂျင်နီယာများက သတိပေးခဲ့သည်။

—*Ref: BBC*

## အစ္စရေး-ပါလက်စတိုင်း နယ်စပ်တင်းမာမှုများမြင့်တက်



ဂျေရုဆလင်၊ မေ - ၁၆


အစ္စရေးနိုင်ငံ စတင်ထူထောင်ခြင်းအထိမ်းအမှတ်နှစ်ပတ်လည်နေ့တွင် ပါလက်စတိုင်းလူမျိုးထောင်ပေါင်းများစွာ ချီတက်ဆန္ဒပြပွဲများ ပြုလုပ်ခဲ့ရာ အစ္စရေးတပ်ဖွဲ့များနှင့် ရင်ဆိုင်တိုက်ခိုက်မှုများဖြစ်ပေါ်ခဲ့ကြောင်း အရာရှိများက ပြောကြားသည်။

လူ ၁၂ ဦးသေဆုံးခဲ့သည်ဟု သတင်းများကဖော်ပြပြီး အနောက်ဘက်ကမ်းခြေ၊ ဂါဇာ၊ ဆီးရီးယားနိုင်ငံနှင့် လက်ဘနွန်နယ်စပ်ဂိတ်များအနီးတွင်ဖြစ်ပေါ်သည့် ရင်ဆိုင်တိုက်ခိုက်မှုများကြောင့်လည်း နောက်ထပ်လူပေါင်းများစွာ ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အဆိုးဝါးဆုံး ထိပ်တိုက်တွေ့ဆုံမှုများမှာ ဂိုလန်ကုန်းမြင့်ဒေသတွင်ဖြစ်ပေါ်ခဲ့ပြီး ဆီးရီးယားနိုင်ငံတွင်နေထိုင်သည့် ပါလက်စတိုင်းလူမျိုးရာပေါင်းများစွာသည် နယ်စပ်ခြံစည်းရိုးအားဖောက်ထွက်ကာ မစ်ဒယ်ရှမ်းစ်ကျေးရွာသို့ စုပြုံဝင်ရောက်ခဲ့ရာမှ အစ္စရေးတပ်ဖွဲ့ဝင်များ၏ ပစ်ခတ်မှုကြောင့် လူလေးဦးသေဆုံးသွားကြောင်းသိရသည်။

စာ(၄၅)သို့

## လိင်ပိုင်းဆိုင်ရာစွဲချက်များအတွက် အိုင်အမ်အက်ဖ်အကြီးအကဲ ဆေးစစ်ခံမည်



နယူးယောက်၊ မေ - ၁၆

ပြင်းထန်သော လိင်ပိုင်းဆိုင်ရာစွပ်စွဲချက်များအတွက် ကမ္ဘာ့ငွေကြေးရန်ပုံငွေအဖွဲ့အကြီးအကဲ ဒိုမီနစ်စထရောက်ခန်သည် ဆေးစစ်မှုများခံယူရန် သဘောတူညီလိုက်ကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြသည်။

မစ္စတာစထရောက်ခန်သည်နယူးယောက်မြို့၊ အနောက်ဘက် (၄၄) လမ်းမကြီးပေါ်ရှိ အဆင့်မြင့်ဟိုတယ်တစ်လုံးတွင် တည်းခိုနေစဉ် အခန်းရှင်းလင်းရန် လာရောက်သည့် အသက် ၃၂ နှစ်အရွယ် အမျိုးသမီးအား လိင်ပိုင်းဆိုင်ရာစော်ကားမှု ပြုလုပ်ခဲ့ကြောင်း စွပ်စွဲခံရကာ နယူးယောက်မှထွက်ခွာရန် လေယာဉ်

စာ(၄၅)သို့



## ကန်အထက်လွှတ်တော်အမတ် ဂျွန်ကယ်ရီ ပါကစ္စတန်နိုင်ငံသို့ သွားရောက်၍ စစ်ဘက်အကြီးအကဲနှင့် တွေ့ဆုံ

အစ္စလာမာဘတ်၊ မေ - ၁၆

အမေရိကန်အထက်လွှတ်တော်အမတ် ဂျွန်ကယ်ရီသည် အိုစမာဘင်လာဒင်နှင့်ပတ်သက်သည့် အဖြေစကားများကြားရရေး တွန်းအားပေးရန် ပါကစ္စတန်နိုင်ငံ၏ ဩဇာကြီးမားသော စစ်ဘက်အကြီးအကဲနှင့်တွေ့ဆုံခဲ့ကြောင်းသိရသည်။ သို့သော် မစ္စတာဂျွန်ကယ်ရီအနေဖြင့် ဘင်လာဒင်အား ပါကစ္စတန်နိုင်ငံအတွင်း ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့ခြင်းအတွက် ပါကစ္စတန်နိုင်ငံက ဒေါသထွက်နေခြင်းအပေါ် ပြေလည်အောင်ဆောင်ရွက်ပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုကို မထိခိုက်စေရန်လည်း ကြိုးပမ်းရမည်ဖြစ်ကြောင်း ရိုက်တာသတင်းကဖော်ပြသည်။

စာ(၄၅)သို့



ဂ ရက် သတင်းဂျာနယ်
7 DAY NEWS
JOURNAL

အချပ်ပို

Vol.10, No.9 • MAY 19, 2011

# အကျဉ်းသား တစ်သောင်းလေးထောင်ကျော် လွတ်မြောက်ခွင့်ရ








သမ္မတ၏ လွတ်ငြိမ်းချမ်းသာခွင့်ကြောင့် အင်းစိန်အကျဉ်းထောင်မှလွတ်မြောက်ခွင့်ရသော အကျဉ်းသူ၊ အကျဉ်းသားများကို တွေ့ရစဉ်    ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**သန်းဌေး**

ရန်ကုန်၊ မေ - ၁၇

ရာနှင့်ချီသော လူအုပ်ကြီးက မျက်နှာချင်းဆိုင်ရှိ သံတခါးဝအတွင်းဘက်သို့ စောင့်မျှော်ငေးကြည့်နေကြသည်။ အတွင်းဘက်မှ လှုပ်ရှားမှုတွေ့လိုက်တိုင်း တံခါးဝဆီသို့ အပြေးအလွှားစုရုံးရောက်ရှိကုန်သည်။ ရန်ကုန်၏ နံနက်ခင်းနေရောင်အောက် သူတို့အားလုံး၏မျက်နှာတွင် စိတ်လှုပ်ရှားမှုများကို အတိုင်းသားတွေ့ရသည်။

ရန်ကုန်မြို့ အင်းစိန်ထောင်အပြင်ဘက်ကား လမ်းမကြီးပေါ်တွင် မေ ၁၆ ရက်ညကတည်းက စောင့်ဆိုင်းနေသူများပင်ရှိသည်။ ကဆုန်လပြည့်နေ့ဖြစ်သော အင်္ဂါနေ့နံနက်တွင် လင်းလာသည်နှင့်အမျှ လူအုပ်ကြီးက ပိုများလာသည်။ မေလ ၁၆ ရက်ညနေ ၆ နာရီတွင် နိုင်ငံပိုင်ရုပ်သံမီဒီယာများမှတစ်ဆင့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ လွတ်ငြိမ်းချမ်းသာခွင့်ပြုခြင်းအမိန့်ကို နိုင်ငံတော်သမ္မတရုံးအမိန့်အမှတ် ၂၈/၂၀၁၁ ဖြင့် ကြေညာချက်ထုတ်ခဲ့သည်။

ထိုအမိန့်ကြောင့် ထောင်ဒဏ်ကျခံနေရသူများမှာ သာမန်ရရှိပြီးသော လျှော့ပေါ့ရက်များအပြင် တစ်နှစ်ထပ်မံလျှော့ပေါ့ခွင့်ရခဲ့ကြသည်။ သေဒဏ်ချမှတ်ခံရသူများမှာလည်း ထောင်ဒဏ်တစ်သက်သို့ လျှော့ပေါ့သွားသည်။ ထို့ကြောင့် အင်းစိန်ထောင်၌ ထောင်ဒဏ်ကျခံနေရသူများ၏ မိသားစုဝင်များမှာ ထောင်အပေါက်ဝ၌ လာရောက်စောင့်ဆိုင်းနေခြင်းဖြစ်သည်။

“ကျွန်မယောက်ျားက နှစ်လုံးထိကြောင့် နှစ်နှစ်ထောင်ကျတာ။ အခုဆို ၁၁ လကျပြီးသွားလို့ လွတ်တဲ့အထဲမှာ ပါမလားဆိုပြီး သားနဲ့အတူ



လာစောင့်နေတာ” ဟု လှိုင်သာယာမြို့နယ်မှ မတင်ယုဆွေက စိတ်လှုပ်ရှားစွာပြောသည်။

အင်းစိန်ထောင်မှ လွတ်မြောက်မည့် အကျဉ်းသူ၊ အကျဉ်းသားပေါင်း ၂၅၀၀ ကျော်ရှိသည့်အနက် ယနေ့နံနက် ၁၀ နာရီတွင် အမျိုးသား ၂၀၀ နှင့်အမျိုးသမီး ၂၀၀ ဦးကိုပထမဦးဆုံး လွှတ်ပေးခဲ့သည်။ အင်းစိန်ထောင်အပါအဝင် တစ်နိုင်ငံလုံးရှိထောင်များမှ ပြစ်ဒဏ်လျှော့ပေါ့ပေးလိုက်သည့်အတွက် လွတ်မြောက်မည့်သူ ၁၄,၆၀၀ ခန့် ရှိကြောင်း တာဝန်ရှိသူက ပြောသည်။ ထိုအထဲတွင် အမျိုးသမီး ၂,၁၆၆ ဦးပါဝင်သည်။

“မနေ့က(မေ ၁၆)အထိ အကျဉ်းကျတဲ့အကျဉ်းသားအားလုံး ပြစ်မှုအားလုံး အကြုံးဝင်ပါတယ်။ လူသတ်၊ လုယက်၊ မူးယစ်၊ လူကုန်ကူးအကုန်ပါတယ်”ဟု အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်းက သတင်းထောက်များ၏မေးမြန်းမှုကို ပြန်လည်ဖြေကြားသည်။

သို့သော် ပုဒ်မ ၅(ည) နှင့် ၁၇(၁) အမှုများဖြင့် ထောင်ဒဏ်ကျခံနေရသူများမှာ ယနေ့လွတ်သည့်အထဲ မပါဝင်ပေ။

“လာကြိုတဲ့သူမရှိဘူး။ အစ်မက မော်လမြိုင်ကိုပြန်မှာ”ဟု ထောင်မှလွတ်မြောက်လာသော မသဇင်မျိုးက ပြောသည်။ အသက် ၄၀ နှစ်အရွယ် သူမက လူသတ်မှုဖြင့် ထောင် ၇ နှစ်ကျခံရသူဖြစ်ပြီး လျှော့ပေါ့ရက်နှင့် ယခုလွတ်ငြိမ်းခွင့်ကြောင့် အင်းစိန်ထောင်တွင် လေးနှစ်သာ နေခဲ့ရသည်။

လွတ်မြောက်လာသူများကို တွေ့ဆုံသွားသော လာကြိုသူများ၏မျက်နှာတွင် အပြုံးများဝေနေသည်။ သို့သော် မိမိတို့၏ဆွေမျိုးကိုလွတ်သည့်အထဲ မတွေ့ရသူများ၏ မျက်နှာ၌ ပူပန်စိတ်လှုပ်ရှားမှုများ အထင်းသား တွေ့ရသည်။